မီးလျှံတောင်ပံ-အိန္ဒိယဒုံးပျံလူသား

နှင့်

ပြည်သူ့သမ္မတ အာဗဒုလကလမ်

ဟိန်းလတ်

Wings of Fire

by

A.P.J. Abdul Kalam

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း – ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊
ပထမအကြိမ်

ကွန်ပျူတာစာစီ – အဂ္ဂ

မျက်နှာဖုံး – Blue River

ထုတ်ဝေသူ – ဦးမြသန်း(၀၁၄၀၈)
အမေစော စာပေ

ပုံနှိပ်သူ – ဦးအေးဝင်း
အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၃၀၀၀

စီစဉ်သူ – ဂျွန်သောင်း

ဖြန့်ချိရေး – အမေစောစာပေ
၀၉၄၂၀၀၆၂၆၇၂၊ ၀၉၉၇၃၄၄၄၂၆၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အခန်း (၁) မှ (၃)	၇-၃၅
၂။	အခန်း(၄) အောင်မြင်မှုများ	၃၆
၃။	အခန်း(၅) အိပ်မက်မက်သူများ	၄၂
၄။	အခန်း(၆) လှုပ်ရှားသူများ	၄၉
၅။	အခန်း(၇) တွန်းပစ်သူများ	၅၆
၆။	အခန်း(၈) စမ်းသပ်သူများ	၆၂
၇။	အခန်း(၉) တည်ဆောက်သူများ	၇၄
၈။	အခန်း(၁၀) ရှာဖွေသူများ	၈၇
၉။	အခန်း(၁၁) ဘဏ္ဍာစိုးများ	၉၇
၁၀။	အခန်း(၁၂) အလုပ်သမားများ	၁၀၆
၁၁။	အခန်း(၁၃) အောင်မြင်မှု	၁၁၄
၁၂။	အခန်း(၁၄) မီးတုတ်ကိုင်ဆောင်သူများ	၁၂၀
၁၃။	အခန်း(၁၅)လွတ်မြောက်စေသူများ	၁၃၁
၁၄။	အခန်း(၁၆) ခေါင်းဆောင်များ	၁၃၈
၁၅။	နိဂုံးစကား	၁၄၅
၁၆။	နောက်ဆက်တွဲ(က)	၁၄၇
၁၇။	နည်းပညာသို့မဟုတ်နိုင်ငံခွန်အား၏အနှစ်သာရ	၁၅၀
၁၈။	စီးပွားရေးအတွက် အမြင်	၁၅၄
၁၉။	လူမှုရေးညွှန်းကိန်းများ	၁၆၀
၂၀။	နိုင်ငံတစ်ခု၏ ပန်းတိုင်	၁၆၂
၂၁။	နောက်ဆက်တွဲ(ခ)	၁၆၇

ပါမောက္ခဒေါက်တာသန်းဝင်း၏ အမှာစာ

Wings of Fire စာအုပ်သည် အိန္ဒိယသမ္မတကြီး ပါမောက္ခ ဒေါက်တာအပ္ပဒုရဲကလမ် (၁၅-အောက်တိုဘာ- ၁၉၃၁-၂၇ ဇူလိုင် ၂၀၁၅) ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။ ဆရာဟိန်းလတ်က မီးလှုံတောင်ပံအိန္ဒိယဒုံးပျံလူသားနှင့် ပြည်သူ့သမ္မတအပ္ပဒုရဲကလမ် ဟု အမည်ပေးကာ ဘာသာပြန်သည်။ ဘာသာပြန်စာမူကို ကြိုတင်ဖတ်ရှုကာ အမှာစာရေးခွင့်ရပါသည်။ ဝမ်းသာဂုဏ်ယူမိပါသည်။

အိန္ဒိယသမ္မတကြီး အပ္ပဒုရဲကလမ်သည် မြန်မာစာဖတ်ပရိသတ်တို့နှင့် ရင်းနှီးပြီးဖြစ်သည်။ အပ္ပဒုရဲကလမ်သည် အိန္ဒိယနိုင်ငံ၏ ၁၁ဆက်မြောက်သမ္မတဖြစ်သည်။ ၂၀၀၂ ခုနှစ် မှ ၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းသည်။တမိလ်လူမျိုး အစွလာမ်ဘာသာဝင်ဖြစ်သည်။သိပ္ပံပညာရှင်ဖြစ်သည်။ ဒုံးပျံပညာရှင်ဖြစ်သည်။ လူပျိုကြီးဖြစ်သည်။ ၂၀၀၆ ခုနှစ်က မြန်မာနိုင်ငံသို့ ရောက်ခဲ့ဖူးသည်။ စာလည်းရေးသည်။ ၁၉၉၈ မှ ကွယ်လွန်ချိန် ၂၀၁၅ အထိ စာအုပ် ၂၅ အုပ်ရေးသည်။ ဤစာအုပ်ကို ၁၉၉၉ခုနှစ်က ရေးသည်။သူ၏ ဒုတိယမြောက်လုံးချင်းစာအုပ်ဖြစ်သည်။ တတိယ မြောက်ရေးသည့် Ignited Mind (၂၀၀၂) ကို ဆရာဘိုးလှိုင်က ဦးနှောက်များကို မီးညှိခြင်း ဟူ၍ဘာသာပြန်သည်။(၂၀၀၄ ခုနှစ်တွင် အမျိုးသားစာပေ (ဘာသာပြန်) ဆုရသည်။) ဤစာအုပ်ကို အကြောင်းပြု၍ အသိများကြသည်။

၂၀၀၇ ခုနှစ် သမ္မတတာဝန်ပြီးဆုံးသည့်အခါသမ္မတအိမ်တော်မှ အဝတ်သေတ္တာ၊ စာအုပ်သေတ္တာ၊ သေတ္တာ နှစ်လုံးနှင့် ဆင်းသွားပုံမှာ အံ့ဖွယ်ထူးကဲမှုအဖြစ် ချီးကျူးပြောဆိုကြသည်။ ထိုအဖြစ်ကို အပြောများကြသည်။

သူသည် ငယ်စဉ်က ဆင်းရဲခဲ့သည်။ ပညာသင်ဖို့ စရိတ်ပင် မတတ်နိုင်။ လေကြောင်း အာကာသပညာကို စိတ်ဝင်စားသည်။

ကျောင်းသားဘဝက တမိလ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရသည်။ စာစီစာကုံးခေါင်းစဉ်က 'ကိုယ်တိုင် လေယာဉ်လုပ်ကြစို့' ဖြစ်သည်။ နောင်အခါ ဒုံးပျံတီထွင်ဖန်တီးနိုင်မည့်သူအဖြစ် ကြိုတင်နိမိတ်ပြခြင်းဖြစ်သည်။ ဤ စာအုပ်တွင် ငယ်စဉ်ဘဝမှစ၍ အထက်တန်းနှင့် တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပုံ၊ ဒုံးပျံပညာရှင်ဘဝဖြစ်သည်အထိ ကြိုးစားပုံတို့ကို ရေးထားသည်။

ဤစာအုပ်ကို ဖတ်ရသည့်အခါ ဘဝတွင် အောင်မြင်ထူးချွန်သူတစ်ယောက်ဖြစ်လာရန် ဆရာကောင်း၊ ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်းများ လိုအပ်ပုံကို သတိပြုမိသည်။ အပ္ပဒုကလမ်၏ ဘဝတွင် ဆရာကောင်း၊ မိတ်ဆွေကောင်းများ ကြုံခဲ့သည်။ ကိုယ်တိုင်လည်း ဇွဲစိတ်သန်သန် ကြိုးစားသည်။ အရှုံးများစွာနှင့်ကြုံရသည့်တိုင် ရင်ဆိုင်ကျော်လွှားကာ အောင်မြင်အောင် ရုန်းကန်ကြိုးစားပုံမှာ နမူနာယူထိုက်သည်။ သူသည် ဘာသာတရားကိုင်းရှိုင်းသည်။ ပညာဉာဏ်ကြီးသည်။ အလုပ်ကို အထူးအာရုံစိုက်သည်။ စေ့စပ်သေချာသည်။ ပညာသင်အဖြစ် နောက်လိုက်ဘဝတွင် နောက်လိုက်ကောင်းပီသသည်။ ပညာရှင်ခေါင်းဆောင်အဖြစ် တာဝန်ယူသည့်အခါတွင်လည်း ခေါင်းဆောင်ကောင်းပီသသည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာ အောက်ကျနောက်ကျမဖြစ်ရအောင် မနေမနား ကြိုးစားဖြည့်ဆည်းပေးပုံမှာ ချီးကျူးလေးစားဖွယ်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဘုံဦးတည်ချက်ဖြင့် လူမျိုးဘာသာ မခွဲခြားဘဲ ပညာရှင်များ စုပေါင်းဆောင်ရွက်ကြပုံမှာလည်း စံပြုအတုယူစရာကောင်းပါသည်။

အတ္ထုပ္ပတ္တိဟူသည် လူသဘာဝကို အဓိကထားသော ဘဝအတွေ့အကြုံကို မှတ်တမ်းတင်သော စာမျိုးဖြစ်သည်။ ဆရာတိုက်စိုး (၁၉၂၀–၂၀၀၃)က အတ္ထုပ္ပတ္တိမည်သည် ပုဂ္ဂိုလ်တစ်စုံတစ်ယောက် အကြောင်းဖြစ်ခြင်း၊ ထိုအရေးအသားသည် ရသစာပေဝင်ဖြစ်ခြင်းနှင့် ပြည့်စုံရမည် ဟု ဆိုပါသည်။ ဤအတ္ထုပ္ပတ္တိတွင် အချက်အလက်

သက်သက်ရေးခြင်းမျိုး မဟုတ်ဘဲ ရသခံစားချက်ဖြင့် ရေးပုံကိုတွေ့ရသည်။ ဝတ္ထုဟန် အတ္ထုပ္ပတ္တိဟု ဆိုရပါမည်။ သာဓကအားဖြင့် အိန္ဒိယနိုင်ငံမြောက်ပိုင်း မြင်ကွင်းများ (စာ–၂၅)၊ သူမိတ်ဆွေငယ်ပေါင်းဂျလာလူဒင်ကွယ်လွန်စဉ် ခံစားမှု (စာ–၆၄)၊ ဖခင်ကွယ်လွန်သည့်အခါ ခံစားမှု (စာ–၆၆)၊ ပဒ္ဒမာဗီဘူရှန်ဆုရစဉ်က ခံစားမှု (စာ–၈၂)တို့တွင် ကြည့်ပါလေ။ အတ္ထုပ္ပတ္တိပီသသော စာအုပ် ဖြစ်ပါသည်။

ကိုယ်ရေးအတ္ထုပ္ပတ္တိ ဟု ဆိုသောကြောင့် ကိုယ့်ငါးချဉ်ကိုယ်ချဉ် ကိုယ်ရည်သွေး အမွှမ်းတင်ရေးခြင်းမျိုးမပါ။ သူကျင်လည်ခဲ့သောဘဝ၊ သူဖြတ်သန်းခဲ့သော အဖြစ်အပျက်၊ သူရင်ဆိုင်ခဲ့သော အရေးကိစ္စ၊ သူဖြေရှင်းခဲ့ရသည့် စိန်ခေါ်မှု အခက်အခဲ၊ သူခံစားခဲ့ရသည့်ခံစားမှု၊ သူတွေ့ခဲ့ကြုံခဲ့သော ကိုယ်အတွေ့အကြုံ၊ စိတ်အတွေ့အကြုံ၊ သူ့စိတ်သဘာဝနှင့် သူနှင့်ဆက်ဆံရသူတို့၏ စိတ်သဘာဝ အကောင်း၊ အဆိုးကို အရှိအဖြစ်အတိုင်းရေးသည်။ သူ့အတွေ့အကြုံကို ဆင်ခြင်သိခံစားသိ တို့ဖြင့် ရေးပြထားပုံမှာ စိတ်ဝင်းစားဖွယ်ဖြစ်ပါသည်။ အခန်း၁၆ ခေါင်းဆောင်များအခန်းတွင် ဘဝ အကြောင်းအနှစ်ချုပ်တင်ပြထားပုံမှာ နှစ်သက်ဖွယ်ဖြစ်သည်။

ဆရာကြီးသိပ္ပံမောင်ဝ (၁၈၉၈–၁၉၄၂) က အတ္ထုပ္ပတ္တိစာမျိုးကို ဖတ်ခြင်း၊ လေ့လာခြင်း၌ ဖတ်သူတို့စိတ်တွင် သူတကာထက်ထူးချွန်၊ သူတကာထက်တတ်သိလိမ္မာ၊ သူတကာထက်ထွန်းကားလိုသော ဆန္ဒများပေါ်ပေါက်လာအောင် ထိုးဆွပေးနိုင်သော သတ္တိထူးရှိသည်ဟု ဆိုခဲ့ပါသည်။ အတ္ထုပ္ပတ္တိစာပေသည် စိတ်ကိုလှုံ့ဆော်နိုင်သော စွမ်းအားရှိပါသည်။

ဤစာအုပ်ကို တရုတ်၊ ပြင်သစ်၊ တမိလ်၊ မလေး၊ ဂူဂျရာတီ အပါအဝင် ဘာသာစကား ၁၃ မျိုးဖြင့် ဘာသာပြန် ပြီး ဖြစ်ပါသည်။ ယခုအခါ မြန်မာဘာသာပြန် ပေါ်ထွက်လာသောကြောင့် မြန်မာစာဖတ်ပရိသတ်အတွက် ဝမ်းသာစရာကောင်းပါသည်။

ပညာရှင် ပါမောက္ခ စာရေးဆရာ သမ္မတကြီး ဒေါက်တာ အင်္ဂဇူကလမ်သည် လူငယ်တို့ အားကျအတုယူဖွယ် ပုဂ္ဂိုလ်ဖြစ်ပါသည်။ သူသည် ကျောင်းသားလူငယ်တို့၏ အရေးကို အလေးထားသူဖြစ်သည်။ နောက်ဆုံးထွက်သက်အထိ လူငယ်တို့ကို ပညာမျှဝေပေးခြင်းဖြင့် ဘဝ ကုန်ဆုံးခဲ့ရသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သူ၏ မွေးနေ့ဖြစ်သော အောက်တိုဘာ (၁၅)ရက်ကို ကမ္ဘာ့ကျောင်းသားများ နေ့(World Students Day) အထိ ၂၀၁၀ ပြည့်နှစ်မှစ၍ သတ်မှတ်ခဲ့ သည်။ ဤစာအုပ်ကို အထူးသဖြင့် လူငယ်များ ဖတ်ရှုလေ့လာစေချင်ပါ သည်။ တစ်ချိန်တွင် မြန်မာလူငယ်များထဲမှ အာကာသဒုံးပျံပညာရှင် မပေါ်နိုင်ဟု မည်သူမျှ တပ်အပ်သေချာမဆိုနိုင်ပါ။ ဤစာအုပ်ကိုဖတ်ပြီး သူလိုကြိုးစားပါက အခြေအနေ အခွင့်အလမ်းပေါ်လာခိုက်နှင့်ကြုံလျှင် အောင်မြင်ရမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ မီးလျှံတောင်ပံဒုံးပျံ လူသား၏ စွမ်းပကားမှာ စိတ်ခွန်အားတက်ဖွယ်ဖြစ်ပါသည်။ ဘဝ အလှပြင်လိုသူတို့အတွက် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်ဟု ဆိုချင် ပါသည်။ ။

ပါမောက္ခဒေါက်တာသန်းဝင်း
(မောင်သန်းဝင်း ရန်ကုန်တက္ကသိုလ်)
နာယက
လူသားတန်ဖိုးချစ်မြတ်နိုးသူများအဖွဲ့
၃ မတ် ၂၀၁၉

ကျေးဇူးတင်လွှာ

သမ္မတကြီး အေ၊ ပီ၊ ဂျေ အဗ္ဗဒုကလမ်သည်
ကမ္ဘာ့သမိုင်းတွင် ဥာဏ်ပညာထက်မြက်သောသိပ္ပံနည်းပညာရှင်
ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံတော်၏ သမ္မတကြီးအဖြစ်
ရွေးချယ်တာဝန်ပေးအပ်ခြင်းခံခဲ့ရပါသည်။

ထိုမျှမက နိုင်ငံတော်၏ နယ်နိမိတ်လုံခြုံရေးအတွက်ကောင်း
ကင်မှာခြံစည်းရိုးခတ်ခဲ့သည့် သိပ္ပံပညာရှင်ကြီးသည်နိုင်ငံတော်၏
သမ္မတတာဝန်ပြီးဆုံးသောအခါသမ္မတအိမ်တော်မှ မိမိတာဝန်ထမ်း
ဆောင်ရန်လာသည့် အခါက ယူဆောင်လာခဲ့သည့် စာအုပ်သေတ္တာ
တစ်လုံးနှင့် အဝတ် သေတ္တာတစ်လုံးကိုသာ မိမိလက်တွင်ပြန်လည်ဆွဲ၍
ထွက်ခွာသွားသော ဖြစ်ရပ်မှာ အိန္ဒိယနိုင်ငံသမိုင်းမှာသာမက
ကမ္ဘာ့သမိုင်းမှာပင် အံ့သြ ချီးမွမ်းခဲ့ကြရသည့် သမ္မတကြီးဖြစ်ပါသည်။

ထိုသို့ အံ့ဖွယ်လူသား၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို မြန်မာစာဖတ်
ပရိသတ်များအတွက် မျှော်လင့်ချက်ကြီးစွာဖြင့် ဆီမီးတိုင်သဖွယ်
အလင်းထွန်းညှိပေးသော လူသားတန်ဖိုး ချစ်မြတ်နိုးသူများအဖွဲ့မှ
ဤစာအုပ်ကို ထုတ်ဝေလိုက်ရပါသည်။

သမ္မတကြီး အဗ္ဗဒုကလမ်ကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့်
ရေးသားထားသော ဤ Wings of Fire အမည်ရှိ စာအုပ်၏ မူရင်းကို
အင်တာနက်မှ ရှာဖွေကူးပေးပါသော ဒေါ်လှစန္ဒာဌေး (B.com,MBA)
(University of Northampton,UK)ကို ကျေးဇူးတင်ကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

ဤစာအုပ်ကို 'မီးလျှံတောင်ပံ အိန္ဒိယ ဒုံးပျံလူသားနှင့် ပြည်သူ့
သမ္မတအဗ္ဗဒုကလမ်'ဟု အမည်ပေး၍ အင်္ဂလိပ်ဘာသာမှမြန်မာဘာသာ
သို့ ပြန်ဆိုရေးသားပေးသော အမျိုးသားစာပေဆုရ စာရေးဆရာ
ဟိန်းလတ်၊ အမှာစာရေးပေးပါသော စာရေးဆရာ မြန်မာစာ ပါမောက္ခ

ဒေါက်တာသန်းဝင်း(မောင်သန်းဝင်း–ရန်ကုန်တက္ကသိုလ်)၊ စာအုပ်အောင်မြင်စွာ ထွက်ပေါ်လာရေးအတွက် အားပေးကူညီသော စာရေးဆရာမောင်သဲနီ၊ စာရေးဆရာဂျွန်သောင်း(မွန်းတည့်နေ) မျက်နှာဖုံး ဒီဇိုင်းရေးဆွဲပေးပါသော ဆရာစောမြင့်ဦး(နဒီပြာပြာ ကွန်ပြူတာ)၊ တာဝန်ခံထုတ်ဝေသူ ဦးမြသန်း (အမေစောစာပေ) တို့ကိုကျေးဇူးတင်ရှိပါ သည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီသူများအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မောင်လှ– ဒုဥက္ကဋ္ဌ (၁)

လူသားတန်ဖိုးချစ်မြတ်နိုးသူများအဖွဲ့

၁၇၄/၁၇၆၊ ဗိုလ်ဆွန်ပက်လမ်း၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

(၂၀–၉–၂၀၁၉)

မြန်မာဘာသာပြန်သူ၏ အမှာစာ

(၁)

အိန္ဒိယနိုင်ငံနှင့် ကျွန်တော် အတော်ရေစက်ရှိသည်ဟု ဆိုရမည်။ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ IMCC တက္ကသိုလ်တွင် ကျွန်တော် စာနယ်ဇင်းပညာ သင်ယူခဲ့ရသည်။ မြန်မာနိုင်ငံ အကြီးတန်းစာနယ်ဇင်းဆရာကြီးများလေ့လာရေးခရီးဆိုကာ အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အိန္ဒိယမြို့ကြီးများသို့ သွားရောက်လေ့လာ၊ သတင်းစာဆရာကြီးများ၊ အိန္ဒိယမီဒီယာကောင်စီတို့နှင့်ပါ ဆွေးနွေးခွင့်လည်း ရောက်တစ်ကြိမ်တွင် ရရှိခဲ့ပြန်သည်။ ထို့နောက် ဗုဒ္ဓဂယာခရီးစဉ် နှစ်ခေါက် ထပ်ရောက်သည်။

အိန္ဒိယနှင့်ပတ်သက်သော စာအုပ်ပေါင်းလည်း (၉) အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

(၁) အိန္ဒိယ မျိုးချစ်သူရဲကောင်း နေတာဂျီဆူဘတ်ချန္ဒရာဘို့စ် (၁၉၇၉)

(၂) ဘာသာရေးခေါင်းဆောင် ဆွာမိဝိဝေကာနန္ဒ (၁၉၉၄)

(၃) တဂိုး၏ ဒေသနာအနုအလှများ (၂၀၀၁)

(၄) ဗုဒ္ဓ၏ ခြေဖဝါးတော်နောက်မှ ထက်ကြပ်မကွာ (၂၀၀၇)

(၅) တရုတ် အိန္ဒိယ ဆုံမှတ် (၂၀၁၅)

(၆) စူပါပါဝါ-တရုတ် အိန္ဒိယ (၂၀၁၅)

(၇) အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီ (၂၀၁၆)
(၈) ဂန္ဒီ၏ ထူးချွန်ဖြောင့်မြောက်သော ခေါင်းဆောင်မှု (၂၀၁၇)
(၉) ဂန္ဒီကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ (၂၀၁၈)
ယခု "အဇ္ဇုကလမ်"၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ

(၂)

'အဇ္ဇုကလမ်'သည် အိန္ဒိယနိုင်ငံ၏ (၁၁) ဦးမြောက် သမ္မတကြီး ဖြစ်သည်။ သူ၏ ထူးခြားသော အရည်အချင်းမှာ အိန္ဒိယနိုင်ငံ၏ အာကာသ လေ့လာစူးစမ်းမှုကဏ္ဍတွင် ဒုံးပျံပညာရှင်အဖြစ် အိန္ဒိယ၏ ပထမဆုံး ဒုံးပျံ နှင့်ဂြိုလ်တုကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ရာတွင် ဦးဆောင်သည့် သိပ္ပံ ပညာရှင် ဖြစ်ခြင်းပင် ဖြစ်၏။ ထို့အတူ အိန္ဒိယနိုင်ငံ၏ နျူကလီးယား၊ အနုမြူစမ်းသပ်မှုတွင်လည်း သူက အဓိကပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံအပါအဝင် တက္ကသိုလ်ပေါင်း (၄၀) မှ ဂုဏ်ထူးဆောင်ပါရဂူ ဒေါက်တာဘွဲ့ (၇) ဘွဲ့ ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အမြင့်ဆုံး "ပဒ္မဗိဘူရှဏ်" နှင့် "ပဒ္မဘူရှဏ်" လူမှုထူးချွန်ဘွဲ့တံဆိပ်တွေကိုလည်း ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် "အိန္ဒိယ၏ အကြီးကျယ်ဆုံး ပုဂ္ဂိုလ်" စာရင်းကောက်ယူရာ "ကလမ်" က နံပါတ်နှစ်နေရာ ရခဲ့၏။

ထို့ထက်ပို ထူးခြားသည်ကား သူ၏ ရိုးသားလွန်းသည့် နေထိုင်မှု ပုံစံဖြစ်၏။ သူမှာ ကိုယ်ပိုင်ပစ္စည်းပစ္စယ ဘာမှမရှိ။ စီဒီဓာတ်ပြားဖွင့်စက် တစ်လုံးနှင့် လက်ပ်တော့တစ်လုံးသာ ပိုင်ဆိုင်၏။ သူဘဝတစ်လျှောက် ရုပ်မြင်သံကြားစက် တစ်ခါမှ မဝယ်ခဲ့ဖူးပါ။ မော်တော်ကား၊ ကိုယ်ပိုင်အိမ် မရှိ။ အဝတ်အစားလေးစုံနှင့် စာအုပ်တွေသာ ရှိ၏။ သူ ၂၀၀၇ ခုနှစ်တွင် သမ္မတအဖြစ်မှ အငြိမ်းစားယူပြီး သမ္မတအိမ်တော်မှ ထွက်လာတော့ အဝတ် သေတ္တာနှစ်လုံးသာသယ်ပြီး ထွက်လာခဲ့၏။ ဒါက သူ့ရှိသမျှပစ္စည်း အကုန်။ သူက အိမ်ထောင်လည်းမရှိ။ သူရသောလခထဲမှ အချို့ကို သူ့ကို ငယ်စဉ်က ထောက်ပံ့ကူညီခဲ့သူ သူ့အစ်ကိုကြီး၊ အစ်မကြီးတို့ကို ပေး၏။ ဆွေဆင်းရဲ မျိုးဆင်းရဲအချို့ကို ထောက်ပံ့၏။

သူက စာရေးဆရာအဖြစ် စာအုပ်ပေါင်း (၁၇) အုပ်ကို ရေးခဲ့၏။ သူ့အကြောင်းရေးသောစာအုပ်ကား များစွာရှိသည်။

သူ့ကို "အဗ္ဗဒူကလမ်" ဆိုသော အမည်ထက် "အိန္ဒိယ၏ ဒုံးပျံလူသား" (Rocket Man of India) နှင့် "ပြည်သူ့သမ္မတ" (People's President) ဟူသော အမည်များဖြင့် ပြည်သူအများစုက ဂုဏ်ပြုခေါ်ဝေါ်ကြ၏။

ဤစာအုပ်က သူကိုယ်တိုင်ရေးသော အတ္ထုပ္ပတ္တိဖြစ်၏။ ဤစာအုပ်တွင် သူ၏ ငယ်စဉ်ဘဝနှင့် ဒုံးပျံပါရဂူအဖြစ် ဖြတ်သန်းခဲ့ပုံများကို ရေးထား၏။ သူ၏ နိုင်ငံရေးလောကနှင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်သော ကာလကား မပါသေး။

ထူးချွန်ထက်မြက်သော သိပ္ပံပါရဂူ၊ ရိုးစင်းဖြောင့်မတ်သော နိုင်ငံရေးသမားတစ်ဦး၏ အတ္ထုပ္ပတ္တိကိုဖတ်ပြီး အနာဂတ်ခေါင်းဆောင် ဖြစ်လာကြမည့် မြန်မာလူငယ်များ အတုယူ စံပြကြစေလိုပါသည်။

ဟိန်းလတ်

မိတ်ဆက် (၁၉၃၁–၁၉၆၃)

ဤကမ္ဘာမြေသည် အရှင်၏မြေ။ အကန့်အသတ်မဲ့ ကျယ်ပြောလှသော နယ်မြေကို ကိုယ်တော် ပိုင်ဆိုင်၏။ ပင်လယ်ပြင်သည်လည်း အရှင်၏နယ်မြေ။ သို့တစေ ကိုယ်တော်သည် ထိုအိုင်ငယ်တွင်သာ သီတင်းသုံးတော်မူ၏။

အဋ္ဌာရဝဝေဒ–စတုတ္ထကျမ်း–သံစဉ် ၁၆

(၁)

ကျွန်တော့်ကို အိန္ဒိယနိုင်ငံ၊ မဒရပ်(စ်)ပြည်နယ်က ကျွန်းမြို့လေး ဖြစ်တဲ့ ရာမီဆွာရမ်မှာ တမီလ်းလူမျိုး လူလတ်တန်းစားမိသားစုက မွေးဖွားခဲ့ပါတယ်။ ဖခင်ဖြစ်တဲ့ ဂျေနုလတ်ဒင်းဟာ ပညာအခြေခံလည်း သိပ်မကောင်းသလို ချမ်းသာကြွယ်ဝမှုလည်း မရှိတဲ့သူပါ။

ဒီလို ချို့ယွင်းအားနည်းချက်တွေရှိပေမယ့် အဖေဟာ ဉာဏ်ပညာ အမြော်အမြင် တော်တော်ကြီးသလို စိတ်ဓာတ်လည်း ကျယ်ပြောခိုင်မာလှပါ တယ်။ ပေးတာ၊ ကမ်းတာ၊ ကျွေးတာ၊ မွေးတာ အတော်ရက်ရောတယ်။ ကျွန်တော့်အမေကို ကူဖော်လောင်ဖက်လာလုပ်တဲ့ အက်ရ်ရှီယာမကအစ အိမ်မှာ ကျွေးမွေးထားတဲ့ သူစိမ်းတွေက ကျွန်တော်တို့မိသားစုထက် အရေ အတွက်များတယ်။

ကျွန်တော့်မိဘတွေကို စံပြမောင်နှံလို့ လူများစုက ပြောကြတယ်။ ကျွန်တော့်အမေဘက်က ဆွေမျိုးတွေထဲမှာတော့ ထင်ရှားတဲ့သူတွေ ပါပါ တယ်။ အမေ့ ဘိုးဘေးတွေထဲက တစ်ဦးဆိုရင် ဗြိတိသျှတွေ သူကောင်း ပြုတဲ့ ဗဟာဒူးဆိုတဲ့ဘွဲ့ကိုတောင် ရခဲ့သူရှိတယ်။

ကျွန်တော်က သားသမီးအများကြီးထဲက တစ်ယောက်ပါ။ အရပ် ခပ်ပုပု၊ ရုပ်လည်း သိပ်မချောဘူး။ မိဘနှစ်ပါးက အရပ်ထောင်ထောင် မောင်းမောင်း၊ ရုပ်ချောချောတွေ။ ကျွန်တော်တို့က ၁၉ ရာစုအလယ်ပိုင်း လောက်က ဆောက်ခဲ့တဲ့ ဘိုးဘွားပိုင်အိမ်မှာ နေကြတယ်။ အိမ်က အတော် လေး ကြီးပါတယ်။ ထုံးကျောက်နဲ့ အုတ်နဲ့ ဆောက်ထားတဲ့အိမ်ပဲ။ ရာမီ

ဆွာရမ်ိမြို့က ိဗလီလမ်းိမှာ ရှိတယ်။ ကျွန်တော့်ရဲ့အဖေက အိမ်မှာ မလိုအပ်တဲ့ ဇိမ်ခံပစ္စည်းမျိုးတွေ ထားလေ့မရှိဘူး။ ဒါပေမဲ့ လိုအပ်တဲ့ဆေးဝါး၊ အစားအသောက်၊ အဝတ်အထည်တော့ လုံလုံလောက်လောက် ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ယေဘုယျက ရပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ အတော် လုံလုံခြုံခြုံရှိလှတယ်လို့ ဆိုရပါမယ်။

ကျွန်တော်က မီးဖိုချောင်က ကြမ်းပြင်ပေါ်မှာ အမေနဲ့အတူ စားလေ့ရှိတယ်။ အမေက ကျွန်တော့်ရှေ့မှာ ငှက်ပျောရွက်ခင်းပေးပြီး ထမင်းနဲ့ဟင်းကို ပုံပေးတယ်။ ဟင်းအပြင် အိမ်မှာလုပ်တဲ့ သနပ်မျိုးစုံနဲ့၊ အုန်းသီးနဲ့ လတ်လတ်ဆတ်ဆတ်လုပ်ထားတဲ့ ချပ်ထန်းတို့ကိုလည်း အမြဲစားရပါတယ်။

ိရာမီဆွာရမ်ိမြို့ကို ပိုပြီး ဂုဏ်တင့်စေတာကတော့ ထင်ရှားတဲ့ ိရှီဟား ိဘုရားကျောင်း ရှိတာပဲ။ ဘုရားဖူးတွေ အများကြီးလာကြတယ်။ ကျွန်တော်တို့အိမ်ကနေ ဆယ်မိနစ်လောက် လျှောက်သွားရင် ရောက်တဲ့နေရာပဲ။ ကျွန်တော်တို့ရပ်ကွက်မှာ မွတ်စလင် အများစုနေတယ်။ ဟိန္ဒူလူနည်းစုလည်း နေပါတယ်။ မွတ်စလင်တွေနဲ့ ဟိန္ဒူတွေက ချစ်ချစ်ခင်ခင် နေထိုင်ကြပါတယ်။ ကျွန်တော်တို့မြို့မှာ ဗလီဟောင်းကြီးတစ်ခုလည်း ရှိတယ်။ အဖေက ညနေတိုင်း ဝတ်ပြုဖို့ ခေါ်သွားတတ်တယ်။ ကျွန်တော်က အရဗီဘာသာနဲ့ ဘုရားစာတွေရဲ့ အဓိပ္ပာယ်တော့ မသိဘူး။ ဒါပေမဲ့ ဘယ်ဘုရားစာရွတ်ရွတ် ထာဝရဘုရားရှင်ဆီတော့ ရောက်မှာပဲဆိုတာ ယုံကြည်ထားတယ်။ အဖေ ဗလီက ထွက်လာပြီဆိုရင် အပေါက်ဝမှာ ဘာသာပေါင်းစုံလူတွေ သူ့ကို စောင့်နေတတ်တယ်။ အများစုက ရေခွက်တွေ လှမ်းပေးပြီး အဖေ့လက်ချောင်းတွေ နှစ်ခိုင်းပြီး ဆုတောင်းပေးခိုင်းကြတယ်။ ဒီရေကို သူတို့အိမ်က လူမမာတွေအတွက် ယူသွားကြတယ်။ ရောဂါပျောက်သွားတဲ့လူတွေ အိမ်ကိုလာပြီး ကျေးဇူးတင်စကားပြောကြတာကိုလည်း ကျွန်တော် မှတ်မိနေသေးတယ်။ အဖေက အမြဲပြုံးပြီး အလွာဟ်အရှင်မြတ်ကို ကျေးဇူးတင်ဖို့ သူတို့ကို ပြန်ပြောတတ်တယ်။

ိရာမီဆွာရမ်ိဘုရားကျောင်းက ဆရာတော်ကြီး ိပက်ခ်ရှီလက်ရှိမာနာဘတ်စတြီိကလည်း အဖေနဲ့ သိပ်ရင်းနှီးတဲ့မိတ်ဆွေပဲ။ ကျွန်တော်ကလေးဘဝက မှတ်မိနေတာကတော့ ဒီပုဂ္ဂိုလ်ကြီးနှစ်ယောက်ဟာ ကိုယ်ပိုင်

ရိုးရာဝတ်စုံတွေဝတ်ပြီး ဝိညာဉ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာတွေ ဆွေးနွေးနေကြတဲ့ ပုံရိပ်ပါပဲ။ ကျွန်တော် နည်းနည်းလေး အရွယ်ရောက်လာတဲ့အခါ အဖေ့ကို ဘုရားဝတ်ပြုခြင်းရဲ့ အဓိပ္ပာယ်ကို မေးမိတယ်။

"သား ဘုရားဝတ်ပြုတဲ့အခါ သားရဲ့ခန္ဓာကိုယ်ဟာ စကြဝဠာကြီးရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပြောင်းလဲသွားတယ်။ အဲဒီအချိန်မှာ ချမ်းသာတာ၊ ဆင်းရဲတာ၊ အသက်အရွယ်၊ ဇာတ်နိမ့် ဇာတ်မြင့် ဘာတစ်ခုမှ ခွဲခြားမှု မရှိတဲ့ အခြေအနေ ရောက်သွားတာပေါ့" လို့ အဖေက ဖြေတယ်။

အဖေက ရှုပ်ထွေးနက်ရှိုင်းတဲ့ ဝိညာဉ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာတွေကို အလွန်ရိုးရှင်းပြီး လူတိုင်း နားလည်သဘောပေါက်လွယ်တဲ့ အတွေးတွေနဲ့ ခံယူနားလည်တတ်တယ်။

အဖေက မနက်လေးနာရီ အမြဲအိပ်ရာက ထတယ်။ အရဏ်မတက်မီ နမာ့စ်ဖတ်တယ်။ နမာ့စ်ဖတ်ပြီးရင် ကျွန်တော်တို့အိမ်ကနေ လေးမိုင်လောက်ဝေးတဲ့ ကျွန်တော်တို့ပိုင် အုန်းခြံလေးဆီကို လမ်းလျှောက်တယ်။ ပြန်လာရင် အုန်းသီးဆယ်လုံး ဆယ့်နှစ်လုံးလောက်ကို ကြိုးနဲ့သီ ပုခုံးပေါ်ထမ်းပြီး ပြန်လာတယ်။ ပြီးရင် မနက်စာစား။ ဒါက အဖေ အသက်ခြောက်ဆယ်ကျော် အသက်ပိုင်းအထိ လုပ်နေကျအလုပ်ပဲ။

ကျွန်တော် အသက်ခြောက်နှစ်သားလောက်အရွယ်မှာ အဖေက 'ရာမီဆွာရမ်'ကနေ 'ဒါနုစကိုဒီ' (စက်ပုခါရိုင်လို့လည်း ခေါ်တယ်) ကို ဘုရားဖူးတွေသွားဖို့ သစ်သားရွက်လှေတစ်စင်းလုပ်ဖို့ တာဝန်ကျတာ သိရတယ်။ အဖေက ပင်လယ်ကမ်းခြေမှာ သူ့ဆွေမျိုးနီးစပ်တစ်ဦး အကူအညီနဲ့ လှေဆောက်တယ်။ အဲဒီဆွေမျိုးနာမည်က 'အာမက်ဂျလာလူဒင်'တဲ့။ အဲဒီလူက နောက်ကျတော့ ကျွန်တော့်အစ်မ 'ဇိုဟာရာ'နဲ့ လက်ထပ်ပြီး ယောက်ဖဖြစ်လာသူပေါ့။ ကျွန်တော်က ရွက်လှေပုံဖော်တာကို စောင့်ကြည့်ခဲ့တယ်။ သစ်သားတွေကို ထင်း၊ မီးတွေနဲ့ အပူပေးပြီး ပိုခိုင်ခဲ့အောင်၊ တာရှည်ခံအောင် အရင်လုပ်ရတယ်။ အဖေဆောက်တဲ့လှေ ပြီးခါနီးမှာပဲ တစ်နာရီမိုင်တစ်ရာလောက်တိုက်တဲ့ ဆိုင်ကလုံးမုန်တိုင်းကြောင့် အဖေ့လှေလည်းအဝေးကို လွင့်ပါသွားရတယ်။ 'ပန်ဘန်'တံတားဆို ကျိုးကျတာ ခရီးသည်အပြည့်တင်လာတဲ့ ရထားပါ ရေထဲပြုတ်ကျခဲ့ရတယ်။

အဖေက ဇွဲမလျော့ဘူး။ လေ့ကို ပြန်ဆယ်ပြီး အပြီးထိ ဆက်လုပ်တယ်။ အဲဒီအချိန်မှာ 'အာမက်ဂျလာလူဒင်'နဲ့ ကျွန်တော်က တော်တော်ရင်းနှီးသွားပြီ။ သူနဲ့ ကျွန်တော်က အသက် တော်တော်ကွာတယ်။ သူက ၁၅ နှစ်လောက် ကျွန်တော့်ထက် ပိုကြီးတယ်။ သူက ကျွန်တော့်ကို '(အဆက်)' လို့ ခေါ်လေ့ရှိတယ်။ ညနေတိုင်း သူနဲ့ကျွန်တော် လမ်းလျှောက်ကြတယ်။ 'ဗလီလမ်း'က စလျှောက်တာ ကျွန်း၊ သဲသောင်ကမ်းခြေအထိပဲ။ သူနဲ့ ကျွန်တော်က နာမ်ပိုင်းဆိုင်ရာအကြောင်းတွေ ပြောတာများတယ်။ 'ရာမီဆွာရမ်'ရပ်ကွက်ကလည်း ဘုရားဖူးလာတဲ့ ပရိသတ်တွေပဲများနေတာကြောင့် ဒီအကြောင်းက တော်တော်ပဲ ဆွေးနွေးစရာဖြစ်နေတယ်။ ကျွန်တော်တို့ လမ်းလျှောက်တာ ခဏနားတဲ့နေရာက 'ရှီဗာ'ဘုရားကျောင်း၊ ရှေ့ဘက်မှာပဲ။

'ဂျလာလူဒင်'က ထာဝရဘုရားရှင်အကြောင်း ပြောတာ ဆိုတာက သူနဲ့ ဘုရားသခင်နဲ့ လုပ်ဖော်ကိုင်ဖက်အလားပဲ။ သူက ဘုရားရှင်အပေါ် သံသယကင်းစွာ ယုံကြည်တယ်။ 'ဂျလာလူဒင်'ဟာ အခြေအနေမပေးလို့ ပညာကောင်းကောင်း သင်ခွင့်မရရှာဘူး။ ဒါကြောင့်လည်း သူက ကျွန်တော့်ကို ပညာကြိုးစားသင်ဖို့ အမြဲတိုက်တွန်းတတ်တယ်။ 'ဂျလာလူဒင်'က အင်္ဂလိပ်လိုတော့ နည်းနည်းပါးပါး ရေးတတ်တယ်။ အဲဒီအချိန်က ဒီကျွန်းမှာ အင်္ဂလိပ်လို ရေးတတ်သူဆိုလို့ 'ဂျလာလူဒင်'ပဲ ရှိမယ်ထင်တာပဲ။ သူက အကူအညီတောင်းတဲ့သူတိုင်းကို စာရေးပေးတယ်။ အထူးသဖြင့်တော့ အလုပ်လျှောက်လွှာတွေပေါ့။ ကျွန်တော့်မိသားစုရော၊ ကျွန်တော့်အသိအကျွမ်းတွေထဲမှာပါ သူ့လောက် အင်္ဂလိပ်စာတတ်သူ တစ်ယောက်မှမရှိဘူး။

'ဂျလာလူဒင်'က ကျွန်တော့်ကို ပညာတတ် ပုဂ္ဂိုလ်ကြီးတွေအကြောင်း၊ သိပ္ပံတီထွင်တွေ့ရှိမှုတွေ၊ ခေတ်ပြိုင်စာပေနဲ့ ဆေးသိပ္ပံပညာရဲ့ အောင်မြင်မှုတွေအကြောင်း အမြဲပြောပြတယ်။ ကျွန်တော့်ရဲ့ ကျဉ်းမြောင်းတဲ့ ဥဒ္ဓံကို ဖောက်ထွက်ပြီး 'ရဲရင့်တဲ့ ကမ္ဘာသစ်'အကြောင်း စတင်မိတ်ဆက်ပေးသူက သူကလွဲလို့ ဘယ်သူမှမရှိပါဘူး။

အဲဒီခေတ်ကာလက စာအုပ်ဆိုတာလည်း တော်တော် ရှားတာပဲ။ 'အက်စ်တီအာရ်မာနစ်ကမ်'ဆိုတဲ့ မျိုးချစ်တိုက်ပွဲဝင်တစ်ဦးရဲ့ စာကြည့်တိုက်

လောက်ပဲ ရှိတယ်။ သူက ကျွန်တော့်ကို စာဖတ်ဖို့ အားပေးတယ်။ စာကြည့်တိုက်က စာအုပ်တွေ ငှားပေးတယ်။

ကျွန်တော် ကလေးဘဝမှာ အထောက်အကူပြုတဲ့ နောက်တစ်ဦးကတော့ ညီအစ်ကိုဝမ်းကွဲတော်တဲ့ 'ဆမ်ဆူဒင်'ပဲ ဖြစ်တယ်။ သူက ကျွန်တော်တို့မြို့ရဲ့ တစ်ဦးတည်းသော သတင်းစာကိုယ်စားလှယ်။ 'ပမ်ဆန်'မြို့က လာတဲ့ မနက်သတင်းစာက 'ရာမီဆွာရမ်'မြို့ကို ရထားနဲ့ ရောက်လာတယ်။ 'ရာမီဆွာရမ်'မြို့မှာ သတင်းစာယူတဲ့သူက တစ်ထောင်ဝန်းကျင်လောက် ရှိတယ်။ ဒီသတင်းစာတွေမှာ လတ်တလော လူထုစိတ်ဝင်စားနေကြတဲ့ ''အိန္ဒိယလွတ်လပ်ရေးလှုပ်ရှားမှု'' အကြောင်း ပါတယ်။ ဟစ်တလာ၊ မဟတ္တမဂန္ဒီနဲ့ ဂျင်နာတို့အကြောင်း ပါတယ်။ 'ရာမာဆွာမီ'နဲ့ ဇာတ်မြင့်ဟိန္နူတွေကြားက နိုင်ငံရေးကိစ္စတွေ ပါတယ်။ ကျွန်တော်က စာသိပ်မဖတ်တတ်သေးတော့ သတင်းစာတွေ မဖြန့်ဝေခင် ရုပ်ပုံတွေပဲ ကြည့်ခဲ့တယ်။

ကျွန်တော် ရှစ်နှစ်သားအရွယ်မှာ ဒုတိယကမ္ဘာစစ်ကြီး စဖြစ်တယ်။ စစ်အကြောင်း ကျွန်တော် ဘာမှနားမလည်ဘူး။ ဈေးထဲမှာ မန်ကျည်းသီးစေ့ ရောင်းဖို့ပဲ စိတ်အားထက်သန်နေတယ်။ မန်ကျည်းသီးစေ့တွေ လိုက်ကောက်ပြီး 'ဗလီလမ်း'က ဈေးထဲ သွားရောင်းတယ်။ တစ်နေ့ရောင်းရငွေက တစ်ပြားလောက်ရတယ်။ 'ဂျလာလူဒင်'ကတော့ ကျွန်တော့်ကို စစ်အကြောင်းတွေ ပြောပြတယ်။ ကျွန်တော်တို့မြို့က ချောင်ကျတော့ စစ်ကြောင့် ဘာမှမထိခိုက်ဘူး။ ဒါပေမဲ့ မကြာခင်မှာပဲ အိန္ဒိယက မဟာမိတ်တပ်တွေနဲ့ အတူ စစ်ထဲဝင်ပါရတယ်။ အရေးပေါ်အခြေအနေဆိုတာမျိုးတွေ ကြေညာလာရတယ်။ ပထမဆုံး စထိခိုက်တာကတော့ ကျွန်တော်တို့မြို့မှာ ရထားမရပ်တော့ဘူး။ သတင်းစာထုပ်တွေကို ရထားပေါ်က ပစ်ချရတယ်။ 'ဆမ်ဆူဒင်'အတွက် အလုပ်တစ်ခုက ပိုလာပြီ။ သတင်းစာထုပ်တွေ မီးရထားပေါ်က ပစ်ချတာ လိုက်ကောက်ဖို့။ အခြေအနေအရ ကျွန်တော်က ဝိုင်းကူလုပ်ပေးရတာပေါ့။ သူက ကျွန်တော့်ကို လုပ်အားခ ပေးတယ်။ ရာစုနှစ်ဝက်လောက်ကြာတော့ ကျွန်တော် ပြန်စဉ်းစားပြီး ဂုဏ်ယူမိတယ်။ ငယ်ငယ်နဲ့ ကိုယ်ပိုင်ဝင်ငွေ ရှာနိုင်လို့။

ကျွန်တော် ငယ်စဉ်က ကြီးပြင်းလာခဲ့ရတဲ့ ပတ်ဝန်းကျင်ကောင်းတွေ

အတွက် ကျေးဇူးတင်ရပါတယ်။ အဖေ့ဆီက ရိုးသားဖြောင့်မတ်ခြင်းနဲ့ စည်းကမ်းရှိမှု အမွေရတယ်။ အမေ့ဆီက ကြင်နာကရုဏာ အမွေရတယ်။ ကျွန်တော့်အစ်ကို အစ်မတွေဆီကလည်း အမွေကောင်းတွေ ရတယ်။ ကျောင်းပညာ ကောင်းကောင်းမသင်ရပေမယ့် ဉာဏ်ပညာအမြော်အမြင်ရှိတဲ့ ဒဂုလာလူဒင်နဲ့ ဆမ်ဆူဒင်တို့ဆီက တန်ဖိုးရှိတဲ့ အသိပညာတွေ ရခဲ့တယ်။

ကလေးဘဝက ရင်းနှီးတဲ့ သူငယ်ချင်းသုံးယောက်လည်း ရှိတယ်။ ရာမနန္ဒရုတ်စတြီရယ်၊ အာရဝင်ဒန်ရယ်၊ ဆီဝပရာကာဆန်ရယ်တို့ပေါ့။ သူတို့သုံးယောက်စလုံးက ဟိန္နူဖြစ်ပေမဲ့ ဇာတ်မြင့်တဲ့ မိသားစုက ပေါက်ဖွားလာတဲ့သူတွေပဲ။ ကလေးအရွယ်ကတော့ ဘယ်သူမှ ဘာသာရေးတို့၊ ဇာတ်မြင့် ဇာတ်နိမ့်တို့ ခွဲကြတဲ့သူ မရှိပါဘူး။ ရာမနန္ဒရုတ်စတြီက ရာမီဆွာရမ်ဘုရားကျောင်းက ဆရာတော်ကြီး ပက်ရိုလက်ရ်မာနာရဲ့ သားပဲ။ သူ့ခမည်းတော်ကြီး ကံတော်ကုန်တဲ့အခါ သူကပဲ သူ့ခမည်းတော်ရဲ့ အရိုက်အရာကို ဆက်ခံရတယ်။ အာရဝင်ဒန်ကတော့ ဘုရားဖူးတွေရဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ တာဝန်ယူရတယ်။ ဆီဝပရာကာဆန်ကတော့ တောင်ပိုင်း မီးရထားဌာနနဲ့ အစားအသောက်လုပ်ငန်း ကန်ထရိုက်ဖြစ်လာတယ်။

ရှရီသီတာရာမကလျာနဲ့ နှစ်ပတ်လည်ပွဲကာလမှာဆိုရင် ကျွန်တော်တို့မိသားစုက လှေတွေနဲ့ ပုံတော်ရုပ်ထုတွေကို ကန်တော်အလယ်က မဏ္ဍပ်ကို ပင့်ဆောင်ပေးရာမှာ ကူညီကြတယ်။ ကျွန်တော့်အမေနဲ့ အဘွားက ရာမဇာတ်တော်အကြောင်းကို အိပ်ရာဝင်ပုံပြင်အဖြစ် ကျွန်တော်တို့မောင်နှမတွေကို ပြောလေ့ရှိတော့ နားရည်ဝနေကြပါပြီ။

ကျွန်တော် မူလတန်း တက်နေတုန်း တစ်နေ့မှာ ဆရာမအသစ်တစ်ယောက် စာသင်ခန်းထဲ ဝင်လာတယ်။ ကျွန်တော် ပဉ္စမတန်း တက်နေတုန်းကပေါ့။ ကျွန်တော်က ဦးထုပ်ဆောင်းထားတော့ မွတ်စလင် ကျောင်းသားပေါ့။ ကျွန်တော့်ဘေးက ရာမနန္ဒက ခေါင်းပေါင်းနဲ့ဆိုတော့ ဟိန္နူ။ သူနဲ့ကျွန်တော် ဘေးချင်းယှဉ်ထိုင်နေတယ်။ ဆရာမသစ်က ဟိန္နူဘုန်းတော်ကြီးသားနဲ့ မွတ်ဆလင်ကျောင်းသား အတူထိုင်နေတာ ဘဝင်ကျပုံ

မပေါ်ဘူး။ ဒါကြောင့် ကျွန်တော့်ကို နောက်တန်း ပြောင်းထိုင်ခိုင်းလိုက်တယ်။ ကျွန်တော်ရော ်ရာမနန္ဒ ်ရော စိတ်မကောင်းဖြစ်ကြတယ်။

အိမ်ပြန်ရောက်တော့ ဒီအကြောင်းကို မိဘတွေကို ပြောပြလိုက်တယ်။ ်ရာမနန္ဒ ်ကလည်း သူ့ခမည်းတော်ကို ပြန်ပြောတာပေါ့။ အဲဒီမှာတင် ဆရာတော်ကြီး ပက်ရှိ ်လက်ရှုမာနာရှတ်စတြီ ်က နောက်နေ့မှ ဆရာမကို ခေါ်ပြောတယ်။ ဒီကိစ္စအတွက် တောင်းပန်ချင် တောင်းပန် ဒါမှမဟုတ် ကျောင်းပြောင်း။ ဆရာမက သူ့အမှားကို သူ တောင်းပန်ပါတယ်။

ခြံပြီးပြောရရင်တော့ ကျွန်တော်တို့မြို့လေးက ဘာသာအယူဝါဒ အယူသည်းတွေ နည်းပါတယ်။ တစ်ဘာသာနဲ့တစ်ဘာသာ နားလည်မှုပြု၊ လေးစားကြတာ အင်မတန် ချစ်စရာကောင်းပါတယ်။ အထူးသဖြင့် ကျွန်တော့်ရဲ့ သိပ္ပံဆရာဖြစ်တဲ့ ်သီဝသုဗရာမားနီးယား ်ကတော့ ဗြဟ္မဏမျိုးနွယ် အဆင့်မြင့်ထဲကပါ။ ဒါပေမဲ့ သူက လူမှုရေးနောက်ခံ ကွဲပြားခြားနားသူအားလုံး တစ်ပြေးတည်းညီ တစ်သွေးတည်း ပေါင်းစည်းနေထိုင်ကြဖို့ အမြဲလိုလို အားထုတ်ပါတယ်။ သူက လူတကာကို လူမျိုးဘာသာအဆင့် အတန်း မခွဲဖို့ တရားဟောတတ်တယ်။ စည်းရုံးတယ်။ သူက ကျွန်တော့်ကိုလည်း အမြဲပဲ အချိန်ပေးပြီး ပြောတတ်တယ်။

"ကလမ်၊ တပည့်ကို ဆရာပြောမယ် မှတ်ထား။ တပည့်အနေနဲ့ တစ်နေ့ကျရင် မြို့ကြီးပြကြီးက သိပ်ကို ပညာအဆင့်မြင့်တဲ့ သူတွေနဲ့ ပေါင်းသင်းနေထိုင်ရမှာမို့ စိတ်ဓာတ်မြင့်မားဖို့ အရေးကြီးတယ်"

တစ်နေ့ သူက သူ့အိမ်ကိုဖိတ်ပြီး ထမင်းကျွေးတယ်။ သူ့ဇနီးက သူလို ဗာတ်မြင့်ဗြဟ္မဏတွေရဲ့ ဘာသာရေးအရ သန့်စင်ထားတဲ့ မီးဖိုချောင်မှာ ကျွန်တော့်လို မွတ်စလင်တစ်ယောက်ကို ဖိတ်ပြီး ထမင်းကျွေးတာ အံ့သြနေတယ်။ ဆရာကတော့ သူ့မိန်းမကို ဘာမှမပြောဘူး။ သူ့လက်နဲ့ ထမင်းဟင်းတွေ ကျွန်တော့်ကို ခူးခတ်ကျွေးတယ်။ သူ့မိန်းမက မီးဖိုချောင် တံခါးဝကနေ ကျွန်တော်တို့ကို စောင့်ကြည့်နေတယ်။ သူ့အနေနဲ့ ကျွန်တော် စားသွားတဲ့ ပန်းကန်တွေ၊ မီးဖိုချောင်နေရာတွေကို ကျွန်တော်ပြန်ရင် ဆေးကြောပစ်ရမှာ သေချာတယ်။ နောက်တစ်ပတ်လည်း ထမင်းလာစားဦး

လို့ ဆရာက ထပ်ဖိတ်တယ်။ ကျွန်တော့်ရဲ့ တွန့်ဆုတ်အားနာနေတဲ့ပုံစံကို ကြည့်ပြီး ဆရာက ပြောတယ်။

"စနစ်တစ်ခုကို ပြောင်းဖို့ ဆုံးဖြတ်ပြီးရင် ဒီလိုပြဿနာတွေတော့ ထိပ်တိုက်ရင်ဆိုင်ရမှာပဲကွ" လို့ ပြောတယ်။ နောက်တစ်ပတ် ကျွန်တော် ဆရာ့အိမ်ရောက်သွားတော့ ဆရာ့ဇနီးက မီးဖိုချောင်ခေါ်သွားပြီး ကျွန်တော့်ကို သူ့လက်နဲ့ အစားအစာတွေ ထည့်ကျွေးတယ်။

ဒီလိုနဲ့ ဒုတိယကမ္ဘာစစ် ပြီးသွားတယ်။ အိန္ဒိယလွတ်လပ်ရေးက အရေးကြီးလာပြီ။

"အိန္ဒိယလူမျိုးတွေက သူတို့ကိုယ်ပိုင် အိန္ဒိယနိုင်ငံကို တည်ထောင်မယ်" လို့ ဂန္ဒီက ကြေညာတယ်။ တစ်နိုင်ငံလုံး အဆင့်မြင့်စိတ်ဓာတ်နဲ့ နိုးကြားတက်ကြွနေကြတယ်။ ကျွန်တော်က 'ရာမီဆွာရမ်'မြို့ကနေ ထွက်ခွာပြီး ခရိုင်မြို့ဖြစ်တဲ့ 'ရာမာနသာပူရမ်'မြို့မှာ ပညာဆက်သင်ဖို့ ခွင့်တောင်းတယ်။

"အဗ္ဗဒူရေ၊ သား ကြီးပွားတိုးတက်ဖို့အတွက် အဝေးမှာ သွားပညာသင်ရမယ်ဆိုတာ အဖေ သိတယ်။ ပင်လယ်စင်ရော်တောင် နေမင်းကို ဖြတ်သန်းပျံသန်းတဲ့အခါ တစ်ကောင်တည်း မပျံဘူး။ အသိုက်မရှိဘဲ မပျံဘူး။ သားလည်း ကိုယ့်တိုးတက်မှုအတွက် ကိုယ်ပျံသန်းရမှာပေါ့။ အဖေတို့ရင်ခွင်ကနေ သားကို ချုပ်နှောင်မထားရက်ပါဘူး။ အဖေတို့ မတားပါဘူး သားရယ်"

အဲဒီလိုပြောပြီး 'ခါလီးလ်ဂျီဘရန်'ရဲ့စကားကို ကိုးကားပြီး အမေ့ကို နှစ်သိမ့်တယ်။

"မင်းရဲ့သားသမီးတွေဟာ မင်းရဲ့သားသမီး မဟုတ်ဘူး။ သူတို့ဟာ ဘဝရဲ့ သားသမီးတွေပဲ။ သူတို့က မင်းဆီက လာကြပေမယ့် မင်းဆီက မဟုတ်ဘူး။ မင်းက သူတို့ကို မေတ္တာပေးကောင်း ပေးနိုင်မယ်။ ဒါပေမဲ့ မင်းရဲစိတ်ကူးအတွေးတွေကိုတော့ သူတို့ကို မပေးနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ သူတို့ကိုယ်ပိုင်အတွေးစိတ်ကူးတွေ ရှိနေလို့ပဲ"

အဖေက ကျွန်တော့်ကို အစ်ကိုသုံးယောက်နဲ့အတူ ဗလီကို ခေါ်သွား

ပြီး မြင့်မြတ်တဲ့ကျမ်းစာထဲက "အယ်လ်ဖာသီဟာ"ကို ဖတ်ခိုင်းတယ်။ သူက ဘူတာကို လိုက်ပို့ပြီး ပြောတယ်။

"ဒီကျွန်းဟာ သားရဲ့ခန္ဓာကိုယ်ကို စောင့်ရှောက်ထားပေမယ့် သားရဲ့ဝိညာဉ်ကိုတော့ မထိန်းသိမ်းနိုင်ဘူး။ သားရဲ့ဝိညာဉ်ဟာ ဒီမြို့က ဘယ်သူမှ မရောက်နိုင်မယ့် တစ်နေရာမှာ မနက်ဖြန်ဆို နေရတော့မယ်။ အဖေ့အိပ်မက်ထဲမှာတောင် မရှိနိုင်တဲ့နေရာပဲ။ ဘုရားသခင် စောင်မ ကြည့်ရှုနိုင်ပါစေ သားရယ်"

"ဆမ်ဆူဒင်"နဲ့ "အာမက်ဂျလာလူဒင်"တို့က မြို့အထိလိုက်ပြီး ကျွန်တော့်ကို ဆွာချ်"အထက်တန်းကျောင်း"လိုက်ပို့ပေးတယ်။ ကျောင်းအိပ်ကျောင်းစားနေဖို့ အဆောင်စီစဉ်ပေးတယ်။ "ရာမာနသာပူရမ်"မြို့မှာ ကျွန်တော့်အတွက်တော့ တော်ရုံနဲ့ အသားမကျနိုင်ဘူး။ လူဦးရေ ငါးသောင်းလောက်နေထိုင်တဲ့မြို့ကြီးပဲ။ ကျွန်တော့်အိမ်ကို သိပ်လွမ်းတယ်။ သတိရတိုင်း မကြာခဏ ပြန်ပြောမိတယ်။ ဒီမှာ စားရသောက်ရတာလည်း အမှေ့လက်ရာလို ခံတွင်းမမြိန်ဘူး။

အိမ်လွမ်းရောဂါ ထနေပေမယ့် ကျောင်းစာကို ကျွန်တော် တတ်နိုင်သမျှ ကြိုးစားတယ်။ ကျွန်တော့်ရဲ့အောင်မြင်မှုကို အဖေက သိပ်လိုလားတောင့်တတာကိုး။ အဖေက ကျွန်တော့်ကို အရာရှိကြီးတစ်ယောက် ဖြစ်စေချင်တယ်။ အဖေ့အိပ်မက်ကို အကောင်အထည်ဖော်ပေးဖို့က ကျွန်တော့်တာဝန်ပဲ။

"ဂျလာလူဒင်"က ကျွန်တော့်ကို အပြုသဘော စဉ်းစားတတ်ဖို့ သင်ပေးခဲ့တယ်။ ကျွန်တော် အိမ်လွမ်းစိတ်ပေါ်တိုင်း၊ စိတ်ဓာတ်ကျတိုင်း သူစကားတွေက ကျွန်တော့်အတွက် အားဆေးတွေပဲ။ ကျွန်တော်က ကျွန်တော့်ကံကြမ္မာကို ကျွန်တော် ကြိုးစားတည်ဆောက်ရတာပေါ့။

❑

(၂)

ကြာတော့လည်း ဒရာမာနသာပူရမ်မြို့က ရှုဝပ်မ်ကျောင်းမှာ နေသားကျလာတယ်ပဲ ဆိုကြပါစို့။ အဲဒီမှာ ကျွန်တော့်ဆရာ ဘီရာဒုရိုင်း ဆော်လမွန်က စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်လာတယ်။ သူက ပွင့်လင်းတယ်။ ခင်မင်နှစ်လိုဖွယ်ကောင်းတယ်။ သူပြောလေ့ရှိတာက ကျွမ်းကျင်တဲ့ဆရာဆီက မကောင်းတဲ့ ကျောင်းသားထက်စာရင် မကောင်းတဲ့ဆရာဆီက ကောင်းတဲ့ကျောင်းသားက ပိုပြီး ပညာရတယ်တဲ့။

ကျွန်တော်နဲ့ဆရာက ဆရာနဲ့တပည့်ဆိုတာထက် ပိုပြီးသံယောဇဉ် ကြီးကြတယ်။

ဆရာ အမြဲဆုံးမတတ်တာရှိတယ်။

"ဘဝမှာ အောင်မြင်ဖို့အတွက်၊ ကောင်းမွန်တဲ့ရလဒ်တွေ ရဖို့အတွက် မင်းအနေနဲ့ ဒီစွမ်းအားကြီးသုံးခုကို ကောင်းကောင်းနားလည်သဘောပေါက် ကျွမ်းကျင်ပိုင်နိုင်နေရမယ်။ အဲဒါတွေက လိုအင်ဆန္ဒရယ်၊ ယုံကြည်မှုရယ်၊ မျှော်လင့်ချက်ရယ်ပဲ"

ဆရာက နောက်ပိုင်းမှာ ဘုန်းကြီးဝတ်သွားတယ်။ ဆရာက ထပ် သင်ပေးပြန်တယ်။

"မင်း တစ်ခုခုလိုချင်တာ မဖြစ်ခင် အဲဒီလိုချင်တဲ့စိတ်ကို အပြင်း အထန် မွေးမြူရမယ်။ ဒီလို ဖြစ်ကိုဖြစ်ရမယ်လို့လဲ တကယ့်ကို ယုံကြည် ထားရမယ်"

ဆရာက ထပ်ပြီး သင်ပေးတယ်။ ကျွန်တော့်ဘဝထဲက ဥပမာတွေကို ယူဖို့။

ကျွန်တော်က ကောင်းကင်ပြင်ကြီးကို ကြည့်ပြီး အံ့သြတတ်တယ်။ ငှက်တွေပျံတာကို ကြည့်ပြီး အံ့သြတယ်။ ကြိုးကြာငှက်တွေ၊ ပင်လယ်စင်ရော်တွေ ပျံသန်းတာကြည့်ပြီး သူတို့လို ကောင်းကင်မှာ ပျံချင်တယ်။ တစ်နေ့ကျရင် ဒီငှက်တွေလို ငါလည်း ပျံနိုင်ရမယ်လို့ ယုံကြည်ထားတယ်။ တကယ်တော့ "ရာမီဆွာရမ်"မှာ ငှက်လိုပျံချင်တဲ့ ပထမဆုံးကလေးက ကျွန်တော်ပဲ။

ဆရာ့ကို ဒီအကြောင်း ပြန်ပြောတော့ ဆရာက အဲဒီဥပမာကိုယူပြီး မင်းကြိုးစားရင် ဖြစ်မယ်လို့ ပြောတယ်။

ဆရာဆော်လမွန်က တကယ့်ဆရာကောင်းပါ။ ဘာဖြစ်လို့လဲဆိုရင် သူက တပည့်တိုင်းရဲ့စိတ်ဓာတ်ကို မြင့်မားအောင် နည်းလမ်းပေါင်းစုံနဲ့ လှုံ့ဆော်ပေးတတ်သူမို့ပါပဲ။ ဆရာဆော်လမွန်က ကျွန်တော့်ရဲ့ မိမိကိုယ်မိမိ ယုံကြည်စိတ်ကို အစဖော်ပေးတယ်။ လှုပ်နှိုးပေးတယ်။ ကျောင်းပညာကောင်းစွာမသင်ဖူးခဲ့တဲ့ မိဘတွေက မွေးဖွားလာတဲ့ ကျွန်တော့်ကို ပညာရဲ့တန်ဖိုးနဲ့ စိတ်ဓာတ်ခွန်အား တိုးတက်မြင့်မားစေအောင် လုပ်ပေးတာ ဆရာ့ရဲ့ ကျေးဇူးကြောင့်ပါပဲ။

"မင်းဖြစ်ချင်တာ ဘာမဆိုဖြစ်နိုင်တယ်ကွ။ ယုံကြည်စိတ်သာ ရှိပါစေ။ သင့်ရဲ့ကံကြမ္မာကို ပြောင်းလဲပစ်နိုင်တယ်" ဆိုတဲ့ စကားများကို သူပြောခဲ့တယ်။

တစ်နေ့တွင် ကျွန်တော့်သချိုင်္ဘာဆရာ "ရာမာခရစ်ရှနာ"က တခြားအတန်းကို သွားသင်နေတုန်း ကျွန်တော်က အဲဒီအခန်းထဲဝင်ပြီး ကျောင်းသားအချို့ကို သွားအနှောင့်အယှက်ပေးမိတယ်။ "ရာမာခရစ်ရှနာ"က ကျွန်တော့်ကိုတွေ့သွားပြီး တစ်တန်းလုံးရှေ့မှာ ကြိမ်လုံးနှင့်ရိုက်ပြီး အပြစ်ပေးခဲ့တယ်။ လအနည်းငယ်အကြာမှာ ကျွန်တော်က သချိုင်္ဘာအမှတ်ပြည့်ရတယ်။ ဆရာက ကျောင်းသားတွေ စုဝေးတဲ့ အစည်းအဝေးမှာ ပြောတယ်။

"ကျုပ် ရိုက်နှက်ဆုံးမလိုက်တဲ့ ကျောင်းသားကနေ အတော်ဆုံး ကျောင်းသားဖြစ်လာပြီ။ ကျုပ်ပြောရဲတယ်။ ဒီကျောင်းသားဟာ တစ်နေ့ကျ

ရင် ဒီကျောင်းရဲ့ဂုဏ်၊ ဒီဆရာတွေရဲ့ဂုဏ်ကို မြှင့်တင်ပေးမယ့်သူ ဖြစ်လာစေရမယ်''

အရင်က ကျောင်းသားများရှေ့တွင် ကြိမ်လုံးနဲ့ အရိုက်ခံ အရှက်ရခဲ့တဲ့ ကျွန်တော်က အခုတော့ ဂုဏ်ပြုခံနေရပြန်ပြီ။

ကျွန်တော် 'ရှဝပ်မ်' ကျောင်းက ကျောင်းပြီးလာတဲ့အချိန်မှာ ကျွန်တော်ဟာ အောင်မြင်မှုကို မရရအောင် ယူမယ်ဆိုတဲ့ သန္ဓိဋ္ဌာန်ချပြီးသား။ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိတဲ့ကျောင်းသား ဖြစ်လာပါပြီ။ ကျွန်တော် ကျောင်းဆက်တက်ရဦးမယ်။ အဲဒီအချိန်က အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေ ဘာတွေဆိုတာ မရှိသေးဘူး။ အဆင့်မြင့် ပညာသင်ချင်ရင် ကောလိပ်တက်ဖို့ပဲရှိတယ်။ အနီးဆုံးကောလိပ်က 'တာရွတ် ချာရပ်ပါလီ'မှာ ရှိတယ်။ စာလုံးပေါင်းအနေနဲ့ 'ထရီချီနိုပိုလီ'လို့ ပေါင်းတယ်။ အတိုကောက်အနေနဲ့တော့ 'ထရီချီ'ပေါ့။

၁၉၅၀ ခုနှစ်မှာ ကျွန်တော်က 'ထရီချီ'က 'စိန့်ဂျိုးဇက်ကောလိပ်'ကို ရောက်တယ်။ ဥပစာတန်း တက်ဖို့ပဲ။ ကျွန်တော်က ကျောင်းစာမေးပွဲမှာတော့ သိပ်အမှတ်ကောင်းကောင်း မရပါဘူး။ ဒါပေမဲ့ 'ရာမီဆွာရမ်'က ပုဂ္ဂိုလ်နှစ်ဦးရဲ့ ကျေးဇူးနဲ့ စိတ်ခွန်အားကတော့ဖြင့် အပြည့်ပဲ။

ကျွန်တော် 'ရှဝပ်မ်'ကနေ 'ရာမီဆွာရမ်'ကို ပြန်လာတဲ့အခါတိုင်း ဘူတာရုံလမ်းမှာ ကုန်စုံဆိုင်ဖွင့်ထားတဲ့ အစ်ကိုကြီး 'မူစတာဖာကမာ'ရဲ့ ဆိုင်မှာ ဝင်ကူလုပ်ရတယ်။ အဲဒီအတွက် လုပ်အားခရတယ်။ ကျွန်တော်က ဆီတို့၊ ဆန်တို့၊ ကြက်သွန်တို့ကို ရောင်းရတယ်။ စီးကရက်နဲ့ ဘီဒီဆေးပေါ့လိပ်က အရောင်းရဆုံးပဲ။ ခက်ခက်ခဲခဲ ရှာထားတဲ့ ပိုက်ဆံတွေကို ဆင်းရဲတဲ့ ဒီလူတွေက ဘာကြောင့် ဆေးလိပ်မှာ ဖြုန်းပစ်သလဲဆိုတာ ကျွန်တော် စဉ်းစားမိတယ်။ အစ်ကိုကြီး 'မူစတာဖာ' မရှိတဲ့အခါ ကျွန်တော့်ညီလေး 'ကာဆင်မိုဟာမက်'နဲ့ ကျွန်တော်က ဒီဆိုင်မှာ ကြီးကြပ်ရတယ်။ ကျွန်တော်က ခရုခွံနဲ့လုပ်ထားတဲ့ အလှအပပစ္စည်းလေးတွေလည်း ရောင်းရတယ်။

'စိန့်ဂျိုးဇက်'မှာ ဆရာတော် 'တီခင်ဆီကွာရား'လို ဆရာမျိုး ရှာတွေ့တာက ကောင်းတာပဲ။ သူက အင်္ဂလိပ်စာဆရာ။ ကျွန်တော်တို့အဆောင်မှူး

လည်း ဖြစ်တယ်။ ကျွန်တော်တို့ ကျောင်းသားတစ်ရာလောက်က သုံးထပ်ဆောင်မှာ နေကြရတယ်။ ဆရာက သမ္မာကျမ်းစာ စာအုပ်ကိုင်ပြီး ညတိုင်း ကျောင်းသားတိုင်းရဲ့ အခန်းကိုဝင်တယ်။ သူ့ရဲ့ လုပ်ရည်ကိုင်ရည်နဲ့ ခွန်အားက အံ့မခန်းပါပဲ။ ကျောင်းသားတွေရဲ့ လိုအပ်ချက်အသေးအဖွဲကအစ လိုက်ကြည့်ပြီး ဖြည့်ဆည်းပေးတတ်တယ်။ ဒေဝါလီရက်မျိုးတွေမှာ သူ့ရဲ့ညှဉ်ကြားချက်နဲ့ သူ့ရဲ့လက်ထောက်ဆရာကို စေတနာဝန်ထမ်းကျောင်းသားတို့က အခန်းစဉ်လှည့်ပြီး ရေချိုးသန့်စင်ဖို့ ဆီမန်းတွေ လိုက်ပေးတယ်။

ကျွန်တော် 'စိန့်ဂျိုးဇက်' ကျောင်းမှာ လေးနှစ်နေခဲ့တယ်။ သူငယ်ချင်းနှစ်ယောက်နဲ့အတူ တစ်ခန်းတည်းမှာ နေရတယ်။ တစ်ယောက်က ဟိန္ဒူ၊ တစ်ယောက်က ခရစ်ယာန်။ သုံးယောက်သား ချစ်ချစ်ခင်ခင်နေကြတဲ့ရက်တွေက အမှတ်ရစရာပဲ။ သက်သတ်လွတ် အစားအစာကျွေးဖို့ရာ ကျွန်တော်က ဦးဆောင်ရတဲ့အလှည့်မှာ ကျွန်တော်တို့က ကျောင်းအုပ်ကြီး ဆရာတော် ဖာသာ 'ကာလာသီ' ကို တနင်္ဂနွေတစ်ရက်မှာ နေ့လယ်စာစားဖို့ ဖိတ်တယ်။ ကျွန်တော်တို့ ချက်တာပြုတ်တာကို အားရပါးရစားပြီး ကျောင်းအုပ်ကြီးက အရသာရှိလိုက်တာကွာလို့ တဖွဖွပြောတာ အမောတွေ ပြေသွားစေတယ်။ ကျောင်းအုပ်ကြီးက မကြာခဏ ကျွန်တော်တို့ဆီလာပြီး အလွယ သလွယပြောတယ်။ ပျော်စရာ ရွှင်စရာတွေ နောက်ပြောင်ပြောတတ်တယ်။ ဒါတွေက တစ်သက်တာ မေ့မရနိုင်စရာ ကြည်နူးမှုပုံရိပ်တွေပါပဲ။

'စိန့်ဂျိုးဇက်' က ဆရာတွေအားလုံးဟာ 'ကန်ချီပါရာမာချာရာ' ရဲ့ သာဝကတွေမို့ ပေးကမ်းစွန့်ကြဲခြင်းရဲ့ ကောင်းမှုကို လိုက်နာကြတယ်။

'စိန့်ဂျိုးဇက်' ရဲ့ နောက်ဆုံးနှစ်မှာ ကျွန်တော်က အင်္ဂလိပ်စာပေရဲ့ အရသာကို သိလာတယ်။ 'တော်စတွိုင်း'၊ 'ဟာဒီ' နဲ့ 'စကော့' တို့ရဲ့ ဝတ္ထုတွေ သိပ်ကြိုက်တယ်။ နောက်တော့ ဒဿနိကစာအုပ်တွေ ပြောင်းဖတ်တယ်။ ကျွန်တော် စိတ်အဝင်စားဆုံးဘာသာရပ်ကတော့ ရူပဗေဒပဲ။

ကျွန်တော့်ရဲ့ ရူပဗေဒဆရာတွေဖြစ်ကြတဲ့ ပါမောက္ခ ချင်းနားဒူရိုင်းနဲ့ ပါမောက္ခ ခရစ်ရှနာမူရသီ တို့က ရူပဗေဒပညာရဲ့ နက်ရှိုင်းမှုတွေကို သင်ကြားပြသပေးတယ်။ တချို့လူတွေက သိပ္ပံပညာဆိုတာ ထာဝရဘုရားရှင်နဲ့ ဝေးအောင်လုပ်တဲ့ မိစ္ဆာဘာသာရပ်ပဲလို့ ပြောဖူးတယ်။ ကျွန်တော်

ကတော့ သိပ္ပံပညာရဲ့ အနှစ်သာရအခြေခံကို ကောင်းကောင်းရိပ်စားမိလို့ ဒီလိုမထင်ဘူး။

စကြဝဠာနဲ့ပတ်သက်တဲ့အကြောင်းတွေ လေ့လာတယ်။ သူငယ်ချင်းအချို့က စကြဝဠာပညာနဲ့ နက္ခတ္တဗေဒကို ရောပြီး ကျွန်တော့်ကို ဗေဒင်လာမေးကြတာလည်း တွေ့ရတယ်။ ကျွန်တော်တို့နဲ့ ဝေးလံလှတဲ့နေရာမှာ ရှိတဲ့ နက္ခတ်တာရာတွေနဲ့ ကျွန်တော်တို့ရဲ့ ဘာသာဆက်စပ်ပုံတချို့ကို တွေ့ရတော့လည်း အံ့သြလို့မဆုံးဘူး။

ကျွန်တော် သိပ္ပံဘွဲ့ယူခါနီးမှာ ကျွန်တော့်အိပ်မက်တွေက ရူပဗေဒနဲ့ သိပ်မဆိုင်ပဲ အင်ဂျင်နီယာပိုင်းနဲ့ ပိုဆိုင်တာကို သိရတယ်။ တကယ်တော့ ဥပစာတန်းထဲက အင်ဂျင်နီယာဘာသာရပ်ကို ယူရမှာ။ သိပ္ပံဘွဲ့ကို သွားတက်တော့ သိပ်မဆိုင်သလိုဖြစ်သွားပြီ။ 'မဒရပ်စ်စက်မှုတက္ကသိုလ်' (အမ်အိုင်တီ)ကို တက်သင့်တာပေါ့။ ခုလည်း သွားတက်လို့တော့ အမှတ်ကမီသေးတယ်။ ဒါပေမဲ့ ကျောင်းလခက သိပ်များတာ။ ရူပီတစ်ထောင်လောက်ဆိုတော့ အဖေလည်း မတတ်နိုင်ဘူး။ အဲဒီအချိန်မှာ အစ်မဖြစ်တဲ့ 'ဇိုဟာရာ'က သူ့လက်ဝတ်လက်စားတွေ ချွတ်ရောင်းပေးတယ်။ သိပ်ကို ကျေးဇူးတင်တာပဲ။ ဒီလက်ဝတ်လက်စားတွေကို တစ်နေ့ ပြန်ဝယ်ပေးမယ်လို့လည်း သန္နိဋ္ဌာန်ချထားတယ်။ အဲဒီလိုဖြစ်စေဖို့ ကျွန်တော် စာကြိုးစားရမယ်။ အထူးသဖြင့် စကောလားရှစ်ဆိုတဲ့ ပညာသင်ဆုရအောင် လုပ်ရမယ်။ ကျွန်တော် အားသွန်ခွန်စိုက် စာကြိုးစားတော့တယ်။

'အမ်အိုင်တီ'ကို ရောက်ရောက်ချင်း စိတ်အလှုပ်ရှားဆုံးကတော့ ကျောင်းပရဝဏ်မှာ ပြထားတဲ့ လေယာဉ်ပျံနှစ်စင်းပဲ။ လေကြောင်းပညာသင်တွေအတွက် နမူနာပြထားတဲ့ လေယာဉ်တွေပါ။ သဘောကျလွန်းလို့ လေယာဉ်ပျံနှစ်စင်းဘေးမှာ ထိုင်ပြီး တစ်ချိန်လုံး ငေးကြည့်နေမိတာ အကြာကြီးပဲ။ လူတွေ လေပေါ်မှာ ပျံဝဲနိုင်တဲ့အကြောင်းကိုလည်း တွေးမိပြီး ချီးကျူးနေမိတယ်။ ကောင်းကင်မှာ ငှက်တွေလို လူတွေပျံနိုင်တာ စိတ်ကူးမဟုတ်ဘူး။ တကယ်ဖြစ်နေတာသိရလို့ ကြက်သီးဖျန်းဖျန်းထမိပါရဲ့။

ပထမနှစ်ပြီးတဲ့အခါ အထူးပြုဘာသာရပ်ကို ရွေးရတော့ ကျွန်တော်

က လေကြောင်းအင်ဂျင်နီယာဘာသာရပ်ကို ရွေးလိုက်တယ်။ ကျွန်တော့် စိတ်ထဲမှာ ပန်းတိုင်က ရှင်းနေပြီ။ လေယာဉ်မောင်းဖို့။

'ပါမောက္ခကပ်စ်ပန်ဒါလီ'က လေယာဉ်ဒီဇိုင်းနဲ့ တည်ဆောက်ပုံကို သင်ပေးတယ်။ ဆရာက ခင်မင်စရာကောင်းတယ်။ တပည့်တွေနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံတယ်။ သူသင်တဲ့ပညာပိုင်းကို သိပ်ကိုပိုင်တဲ့သူပဲ။ 'ပါမောက္ခပန်ဒါလီ'ဟာ အင်ဂျင်နီယာပညာရဲ့ လျှို့ဝှက်ချက်အနှစ်သာရကို သင်ပေးတယ်။ တပည့်တွေကို အမြဲစိန်ခေါ်တယ်။ မရှင်းတာရှိရင် အချိန်မရွေး မေးလို့ရတယ်။ သူမဖြေနိုင်တဲ့မေးခွန်းဆိုတာ မရှိဘူး။

'ပါမောက္ခနာရာဆင်ဂါရောင်း'ကတော့ သခ်ၤာပညာရှင်။ သူက လေကြောင်းပညာနဲ့ဆိုင်တဲ့ အတွက်အချက်တွေ သင်ပေးတယ်။ သူ့အတန်းကို တက်ပြီးတာနဲ့ ကျွန်တော်က 'သခ်ၤာဆိုင်ရာ ရူပဗေဒ'ကို အသည်းစွဲသွားမိတယ်။ ကျွန်တော်က ဆရာ့ကို စစ်စစ်ပေါက်ပေါက် မေးခွန်းတွေ မေးတယ်။ ဆရာကလည်း နားလည်သဘောပေါက်အောင် စိတ်ရှည်ရှည်နဲ့ ရှင်းပြတယ်။ ဆရာ့ကြောင့် ဒီဘာသာရပ်မှာ ကျွန်တော် ထူးချွန်လာခဲ့တာ အမှန်ပဲ။

လေကြောင်းပညာ ဘာသာရပ်ဆိုတာ အတော်လေး စိတ်ဝင်စားစရာကောင်းတယ်။ ဒီဘာသာရပ်ထဲမှာ 'လွတ်လပ်မှု ကတိကဝတ်'တွေ ပါနေတယ်။

'လွတ်လပ်မှု'နဲ့ 'လွတ်မြောက်မှု'က မတူဘူးနော်။ 'ရွေ့လျားခြင်းနဲ့ လှုပ်ရှားမှု'မတူသလိုပဲ လျောဆင်းတာနဲ့ မျောသွားတာ ကွာခြားသလိုပေါ့။ ဒါတွေရဲ့ လျှို့ဝှက်ချက်ကို လေကြောင်းပညာမှာ တွေ့ရတယ်။ အဲဒီသဘောတရားတွေကို ဆရာတွေက ကျွန်တော့်ကို သင်ပေးတယ်။ သူတို့ ရဲ့ အင်တိုက်အားတိုက် သင်ပြမှုကြောင့် လေကြောင်းပညာကို ကျွန်တော် အသည်းခိုက်အောင် နှစ်သက်မိတယ်။

လေယာဉ်ပျံမျိုးစုံအကြောင်း သိလာရတယ်။ တောင်ပံတစ်ခုတပ်ယာဉ်၊ နှစ်ခုတပ်ယာဉ်၊ အမြီးမပါတဲ့လေယာဉ်၊ စက်တပ်ယာဉ်၊ စက်မပါတဲ့လေယာဉ်၊ မျိုးစုံမျိုးစုံ။ ဆရာသုံးဦးရဲ့ကျေးဇူးကြောင့် ဒါတွေအကုန် သိခွင့်ရခဲ့တယ်။

"အမ်အိုင်တီ"ရဲ့ တတိယနှစ်၊ နောက်ဆုံးနှစ်ကတော့ ပြောင်းလဲမှုနှစ်ပဲ။ ကျွန်တော့်ဘဝရဲ့ အဆုံးအဖြတ်ကာလ။ အဲဒီအချိန်မှာ နိုင်ငံရေးအသိပညာ နိုးကြားမှုတွေ ရှိလာပြီ။ စက်မှုလုပ်ငန်းတွေကလည်း နိုင်ငံအနှံ့ ဖွံ့ဖြိုးလာပြီ။ ကျွန်တော့်အနေနဲ့လည်း ထာဝရဘုရားသခင်အပေါ် ယုံကြည်မှုနဲ့ ကျွန်တော့်ရဲ့ သိပ္ပံပညာအသိစိတ်ဓာတ်တို့ကြားမှာ လွန်ဆွဲနေပြီ။

ဘွဲ့ရခါနီးမှာ ကျွန်တော်ရယ် လုပ်ဖော်ကိုင်ဖက်လေးဦးရယ်ဟာ တိုက်လေယာဉ်ငယ်တစ်ခုကို ဒီဇိုင်းလုပ်တဲ့စီမံချက်ကို လုပ်ရတယ်။ ကျွန်တော်က ပုံစံရေးရတယ်။ တတ်သမျှ မှတ်သမျှ ကြိုးစားတာပဲ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ဒီဇိုင်းဆရာ "ပါမောက္ခသီရိနီဗာဆန်"က ကျွန်တော့်ဒီဇိုင်းကို လက်မခံဘူး။ ဒါကြောင့် ကျွန်တော်က နောက်ထပ်တစ်လ အချိန်တိုးပေးဖို့ တောင်းပန်တယ်။ ပါမောက္ခက ကျွန်တော့်ကို တစ်ချက်တွေးကြည့်နေပြီးမှ ပြောတယ်။

"ဒီမှာကြည့် ကောင်လေး ဒီနေ့က သောကြာနေ့ နေ့လယ်။ ငါ မင်းကို သုံးရက်အချိန်ပေးမယ်။ တနလ်ာနေ့မနက်မှ ငါ့စိတ်တိုင်းကျပုံမရရင် မင်း စကောလားရှစ် ပြုတ်ပြီသာမှတ်"

ကျွန်တော့်ခေါင်း မိုးကြိုးပစ်လိုက်တာပဲ။ စကောလားရှစ်က ကျွန်တော့်အသက်၊ စကောလားရှစ်သာ ရပ်လိုက်ရင် ကျွန်တော်လည်း ကျောင်းဆက်တက်နိုင်မှာ မဟုတ်တော့။ အဲဒီညမှာ ကျွန်တော် ညစာမစားနိုင်ခဲ့ဖူး။ တစ်ချိန်လုံး ကြိုးစားပြီး ပုံထုတ်တယ်။ နောက်နေ့မနက်မှာ မနက်စာ မြန်မြန်စားပြီး တစ်နာရီလောက် စိတ်ကို အနားပေးလိုက်တယ်။ တနင်္ဂနွေနေ့မှာတော့ ကျွန်တော် ပြီးကိုပြီးရတော့မယ်။ အဲဒီအချိန်မှာ ကျွန်တော့်အခန်းထဲကို တစ်စုံတစ်ဦး ရောက်နေသလို ခံစားမိတယ်။ "ပါမောက္ခသီရိနီဗာဆန်"က ကျွန်တော့်ကို အဝေးကနေ လှမ်းကြည့်နေသလိုပဲ။ အားကစားရုံက တန်းလာပြီး တင်းနစ်ဝတ်စုံနဲ့။ သူက ကျွန်တော့်တိုးတက်မှုကို လာကြည့်နေတယ်။ ပြီးတော့ ကျွန်တော်ရေးတဲ့ပုံကြမ်းကို လာကြည့်တယ်။ ကျွန်တော့်ကို ပွေ့ပိုက်တယ်။ ကျောကိုသပ်ပြီး ချီးကျူးတယ်။

"ငါက မင်းလုပ်နိုင်တာကို သိပြီးသားပါကွာ။ ခုလည်း ပိုကောင်းတဲ့လက်ရာထွက်အောင် တမင်ကို ဖိအားပေးလိုက်တာ။ မင်း ဒီလောက်တော်မှန်း ငါ မသိခဲ့မိဘူး"

မကြာခင်မှာပဲ ကျောင်းက စာပေအဖွဲ့ရဲ့ စာစီစာကုံးပြိုင်ပွဲလုပ်တယ်။ တမီးလ်ဘာသာနဲ့ ပြိုင်ရမှာ။ တမီးလ်က ကျွန်တော့်ဘာသာစကားပဲ။ ကျွန်တော်လည်း ဝင်ပြိုင်တယ်။ ခေါင်းစဉ်က-

"ကိုယ်ပိုင်လေယာဉ် လုပ်ကြစို့"

ကျွန်တော် ပထမဆုရတယ်။ ဆုကို တမီးလ်ဘာသာရဲ့ ခေါင်းဆောင် "ဒီဗန်း" ကိုယ်တိုင် လာချီးမြှင့်တယ်။

"အမ်အိုင်တီ"မှာ အမှတ်ရစရာထဲက "ပါမောက္ခစပွန်ဒါ"လည်း မပါ မဖြစ်ပေါ့။ နှုတ်ဆက်ပွဲမှာ ကျွန်တော်တို့ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြ တယ်။ ပါမောက္ခတွေက ရှေ့တန်းမှာထိုင်။ ကျွန်တော်တို့က နောက်တန်းက မတ်တပ်ရပ်။ ကျွန်တော်က တတိယတန်းမှာ။ "ပါမောက္ခစပွန်ဒါ"က မတ်တပ်ရပ် ပြီး ကျွန်တော့်ကိုရှာတယ်။ ပြီးတော့-

"ရှေ့တန်းမှာ ငါနဲ့လာထိုင်လေကွာ" လို့ ခေါ်တယ်။

ကျွန်တော်က မသွားရဲဘူး။

"မင်းက ငါ့ရဲ့ အထူးခွင့်ဆုံးကျောင်းသားလေကွာ။ မင်းရဲ့ကြိုးစားမှု ကြောင့်၊ မင်းကြောင့် အနာဂတ်မှာ မင်းရဲ့ဆရာတွေ ဂုဏ်တက်စေမှုကြောင့် ပါ"

ကျွန်တော်လည်း မနေသာတော့ပဲ "ပါမောက္ခစပွန်ဒါ"ဘေးမှာ သွား ထိုင်ရတယ်။

"အမ်အိုင်တီ"က ဘွဲ့ရပြီးတဲ့အခါ ကျွန်တော် "ဟင်္ဂစတန်လေ ကြောင်း" (အိပ်ခ်အေအယ်လ်)မှာ အလုပ်သင်အဖြစ် ဝင်လုပ်ရတယ်။ အဲဒီမှာ လေယာဉ်တွေ ပြင်ရတယ်။ ပညာတွေ အများကြီးရတယ်။ သဘောတရား ရော လက်တွေ့ပါ ပညာရတယ်။ "ပစ်စတန်"စက်ရော၊ "တာဘိုင်"စက်ရော အကုန်ပြင်ရတယ်။

အလုပ်သင်ကာလပြီးတဲ့အခါ ကျွန်တော့်မှာ ရွေးချယ်စရာနှစ်ခု ရှိလာ တယ်။ နှစ်ခုလုံးက ကျွန်တော့်အိပ်မက်ဖြစ်တဲ့ ပျံသန်းခြင်းဆိုင်ရာတွေပဲ။ တစ်ခုက လေတပ်မတော်မှာ။ တစ်ခုက နည်းပညာဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံး (လေကြောင်း)မှာ။ ဒီရုံးကလည်း ကာကွယ်ရေးဝန်ကြီး ဌာန လက်အောက်ကပဲ။ ကျွန်တော်က နှစ်ခုလုံးကို လျှောက်လိုက်တယ်။

နှစ်ခုစလုံးဆီက အင်တာဗျူး လာလုပ်ဖို့ ခေါ်တယ်။ အင်တာဗျူးက ဒေလီမှာ။ ကျွန်တော် ရထားစီးပြီး အိန္ဒိယမြောက်ပိုင်းကို သွားရတယ်။ သွားရမယ့် နေရာက ကီလိုမီတာ ၂၀၀၀ ကျော် ဝေးတယ်။ ကျွန်တော့်အမိမြေမှာ အဝေးဆုံးခရီး သွားဖူးခြင်းပါပဲ။

❑

(၃)

မီးရထားတွဲပေါ်ကနေပြီး ပြတင်းပေါက်ကတစ်ဆင့် ကျွန်တော် ကျေးရွာတွေဖြတ်သွားတာ ကြည့်နေမိတယ်။ လယ်ကွင်းထဲမှာ ဒိုတီအဖြူ တွေဝတ်၊ ခေါင်းပေါင်းတွေ ပေါင်းထားတဲ့ အမျိုးသားတွေ၊ အရောင်တောက် တောက်ဝတ်ထားတဲ့ အမျိုးသမီးတွေရော တွေ့ရတယ်။ မြစိမ်းရောင် စပါး ခင်းတွေ နောက်ခံထားပြီး မြင်ရတဲ့ ဒီရှုမျှော်ခင်းက ပန်းချီကားတစ်ချပ် လိုပါပဲ။ ကျွန်တော်က ရထားပြတင်းပေါက်ကနေ မခွဲမခွာနိုင် မြင်ကွင်း တွေကို ကြည့်နေတယ်။ ဘယ်နေရာကြည့်ကြည့် လူတွေ အလုပ်ကိုယ်စီနဲ့။ နွားကျောင်းသူကျောင်း၊ ရေခပ်သူခပ်၊ လယ်ထွန်သူထွန်၊ စပါးစိုက်သူစိုက်။ ကလေးတချို့ကတော့ ရထားကို လက်ဝှေ့ယမ်းပြနေကြတယ်။

မြောက်ဘက်ခြမ်း ရောက်လာတဲ့အခါကျတော့ မြင်ကွင်းတွေက တစ်မျိုး ပြောင်းလာတယ်။ ဂင်္ဂါမြစ်နဲ့ သူ့မြစ်လက်တက်တွေမှာ အရင်က မြေဩကောင်းလှတဲ့ လယ်ကွင်းတွေရှိတယ်။ ခုတော့ တစ်မျိုးပြောင်းလဲ သွားပြီ။ ဘီစီ ၁၅၀၀ ဝန်းကျင်က အသားခပ်လတ်လတ် အာရိယန်လူမျိုး တွေက တောင်တန်းတွေကိုဖြတ်ပြီး အနောက်မြောက်ကနေ ဝင်လာကြတယ်။ ဆယ်ရာစုလောက်ကျတော့ မွတ်စလင်တွေ ရောက်လာပြီး ဌာနေကလူတွေ နဲ့ ရောယှက်နေထိုင်ကြတယ်။ နောက်တော့ သူတို့ဟာ နိုင်ငံရဲ့ လူများစု ဖြစ်လာကြတယ်။ အင်ပါယာတစ်ခုပြီးတစ်ခု ပေါ်လာလိုက်၊ ပျောက်သွား လိုက်။ ဘာသာရေးစစ်ပွဲတွေ ဖြစ်ကြ။ အဲဒီတစ်ချိန်လုံးမှာ အိန္ဒိယတောင်ပိုင်း

ကတော့ သူနဂိုအတိုင်း မပျက်မယွင်း တည်နေဆဲပဲ။ 'ဝင်းဒယ်' နဲ့ 'ဆတ္တပူရ' တောင်တန်းတွေ တံတိုင်းကာရံထားလို့ ဘေးကင်းရန်ကင်း ရှိနေတယ်။ 'နာမာဒ'၊ 'တက်ပီ'၊ 'မယနဒီ'၊ 'ဂေါဒဝန်' နဲ့ 'ခရစ်သျှန်' မြစ်တွေလည်း ကွန်ယက်ဖြန့် စီးဆင်းနေလေရဲ့။ ဒေလီကိုသွားတဲ့ ကျွန်တော်ဟာ ဒီပထဝီနယ်နိမိတ်တွေကို ဖြတ်သွားရတယ်။

ကျွန်တော် ဒေလီမှာ တစ်ပတ်လောက် နားတယ်။ မဟာဆူဖီသူတော်စင်ကြီး 'ဟာမ်ရားလ်နီဇာမူဒင်'ရဲ့ မြို့ကြီးပဲ။ ဒီမှာ ကျွန်တော် အင်တာဗျူး ဝင်ဖြေရတယ်။ အင်တာဗျူးကို ကောင်းစွာ ဖြေနိုင်ခဲ့တယ်။ မေးခွန်းတွေက သမားရိုးကျ မေးရိုးမေးစဉ် မေးခွန်းတွေမို့ ကျွန်တော် တတ်တာတွေ ပညာပြခွင့်တောင် မရလိုက်ဘူး။ ပြီးတဲ့အခါ လေတပ်မတော် အင်တာဗျူး ဖြေဖို့ 'ဒရာဒွန်း'ကို ဆက်သွားရတယ်။ ဒီမှာကလည်း ဉာဏ်ရည် ဉာဏ်စွမ်းထက် ပုဂ္ဂိုလ်ရေးအကြောင်း မေးတာပဲများပါတယ်။ သူတို့က ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို ပိုစစ်ချင်တယ် ထင်တယ်။ ၂၅ ယောက် ဝင်ဖြေတာ ၈ ယောက်ရွေးတယ်။ ကျွန်တော်က နံပါတ် ၉။ ကျွန်တော် တော်တော်ကြီးကို မကျေမနပ်ဖြစ်မိတယ်။ လေတပ်မတော်မှာတော့ ကျွန်တော် မရတော့ဘူး။ ကျွန်တော် တောင်ကုန်းတစ်ခုပေါ်တက်ခဲ့တယ်။ အောက်မှာက ရေကန်ကြီး။ ရှေ့လာလတ္တံ့သော နေ့ရက်တွေဟာ ခက်ခဲမယ်ဆိုတာ ကျွန်တော် သိတယ်။ ဖြစ်ရာမေးခွန်းတွေ တစ်ပုံတစ်ပင်။ ပြင်ဆင်စရာ၊ လက်တွေ့လုပ်ဆောင်စရာတွေ စီမံရမယ်။ ကျွန်တော် 'ရစ်ရှီကက်ရှ်'ကို လာခဲ့တယ်။

သန့်စင်တဲ့ ဂင်္ဂါမြစ်ရေမှာ ရေချိုးတယ်။ ပြီးတော့ 'သီဝနန္ဒာကျောင်းတော်ရာ'ကို လျှောက်သွားတယ်။ ကျောင်းတော်ရာက တောင်ကုန်းပေါ်မှာ။ ကျောင်းတော်ရာထဲ ဝင်သွားတော့ ပြင်းပြင်းထန်ထန် တုန်ခါမှုတစ်ခု ခံစားရတယ်။ ဆာဒူးတွေ အများကြီး ထိုင်နေတာ တွေ့ရတယ်။ ဆာဒူးတွေက စိတ်တန်ခိုး တစ်စုံတစ်ရာ ရှိတယ်။ ကျွန်တော့်ကို သံသယဖြစ်စေတဲ့အရာတွေကို ရှာကြည့်ချင်တယ်။

ကျွန်တော် 'ဆွာမိ သီဝနန္ဒ'နဲ့ တွေ့တယ်။ သူရုပ်သွင်က ဗုဒ္ဓလိုပဲ။ ဒိုတီအဖြူရောင် ဝတ်ထားပြီး သစ်သားဖိနပ်ကို စီးထားတယ်။ သူ့အသားအရောင်က ဝင်းဝါနေတယ်။ မျက်လုံးက မည်းနက်စူးရှလို့။ သူ့အပြုံးက ကလေးတစ်ယောက်လို ဖြူစင်တယ်။ အမူအရာက ကျက်သရေရှိတယ်။

ကျွန်တော်က ဆွာမီကြီးကို ကိုယ့်ဘာသာကိုယ် မိတ်ဆက်လိုက်တယ်။ ကျွန်တော့်ရဲ့ မွတ်စလင်နာမည်ကို ကြားလို့ သူ ဘာမှဖြစ်မသွားဘူး။ ကျွန်တော် ဘာမှ ဆက်မပြောခင်မှာပဲ သူက ကျွန်တော့်ရဲ့သောကတွေကို ပြောပြတယ်။ ကျွန်တော် ဝမ်းနည်းကြေကွဲနေတာကို သူဘယ်လိုသိသလဲ ဆိုတာတော့ ပြောမပြဘူး။

ကျွန်တော်က အိန္ဒိယလေတပ်မတော်ကို ဝင်ခွင့်မရတာ ပြောပြတယ်။ ကျွန်တော့်ရဲ့ ကောင်းကင်မှာ ပျံသန်းလိုစိတ် ရူးသွပ်မှုကိုလည်း ပြောပြလိုက်တယ်။ သူ့အပြုံးတစ်ချက်က ကျွန်တော့်သောကတွေ လွင့်စင်သွားစေသလိုပဲ။ ပြီးတော့ သူက နူးညံ့ညင်သာပြီး သြဇာညောင်းတဲ့အသံနဲ့ ပြောတယ်။

အလိုဆန္ဒဆိုတာ နှလုံးသားနဲ့ ဝိညာဉ်ကနေ အမြစ်တွယ်လာတာ။ ဒါဟာ သန့်စင်ပြီး လေးနက်ရင် အံ့မခန်းတဲ့ အီလက်ထရိမက်ဂ်နက်တစ်ဆိုတဲ့ လျှပ်စစ်သံလိုက်စွမ်းအားကို ပိုင်ဆိုင်မှာပဲ။ အဲဒီစွမ်းအင်ဟာ ညတိုင်းမှာ အိပ်နေတုန်း လွင့်ထုတ်တတ်တယ်။ မနက်နိုးလာရင် အဲဒီဟာက သိစိတ်အနေနဲ့ စကြဝဠာစီးကြောင်းနဲ့အတူ ပေါင်းစပ်သွားမယ်။ အဲဒါကို ယုံယုံကြည်ကြည်နဲ့သာရှိရင် မိမိအလိုဆန္ဒပြည့်မှာပဲလို့ သူကပြောတယ်။

"တပည့်အဆင်သင့်ဖြစ်ရင် ဆရာပေါ်လာတာပဲ" ဆိုတဲ့စကား မှန်လိုက်တာ။ စိတ်ဓာတ်ပျက်ယွင်းစပြုလာတဲ့ တပည့်ကို လမ်းမှန်ပြတဲ့ဆရာပဲ။

"မင်းရဲ့ကံကြမ္မာကို လက်ခံပြီးရင် မင်းရဲ့ဘဝနဲ့ ရှေ့ကို ဆက်လျှောက်။ မင်းဟာ လေတပ်မတော်ရဲ့လေယာဉ်မှူးဖြစ်ဖို့ ကံပါမလာဘူး။ မင်း ရှေ့ဆက် ဘာဖြစ်လာမလဲတော့ အခု မပြောနိုင်သေးဘူး။ ဒါပေမဲ့ လမ်းကြောင်းတော့ စ,ပေါ်နေပြီ။ ရုံးနိမ့်ခဲ့မှုတွေကို မေ့လိုက်တော့။ မင်းရဲ့ဖြစ်တည်မှုရဲ့ အစစ်အမှန် ရည်မှန်းချက်ကိုရှာ။ ဘုရားရှင်အလိုတော်အတိုင်း ဖြစ်ပါစေ ငါ့သား" လို့ ဆွာမီကြီးက ပြောတယ်။

ကျွန်တော် ဒေလီကို ပြန်ရောက်တယ်။ လေကြောင်းညွှန်ကြားရေးမှူးရုံးမှာ အင်တာဗျူးရလဒ်ကို မေးတယ်။ ကျွန်တော့်ကို အလုပ်ခန့်စာအသင့်ထုတ်ပေးတယ်။ နောက်နေ့မှာ "အကြီးတန်းသုတေသနလက်ထောက်" ရာထူးကို အခြေခံလစာ တစ်လ ရူပီး ၂၅၀ နဲ့ စအလုပ်ဝင်တယ်။ ဒါဟာလည်း

ကျွန်တော့်ကံကြမ္မာလမ်းကြောင်းပဲ ထင်ပါတယ်။ ကျွန်တော် စိတ်ငြိမ်ချမ်းသွားတယ်။ လေတပ်မတော် ဝင်ခွင့်မရလို့ စိတ်ပျက်တာတွေ မရှိတော့ဘူး။ အဲဒါ ၁၉၅၈။

ကျွန်တော့်ကို နည်းပညာဌာန (ပျံသန်းရေး)ကို ပို့တယ်။ လေယာဉ်မောင်းရပေမယ့် လေကြောင်းနဲ့ပတ်သက်တာ လုပ်ရတာပဲပေါ့။ ပထမနှစ်အတွင်းမှာပဲ ကျွန်တော်က လေယာဉ်ပုံစံဆွဲတာတွေ လုပ်ရတယ်။ ညွှန်ကြားရေးမှူး ‘ဒေါက်တာနီလဇန်တန်’ ရဲ့ ချီးကျူးမှုကို ခံခဲ့ရတယ်။ ပြီးတော့ ကျွန်တော့်ကို ‘လေကြောင်းနဲ့ လက်နက်စစ်ဆေးရေးဌာန’ကို ပို့တယ်။ အဲဒီဌာနက ‘ကန်ပူ’မြို့မှာ။

အဲဒီအချိန်ကတည်းက ‘ကန်ပူ’မြို့ဟာ လူဦးရေထူထပ်တဲ့မြို့ ဖြစ်နေပါပြီ။ စက်မှုမြို့တော်မှာ ပထမဆုံးနေရတဲ့ အတွေ့အကြုံပါပဲ။ ရာသီဥတုက အေးတယ်။ လူတွေ ထူထပ်တယ်။ အသံတွေ ဆူညံတယ်။ မီးခိုးငွေ့တွေ နေရာအနှံ့အပြား။ ကျွန်တော့်ရဲ့ဇာတိမြေ ‘ရာမိဆွာရမ်’နဲ့တော့ တခြားစီပဲ။ မနက်စာရော ညစာပါ အာလူးတွေချည်း စားနေရတာ ကျွန်တော် ဘဝင်မကျဘူး။ တစ်ကိုယ်တည်းနေရတဲ့ အထီးကျန်ဆန်မှုဝေဒနာကလည်း ဆိုးတယ်။ လမ်းပေါ်က လူတွေအားလုံးဟာ အလုပ်ရှာဖို့ တောက တက်လာတဲ့ လူတွေပဲ။ သူတို့ဇာတိမြေရဲ့ ရုန်နဲ့ နွေးထွေးတဲ့မိသားစုတွေကို စွန့်ခွာလာရသူ များပါတယ်။

ဒေလီကို ပြန်ရောက်တော့ ဒီဇိုင်းဌာနမှာပဲ ဝင်လုပ်ရတယ်။ သုံးနှစ်အကြာမှာ ‘လေကြောင်းဖွံ့ဖြိုးမှုတည်ဆောက်ရေး’ (အေဒီအီး)ဆိုတဲ့ ဌာနသစ် ‘ဘန်ဂလို’မှာ ဖွင့်တယ်။ အဲဒီဌာနသစ်ဆီ ကျွန်တော့်ကို ပို့လိုက်တယ်။

‘ဘန်ဂလို’ကတော့ ‘ကန်ပူ’နဲ့ လုံးဝဥဿုံ ဆန့်ကျင်ဘက်ပဲ။ ရာသီဥတု ကောင်းတယ်။ နေလို့ထိုင်လို့ သက်တောင့်သက်သာရှိတယ်။ ခွေးကိုယ်စီနဲ့ အေးအေးဆေးဆေး လမ်းလျှောက်နေတဲ့သူတွေ တွေ့ရတယ်။

ပထမနှစ်မှာ အလုပ်တာဝန်က ပေါ့ပါးပါတယ်။ ကျွန်တော်ကတော့ အလုပ်မရှိလည်း ရှာဖွေလုပ်တာပဲ။ ပညာရအောင်၊ အတွေ့အကြုံရအောင် အမြဲဆည်းပူးတယ်။ သိပ္ပံလက်ထောက်ရာထူးအဆင့်နဲ့ လေးဦးကို တစ်အုပ်စု လုပ်ရတယ်။ ဦးစီးဌာန ညွှန်ကြားရေးမှူး ‘ဒေါက်တာမီဒါရတာ’က

ကျွန်တော့်ကို အုပ်စုခေါင်းဆောင် ခန့်တယ်။ လေယာဉ်ပုံစံသစ်တစ်ခု ရေးဆွဲဖို့ ကျွန်တော်တို့ကို သုံးနှစ် အချိန်ပေးတယ်။

ဒီစီမံချက်က ကျွန်တော်တို့ အဆင့်အနေနဲ့တော့ တော်တော်ကြီးပါတယ်။ ကျွန်တော်အပါအဝင် တစ်ယောက်မှ စက်တစ်လုံးတည်ဆောက်တဲ့အတွေ့အကြုံမရှိပါဘူး။ ပျံသန်းတဲ့စက်ဆိုတာက ဝေးလာဝေးပေါ့။ ဘာပဲဖြစ်ဖြစ် ကြိုးစားရတယ်။ စာတွေ အများကြီး ဖတ်ရတယ်။ ဒါပေမဲ့ သက်ဆိုင်ရာ စာအုပ်စာတန်းကလည်း သိပ်ရှိလှတာမဟုတ်ဘူး။ အတွေ့အကြုံရှိတဲ့သူတွေကို လိုက်မေးရတယ်။ ဒါပေမဲ့ ဒီလိုပုဂ္ဂိုလ်လည်း ရှာမတွေ့။

တောင်ပံမဲ့၊ ပေါ့ပါးပြီး လျင်မြန်တဲ့စက်။

ကိုယ့်ဘာသာကိုယ် ဉာဏ်ကို ဖျစ်ညစ်ထုတ်ပြီး စဉ်းစားရတာပေါ့။

ဒါက စိန်ခေါ်မှုပဲ။

ကျွန်တော့်လို ကျေးတောသားတစ်ယောက်၊ ပညာအခြေခံ သိပ်မရှိတဲ့ မိဘက မွေးလာတဲ့ လူလတ်တန်းစားတစ်ယောက်ကို စိန်ခေါ်လိုက်တာပဲ။ ဒီစိန်ခေါ်မှုကို အခွင့်အရေးအဖြစ် ပြောင်းဖို့က ကျွန်တော့်တာဝန်ပါ။ ကိုယ့်ကံကြမ္မာကို ကိုယ်ပဲ ဖန်တီးရမယ် မဟုတ်ပါလား။

အစိတ်အပိုင်း တစ်ခုပြီးတစ်ခု။

စနစ် တစ်မျိုးပြီး တစ်မျိုး။

အဆင့် တစ်ဆင့်ပြီး တစ်ဆင့်။

သေသေချာချာ စဉ်းစား၊ တီထွင်၊ လုပ်ကိုင်တယ်။

အဲဒီအချိန်က ကာကွယ်ရေးဝန်ကြီးက 'ဗီကေခရစ်ရှနာမီနွန်' ပါ။ သူက ကျွန်တော်တို့ရဲ့ စီမံချက်အသေးလေးရဲ့ တိုးတက်မှုကို မျက်ခြည်မပြတ် စိတ်ဝင်တစား ရှိနေတယ်။ ဒါဟာ အိန္ဒိယရဲ့ ကာကွယ်ရေးပစ္စည်း တိုးတက်ဖွံ့ဖြိုးမှုရဲ့ အစလို့ပဲ သူမြင်ထားပုံရတယ်။ ဒါကြောင့် သူ 'ဘန်ဂလို' ကိုရောက်တိုင်း ကျွန်တော်တို့ဆီ ဝင်တယ်။ တိုးတက်ဖွံ့ဖြိုးမှုကို အမြဲစုံစမ်းတယ်။

ကျွန်တော်က တခြားပြဿနာတွေကို အပြင်မှာထားပြီး စက်ရုံမှာပဲ အချိန်ကုန်စေတယ်။ ကျွန်တော့်အဖေ ဗလီကို ဝတ်ပြုဖို့သွားရင် အပြင်မှာဖြစ်ပျက်ခဲ့သလိုပဲ။

ဒါပေမဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှာ 'ခရစ်ရှနာမီနွန်'က လွဲရင် ဒါကို ဘယ်သူမှ သိပ် စိတ်မဝင်စားကြဘူး။ ကျွန်တော်တို့လုပ်နေတာကို ကျွန်တော့်အထက်အရာရှိတွေက သိပ်အားမပေးဘူး။ ကျွန်တော်တို့ကို မဖြစ်နိုင်တာ လျှောက်လုပ်နေတဲ့ တီထွင်မှုရူး ရူးနေတဲ့အုပ်စုလို့ သဘောထားကြတယ်။ ကျွန်တော်ကတော့ 'ပုံသန်းမှု'ဆိုတာကို ရူးသွပ်နေတဲ့ တောသားလေးမို့ ဘယ်သူ ဘာထင်ထင် ဂရုမစိုက်ပါဘူး။ ရိုက်ညီနောင် လေယာဉ်ပုံ စတွင်တုန်းကလည်း ပတ်ဝန်းကျင်က သူတို့ကို အရူးတွေလို့ သတ်မှတ်ခဲ့ကြတာပဲ မဟုတ်လား။

တစ်နှစ်အကြာမှာ ကာကွယ်ရေးဝန်ကြီး 'ခရစ်ရှနာမီနွန်' တစ်ခေါက်လာကြည့်တယ်။ ကျွန်တော်က လုပ်လက်စတွေကို ရှင်းပြတယ်။ ဝန်ကြီးက ကျွန်တော့်ကို မေးခွန်းတွေ တစ်ခုပြီး တစ်ခု မေးတယ်။ ဒီအတိုင်းဆိုရင် နောက်နှစ်မှာ စမ်းသပ်ပုံသန်းမှု လုပ်နိုင်တယ်လို့ သူက မှတ်ချက်ချသွားတယ်။ သူက ညွှန်ကြားရေးမှူး 'ဒေါက်တာမက်တာ'ကို 'ကလမ်' လုပ်ထားတာတွေအတိုင်းဆိုရင် ဒီစီမံကိန်းက ဖြစ်နိုင်စရာအကြောင်းရှိနေပြီလို့ပဲ ပြောသွားတယ်။

ဒီလေယာဉ်က ကုန်းပေါ်ရော၊ ရေမှာပါ ပုံသန်းနိုင်တဲ့ ရှုပ်ပြေးယာဉ်ပဲ။ ဒီလေယာဉ်ကို 'နန်ဒီ'လို့ နာမည်ပေးလိုက်တယ်။ 'ရှီဗာဘုရားရှင်'စီးတဲ့ ကျွဲရဲ့အမည်ကို အစွဲပြု မှည့်ခေါ်တာပါ။

ဒီပုံသန်းတဲ့စက်ဟာ အရူးတစ်သိုက် တည်ဆောက်တဲ့စက်မဟုတ်ဘူး။ အရည်အချင်းရှိတဲ့ အင်ဂျင်နီယာတစ်စုက တည်ဆောက်တဲ့စက်ပဲ။ ဒီစက်ကို ကြည့်မနေကြနဲ့။ ဒါ ကြည့်ဖို့မဟုတ်ဘူး။ ကောင်းကင်ကို ပုံဖို့ လုပ်တာလို့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေကို ပြောလိုက်တယ်။

ကာကွယ်ရေးဝန်ကြီး 'ခရစ်ရှနာမီနွန်'က 'နန်ဒီ' လေယာဉ်ကို ကိုယ်တိုင်စီးပြတယ်။ လုံခြုံစိတ်ချမှုကို သူက အာမခံပြလိုက်တာပဲ။

ဝန်ကြီးနဲ့အတူပါလာတဲ့ လေယာဉ်မှူးကြီးက ပုံသန်းမှုအတွေ့အကြုံ နာရီထောင်ပေါင်းများစွာ ရှိခဲ့သူပဲ။ သူက ကျွန်တော့်တို့ အရပ်သားလေယာဉ်ပညာသည်တစ်ယောက် တီထွင်တဲ့လေယာဉ်ကို နောက်ထပ် မမောင်းရဲတော့

ဘူး။ ကျွန်တော်ကတော့ ကျွန်တော်ကိုယ်တိုင် လုပ်ထားတဲ့ လေယာဉ်ကို မောင်းရဲတဲ့ သတ္တိ အပြည့်ရှိတယ်။

"ခရစ်ရှနာမီန္ဒန်"က ဒါကို ရိပ်စားမိပုံပေါ်လို့ သူ့လေယာဉ်မှူးကြီးရဲ့ ငြင်းဆိုချက်ကို ရယ်ရယ်မောမောနဲ့ ငြင်းဆိုလိုက်ပြီး ကျွန်တော့်ကို စက်စ,နိုးဖို့ အချက်ပြတယ်။ သူက သိပ်ပျော်နေပုံရတယ်။

"မင်းက ရှုပ်ပြေးလေယာဉ်ရဲ့ ဖွဲ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံ ပြဿနာတွေကိုလည်း သိပြီးပြီ။ ဖြေလည်း ဖြေရှင်းပြီးပြီ။ ဒါကြောင့် ငါ့ကို ဒုတိယခေါက်ကျရင် မောင်းပြပါဦး"

"ခရစ်ရှနာမီန္ဒန်"က ကျွန်တော့်ကို ပြောတယ်။ ကျွန်တော့်ကို သံသယ ရှိခဲ့တဲ့ လေယာဉ်မှူးကြီးက အခု လေတပ်ဗိုလ်ချုပ်ကြီးတောင် ဖြစ်နေပါ ပြီ။ နောက်ပိုင်းမှာ သူနဲ့ကျွန်တော် မိတ်ဆွေကောင်းတွေ ဖြစ်လာကြတယ်။

ကျွန်တော်တို့က စီမံချက်ကို သတ်မှတ်ထားတဲ့ရက်ထက် စောပြီး ပြီးမြောက်ခဲ့ကြတယ်။ အလေးချိန် ၅၅၀ ကီလိုဂရမ်တင်နိုင်တဲ့ ရှုပ်ပြေး ယာဉ်ပဲ။ "ဒေါက်တာမီဒါရာတာ"လည်းပဲ အောင်မြင်မှုအတွက် ဝမ်းသာနေ တယ်။ ဒါပေမဲ့ မကြာခင် "ခရစ်ရှနာမီန္ဒန်" ကာကွယ်ရေးဝန်ကြီးအဖြစ်က နုတ်ထွက်သွားလို့ ကျွန်တော် သူ့အတွက် လေယာဉ် ဒုတိယအခေါက် မောင်းခွင့်မရတော့ပါဘူး။ နောက်လူတွေက သိပ်စိတ်မဝင်စားကြလို့ ရှုပ်ပြေး ယာဉ်ကို ပြည်တွင်းမှာ မထုတ်ကြတော့ဘူး။ ခုထိ နိုင်ငံခြားကပဲ ဝယ်နေ ကြတယ်။ ဒီလိုနဲ့ ကျွန်တော်တို့စီမံချက်ဟာ ချောင်ထိုးခံရတယ်။ ဒါလည်း ကျွန်တော့်အတွက် အတွေ့အကြုံသစ်တစ်ခု ရတာပဲပေါ့။ ဒါပေမဲ့ ခုထိ ကျွန်တော်က ကောင်းကင်က အကန့်အသတ်ရှိနေတယ်လို့ ယုံကြည်နေဆဲ ပဲ။ ခုတော့ အဲဒီအကန့်အသတ်တွေက ပိုပြီး နီးကပ်လာပြီလေ။ ဘဝကို ဖော်ဆောင်မယ့် နယ်နိမိတ်တွေဆိုတာ ရှိတယ်။ အလေးချိန် ပိုပြီးသယ်ဆောင် ဖို့ပဲ လိုတယ်။ ဒါအတွက် ပိုပြီး မြန်မြန်ဆန်ဆန် လေ့လာနိုင်ဖို့ လိုတယ်။ ပိုပြီး ကြိုးစားလုပ်လေ ပိုပြီး ဝေးဝေးကို သွားနိုင်လေပါပဲ။

ကျွန်တော် အမှန်တရားကို ရင်ဆိုင်ဖို့ ဝန်လေးနေတယ်။ ကျွန်တော့် ရဲ့ စိတ်ရော ရုပ်ပါ "နန္ဒီ"မှာ မြှုပ်နှံခဲ့တာ။ ဒါကို မသုံးကြဘူးဆိုတာ ဘာကြောင့်လဲ။ ကျွန်တော် နားမလည်နိုင်ဘူး။ ကျွန်တော် မကျေနပ်ဘူး။

အဲဒီအချိန်မှာ ကျွန်တော့်ငယ်ဘဝ အမှတ်ရစရာတွေ ပြန်ပေါ်လာတယ်။ အဲဒါတွေထဲက အဓိပ္ပာယ်သစ်ကို ကျွန်တော် ရှာဖွေတွေ့ရှိခဲ့တယ်။

"ပက်ခ်ရှီရှုတ်စတြီ"က ပြောတယ်။

"အမှန်တရားကို ရှာ။ အဲဒီအခါ အမှန်တရားက သင့်ကို လွတ်မြောက်မှုပေးမယ်"

သမ္မာကျမ်းစာက ဆိုတယ်။

"တောင်းပါ။ ဒါဆိုရင် သင် ရလိမ့်မယ်"

ဒါတွေက ချက်ချင်းတော့ ဘယ်ဖြစ်မလဲ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် တစ်ချိန်မှာ ဖြစ်လာမှာ မုချ။

တစ်နေ့တော့ "ဒေါက်တာမီဒါရတာ"က ခေါ်တယ်။

"မင်းတို့ရဲ့ ရုပ်ပြေးယာဉ်အခြေအနေက ဘယ်လိုလဲ"

"ပျံဖို့ အစီအစဉ်ရှိနေပါပြီ ဆရာ။ အသင့်ပါပဲ"

"ဒါဆိုရင် ပျံသန်းဖို့ ပြင်ဆင်ထားကွာ။ မနက်ဖြန်ကျရင် အရေးကြီး ပုဂ္ဂိုလ်တစ်ယောက် လာလိမ့်မယ်"

ကျွန်တော်ဘဝမှာ ဒီအသက်အရွယ်အထိ ဘယ်အရေးကြီးပုဂ္ဂိုလ် နဲ့မှ မတွေ့ဖူးသေးဘူး။

နောက်နေ့ကျတော့ "ဒေါက်တာမီဒါရတာ"က ကျွန်တော်တို့ရုပ်ပြေး ယာဉ်ဆီကို ဧည့်သည်တစ်ယောက် ခေါ်လာတယ်။ အရပ်မြင့်မြင့်၊ ရုပ် ခပ်ဖြောင့်ဖြောင့်၊ မုတ်ဆိတ်နဲ့ပုဂ္ဂိုလ်။ သူက စက်နဲ့ပတ်သက်ပြီး ကျွန်တော့် ကို မေးခွန်းတွေအများကြီး မေးတယ်။ နောက်ဆုံးတော့-

"ဒီစက်ကို မောင်းပြပါလား"

သူပြောတာကြားရတော့ သိပ်ကို ဝမ်းသာမိတယ်။

ကျွန်တော့်အလုပ်ကို စိတ်ဝင်စားတဲ့သူ တစ်စုံတစ်ဦး ရှိလာပြီဆိုတာ သိရလို့ပါပဲ။

ကျွန်တော်တို့ ရုပ်ပြေးယာဉ်ကို ဆယ်မိနစ် မောင်းပြတယ်။ မြေပြင် ကနေ ဆင်တီမီတာ အနည်းငယ်အကွာ ကျွန်တော်တို့က ပျံနေတာမဟုတ် ဘူး။ လေထဲမှာ မျောနေတာ။ ဧည့်သည်က ကျွန်တော့်အကြောင်း မေးတယ်။ နောက်မှ သူကိုယ်သူ မိတ်ဆက်တယ်။

သူက ပါမောက္ခ အမ်ဂျီကေမီနွန်။

တာတာအခြေခံသုတေသနတက္ကသိုလ်က ညွှန်ကြားရေးမှူး။

တစ်ပတ်ကြာတော့ ကျွန်တော့်ဆီကို အိန္ဒိယအာကာသ သုတေသနကော်မတီ (အင်ဘော်စပါ)က ဖုန်းလာတယ်။ ဒုံးပျံအင်ဂျင်နီယာရာထူး အတွက် အင်တာဗျူး လာဖြေပါတဲ့။ အဲဒီသုတေသနဌာနက အိန္ဒိယရဲ့ အာကာသသုတေသနအတွက် ပညာရှင်စုနေတဲ့ ဌာနပဲ။

ကျွန်တော် ဘုံဘေမှာ အင်တာဗျူး သွားဖြေရတယ်။ ကျွန်တော့်ကို ဘာတွေမေးလို့ ဘာတွေဖြေရမှန်း တကယ့်ကိုမသိဘူး။ ဒါကြောင့် ကိုယ့်စိတ်ကိုယ် တည်ငြိမ်အောင်ထားလိုက်တယ်။ အောင်နိုင်ဖို့အတွက် အကောင်းဆုံး နည်းလမ်းက မအောင်မြင်ချင်တဲ့ စိတ်ပဲလို့ ခံယူလိုက်တယ်။ သံသယ ကင်းကင်းနဲ့ စိတ်ရောကိုယ်ပါ သက်တောင့်သက်သာနေတာ အကောင်းဆုံးပဲ ဆိုတာ ခံယူတယ်။ ဖြစ်လာသမျှ အကောင်းချည်းပဲလို့ စိတ်မှာ ထည့်ထားတယ်။

ကျွန်တော့်ကို ဒေါက်တာဗီကရန်ဆာရာဘိုင် ရယ်၊ ပါမောက္ခ အမ်ဂျီဟာမီနွန် ရယ်၊ အနုမြူစွမ်းအင်ကော်မရှင်က ဒုတိယအတွင်းရေးမှူး မစ္စတာဆာရပ်ဖ် ရယ်တို့က အင်တာဗျူးလုပ်တယ်။ အခန်းထဲ ဝင်လိုက်တာနဲ့ သူတို့ရဲ့ နွေးထွေးမှုနဲ့ ခင်မင်ရင်းနှီးမှု အငွေ့အသက်တွေ ခံစားလိုက်ရတယ်။ အထူးသဖြင့် ဒေါက်တာဆာရာဘိုင်ရဲ့ နွေးထွေးမှုကို ချက်ချင်း သိလိုက်ရတယ်။ သူတို့အားလုံးက ဒိတ်ဒိတ်ကြဲ အဓိပတိပညာရှင်ကြီးတွေပဲ။ ကျွန်တော်က တကယ့်ကို ပမ္ဘာအင်ဂျင်နီယာပေါက်စလေး။ သူတို့က ကျွန်တော့်အပေါ် ရင်းရင်းနှီးနှီး လေးလေးစားစားရှိကြတာတွေလို့ သိပ်ကို ဝမ်းသာမိတယ်။

သူတို့က နှစ်ရက် သုံးရက် စောင့်ပါဦးလို့ ကျွန်တော့်ကိုပြောတယ်။ ဒါပေမဲ့ နောက်တစ်နေ့မှာပဲ ကျွန်တော့်ကို ရွေးချယ်လိုက်ကြောင်း အကြောင်းကြားတယ်။ ကျွန်တော် ဒီဌာနကြီးမှာ ဒုံးပျံအင်ဂျင်နီယာရာထူး ရခဲ့ပြီ။ ကျွန်တော့်လို လူငယ်တစ်ဦးအတွက် အကြီးမားဆုံး အိပ်မက်ကြီးပါပဲ။

ကျွန်တော် ပထမဆုံး ကွန်ပျူတာဌာနမှာ သင်တန်းတက်ရတယ်။ နောက်တော့ ကျွန်တော် တာဝန်ထမ်းဆောင်ရတယ်။ ကီရာလ ပြည်နယ်

က 'ထရီဝမ်ဒရမ်' (အခု သီရဝါနန်သာပူရန်လို့ ခေါ်ဝေါ်) မြို့အနီးက တံငါရွာလေးဖြစ်တဲ့ 'သွန်ဘ'မှာ ဒုံးပျံလွှတ်တင်ရေးစခန်းရှိတယ်။ ဒီရွာလေးဟာ ကမ္ဘာမြေကြီးရဲ့ သံလိုက်အီကွေတာရဲ့ အနီးဆုံးနေရာဆိုတာကို 'ဒေါက်တာချစ်တနစ်'က တွေ့ရှိခဲ့လို့ ဒီနေရာကို ဒုံးပျံစခန်း လုပ်တာပဲ။ ဒီနေရာဟာ အိန္ဒိယရဲ့ ခေတ်မီဒုံးပျံအခြေခံသုတေသန ပထမဆုံးစခန်းပါပဲ။ 'သွန်ဘ'ဟာ မီးရထားလမ်းနဲ့ ပင်လယ်ကမ်းရိုးတန်းကြားမှာ ရှိတယ်။ အာကာသစခန်းရဲ့ ပထမဆုံးရုံးက 'စိန့်မေရီ'ဘုရားကျောင်းမှာ လုပ်တယ်။ ဘုရားရှိခိုးခန်းက ကျွန်တော့်ရဲ့ ပထမဆုံး အလုပ်ခန်းပဲ။ ဆရာတော်ကြီး သီတင်းသုံးတဲ့အခန်းက ကျွန်တော့်ရဲ့ ဒီဇိုင်းနဲ့ ပုံဆွဲရုံးခန်းပါ။ ဒီနေ့ခေတ်မှာတော့ အဲဒီဘုရားရှိခိုးကျောင်းကြီးကို သေသေချာချာ ပြုပြင်မွမ်းမံထားပါတယ်။ 'အိန္ဒိယအာကာသပြတိုက်'အနေနဲ့လည်း ဖွင့်လှစ်ပြသနေပါတယ်။

မကြာခင်မှာပဲ ကျွန်တော့်ကို အမေရိကကို ခြောက်လလွှတ်ပြီး 'အမျိုးသားလေကြောင်းသိပ္ပံနဲ့ အာကာသအုပ်ချုပ်မှုဌာန'(နာဆာ)မှာ ဒုံးပျံလွှတ်နည်းသင်တန်း တက်စေပါတယ်။ အမေရိက မသွားခင် ဇာတိမြေ 'ရာမီဆွာရမ်'ကို ခွင့်နဲ့ ခဏပြန်ပါတယ်။ အဖေက ကျွန်တော့်အလုပ်ကို ကြည့်ပြီး သိပ်ကို ဝမ်းသာဂုဏ်ယူနေပါတယ်။ အဖေက ဗလီကိုခေါ်သွားပြီး ဘုရားရှင်ကျေးဇူးတော်အတွက် အထူးနမာစ်ဖတ်စေပါတယ်။ ကျွန်တော့် အဖေကတစ်ဆင့် ကျွန်တော့်ဆီကို ထာဝရဘုရားရှင်ရဲ့ တန်ခိုးသိဒ္ဓိတော်တွေ စီးဆင်းလာတယ်လို့ ခံစားရပါတယ်။

'အာမက်ဂျလာလူဒင်' နဲ့ 'ဆန်ဆူဒင်'တို့က ဘုံဘောလေဆိပ်ထိလိုက်ပို့နှုတ်ဆက်ကြတယ်။ သူတို့အတွက် ဘုံဘောမြို့ကြီးကို ပထမဆုံးအကြိမ် ရောက်ဖူးကြတာပါ။ 'ဂျလာလူဒင်' နဲ့ 'ဆန်ဆူဒင်'တို့က မိမိကိုယ်မိမိ အားကိုးတဲ့ အပြုစိတ်သဘောရှိ၊ အကောင်းမြင်တတ်တဲ့သူတွေပါ။ ဒီပုဂ္ဂိုလ်နှစ်ဦးဆီကနေ ကျွန်တော် တီထွင်ဖန်တီးမှုစွမ်းအားတွေ အများကြီး ရရှိခဲ့တယ်။ သူတို့ကိုနှုတ်ဆက်ရင်း ဝမ်းသာပီတိအဟုန်ကြောင့် မျက်ရည်တွေ တောင် ဝိုင်းလာပါတယ်။

'ဂျလာလူဒင်'က ပြောတယ်။

''ဒီမှာ အာဆက်။ ငါတို့က မင်းကို အမြဲပဲ ချစ်ကြတယ်။ မင်းကို

ငါတို့က ယုံကြည်ကြတယ်။ မင်းအတွက်လည်း ငါတို့ အမြဲဂုဏ်ယူနေကြရပါတယ်ကွာ"

သူတို့ရဲ့ သိပ်ကို နွေးထွေးမြင့်မြတ်တဲ့ မေတ္တာတွေကို ကျွန်တော်လည်း ကောင်းကောင်းသိရှိ နားလည်ခံစားရပါတယ်။ ဒါကြောင့် နဂိုကဝဲနေတဲ့ မျက်ရည်တွေက ပါးပြင်ပေါ် စီးကျလာတော့တာပါပဲ။

❑

တီထွင်ဖန်းတီမှု
(၁၉၆၃-၁၉၈၀)

(၄)
အောင်မြင်မှုများ

ကျွန်တော် ဗာဂျီးနီးယားပြည်နယ်၊ ပင့်ပထန်မြို့က 'လန်ဂလေသုတေသနဌာန' (အယ်လ်အာစီ)ရဲ့ 'နာဆာ'မှာ လေ့လာသင်ယူရတယ်။ ဒီနာဆာက အဆင့်မြင့် လေကြောင်းအာကာသနည်းများ သုတေသနနဲ့ ဖွံ့ဖြိုးရေး အခြေခံဌာန ဖြစ်တယ်။ ကျွန်တော့်အတွက် ထာဝရ အမှတ်ရစရာတွေထဲမှ တစ်ခုပါပဲ။

'အယ်လ်အာစီ'မှာ ရုပ်ထုတစ်ခု ရှိတယ်။ မြင်းနှစ်ကောင်ကတဲ့ မြင်းလှည်း။ မြင်းတစ်ကောင်က သိပ္ပံသုတေသနကို ကိုယ်စားပြုတယ်။ အခြားတစ်ကောင်က နည်းပညာဖွံ့ဖြိုးမှုကို ကိုယ်စားပြုတယ်။ သုတေသနနဲ့ ဖွံ့ဖြိုးမှုကြားက ဆက်သွယ်မှုကို ပြယုဂ်လုပ်ထားတာပဲ။

'အယ်လ်အာစီ'က တစ်ဆင့် ကျွန်တော်က 'ဂိုးဒတ်အာကာသပျံသန်းမှုဌာန' (ဂျေအက်စ်အက်စ်စီ)ရှိရာ အမေရိကန်ရှိ 'ဂရင်းဘဲလ်'မြို့ကို သွားရတယ်။ ဒီဌာနမှာ ကမ္ဘာမြေကိုပတ်တဲ့ သိပ္ပံနဲ့ ဂြိုလ်တုပညာတွေ သင်ပေးတယ်။ 'နာဆာ' အာကာသလုပ်ငန်းစဉ်တွေကို အထောက်အကူ

ပေးတဲ့ ပညာတွေပဲ။ လေ့လာရေးခရီးအဆုံးမှာ ကျွန်တော် ဗာဂျိုးနီးယား ပြည်နယ်၊ အရှေ့ဘက်ကမ်းရိုးတန်းရှိ 'ဝါလော့ပျံသန်းမှုဌာန'ကို သွားရတယ်။ ဒီနေရာက နာဆာရဲ့ ဒုံးပျံစီမံချက်တွေလုပ်တဲ့ အခြေစိုက်စခန်းပဲ။ အဲဒီမှာ ပန်းချီကားတစ်ချပ်ကို သတိထားမိတယ်။ ဒုံးပျံလွှတ်တင်တဲ့ စစ်သားတွေက လူဖြူတွေမဟုတ်ဘူး။ အသားမည်းမည်းနဲ့ တောင်အာရှက လူမျိုးပုံစံတွေ။ ပန်းချီကားက 'တီပူဆူလတန်'ရဲ့ စစ်တပ်က ဗြိတိသျှကို တိုက်ပွဲဝင်နေတဲ့ပုံပဲ။ တိုက်ပွဲပုံတွေရဲ့ နောက်မှာက ဒုံးပျံတချို့ လွှတ်တင်ထားတာတွေ့ရတယ်။ တစ်နေရာမှာ တိုင်းရင်းသားတွေ စစ်တိုက်နေတာပြထားပြီး တစ်နေရာမှာတော့ ခေတ်မီတိုးတက်တဲ့ ဒုံးပျံတွေကို နှိုင်းယှဉ်ပြထားတာပဲ။ ဘာပဲဖြစ်ဖြစ် အိန္ဒိယလူမျိုးပုံတွေကို နာဆာမှာ ဒုံးပျံစစ်ဆင်ရေးသူရဲကောင်းအဖြစ် တွေ့ရလို့ ဝမ်းသာမိတယ်။

ကျွန်တော် နာဆာက ပြန်ပြန်လာချင်းမှာပဲ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ အိန္ဒိယနိုင်ငံက ပထမဆုံးဒုံးပျံကို လွှတ်တင်ခဲ့တယ်။ ဒီဒုံးပျံကို 'နိကေးအပါချီ'လို့ နာမည်ပေးထားတယ်။ နာဆာမှာလုပ်တဲ့ ဒုံးပျံပဲ။ ဒီဒုံးပျံကို ကျွန်တော်တို့ ရုံးစိုက်ထားတဲ့ ဘုရားရှိခိုးကျောင်းထဲမှာပဲ ဆင်ခဲ့ကြတယ်။ ဒုံးပျံကို ထရပ်ကားနဲ့သယ်ပြီး လူမောင်းတဲ့ ဟိုက်ဒရောလစ်ကရိန်းနဲ့ မတင်တယ်။ ဆင်ပြီးတဲ့ဒုံးပျံကိုလည်း ဘုရားရှိခိုးကျောင်းကနေ လွှတ်တင်မယ့် စင်နေရာကို ထရပ်ကားနဲ့ပဲ သယ်တယ်။ ဒုံးပျံစင်ပေါ်မှာ နေရာချကာနီးဆဲဆဲမှာ ကရိန်းရဲ့ ဟိုက်ဒရောလစ်စနစ်က နည်းနည်းပျက်သလို ဖြစ်လာတယ်။ ဒုံးပျံလွှတ်တင်ရမယ့်အချိန်က မနက် ၆ နာရီဆိုတာ သတ်မှတ်ပြီးသား။ ဒါကြောင့်မို့ ကရိန်းကို ပြင်ချိန်မရတော့ဘူး။ ကံကောင်းတာက ပျက်လုဆဲဆဲကရိန်းက အခြေအနေမဆိုးတော့ ဒုံးပျံကို လူအားနဲ့ပဲ တည့်မတ်ပေးကြရတယ်။ ခေတ်မီတဲ့ဒုံးပျံကို လူသားရဲ့ကြွက်သားဗလအားနဲ့ စုပေါင်းတွန်းတင်ရတဲ့အဖြစ်က အမှတ်ရစရာပါပဲ။

'နိကေးအပါချီ' ဒုံးပျံလွှတ်တင်တဲ့အလုပ်မှာ ကျွန်တော်က ဒုံးပျံပေါင်းစည်းရေးနဲ့ လုံခြုံရေးတာဝန်ခံအနေနဲ့ ဆောင်ရွက်ရတယ်။ ကျွန်တော်နဲ့အတူ လုပ်ဖော်ကိုင်ဖက်နှစ်ဦးကတော့ 'ဒီအီချာဒတ်စ်' နဲ့ 'အာရဝမ်မူဒန်' တို့ပါပဲ။ 'အီချာဒတ်စ်'က ဒုံးပျံတပ်ဆင်တာ၊ လွှတ်တင်ဖို့အတွက်

စီစဉ်တာတွေ လုပ်ရတယ်။ 'အာရုဝမ်မူဒန်' (ဒန်လို့ခေါ်ကြတယ်)က ရေဒါပိုင်းနဲ့ မြေပြင်ပိုင်းကို တာဝန်ယူရတယ်။ လွတ်တင်တာက ချောမွေ့တယ်။ ပြဿနာမရှိဘူး။ တွက်ချက်ရည်မှန်းတဲ့အတိုင်း အောင်မြင်မှုရခဲ့တယ်။

နောက်တစ်နေ့ညနေမှာ ကျွန်တော်တို့ ညစာစားပွဲမှာထိုင်ပြီး အေးအေးလူလူ အနားယူနေတုန်းမှာပဲ ဒါးလတ်စ်မြို့မှာ သမ္မတ 'ဂျွန်အက်ဖ်ကနေဒီ' လုပ်ကြံခံရတဲ့သတင်း ကြားရတယ်။ ကျွန်တော်တို့ အံ့သြကုန်ကြတယ်။ ကနေဒီအုပ်ချုပ်တဲ့ခေတ်မှာ အမေရိကက တော်တော်အဆင်ပြေတာပဲ။ ၁၉၆၂ မှာ ဒုံးပျံအရေးအခင်းဖြစ်တော့ ကနေဒီရဲ့ ကိုင်တွယ်ဖြေရှင်းမှုတွေကို ကျွန်တော်ဖတ်ရပြီး သဘောကျပါတယ်။ ဆိုဗီယက်ယူနီယံက ကျူးဘားမှာ ဒုံးပျံစခန်းတွေ ဆောက်တယ်။ အဲဒီကနေ အမေရိကန်က မြို့တွေကို တိုက်ခိုက်ဖို့ရာ ဖြစ်နိုင်တယ်။ ကနေဒီက ကျူးဘားကို ဒုံးကျည်တွေ မပို့နိုင်အောင် ပိတ်ဆို့တားဆီးခဲ့တယ်။ ကျူးဘားကနေဖြစ်ဖြစ်၊ အနောက်ဘက်ခြမ်းဘက်က ဘယ်နိုင်ငံကနေဖြစ်ဖြစ် ဆိုဗီယက်ရဲ့ နျူကလီးယားတိုက်ခိုက်မှုတွေ လုပ်ရင် ချက်ချင်း ပြန်တုံ့ပြန်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်။ တင်းမာမှုတွေ ၁၄ ရက်ကြာဖြစ်ပြီးနောက်မှာ ဆိုဗီယက်ဝန်ကြီးချုပ် 'ခရူးရှက်ဗ်' က ကျူးဘားက ဒုံးပျံတွေကို ဖျက်သိမ်းပြီး ဒုံးကျည်တွေကို ရုရှားကို ပြန်သယ်ဖို့ အမိန့်ပေးခဲ့တယ်။

နောက်တစ်နေ့မှာ 'ပါမောက္ခဆူရာဘိုင်'က အနာဂတ်စီမံကိန်းတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့နဲ့ အသေးစိတ် ဆွေးနွေးတယ်။ သူက အိန္ဒိယမှာ သိပ္ပံနဲ့ နည်းပညာ ရှေ့တန်းရောက်အောင် ဖန်တီးနေသူပဲ။ အသက်သုံးဆယ်ဝန်းကျင်နဲ့ အသက် လေးဆယ်ရှိခါစ လူငယ်တွေကို သိပ္ပံပညာရှင်နဲ့ အင်ဂျင်နီယာမျိုးဆက်သစ်တွေ မွေးထုတ်ဖို့စီမံချက်ရှိတယ်။ သူက ကျွန်တော်တို့ရဲ့ လုပ်ရည်ကိုင်ရည်ကို ယုံကြည်တယ်။ 'နီကေးအပါချီ' အောင်မြင်စွာ လွတ်တင်ပြီးတဲ့နောက် သူက သူ့အိပ်မက်ဖြစ်တဲ့ အိန္ဒိယဂြိုလ်တု လွတ်ဖို့ အစီအစဉ်ကို ကျွန်တော်တို့နဲ့အတူ ဆွေးနွေးတယ်။

အဲဒီအချိန်ကစပြီး ကျွန်တော်တို့လည်း နေ့မအား ညမအား ကုန်းရုန်းပြီး ကြိုးစားလုပ်ကိုင်ကြရတော့တာပဲ။ 'ပါမောက္ခဆူရာဘိုင်'ရဲ့ အိပ်မက်

ကို အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြတာပါပဲ။ "ပါမောက္ခဆူရာဘိုင်"က အလုပ်လောဘကြီးတယ်။ လူတစ်ယောက်ကို တာဝန်သုံးလေးခု ပေးတတ်တယ်။ သူခိုင်းတာတွေဟာ အစပထမမှာ ဘာမှမဆိုင်တာတွေ ပါလားလို့ သံသယဝင်မိပေမယ့် နောင်ကြာလာတဲ့အခါ ဒါတွေက ဆက်စပ်မှုတွေ ရှိလာတာ သဘောပေါက်လာကြတယ်။

"ပါမောက္ခဆူရာဘိုင်"က ကျွန်တော်တို့ကို "ဂြိုလ်တုလွှတ်တင်မယ့် ဒုံးပျံ" (အက်စ်အယ်လ်ဗီ)အကြောင်း ပြောပြရင်း ကျွန်တော့်ကိုပါ ခိုင်းတယ်။ စစ်တပ်လေယာဉ်တွေ ဒုံးကျည်အထောက်အကူနဲ့ ပျံသန်းဖို့စနစ်တွေ လေ့လာဖို့ပါပဲ။ ကျွန်တော့်ကို မူလခိုင်းထားတဲ့ ဂြိုလ်တုစနစ်ကတော့ အဆုံးမသတ်နိုင်သေးဘူး။ နောက်အလုပ်တစ်ခု ခိုင်းတော့တာပဲ။ နောက်ပိုင်းကျမှ ဒီအလုပ်ကလည်း မူလတာဝန်နဲ့ ဆက်စပ်နေတာ သိရပြန်တယ်။

"ပါမောက္ခဆူရာဘိုင်"က အထူးအဆန်းတွေ စိတ်ကူးတယ်။ လူငယ်တွေကို ဆွဲဆောင်တယ်။ ဘယ်အချိန် ဘာစလုပ်ရမယ်။ ဘယ်အချိန်မှာ ရပ်ရမယ်ဆိုတာလည်း ကြိုတွက်တတ်တယ်။ သူက တကယ့်ကို စံပြစမ်းသပ်ရေးသမားနဲ့ တီထွင်သူ ပါရဂူပါပဲ။ ကျွန်တော်တို့ အခက်အခဲနဲ့ ရင်ဆိုင်ရင် သူကိုယ်တိုင်လာပြီး ဝိုင်းဖြေရှင်းပေးတယ်။ အတွေ့အကြုံမရှိတဲ့ငယ်ရွယ်တဲ့ ဒါပေမဲ့ လုပ်ဆောင်နိုင်စွမ်းရှိတဲ့စိတ်က ထက်သန်တဲ့လူငယ်တွေကို သိပ်ံရဲ့နည်းပညာနယ်ပယ်မှာ လေ့ကျင့်ပေးတာ သူမှသူပဲ။ ကျွန်တော်တို့ဟာ ဒီလိုနဲ့ပဲ "အာကာသသုတေသန"နယ်ပယ်ကိုပါ အကျွမ်းဝင်လာကြတယ်။

ဒုံးပျံလွှတ်တင်စခန်းက နောက်ပိုင်းမှာ ခေတ်မီလာတယ်။ ပြင်သစ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ရုရှားနိုင်ငံတို့နဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်ပဲ။ အိန္ဒိယအာကာသအစီအစဉ်ရဲ့ ခေါင်းဆောင်ကတော့ "ပါမောက္ခဆူရာဘိုင်"ပဲပေါ့။

"အာမီဒါဘတ်"မြို့မှာလည်း အာကာသသိပ်ံနဲ့ နည်းပညာဌာနရယ်၊ ရုပ်ဝတ္ထုဆိုင်ရာ သုတေသနဓာတ်ခွဲခန်းရယ် ဖွင့်လှစ်နိုင်ခဲ့တယ်။ ဒီဓာတ်ခွဲခန်းကနေ သိပ်ကိုထူးချွန်တဲ့ အိန္ဒိယ အာကာသသိပ်ံပညာရှင်များစွာကို ဆက်လက်မွေးထုတ်ပေးခဲ့တယ်။

အိန္ဒိယလေကြောင်းအာကာသအစီအစဉ်ရဲ့ အစကတော့ 'ရောဟဏီ ဒုံးပျံ' အစီအစဉ်ပါပဲ။ ဂြိုလ်တုတင်တဲ့ ဒုံးပျံကနေ ဘယ်နယ့်လုပ် ဒုံးပျံဆီကို ကွဲထွက်သွားတာလဲလို့ မေးစရာရှိတယ်။ လူတွေသိတာက ဒုံးပျံပဲ။ တကယ်တော့ ဒုံးပျံအမျိုးအစားက သုံးမျိုးရှိတယ်။ အခု ကျွန်တော်တို့ရဲ့ ဦးစားပေးလုပ်နေတဲ့ ဒုံးပျံက ကမ္ဘာမြေကြီးနဲ့ မနီးမဝေးကနေ ပျံသန်းတဲ့ ဒုံးပျံပဲ။ အဲဒီဒုံးပျံထဲမှာ သိပ္ပံပညာမျိုးစုံ ပါသွားပြီး အာကာသကို လေ့လာရေးလုပ်မှာ ဖြစ်တယ်။ ဒုံးကျည်လက်နက်ကတော့ ဒုံးပျံအမျိုးအစားမှာပါပေမယ့် လုပ်ကိုင်တည်ဆောက်ပုံက လုံးဝကို ကွဲပြားခြားနားတယ်။ ပစ်မှတ်ကို ချိန်ရွယ်ပြီး ပစ်ခတ်လွှတ်တင်ရတာမို့ နည်းပညာက ပိုပြီးလည်း ရှုပ်ထွေးတယ်။

'ရောဟဏီ' ဒုံးပျံ ပထမဆုံး လွှတ်တဲ့အခါ မော်တာတစ်ခုရဲ့ အလေးချိန်က ၃၂ ကီလိုဂရမ် ရှိတယ်။ အဲဒီမော်တာပါ ပါသွားရတယ်။ ကျန်တဲ့ ပစ္စည်းပစ္စယတွေလည်း အများကြီးပါသွားရတယ်။ ဒုံးပျံနဲ့အတူ ပါသွားတဲ့ ပစ္စည်းတွေအားလုံးက အရေးပါတာချည်းပဲ။ အာကာသသိပ္ပံ စူးစမ်းလေ့လာမှုမှာ ဒါတွေက မပါမဖြစ်ဘူး။

အိန္ဒိယဒုံးပျံရဲ့ ၂၀ ရာစု ဖွံ့ဖြိုးတိုးတက်မှုဟာ ၁၈ ရာစုက 'တိပူစူလတန်'ရဲ့ အိပ်မက်တွေကို ပြန်လည်ရှင်သန်စေတာပါပဲ။ 'တိပူစူလတန်' ကျဆုံးပြီးတဲ့အခါ ဗြိတိသျှတို့က ဒုံးပျံ ၇၀၀ နဲ့ ဒုံးကျည်လက်နက် ၉၀၀ ကျော်ကို သိမ်းပိုက်လိုက်ကြတယ်။ ဒါတွေကို ၁၇၉၉ ခုနှစ်က 'တွန်ဒန်နာဟာလီ' တိုက်ပွဲမှာ သုံးခဲ့တယ်။ သူ့ရဲ့တပ်မတော်က တပ်ရင်း ၂၇ ခု ရှိတယ်။ တပ်ရင်းတွေကို 'ကူရွန်း' တွေလို့ ခေါ်တယ်။ တပ်ရင်းတစ်ခုမှာ 'ဂျူတ်' ဆိုတဲ့ ဒုံးပျံစစ်သားတပ်ဖွဲ့တွေ ပါဝင်တယ်။ 'တိပူ' ကျဆုံးပြီးတဲ့ နောက်ပိုင်းမှာ အိန္ဒိယရဲ့ ဒုံးပျံအိပ်မက် ချုပ်ငြိမ်းခဲ့တယ်။ အဲဒါ နှစ် ၁၅၀ နီးပါး ကြာတယ်ဆိုပါတော့။

ကမ္ဘာပေါ်မှာတော့ ဒုံးပျံနည်းပညာတွေ ခေါင်းထောင်ထလာတယ်။ ၁၉၀၃ ခုနှစ်က ရုရှားနိုင်ငံရဲ့ 'ကွန်စတန်တင်ချိုက်ကော့စကီး'၊ ၁၉၁၄ မှာ အမေရိကန်က 'ရောဘတ်ဂေါဒတ်'၊ ၁၉၂၃ မှာ ဂျာမနီက 'ဟာမင်း အောက်ဘက်သ်' တို့က နာမည်ကျော် ဒုံးပျံပညာရှင်တွေပဲ။ နာဇီဂျာမနီက

ဆိုရင် မဟာမိတ်တပ်တွေကို "ဗီတူး" တာတိုပစ် ဒုံးကျည်နဲ့ တိုက်ခိုက်ခဲ့ကြတယ်။ စစ်ပြီးတဲ့အခါ အမေရိကန်နဲ့ ရုရှားက ဂျာမန်ဒုံးပျံနည်းပညာနဲ့ ဒုံးပျံအင်ဂျင်နီယာတွေကို သိမ်းပိုက်ကြတယ်။ ပြီးတော့ သူတို့နိုင်ငံနှစ်ခုက ကြောက်စရာကောင်းတဲ့ စစ်လက်နက်ပြိုင်ဆိုင်မှုတွေကို ဒုံးကျည်တွေသုံးပြီး ပြိုင်ဆိုင် ခြိမ်းခြောက်လာကြတယ်။

ဝန်ကြီးချုပ် "ဂျဝါဟာလာနေရူး" ရဲ့ နည်းပညာဆိုင်ရာ အမြော်အမြင် ရှိမှုကြောင့် အိန္ဒိယမှာ ဒုံးပျံနည်းပညာ ပြန်လည်မွေးဖွားနိုင်ခဲ့တယ်။ ဒီအိပ်မက်ကို ပါမောက္ခ "ဆူရာဘိုင်" က ကြိုးစား အကောင်အထည်ဖော်ခဲ့တယ်။ တိုင်းပြည်က လွတ်လပ်ရေးရပြီးကာစ အခက်အခဲမျိုးစုံ ရင်ဆိုင်နေရပြီး လူတော်တော်များများ အစာရေစာ ငတ်နေကြတဲ့အချိန်မှာ အာကာသ နည်းပညာကို ဘာကြောင့် အကုန်အကျခံ လုပ်နေတာလဲလို့ မေးစရာရှိတယ်။ ဒါကို ဝန်ကြီးချုပ် "နေရူး" ရော၊ ပါမောက္ခ "ဆူရာဘိုင်" ရော မသိလို့မဟုတ်ဘူး။ ဒါပေမဲ့ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးမှာ ခေတ်မီနည်းပညာ ဆောက်ကျနေလို့ မဖြစ်ဘူးဆိုတာ သူတို့ စဉ်းစားမိကြတယ်။ သူတို့ရည်ရွယ်ချက်က ဒုံးကျည်လက်နက်တွေ တီထွင်လုပ်ဆောင်ပြီး နိုင်ငံတကာအလယ်မှာ အင်အားပြချင်လို့ မဟုတ်ဘူးဆိုတာတော့ သေချာလေရဲ့။

❑

(၅)
အိပ်မက် မက်သူများ

"သန်ဘာ"ကို မကြာခဏ လာရင်းနဲ့ "ပါမောက္ခဆူရာဘိုင်"က ကျွန်တော်တို့တစ်ဖွဲ့လုံးကို ပွင့်ပွင့်လင်းလင်း သုံးသပ်မှတ်ချက်ပေးတယ်။ သူက ဘယ်တော့မှ ညှာနှာကြားတာ၊ အမိန့်ပေးတာ မလုပ်ဘူး။ လွတ်လွတ်လပ်လပ် ဆွေးနွေးတာပဲ ရှိတယ်။ အမြင်ခြင်း ဖလှယ်တာမျိုးလုပ်တယ်။ ကျွန်တော်တို့ ဉာဏ်မမီတဲ့အရာတွေကို သူက အဖြေပေးတယ်။ သူ့မှာတော့ သူ့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရှင်းရှင်းလင်းလင်း တွေ့ထား၊ သိထားပုံ ရတယ်။ သူ တစ်ခါကပြောတယ်။

"ကြည့်လေ ငါ့အလုပ်က အဆုံးအဖြတ်ပေးတဲ့အလုပ်ပဲ။ ဒါပေမဲ့ ဒီဆုံးဖြတ်ချက်တွေကို ငါ့ရဲ့အဖွဲ့သားတွေ လက်ခံဖို့ အရေးကြီးတယ်မဟုတ်လား"

တကယ်တော့ ကျွန်တော်တို့ ကိုယ်ပိုင်ဒုံးပျံတွေ၊ ဂြိုလ်တုပစ်လွှတ်တဲ့ ယာဉ်တွေ၊ ဂြိုလ်တုတွေလုပ်နိုင်တာ "ပါမောက္ခဆူရာဘိုင်"ရဲ့ လမ်းညွှန်မှုကြောင့်ပါပဲ။ ဒါတွေကို တစ်ခုပြီးတစ်ခုလုပ်တာ မဟုတ်ဘူး။ တစ်ပြိုင်တည်း လုပ်ကြတာ။ ဒါကလည်း ပြည်သူပြည်သားအပါအဝင် အားလုံးက ယုံကြည်မှုပေးကြလို့ အကောင်အထည်ဖော်ဖြစ်သွားတာပါ။

အိန္ဒိယတစ်နိုင်ငံလုံးက ဓာတ်ခွဲခန်းတွေကလည်း ဝိုင်းကူညီကြလို့

အလုပ်ဖြစ်တာပါ။ ပြည်တွင်းအပြင် အမေရိကန်၊ ဆိုဗီယက်ယူနီယံ၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်တို့က သိပ္ပံပညာရှင်တွေရဲ့ အကူအညီတွေလည်း ရပါတယ်။

ဂျပန်နိုင်ငံက "ပါမောက္ခ ဆူဒါခါ" ဆိုရင် အိပ်စ်ရေးသိပ္ပံပညာရှင်ပဲ။ သူက "အာကာသနဲ့ လေကြောင်းသိပ္ပံဌာန"ကပါ။ သူ့ဆီက အကူအညီတွေ အများကြီးရတယ်။ "ဆိုဒါ"က စိတ်ရောကိုယ်ပါ အလုပ်မှာ လုံးဝနှစ်မြှုပ်ထားသူတစ်ဦး ဖြစ်တယ်။

"ဆူဒါခါ"ကတော့ ကျွန်တော်နဲ့အတူ လုပ်ဖော်ကိုင်ဖက်ဖြစ်တယ်။ ဒုံးပျံလွှတ်မတင်ခင် အစီအစဉ် အစိတ်အပိုင်းမှာ ကျွန်တော်တို့က ဓာတ်ငွေ့ဖြည့်တင်းတဲ့အလုပ်တွေကို တပင်တပန်းလုပ်ရတယ်။ "သန်ဘာ"ရဲ့ ရာသီဥတုက ပူပြင်းခြောက်သွေ့တယ်။ လေအလုံပိတ်အခန်းထဲမှာ သူနဲ့ကျွန်တော် နဖူးကချွေး ခြေမကျတဲ့အထိ အလုပ်လုပ်ရတယ်။ ချွေးက ခြေမကျတာက အကြောင်းမဟုတ်။ သူ့နဖူးက ချွေးတစ်စက်က ဆိုဒီယမ်ဓာတ်ငွေ့ထဲသို့ ကျသွားတော့ ရုတ်တရက် ပြင်းထန်တဲ့ပေါက်ကွဲမှုတစ်ခု ဖြစ်သွားတယ်။ အခန်းတစ်ခုလုံး တုန်ခါသွားတယ်။ စက္ကန့်ပိုင်းလောက် ကျွန်တော် ကြက်သေသေသွားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ကြောင်တက်တက်ဖြစ်သွားတယ်။ တစ်ခန်းလုံး မီးလောင်နေပြီ။ ဆိုဒီယံမီးကို ရေနဲ့ သတ်မရဘူး။ "ဆူဒါခါ"က သူ့လက်နဲ့ မှန်ပြတင်းကို ထိုးခွဲပြီး ကျွန်တော့်ကို အပေါက်မှနေ အတင်းတွန်းထုတ်တယ်။ သူက နောက်မှ ထွက်လာတယ်။ "ဆူဒါခါ"ရဲ့ လက်တစ်ခုလုံး သွေးချင်းချင်း နီရဲနေတယ်။ သို့သော် နာကျင်နေသည့်ကြားက သူက ပြုံးနေသေးတယ်။ သူ့ခန္ဓာကိုယ် အချို့အစိတ်အပိုင်းတွေလည်း မီးလောင်ခံရလို့ ဆေးရုံမှာ အတော်ကြာ တက်ရောက်ကုသခဲ့ရတယ်။

ကျွန်တော်က ဒုံးပျံပြင်ဆင်မှုမှာ တပ်ဆင်ရေး၊ စမ်းသပ်ရေး၊ တွက်ချက်ရေး စသဖြင့် အလုပ်လုပ်ရတယ်။ အလုပ်မျိုးစုံ လုပ်ရလို့ ပညာမျိုးစုံရတာက အမြတ်ပေါ့။ တချို့ပညာရပ်များဆိုရင် လိုအပ်ချိန်မှာ ညတွင်းချင်းအပြီး သင်ယူရတယ်။ သက်ဆိုင်ရာဘာသာရပ်တွေနဲ့ ပတ်သက်သမျှ စာအုပ်တွေ ကျွန်တော် အလွန်ရှာဖတ်ရတယ်။ ကျွန်တော်က ဖန်နဲ့ ကာဘွန်ဖိုင်ဘာပေါင်းစပ်ပစ္စည်းထုတ်လုပ်မှုကို အထူးစိတ်ဝင်စားတယ်။

၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ဝန်ကြီးချုပ် "အင်ဒီရာဂန္ဒီ"က

သန်ဘာမြို့ကို ရောက်လာပြီး ကျွန်တော်တို့လုပ်ငန်းခွင်ကို စစ်ဆေးကြည့်ရှုတယ်။ စီအာဘတ္တာယ်၊ ပီအင်စူပရာမန်းနီး နှင့် အမ်အင်ဆတာယာနာရယာန အပါအဝင် ကျွန်တော်တို့အဖွဲ့ကို ဝန်ကြီးချုပ်က အတော်ကျေနပ်သွားပုံရတယ်။ ကျွန်တော်တို့က သိပ်ခံနိုင်ရည်အင်အားရှိတဲ့ မှန်အဝတ်ကို တီထွင်ပြီး ဒုံးပျံမှာ သုံးကြလို့ဖြစ်တယ်။ ဒုံးပျံစက်ကို အချင်းဝက် ၃၆၀ မီလီမီတာမျှနှင့် ဖြစ်အောင်လည်း လုပ်ပြနိုင်ကြတယ်။

အိန္ဒိယဒုံးပျံနှစ်စင်းက သန်ဘာကနေပြီး မွေးဖွားလာကြတာပဲ။ သူတို့ကို ရောဟဏီနဲ့ မီနာကာလို့ အမည်ပေးထားတယ်။ ကောင်းကင်စောင့်နတ်မင်း အိန္ဒြာရဲ့ ကချေသည်နှစ်ဦးအမည်တွေ ဖြစ်တယ်။ ကျွန်တော်တို့က ဒုံးပျံလွှတ်ရာမှာ ပြင်သစ်တို့အကူအညီကို မလိုတော့ဘူး။ ပါမောက္ခဆူရာဘိုင်က လူတိုင်းရဲ့ အသိပညာနဲ့ ကျွမ်းကျင်မှုကို အကျိုးရှိစွာ အသုံးချတတ်တယ်။ လူတိုင်းကို ပြဿနာအဖြေရှာနည်း လေ့ကျင့်ပေးတယ်။ ဒါ့အပြင် တစ်ခါတစ်ရံ ကျွန်တော်တို့ လုပ်မှားကိုင်မှားရှိရင်လည်း အပြစ်မတင်တဲ့အပြင် ကြံဖန်ချီးကျူးတတ်သေးတယ်။ ရောဟဏီ-၇၅ ဒုံးပျံကို ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ လွှတ်တင်နိုင်ခဲ့တယ်။

နောင်နှစ် စောစောပိုင်းမှာ ပါမောက္ခဆူရာဘိုင်က ကျွန်တော့်ကို ဒေလီမှာ အရေးတကြီး တွေ့ချင်တယ်လို့ဆိုတယ်။ ခုအချိန်မှာ ကျွန်တော်ဟာ ပါမောက္ခဆူရာဘိုင်ရဲ့ လုပ်နည်းလုပ်ဟန်များကို အကျွမ်းဝင် အသားကျနေပြီ။ သူက အမြဲပဲ စိတ်အားထက်သန် တက်ကြွနေပြီး ဘာမဆို အကောင်းဘက်က ရှုမြင်သုံးသပ်တတ်သူပဲ။ သူက သူ့ခေါင်းထဲရောက်လာတဲ့ အကြံဉာဏ်ကို အချိန်မဆိုင်းဘဲ ချက်ချင်း အကောင်အထည်ဖော်တတ်သူဖြစ်တယ်။ ကျွန်တော် ဒေလီကို ရောက်တော့ ပါမောက္ခဆူရာဘိုင်ရဲ့ အတွင်းရေးမှူးကို သွားတွေ့ပြီး ပါမောက္ခနဲ့ တွေ့ချိန်တောင်းတယ်။ ပါမောက္ခက သူ့ကို အာသောကဟိုတယ်မှာ နံနက် ၃း၃၀ လာတွေ့ဖို့ ပြောတယ်။ ကျွန်တော်က ဒေလီကို မကျွမ်း။ အိန္ဒိယတောင်ပိုင်းလို ပူအိုက်ခြောက်သွေ့တဲ့ နေရာမှာ နေခဲ့ရသူဖြစ်လို့ ဒေလီရာသီဥတုနဲ့ သဟဇာတမဖြစ်။ ဒါကြောင့် ညစာစားပြီး ဘယ်မှမထွက်ဘဲ ဟိုတယ်ဧည့်ခန်းမှာသာ ထိုင်စောင့်နေတယ်။

ကျွန်တော်က ဘာသာတရားကို ယုံကြည်တယ်။ ကျွန်တော့်ကြိုးစားမှုက တစ်ပိုင်း၊ ဘုရားသခင်ရဲ့ အလိုတော်က တစ်ပိုင်းလို့ နားလည်ယုံကြည်ထားတယ်။ ဒါကြောင့် ဘာမဆို ၅၀ ရာခိုင်နှုန်းကို ဘုရားသခင်လက်ထဲအပ်ထားတယ်။ ကနေ့လည်း "ပါမောက္ခဆူရာဘိုင်" အရေးတကြီးခေါ်တဲ့အလုပ်က ဘာလဲဆိုတာ မစဉ်းစားတော့ဘဲ ဘုရားသခင် အလိုတော်အတိုင်းသာဖြစ်ပါစေလို့ စိတ်ပိုင်းဖြတ်ထားလိုက်တယ်။

ဟိုတယ်ဇည့်ခန်းကြီးက ခန့်ညားထည်ဝါလှတယ်။ ကျွန်တော့်နံဘေးမှ ဆိုဖာပေါ်မှာ တစ်စုံတစ်ဦး ကျွန်ရစ်ခဲ့ပုံရတဲ့ စာအုပ်တစ်အုပ်ကို တွေ့ရတယ်။ ကျွန်တော် စာအုပ်ကို ကောက်ယူပြီး ဟိုလှန်သည်လှန် လှန်လှောကြည့်တယ်။ စာအုပ်က စီးပွားရေးစီမံခန့်ခွဲမှုနဲ့ သက်ဆိုင်တဲ့ စာအုပ်ပဲ။ ကျွန်တော်က အသေးစိတ်မဖတ်ဘဲ စာမျက်နှာတွေ လှန်ကြည့်တယ်။ ရုတ်တရက် "ဂျော့ဘားနတ်ရှော"ရဲ့ စကားကို တွေ့မိလိုက်တယ်။ သဘောကျလို့ အဲဒီကစပြီး စာအုပ်ကို ဖတ်မိသွားတယ်။ "ဗိုလ်ချုပ်ကြီးဂျော့ပက်တန်"ရဲ့ စကားတွေလည်း ဖတ်ရတယ်။ စိတ်အားတက်ကြွဖို့ လှုံ့ဆော်ထားတဲ့စာအုပ်မို့ တန်ဖိုးရှိလှတယ်။

မကြာခင် ကျွန်တော့်ရှေ့ထိုင်ခုံမှာ လူတစ်ယောက်လာထိုင်တာ သတိပြုမိတယ်။ သူက ခန္ဓာကိုယ် တောင့်တောင့်တင်းတင်းနဲ့။ ဉာဏ်ပညာထက်မြက်ပုံလည်း ရတယ်။ သူဝတ်တာ စားတာကလည်း အထက်တန်းတော်တော်ကျတယ်။ သူ့ကို တစ်ချက်အကဲခတ်ပြီး ဖတ်လက်စစာအုပ်ကို ဆက်ဖတ်နေတုန်း တစ်စုံတစ်ယောက်က လာပြီး "ပါမောက္ခဆူရာဘိုင်"က တွေ့ဖို့အသင့်ဖြစ်ပြီလို့ ပြောတယ်။ အံ့သြစရာကောင်းတာက ကျွန်တော့်ရှေ့ကပုဂ္ဂိုလ်ကိုပါ အထဲဝင်ဖို့ တစ်ခါတည်း ခေါ်လိုက်တာပါပဲ။

သူက ဘယ်သူလဲ။ ကျွန်တော့်အတွေးမဆုံးမီမှာပဲ "ပါမောက္ခဆူရာဘိုင်"က ကျွန်တော့်တို့နှစ်ယောက်ကို မိတ်ဆက်ပေးတယ်။

သူက လေတပ်ဌာနချုပ်က လေကြောင်းအုပ်စုမှူး "ဗီအက်စ်နာရာယာနန်း"ပါပဲ။

"ပါမောက္ခဆူရာဘိုင်"က ကျွန်တော်တို့နှစ်ယောက်အတွက် ကော်ဖီမှာတယ်။ ပြီးတော့ သူ့ရဲ့အစီအစဉ်ကို ပြောပြတယ်။ သူက တပ်မတော်

လေယာဉ်တွေမှာ ဒုံးပျံစနစ်တွေသုံးဖို့ အစီအစဉ်ပဲ။ အထူးသဖြင့် စစ်လေယာဉ်တွေ ပြေးလမ်းတိုတိုလေးမှ အပေါ်ပျံတက်ဖို့ ဒုံးပျံနည်းပညာနဲ့ အထောက်အကူပေးဖို့ပဲ။ ဟိမဝန္တာလို တောင်တန်းပေါ်မှာ ဒီလိုပျံတက်နိုင်ဖို့ အရေးကြီးတယ်။ ဒီတာဝန်ကို သူနဲ့အတူလုပ်ဖို့ ကျွန်တော်တို့နှစ်ဦးကို အကူအညီတောင်းတယ်။

နောက်တော့ ဒေလီမြို့ပြက စခန်းတစ်ခုကို သွားကြတယ်။ သူက ရုရှားလုပ်လေယာဉ်ပျံတစ်ခုကို ပြပြီး-

"ဒီပုံစံကိုကြည့်ပြီး မင်းတို့ ၁၈ လအတွင်း လုပ်ပေးနိုင်သလား" လို့ မေးတယ်။ ကျွန်တော်ရော "နာရာယာနန်း"ကပါ နှစ်ယောက်လုံး ပြုံးပြီးတူ လုပ်ပေးနိုင်ပါတယ်ဆိုတဲ့အဖြေကို ပေးလိုက်ကြတယ်။ "ပါမောက္ခဆူရာဘိုင်" ရဲ့မျက်နှာက ချက်ချင်းပဲ ဝင်းလက်သွားတယ်။

ကျွန်တော်တို့နှစ်ယောက်ကို "အာသောကဟိုတယ်"မှာ ချပေးပြီး "ပါမောက္ခဆူရာဘိုင်"က ဝန်ကြီးချုပ်အိမ်တော်မှာ မနက်ခင်းအစည်းအဝေးတက်ဖို့ ဆက်သွားတယ်။ အဲဒီညနေခင်းမှာပဲ ပျံတက်လို့ရတဲ့ အိန္ဒိယစစ်လေယာဉ် ထုတ်လုပ်တော့မယ့်အကြောင်း သတင်းကြေညာတာ ကြားလိုက်ရတယ်။ ကျွန်တော်တို့ကို လိုအပ်တဲ့ပစ္စည်းပစ္စယနဲ့ သုတေသနအထောက်အကူတွေကို ဌာနဆိုင်ရာတွေကပေးတာမို့ တစ်နှစ်ကျော်အတွင်းမှာ ကျွန်တော်တို့စီမံချက်ကို အကောင်အထည်ဖော်နိုင်ကြတယ်။

အဲဒီအလုပ်ပြီးတော့ "နာရာယာနန်း"ရော ကျွန်တော်ပါ ကာကွယ်ရေးဝန်ကြီးဌာနမှာ တိုက်ချင်းပစ် ဒုံးပျံစီမံချက်ကို ဝင်လုပ်ကြရတယ်။ ဒုံးပျံထုတ်လုပ်ရာမှာ ရှေ့တန်းရောက်နေတဲ့ နိုင်ငံတွေဆီက အချက်အလက်တွေကို အသေးစိတ် လေ့လာကြရတယ်။ အာကာသလွှတ်တင်တဲ့ စူးစမ်းလေ့လာဒုံးပျံမျိုးနဲ့ တိုက်ချင်းပစ်ဒုံးပျံက သဘောတရားခြင်း မတူဘူး။ ပစ်မှတ်ကို တည့်တည့်ထိမှန်အောင် ချိန်တွယ်ရတဲ့အလုပ်က တကယ်တော့ မလွယ်လှဘူး။ ဒုံးပျံတစ်စင်းကို အမြင့်ပေ ဘယ်လောက်ထိ၊ ဘယ်လောက်ဝေးဝေးပျံအောင် လုပ်ဖို့က သိပ်မခက်ပေမယ့် သတ်မှတ်ပစ်မှတ်ကို တည့်တည့်ထိအောင် တွက်ရ ချက်ရတာတွေက အတော်လက်ဝင်တယ်။

၁၉၆၂ နဲ့ ၁၉၆၅ စစ်ပွဲတွေမှာ အိန္ဒိယ အထိနာခဲ့တဲ့ အတွေ့အကြုံ

တွေကြောင့် အိန္ဒိယခေါင်းဆောင်ပိုင်းက မိမိကိုယ်ပိုင် စစ်လက်နက်ပစ္စည်းနဲ့ စစ်တိုက်နည်း မဟာဗျူဟာရဲ့စနစ်တွေကို ဦးစားပေး လုပ်ဆောင်ကြရတယ်။ မြေပြင်က ဝေဟင်ပစ်ဒုံးပျံတွေကို ဆိုဗီယက်ယူနီယံကနေ ဝယ်ရတယ်။ 'နာရာယာနန်း'က ပြည်တွင်းမှာတင် ဒီလိုဒုံးပျံတွေ လုပ်ဆောင်နိုင်ခဲ့တယ်။

'နာရာယာနန်း'နဲ့ ကျွန်တော်က တစ်ခါတလေ ဆရာဖြစ်လိုက်၊ တစ်ခါတလေ ကျောင်းသားဖြစ်လိုက်နဲ့။ သူတစ်ပါးကို သင်စရာရှိတာ သင်နေတဲ့အခါ ဆရာပေါ့။ ကိုယ်မသိတာ သူများဆီက ဆည်းပူးရတဲ့အခါ ကျတော့ တပည့်ပေါ့။

ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သုတေသနဖွံ့ဖြိုးမှုလုပ်ငန်းက ငွေကြေးသိပ်ကုန်ကျတယ်။ ပစ္စည်းပစ္စယတွေ အကုန်လိုလို နိုင်ငံခြားက ဝယ်ရတယ်။ လိုအပ်တဲ့ ပစ္စည်းစာရင်းတွေကို ကျွန်တော်တို့ပြုစုပြီးရင် ဝယ်ဖို့အတွက် နိုင်ငံခြားငွေ တနှင့်တပိုး လိုတော့တယ်။ ဒါကိုကြည့်ပြီး ကျွန်တော် စိတ်အတော်ဆင်းရဲတယ်။ ကျွန်တော်တို့လို ဆင်းရဲတဲ့နိုင်ငံအနေနဲ့ ရေရှည်ရပ်တည်ဖို့ရာ ဒီအတိုင်းဆို မလွယ်ဘူး။

တစ်နေ့ ကျွန်တော် ရုံးမှာ အလုပ်လုပ်နေတုန်း လုပ်ငန်းခွင်ထဲက လူငယ်လေးတစ်ဦးဖြစ်တဲ့ 'ဂျာယားချန်ဒရာဘာဘူ'ကို လှမ်းတွေ့လိုက်တယ်။ 'ဘာဘူ'က ဒီရောက်လာတာ လပိုင်းပဲ ရှိသေးတယ်။ ဒါပေမဲ့ သူဟာ အလုပ်ကြိုးစားတဲ့အပြင် မသိတာကို ပွင့်ပွင့်လင်းလင်းမေးတယ်။ ပညာကို တခုတ်တရ ရှာဖွေတတ်မှန်း ကျွန်တော်ရိပ်စားမိတယ်။ ကျွန်တော် သူ့ကိုလှမ်းခေါ်ပြီး ခေါင်းခဲနေတဲ့ကိစ္စ ဘယ်လိုဖြေရှင်းမလဲဆိုတာ သူ့ဆီက အကြံဉာဏ်ကို တီးခေါက်ကြည့်မိတယ်။ 'ဘာဘူ'က ချက်ချင်း အဖြေမပေးဘဲ အိမ်မှာ ပြန်စဉ်းစားပြီး မနက်ဖြန်ကျမှ အဖြေပေးမယ်လို့ ပြောတယ်။

နောက်နေ့ ကျွန်တော် သူ့ကို ချိန်းဆိုတဲ့အချိန်ထက် ပိုစောပြီး သူရောက်လာတယ်။ သူ့မျက်နှာက ဝင်းပနေတယ်။

"ကျွန်တော် လုပ်ပြမယ်ဆရာ။ နိုင်ငံခြားက တင်သွင်းရတဲ့ ပစ္စည်းတွေမလိုဘဲ လုပ်လို့ရတဲ့နည်းတချို့ရှိတယ်" လို့ သူကပြောပြီး သူ စဉ်းစားထားတာတချို့ကို ပြောပြတယ်။

"ငွေကြေးထောက်ပံ့မှုကို တစ်စုတစ်ဖွဲ့က အာဏာကုန်သုံးပြီး ချုပ်ကိုင်ထားတာထက် လူတစ်ယောက်တည်းကိုပဲ အာဏာကုန်ပေးထားဖို့ လိုတယ်။ နိုင်ငံခြားမှာ ပစ္စည်းသွားဝယ်တာလဲ အုပ်စုလိုက် မသွားကြဘဲ တစ်ယောက်တည်းက တာဝန်ခံဝယ်တာမျိုး၊ တချို့ကိစ္စတွေကို ပုဂ္ဂလိကကို လွှတ်လွှတ်လပ်လပ် ခွဲပေးပြီး တာဝန်လွဲပြောင်းပေးဖို့ စတာတွေ ပြင်ရင် ငွေကုန်ကြေးကျ အများကြီး သက်သာသွားမယ်"

ကျွန်တော် သူ တင်ပြတာတွေ သဘောကျတယ်။ လက်တွေ့လုပ်လို့ ဖြစ်နိုင်တာတွေချည်းပဲ။ ဒါကြောင့် သူ့ရဲ့စီမံချက်ကို 'ပါမောက္ခဆူရာဘိုင်' ကို တင်ပြတယ်။ ဉာဏ်ပြေးတဲ့ ပါမောက္ခကလည်း အချိန်မဆိုင်းဘဲ ဒါမျိုး လုပ်ကြည့်ဖို့ အဖြေပေးလိုက်တယ်။

အကြံကောင်းပေးတတ်တဲ့ 'ဘာဘူ' ဟာ လခပိုကောင်းတဲ့ 'နိုင်ဂျီးရီး ယား' နိုင်ငံကို သွားလုပ်ဖို့ ကျွန်တော်တို့ဆီက အလုပ်ထွက်သွားတယ်။ ကျွန်တော် 'ဘာဘူ' ကို အမြဲ သတိရနေမိပါတယ်။ ကုန်ကျစရိတ်သက်သာ အောင်၊ ငွေရေးကြေးရေး မကုန်သင့် မကုန်ထိုက်တာတွေ မကုန်ဖို့ အကြံ ပေးသွားတဲ့ 'ဘာဘူ' ကို အမြဲပဲ ကျေးဇူးတင်နေမိတယ်။ လေးလအတွင်း ကျွန်တော်တို့ စမ်းသပ်မှု ၆၄ ခုကို အင်ဂျင်နီယာ ၂၀ က ငွေကုန်ကြေးကျ သက်သာစွာ ပြုလုပ်နိုင်ခဲ့တယ်။

❑

(၆)
လူပ်ရှားသူများ

၁၉၆၉ ခုနှစ်မှာ ဗပါမောက္ခဆူရာဘိုင်က ကိုယ်ပိုင်ဂြိုလ်တုများကို ပြည်တွင်းမှာ တည်ဆောက်လွှတ်တင်ရန် ဆုံးဖြတ်ခဲ့တယ်။ သူကိုယ်တိုင်လည်း သင့်လျော်မဲ့လုပ်ငန်းနေရာကို အရှေ့ဘက်ကမ်းရိုးတန်းမှာ ရှာဖွေခဲ့တယ်။ ထို့နောက် မဒရပ်(စ်) (ယခု ချင်းနိုင်)ရဲ့ မြောက်ဘက် ကီလိုမီတာ ၁၀၀ ကွာသောနေရာတွင် ရှိ၏။ ဗဆရီဟန်လိုတာဂန်း ကို ရွေးချယ်လိုက်တယ်။ ဒါကြောင့်ပဲ အဲဒီနေရာမှာ ဗရှားဒုံးပျံတင်လွှတ်ရေးစခန်း ပေါ်ထွန်းလာခဲ့တာပေါ့။ လခြမ်းပုံသဏ္ဌာန်ကျွန်းက အကျယ် ၈ ကီလိုမီတာ ရှိကာ ကမ်းခြေတစ်လျှောက်တွင် ရှိနေတယ်။ ကျွန်းရဲ့အကျယ်အဝန်းက ဗမဒရပ်(စ်)မြို့ ပမာဏလောက် ရှိတယ်။ အနောက်ဘက် နယ်နိမိတ်မှာ ဗဘဂဟန်တူးမြောင်းနှင့် ဗပူလီကယ်ကန်တို့ ရှိတယ်။

၁၉၆၈ ခုနှစ်မှာ ကျွန်တော်တို့ ဗအိန္ဒိယဒုံးပျံအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ကြတယ်။ ဗအိန္ဒိယအမျိုးသားသိပ္ပံအကယ်ဒမီ နဲ့ ဗအိန္ဒိယအာကာသသုတေသနအဖွဲ့တို့ကို ဗအနုမြူစွမ်းအင်ဌာန လက်အောက်တွင် ထားရှိပြီး နိုင်ငံ၏ အာကာသသုတေသနမှာ လုပ်ဆောင်စေတယ်။

ထိုအချိန်မှာ ဗပါမောက္ခဆူရာဘိုင်သည် အိန္ဒိယဂြိုလ်တု လွှတ်တင်ရေးအတွက် သူ့စိတ်တိုင်းကျ ခေါင်းခေါက်ရွေးထားသူ လက်ရွေးစင်တချို့

စုဆောင်းမိနေပြီ။ ကျွန်တော့်ကို စီမံချက်ခေါင်းဆောင်အဖြစ် သူရွေးချယ်လိုက်လို့ ကျွန်တော် ကံကောင်းသည်ဟု ဆိုရမည်။ ပါမောက္ခကြီးက ထိုတာဝန်အပြင် ကျွန်တော့်ကို ဂြိုလ်တုယာဉ် လွှတ်တင်ရေးရဲ့ စတုတ္ထ အဆင့်ကိုပါ ဒီဇိုင်းရော ပုံဖော်ပေးရန် တာဝန်ပေးခဲ့တယ်။ တခြားအဆင့် သုံးဆင့်ကို 'ဒေါက်တာဗွီအာဂိုဝမ်ကာ'၊ 'မစ္စတာကူရယ်' နှင့် 'ဒေအီးမူသွန်းရာဂန်'တို့ကို လုပ်ဆောင်ရန် တာဝန်ခွဲဝေပေးခဲ့တယ်။

'ပါမောက္ခဆူရာဘိုင်'က ဒီကြီးမားတဲ့ ရည်မှန်းချက်လုပ်ငန်းကြီးမှာ ကျွန်တော်တို့ တစ်အုပ်စုလုံးကို ဘာဖြစ်လို့ ရွေးချယ်ပါသလဲ။

တစ်ခုရှိတာက ကျွန်တော်တို့ရဲ့ ကျွမ်းကျင်လုပ်ငန်းနောက်ခံတွေကို သူသိပုံရလို့ ဖြစ်မယ်။ ကျွန်တော်တို့တစ်ဦးစီက သူ့အစိတ်ပိုင်းနှင့်သူ ကျွမ်းကျင်တတ်မြောက်လုပ်ကိုင်ခဲ့ကြသူများချည်း ဖြစ်ပါတယ်။

ကျွန်တော့်ကို ကူညီဖို့ 'ပါမောက္ခကူရီယန်'ဆိုသူကို 'ပါမောက္ခဆူရာဘိုင်'က တွဲဘက် တာဝန်ချထားပေးတယ်။ 'ပါမောက္ခကူရီယန်'က အသေးအဖွဲကိစ္စတွေ အကုန်တာဝန်ယူ လုပ်ပေးတာကြောင့် ကျွန်တော်က ခက်ခဲသိမ်မွေ့တဲ့အပိုင်းတွေ လုပ်ရတာ အတော်အချိန်ရသွားတယ်။ ကျွန်တော်လည်း တတ်သမျှပညာကို အစွမ်းကုန် ထုတ်သုံးပြီး နေ့မအား ညမအား ကြိုးစားလုပ်ခဲ့ရတယ်။ အခက်အခဲ အကြပ်အတည်းတွေတော့ နေတိုင်းလိုလို တွေ့ရတာပေါ့။ ဒီစိန်ခေါ်မှုတွေကို ခေါင်းအေးအေးထားပြီး ဖြေရှင်းရတယ်။ ကြာတော့ အမှားတွေနည်းလာပြီး ပိုပြီး အောင်မြင်မှုလမ်းတွေ နီးလာတယ်။ ကျွန်တော်တို့ လုပ်တာကိုင်တာကိုကြည့်ပြီး 'ပါမောက္ခကူရီယန်'က ချီးကျူးတယ်။

"ခင်ဗျားတို့ လုပ်ပုံကိုင်ပုံက ဥရောပကလူတွေ သုံးနှစ်လောက် လုပ်ရတာကို တစ်နှစ်တည်းနဲ့ အကောင်အထည်ဖော်နိုင်တာ တွေ့ရလို့ မချီးကျူးဘဲ မနေနိုင်ဘူးဗျ"

ကျွန်တော်တို့အဖွဲ့က တစ်ပတ်ကို အနည်းဆုံး တစ်ကြိမ်ဆုံကြပြီး အားသာချက် အားနည်းချက်တွေကို ဆွေးနွေးကြ၊ တိုင်ပင်ကြ၊ အကြံသစ်ဉာဏ်သစ်တွေ ထုတ်ကြတယ်။ ဒီလိုလုပ်တာ သိပ်လိုအပ်တယ်လို့ ကျွန်တော် ယုံကြည်တယ်။

နောက်တစ်ချက် ကျွန်တော်တို့ အောင်မြင်တာက ခေါင်းဆောင်ကောင်း ရှိလို့ပဲ။ ကျွန်တော်တို့ခေါင်းဆောင်ရဲ့ ဦးနှောက်က သိပ်ကိုကောင်းတယ်။ ဉာဏ်ပြေးတယ် ဆိုရမယ်။ သူကိုယ်တိုင် ဝင်မလုပ်ပေမယ့် ဘယ်နေရာမှာ ဘယ်လိုအရေးကြီးတယ်ဆိုတာ သူ ကောင်းကောင်းထောက်ပြတတ်တယ်။ ဒီကွေ့ ဒီတက်နဲ့လှော်၊ ဟိုကွေ့ ဟိုတက်နဲ့လှော် ဆိုတာမျိုး ညွှန်ပြတတ်တယ်။ နေရာတကာ ဝင်ပြမပေးဘူး။ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ လွတ်လပ်စွာ ဆုံးဖြတ်လုပ်ကိုင်ခွင့်ပေးတယ်။ အလုပ်ဖြစ်သွားရင် သူက လှိုက်လှိုက်လဲလဲ ချီးကျူးတယ်။ တစ်စုံတစ်ရာ မှားသွားရင်လည်း အပြစ်မတင်ပဲ ဘယ်လိုလုပ်ကိုင်ရင် ပိုကောင်းသွားမှာပါဆိုပြီး အားပေးတတ်တယ်။ ဒါဟာ ခေါင်းဆောင်ကောင်း အရည်အချင်းပဲ။

ကျွန်တော်တို့ အစစအရာရာ ပြင်ဆင်ပြီးလို့ တကယ်တမ်း ဂြိုလ်တု လွှတ်တင်ခါနီးကျမှ ကျွန်တော်တို့ကို အကူအညီပေးနေတဲ့ ပြင်သစ်တွေက သူတို့အကူအညီကို ရပ်ပစ်လိုက်ကြတယ်။ ကျွန်တော် အကြီးအကျယ် စိတ်ဓာတ်ကျသွားတယ်။ ကျောင်းပြီးခါစက လေတပ်ကိုဝင်ဖို့ လျာထားတာ မရလို့ ကိုယ်စိတ်နှစ်ပါး ချုံးချုံးကျသလိုမျိုးပုံစံ ပြန်ဖြစ်သွားတယ်။ မူလအတိုင်း ဆက်သွားရင် ကျွန်တော်တာဝန်ယူတဲ့ စတုတ္ထအဆင့် ပြီးမြောက်ပြီ။ 'ဒိုင်းမွန်း' ဒုံးပျံနဲ့အတူ ဂြိုလ်တုလွှတ်နိုင်တော့မှာ သေချာတယ်။ အခုဆင်ပြောင်ကြီး အမြီးကျမှတစ်သလို ဖြစ်သွားတော့ တကယ့်ကို ရုပ်သေးကြိုးပြတ်ပါပဲ။

'ပါမောက္ခဆူရာဘိုင်'ကတော့ အဖွဲ့ဖွဲ့တဲ့ အတတ်ပညာမှာ တကယ့်ကို စံနမူနာပြုလောက်တဲ့ ပုဂ္ဂိုလ်ကြီးပဲ။ သူက တကယ်အလုပ်ဖြစ်မယ့်သူတွေကို ရှာဖွေစည်းရုံးတတ်တယ်။ ကျွန်တော်နဲ့ 'နာရာယာနန်း'ကို တွဲပေးခဲ့တဲ့အပြင် နောက်ထပ် ပညာရှင်တစ်ဦးဖြစ်တဲ့ 'ဂျီမဟာဗန်နဲ့'ကိုပါ ထပ်ရှာလာပြီး အားဖြည့်ပေးတယ်။ နောက်ပြီး ကာကွယ်ရေးဌာနက သုတေသနနဲ့ ဖွံ့ဖြိုးရေးကိုပါ ကျွန်တော်တို့ အသုံးချခွင့်ပြုခဲ့တယ်။ အဲဒီမှာ မြေပြင်က ဝေဟင်ပစ်ဒုံးပျံထုတ်လုပ်မှု အရှိန်ရနေတဲ့နေရာပဲ။

၁၉၆၈ မှာ 'ပါမောက္ခဆူရာဘိုင်'က 'သန်ဘာ'ကို ရောက်လာပြီး ဒုံးပျံထိပ်ဖူးနည်းပညာကို ထပ်မံချဲ့ထွင်လုပ်ကိုင်စေတယ်။ အဲဒီမှာ 'ပရာမွတ်

ကာလီဆိုတဲ့ သိပ္ပံပညာရှင်ကပါ ကျွန်တော်တို့ကို ကူညီလုပ်ဆောင်ပေးနေချိန်ပေါ့။ ကျွန်တော်တို့ရဲ့ တီထွင်မှုတွေကို သေသေချာချာ မေးမြန်းပြီး ဒါမောက္ခဆူရာဘိုင်က ကာလီနဲ့ ကျွန်တော်ကို ချီးကျူးသွားတယ်။ ဒါမောက္ခဆူရာဘိုင် ပြန်သွားပြီး မကြာခင်မှာပဲ သူ့ရဲ့အတွင်းရေးမှူးဆီက ဖုန်းလာတယ်။

"ခင်ဗျားကို ပါမောက္ခကြီးက အရေးတကြီး ဆွေးနွေးစရာရှိလို့ ညစာစားပြီးရင် သူ့ကို လာတွေ့ပါတဲ့"

ဒါမောက္ခဆူရာဘိုင်က ကိုဗါလန်နန်းတော်ဟိုတယ်မှာ တည်းနေတယ်။ သူ ဒီမြို့ကိုလာတိုင်း တည်းနေကျဟိုတယ်က ဒါပဲ။ ကျွန်တော်လည်း ပါမောက္ခကြီးက ဘာများပြောမလဲဆိုတာ ရင်အတော်ခုန်နေတယ်။ သူက ထုံးစံအတိုင်း နွေးထွေးလှိုက်လှဲစွာ နှုတ်ဆက်ပြီး ဒုံးပျံပစ်လွှတ်စခန်းအကြောင်း ပြောတယ်။ ဒုံးပျံပစ်လွှတ်စင်ဆောက်ဖို့၊ ရေဒါစခန်းဖွင့်ဖို့၊ တိုင်းတာရေးပစ္စည်းတွေ တပ်ဆင်ဖို့က အစ အစုံ သူပြောတယ်။ သူ စုံစုံစေ့စေ့ပြောလေ ကျွန်တော်ကတော့ ရင်တထိတ်ထိတ်ဖြစ်လေပဲ။ ကျွန်တော် သိန့်ငှဲ့ပြီလေ။ ဒါတွေ သူပြောနေတာက အကြောင်းမဲ့မဟုတ်ဘူး။ ကျွန်တော့်ကို တစ်ခုခု တာဝန်ပေးချင်လို့ပဲ။ ဒါပေမဲ့ ဒီတာဝန်တွေက သိပ်ကြီးတယ်။ ကျွန်တော်က သူပြောသလို မလုပ်နိုင်မှာစိုးတယ်။ ကိုယ့်ဆရာရဲ့ အာသီသပြင်းပြလှတဲ့ စိတ်ကူးအိပ်မက်တွေကို ကျွန်တော် အကောင်အထည်မဖော်နိုင်မှာစိုးလို့ပါ။ ဆရာက ဒုံးပျံအင်ဂျင်နီယာဌာနဖွင့်ဖို့ စိတ်ကူးတွေ ဆက်ပြောနေတယ်။ နောက်ပိုင်းမှာ ကျွန်တော်က ဒုံးပျံနဲ့ပတ်သက်တဲ့ အစည်းအဝေးတိုင်း တက်ရတယ်။ ပြီးရင် ဒါမောက္ခဆူရာဘိုင်ကို ပြန်ပြီး အစီရင်ခံရတယ်။ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ ကျွန်တော် ဒီလိုအစည်းအဝေးကို ဒေလီမှာတက်ပြီး တြိဗန်ဒရမ်မြို့ကို ပြန်လာနေတယ်။ အဲဒီအချိန်မှာ ဒါမောက္ခဆူရာဘိုင်က သန်ဘာကိုရောက်ပြီး ဒုံးပျံဒီဇိုင်းတွေကို စစ်ဆေးနေချိန်။ ကျွန်တော်က သူသိချင်တာတွေကို လေဆိပ်တယ်လီဖုန်းကနေတစ်ဆင့် ရှင်းပြရတယ်။ သူက ကျွန်တော့်ကို တြိဗန်ဒရမ်လေဆိပ်မှာပဲ စောင့်နေပြီး သူ ဘုံဘောကိုမပြန်ခင် အဲဒီညမှာပဲ သူနဲ့လာတွေ့ဖို့ ပြောတယ်။

ကျွန်တော် သူ့ဆီတွေ့ဖို့အသွားမှာ ဝမ်းနည်းကြေကွဲဖွယ် သတင်းတစ်ခု ရောက်လာတယ်။ လွန်ခဲ့တဲ့ နာရီပိုင်းကပဲ 'ပါမောက္ခဆူရာဘိုင်' နှလုံးရောဂါနဲ့ ကွယ်လွန်သွားပြီတဲ့။ လွန်ခဲ့တဲ့နာရီပိုင်းကပဲ သူနဲ့ကျွန်တော် စကားပြောနေခဲ့ရသေးတယ်။ ခုတော့ သူမရှိတော့ဘူးဆိုတော့ ကျွန်တော် အကြီးအကျယ် တုန်လှုပ်သွားတယ်။ ဒါဟာ ကျွန်တော်တစ်ဦးတည်းအတွက် ဆုံးရှုံးမှုမဟုတ်ဘူး။ အိန္ဒိယသိပ္ပံပညာလောကတစ်ခုလုံးအတွက် အကြီးမား ဆုံး ဆုံးရှုံးမှုပါပဲ။ အဲဒီတစ်ညလုံး ပါမောက္ခကြီးရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်အလောင်းကို 'အာမီဒါဘတ်' မြို့ကို လေယာဉ်နဲ့တင်ဖို့ ကျွန်တော်တို့ လုပ်ဆောင်ခဲ့ကြတယ်။

၁၉၆၆ ကနေ ၁၉၇၁ ခုနှစ်အထိ ငါးနှစ်ကာလအတွင်း 'ပါမောက္ခဆူရာဘိုင်'နဲ့ သိပ္ပံပညာရှင်၊ အင်ဂျင်နီယာ ၂၂ ဦးဟာ အနီးကပ် လက်တွဲလုပ်ဆောင်ခဲ့ကြတယ်။ အဲဒီ သူ့တပည့်အားလုံးလိုလိုဟာပဲ နောင်အခါ အိန္ဒိယရဲ့ သိပ္ပံပညာတိုးတက်မှုမှာ ဦးဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လာကြတယ်။

'ပါမောက္ခဆူရာဘိုင်'နေရာကို 'ပါမောက္ခအမ်ချေကေမီနွန်' အစားထိုး ဝင်မလာမီ 'ပါမောက္ခဆက်တစ်ရှ်ဒါဝမ်'က ကျွန်တော်တို့ကို တာဝန်ယူဦးဆောင်မှုပေးတယ်။ ကျွန်တော်တို့ဆီက ဌာနခွဲတွေ အကုန်စုပေါင်းပြီး 'ဝါကရပ်ဆူရာဘိုင် အာကာသဌာန' (ဗွီအက်စ်အက်စ်စီ) ဆိုတဲ့နာမည်နဲ့ ပေါ်ထွန်းလာတယ်။ 'ပါမောက္ခဆူရာဘိုင်'ရဲ့ ကျေးဇူးတွေကို အသိအမှတ်ပြု၊ ဂုဏ်ပြုတဲ့အနေနဲ့ သူ့နာမည်နဲ့ ဌာနကို ဖွင့်လိုက်တာပါပဲ။ ယင်းဌာနရဲ့ အကြီးအကဲအဖြစ် သတ္ထုဗေဒပညာရပ်နဲ့ နာမည်ကျော်ခဲ့တဲ့ 'ဒေါက်တာ ဗရာမ်ပရာလက်ရှ်'က ပထမဆုံး ညွှန်ကြားရေးမှူးအဖြစ် ဦးဆောင်ခဲ့တယ်။

လေယာဉ်တာတိုပြေးလမ်းနဲ့ ပျံသန်းတဲ့စနစ်ကို ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့တယ်။ နေရာက 'ဥတာပရာဒက်ရှ်'ပြည်နယ် 'ဘာရီပါလေတပ်စခန်း'မှာပါပဲ။ 'ဆူခွိုင်း-၁၆' ဂျက်လေယာဉ်ပြေးလမ်းမှာ ကီလိုမီတာ ၈ ကီလိုမီတာမှာ ပြေးရမယ့် အစား ၁၂၀၀ မီတာနဲ့တင် လေပေါ်ကို ပျံတက်နိုင်ခဲ့တယ်။ ဒီစမ်းသပ်ပျံသန်းမှုကို လေတပ်ဗိုလ်ချုပ်ကြီး 'ရှရီဗါဒက်ဆင်း'နဲ့ ကာကွယ်ရေးဝန်ကြီးဌာန

အကြံပေးပုဂ္ဂိုလ် 'ဒေါက်တာနက်ချောင်ဒူရ်' တို့ ကိုယ်တိုင် လာကြည့်ကြတယ်။ ဒီကြိုးပမ်းမှုကို ပြည်တွင်းမှာသာ လုပ်ကိုင်ခဲ့တဲ့အတွက် နိုင်ငံခြားဌေးရှိပေ လေးကုဋေ သက်သာစေခဲ့တယ်။ စက်မှုပိုင်းဆိုင်ရာ သိပ္ပံပညာရှင်တွေရဲ့ အခန်းကဏ္ဍကလည်း ပိုမို ထင်ရှားလာပါတယ်။

အိန္ဒိယမှာ အာကာသသုတေသနတွေ မလုပ်မီ 'ပါမောက္ခဆူရာဘိုင်' က အောင်မြင်ထင်ရှားတဲ့ စက်မှုလုပ်ငန်းတွေ အများကြီး တည်ထောင်ပေးခဲ့ပါတယ်။ သူ သေသေချာချာ သိထားတာက သိပ္ပံနည်းကျ သုတေသနဟာ စက်မှုပိုင်းဆိုင်ရာမပါပဲ သီးခြားရပ်တည်လို့ မရဘူးဆိုတာပါပဲ။ 'ပါမောက္ခဆူရာဘိုင်' က 'ဆူရာဘိုင် ဓာတုဗေဒပစ္စည်းလုပ်ငန်း'၊ 'ဆူရာဘိုင် မှန်လုပ်ငန်း'၊ 'ဆူရာဘိုင် လီမိတက်'၊ 'ဆူရာဘိုင် အင်ဂျင်နီယာအုပ်စု' တို့ကို တည်ထောင်ခဲ့သူပါ။ သူ့ရဲ့ 'ဆွာစတစ် ဆီစက်' ဟာ ဆီအစေ့ကနေ ဆီကို အောင်မြင်စွာ ထုတ်နိုင်ခဲ့တယ်။ သူ တည်ထောင်ခဲ့တဲ့ 'စတင်းရတ် ဆေးဝါးထုတ်လုပ်ရေးလီမိတက်' က ပင်နီစလင်ကို အမြောက်အမြား ထုတ်လုပ်ပေးခဲ့တယ်။ ဒါကြောင့် နိုင်ငံခြားဌေး ဒေါ်လာသန်းထောင်ချီပြီး ဝယ်ယူရတဲ့ ပင်နီစလင်တွေ ပြည်ပက ဝယ်စရာမလိုတော့ဘူး။

ပါမောက္ခ 'ဒါဝမ်' က 'ဒေါက်တာဘရန်းမ်ပရာကက်ရ်' နဲ့ တိုင်ပင်ပြီး ကျွန်တော့်ကို 'စီမံကိန်းမန်နေဂျာ' ရာထူး ပေးခဲ့ကြတယ်။ ဒီရာထူးက ညွှန်ကြားရေးမှူးနဲ့ပဲ တိုက်ရိုက်ဆက်သွယ်လုပ်ဆောင်ရတဲ့ ရာထူးမို့ ဩဇာအာဏာ တော်တော် ရှိပါတယ်။ ဩဇာအာဏာဆိုတဲ့နေရာမှာ အမိန့်ပေးခိုင်းစေတာမျိုး မဟုတ်ပါဘူး။ မိမိလုပ်ဆောင်တဲ့လုပ်ငန်းကို မိမိစိတ်ကြိုက် လုပ်ဆောင်ခွင့်ရှိတာကို ပြောတာပါ။ ကျွန်တော်ကလည်း တစ်ကိုယ်တော် အစွမ်းမပြပါဘူး။ နာမည်ကျော် ထင်ရှားတဲ့ သိပ္ပံပညာရှင်ကြီးတွေဖြစ်ကြတဲ့ 'ဒီအက်စ်ရာနီ'၊ 'မူသူးပ်နာယာဂန်'၊ 'တီအက်စ်ပရာလတ်'၊ 'အေအာရ် အချားရာ'၊ 'အက်စ်စီဂပ္ပတား' နဲ့ 'စီအယ်လ်အမ်ဘာရောင်း' စသူတို့ရဲ့ လမ်းညွှန်မှုကို ခံယူလုပ်ဆောင်ပါတယ်။

ကျွန်တော့်စီမံချက် အကောင်အထည်ဖော်ဖို့အတွက် အင်ဂျင်နီယာ နဲ့ သိပ္ပံပညာရှင် ၂၇၅ ဦး လိုပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ၅၀

ပဲ ရပါတယ်။ အင်အားပြည့်မှ လုပ်ငန်းစမယ်ဆိုရင်တော့ အောင်မြင်အောင် လုပ်လို့ မရတော့ပါဘူး။ ဒါကြောင့် ကျွန်တော်ပညာရှင် ၅၀ ဟာ လုပ်အား ငါးဆရင်းနှီးပြီး ပင်ပင်ပန်းပန်း လုပ်ကြရတယ်။ လူငယ်အင်ဂျင်နီယာတွေ ဖြစ်ကြတဲ့ 'အမ်အက်စ်အာရ်ဒေဗ်'၊ 'ဂျီမဒါဗန်နဲ'၊ 'အက်ဒ်ဝရီနီဗာဆန်'၊ 'ယူအက်စ်ဆင်'၊ 'ဆွန်ဒါရာဂန်'၊ 'အဗ္ဗဒူအာဂျစ်'၊ 'ပရာကက်ရှ်ဆန်းဒ လတ်စ်'၊ 'နမ်ဘူဒင်'၊ 'ဆာဆီကူးမား'၊ 'ဆီဗန်သာနုပီလေ'တို့ရဲ့ ကြိုးပမ်းမှု ကြောင့် လုပ်ငန်းတိုးတက်အောင်မြင်တာပါ။ သူတို့ကလည်း တစ်ဦးကောင်း တစ်ယောက်ကောင်းဆိုတာထက် ပူးပေါင်းဆောင်ရွက်ကြတဲ့ အလေ့အထ ကောင်းတွေနဲ့ လုပ်ဆောင်ကြပါတယ်။ သူတို့ဟာ သူတို့လုပ်ကိုင်တဲ့ ပညာ ရပ်ကို အထူးကျွမ်းကျင်နှံ့စပ်ကြသူတွေပါ။ ကျွန်တော့်စီမံကိန်းအောင်မြင်မှု တိုင်းဟာ သူတို့မပါဘဲ မဖြစ်ကြောင်း ဝန်ခံပါတယ်။

ကျွန်တော့်အဖွဲ့ထဲက ပုဂ္ဂိုလ်တော်တော်များများဟာ အခုဆိုရင် အိန္ဒိယ ရဲ့ လက်ရွေးစင် လူချွန်လူမွန်ပညာရှင်ကြီးတွေ ဖြစ်နေကြတာတွေ့ရလို့ သိပ်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။

'အမ်အက်စ်အာဒေဗ်'ဆိုရင် အိန္ဒိယဂြိုလ်တုအစီအစဉ်ရဲ့ အကြီးအကဲ၊ 'ဂျီမဒါဗန်နဲ'က ပိုလာဂြိုလ်တုစီမံချက်ရဲ့ ခေါင်းဆောင်၊ 'ဆန်းဒလတ်စ်' နဲ့ 'ဆီဗန်သာနုပီလေ'တို့က ဒုံးပျံလက်နက် ဌာနချုပ်ရဲ့အင်ဂျင်နီယာချုပ်တွေ ဖြစ်နေကြပြီ။ ဒီလို ရာထူးကြီးကြီးတွေ သူတို့ရကြတာ အချောင်သက်သက် ရခဲ့တာ မဟုတ်ဘူး။ သူတို့ရဲ့ နဂိုထူးချွန်ထက်မြက်မှုတွေနဲ့ ရင့်ကျက်လှတဲ့ အတွေ့အကြုံများစွာကို ဖြတ်သန်းပြီး ထိုက်ထိုက်တန်တန် ရကြတာပဲ ဖြစ် ပါတယ်။

❑

(၇)
တွန်းပစ်သူများ

ကျွန်တော် စီမံကိန်းမန်နေဂျာအနေနဲ့ တာဝန်ယူရတဲ့အချိန်ဟာ အတော်ကို အလုပ်တွေ ဇယ်စက်အောင်များတဲ့အချိန်ပါပဲ။ လမ်းညွှန်ချက်တွေ ချရတယ်။ လုပ်ငန်းအောင်မြင်မှု ကျရှုံးမှုတွေ စစ်ရတယ်။ ဘတ်ဂျက်တွက်ရတယ်။ ပစ္စည်းဝယ်ရတယ်။ အစီရင်ခံစာရေးရတယ်။ အစုံ အစုံပါပဲ။

ကျွန်တော်နေတဲ့အိမ်နဲ့ ရုံးနဲ့က နှစ်ကီလိုမီတာလောက် ဝေးပါတယ်။ အဲဒီကို လမ်းလျှောက်သွားတယ်။ တစ်နေကုန် အညောင်းမိနေတာ ခုလို လမ်းလျှောက်မှ တော်ရုံကျတာ။ ကျန်းမာရေးလေ့ကျင့်ခန်း သီးသန့်လုပ်ဖို့လည်း အချိန်မရှိတာကြောင့် ရုံးသွား ရုံးပြန် တမင်လမ်းလျှောက်တာပဲ။ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်တယ် သဘောထားရပါတယ်။ လမ်းလျှောက်ရင်း အလုပ်ကိစ္စ သုံးလေးခုလောက် စဉ်းစားသွားရတယ်။

ရုံးရောက်ရင် ပထမဆုံး စားပွဲခုံကို ရှင်းရတယ်။ နောက်ထပ် ဆယ်မိနစ်ဆို စားပွဲပေါ်ကို စာရွက်တွေ ပုံပြီး ရောက်လာကြတော့မယ်။ စာတွေ မြန်မြန်ဖတ်ပြီး အဆုံးအဖြတ်ပေးစရာရှိတာ ချက်ချင်းပေး၊ ဆိုင်းငံ့ကို ဆိုင်းငံ့၊ အရေးကြီးတာနဲ့ အရေးသိပ်မကြီးတာ ခွဲရတယ်။ ရုံးကိစ္စပြီးရင် သုတေသနနဲ့ အလုပ်ရုံကို သွားရတယ်။ အဲဒီမှာတော့ ဉာဏ်ကို ဖျစ်ညှစ်သုံးရတော့တာပဲ။ လုပ်လက်စလုပ်ငန်းတွေရဲ့ တိုးတက်မှုကို စစ်ရင်းနဲ့ ရှေ့လုပ်ရမယ့်

လုပ်ငန်းကို ချပြရတယ်။ လိုအပ်တာထက် ပိုနေးကွေးနေရင် ဘာကြောင့်လဲ အဖြေရှာရတယ်။ တီထွင်ဖန်တီးယူမှုရတယ်ဆို တီထွင်ရတယ်။ သိပ္ပံပညာရှင်တွေ၊ အင်ဂျင်နီယာတွေနဲ့ စုပေါင်းပြီး ညှိနှိုင်းရတယ်။ တာဝန်ခွဲဝေယူထားရတယ်။

ဒုံးပျံတို့၊ ဂြိုလ်တုတို့မှာသုံးတဲ့ ပစ္စည်းတွေက အပြင်မှာ ပုံမှန်သုံးနေကျ ပစ္စည်းတွေထက် ပိုပြီး အမယ်များတယ်။ ပိုရှုပ်ထွေးတယ်။ အတိမ်းအစောင်း တစ်စက်လေးမှ မခံဘူး။ ဒါကြောင့် သိပ်ကိုသတိထားပြီး အနုစိတ် လုပ်ကြရတယ်။ နည်းလမ်းပေါင်းစုံနဲ့ သေသေချာချာ တွက်ချက်ပြီးမှ လုပ်ရတယ်။ သတ္တုရော၊ ပလတ်စတစ်ရော၊ သံရော၊ ဩဂဲနစ်ပစ္စည်းတွေရော၊ အင်ဩဂဲနစ်ပစ္စည်းတွေရော သူ့နေရာနဲ့သူ တစ်မျိုးစီ သုံးရတယ်။ တချို့ပစ္စည်းက မှန်နဲ့၊ တချို့က ကြွေနဲ့၊ တချို့က ဖုတ်ထားတဲ့ရွံ့နဲ့၊ တချို့ပစ္စည်းတွေက စက်နဲ့လုပ်၊ တချို့ကျတော့ အနုစိတ်လွန်းလို့ လက်နဲ့လုပ်ရ။

ရေဒါမျိုးစုံ တပ်ရ ဆင်ရတယ်။ လျှပ်စစ်ကြိုးတွေ ရှုပ်ယှက်ခတ်အောင် သွယ်ရတယ်။ ကွန်ပျူတာစနစ်တွေ သူ့နေရာနဲ့သူ အထာကျအောင် လုပ်ရတယ်။ ဒုံးပျံအစိတ်အပိုင်းတစ်ခုစီကို သူ့ဌာနနဲ့သူ လုပ်ကြရပေမယ့် နောက်ဆုံးကျတော့ အားလုံး ပေါင်းတပ်ရတယ်။ ဒါကြောင့် တစ်ဌာနနဲ့ တစ်ဌာန အမြဲမပြတ် ဆက်သွယ်သတင်းပေးနေကြရတယ်။ လေယာဉ်က မောင်းသူတွေပါလို့ ထိန်းရသိမ်းရ သိပ်မခက်ပေမယ့် မောင်းသူမဲ့ဒုံးပျံကျတော့ လူတစ်ယောက် ထိုင်မောင်းနေသလိုဖြစ်အောင် အလိုအလျောက်စနစ်တွေ လုပ်ရတာ တစ်စက်ကလေးမှ အမှားမခံဘူး။

ကျွန်တော်နဲ့ အရင်တွဲလုပ်တဲ့ လေတပ်က ‘နာရာယာနန်း’က အခုဗိုလ်ချုပ်ရာထူးရပြီး သုတေသနဌာနတစ်ခုရဲ့ ညွှန်ကြားရေးမှူးတောင် ဖြစ်နေပြီ။ သူ့ရဲ့ဌာနက ‘ဟိုက်ဒြာဘတ်’မြို့ရဲ့ အရှေ့တောင်ဘက်နားမှာ ရှိတယ်။

၁၉၇၅ ခုနှစ် နှစ်သစ်ကူးနေ့မှာ ကျွန်တော် ‘နာရာယာနန်း’တို့ဌာနကို ရောက်သွားတယ်။ ကာကွယ်ရေးဝန်ကြီးရဲ့ သိပ္ပံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ‘ပါမောက္ခအမ်ဂျီဟာမီနွန်’လည်း ပါတယ်။ သူက ‘ဒေါက်တာဘရာမ်ပရာကက်ရှ်’ရဲ့ လမ်းညွှန်မှုကြောင့် အဲဒီစခန်းကို သွားစစ်ဆေးရတာ။ ကျွန်တော်ကလည်း သူတို့အဖွဲ့ထဲမှာ ‘ဒုံးပျံအထူးကျွမ်းကျင်သူ’ အနေနဲ့

လိုက်ပါရတာပါပဲ။ ကျွန်တော်နဲ့အတူ တွဲပေးလိုက်သူက လေတပ်က ဗိုလ်မှူးကြီး ဒီကာမန်ရာဂျူး ပါပဲ။ ကော်မတီဝင်တွေအဖြစ် ဒေါက်တာအာရ်ပီ ရှိန်ဖိုင်း နဲ့ ပါမောက္ခအိုင်ဂျီဆာမာ တို့လည်း ပါဝင်ကြပါတယ်။

ကျွန်တော်တို့ အဲဒီစခန်းမှာ ခြောက်ပတ်လောက် နေရတယ်။ အဲဒီဌာနမှာ လုပ်ကိုင်နေတဲ့ သိပ္ပံပညာရှင်တွေနဲ့ ဆွေးနွေးပွဲတွေ လုပ်ရတယ်။ သိပ္ပံပညာရှင်တွေထဲမှာ အရပ်ဘက်ကရော စစ်ဘက်ကပါ ပါကြတယ်။ နိဂုံးချုပ် သုံးသပ်ပုံကို ၁၉၇၅ ခုနှစ်၊ မတ်လကုန်မှာ လုပ်ကြတယ်။ အဲဒီစခန်းမှာ လုပ်ဆောင်ချက်တွေက တော်တော်အားရစရာကောင်းတာ တွေ့ရလို့ ဝမ်းသာရတယ်။ ကော်မတီရဲ့ မှတ်ချက်အရ အခုလုပ်ဆောင်နေတဲ့ စီမံကိန်းကို နိုင်ငံတော်အစိုးရက ပိုမိုထောက်ပံ့အားပေးသင့်ကြောင်း ထောက်ခံစာရေးပေးခဲ့တယ်။ နိုင်ငံတော်အစိုးရကလည်း ကျွန်တော်တို့ရဲ့ ထောက်ခံချက်ကို အတည်ပြုပြီး ရန်ပုံငွေတွေ ထပ်ပေးလို့ ဒီစီမံချက် အောင်မြင်သွားတာ တွေ့ရတယ်။

မိမိရဲ့ဌာနဆိုင်ရာကို ပြန်ရောက်တော့ လုပ်ငန်းအတော်ရပ်လုံးပေါ်နေတာ တွေ့ရတယ်။ တကယ်ခန့်မှန်းတဲ့ကာလထက်တော့ အချိန်နောက်ကျနေတာ တွေ့ရတယ်။ ဘာပဲဖြစ်ဖြစ် တိုးတက်မှု နှေးကွေးပေမယ့် အောင်မြင်မှုအရိပ်အယောင်တွေ့ရလို့ ကျေနပ်ရတာပေါ့။

အာကာသ သိပ္ပံကောင်စီမှာ ကျွန်တော်လည်း ကောင်စီဝင်တစ်ယောက်ဖြစ်တော့ ကောင်စီအစည်းအဝေးတွေ တက်ရတယ်။ ကျွန်တော်က စကားပြော သိပ်မကောင်းမှန်း ကိုယ့်ဘာသာကိုယ် သိတယ်။ ဆက်သွယ်ပေါင်းသင်းရေးမှာတော့ မဆိုးပါဘူး။ စကားပြောမကောင်းဘူးဆိုတာက သိပ်ပြီး ပြောင်ပြောင်တင်းတင်း ပြောတတ်တဲ့ဗီဇ ပါနေလို့ပါ။ ဆေးခါးခါးကို သကြားအုပ်ပြီး ကျွေးတာမျိုး ကျွန်တော် မလုပ်တတ်ဘူး။ စကားကို လှအောင် တမင် ဖန်တီးမပြောတတ်ဘူး။ ကိန်းဂဏန်းအချက်အလက်ကိုပဲ အဓိကထား ပြောတတ်တယ်။ ဆွေးနွေးပွဲတစ်ခုမှာ ကျွန်တော့်ရဲ့ စကားလုံးကြမ်းကြမ်းတွေကြောင့် ဒေါက်တာဘရာမ်ပရာကက်ရှ်က မျက်စိမျက်နှာပျက်ပြီး အစည်းအဝေးခန်းက ထွက်သွားတဲ့အထိ ဖြစ်ခဲ့ရတယ်။

သူ့ကို စော်ကားမော်ကား ပြောခဲ့သလိုဖြစ်တာကို ကျွန်တော် တစ်ည

လုံး နောင်တရနေမိတယ်။ ဒါပေမဲ့ ကျွန်တော်ပြောတာဆိုတာလည်း မမှားမှန်း သိတော့ သူ့ကို ဘယ်လိုဖျောင်းဖျရမှန်းကို မသိတော့ဘူး။ အလုပ်လုပ်ရာမှာ အနှောင့်အယှက် အဆီးအတားတွေဖြစ်စေတဲ့ ဗျူရိုကရေစီယန္တရားကို ကျွန်တော်ဝေဖန်တာ 'ဒေါက်တာပရာကက်ရ်' ကိုပါ သွားထိသလို ဖြစ်သွားတာကိုး။ သူ့ကို ပုဂ္ဂိုလ်ရေးစော်ကားလိုစိတ် မရှိကြောင်း အမှန်ပါဆိုတာကို ဘုရားရှင်ကို တိုင်တည်သစ္စာဆိုခဲ့ပါတယ်။ ဒါကြောင့်လားမသိဘူး။ နောက်နေ့ အစည်းအဝေးမှာ 'ဒေါက်တာပရာကက်ရ်' က ဘာမှမဖြစ်သလိုပုံစံမျိုးနဲ့ ကျွန်တော်တင်ပြတဲ့ ဌေရေးကြေးရေးကိစ္စတွေကို သူကပါ ထောက်ခံပြောကြားပေးတာ တွေ့ရပါတယ်။

တကယ်တော့ တာဝန်တစ်ခုကို ယုံယုံကြည်ကြည် အပ်နှင်းထားရင် အဲဒီသူကိုလည်း လုပ်ပိုင်ခွင့်ပေးထားရမှာပေါ့။ လုပ်ဟဲ့ လုပ်ဟဲ့ဆိုတော့ လုပ်ရပြီး ဌေကြေးကျတော့ မပေးရင် ဘယ်အလုပ်ဖြစ်ပါ့မလဲ။ ဌေကြေးသုံးစွဲမှုမှာ အဆီးအတားတွေ၊ အပိတ်အဆို့၊ အဖြတ်အတောက်တွေရှိနေရင် ဘယ်လိုမှ အလုပ်မဖြစ်နိုင်ပါဘူး။ ကျွန်တော့်အနေနဲ့ အစိုးရဌေကို ကိုယ့်ဌေလို သဘောထားပါတယ်။ တစ်ပြားတစ်ချပ်မှ မလေလွင့်အောင် စိစစ်သုံးစွဲပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အလုပ်က ရည်မှန်းချက်တွေ ကြီးတယ်။ ကြီးကြီးကျယ်ကျယ်ပြောရရင် နိုင်ငံတော်နဲ့ လူမျိုးသိက္ခာကို မြင့်မားစေမယ့် အလုပ်တွေပါ။ ကမ္ဘာ့အလယ်မှာ အိန္ဒိယနိုင်ငံ ခေါင်းထောင် ဂုဏ်တက်စေဖို့ ကျွန်တော်တို့ ကြိုးပမ်းနေကြတာပါ။ ဒါကြောင့် ဌေကုန်ကြေးကျတော့မှာမယ်။ ကပ်စေးနည်းနေလို့တော့ မရဘူး။ ဒါကြောင့်လည်း အစည်းအဝေးတွေမှာ ကျွန်တော်က နည်းနည်းဒေါသသံပါပြီး ဌေကြေးကိစ္စတွေ တောင်းခံမိခြင်း ဖြစ်ပါတယ်။ ပြန်စဉ်းစားကြည့်တော့ ကျွန်တော့်ကိုယ်ကျိုး လုံးဝ မပါပါဘူး။

ဌေကြေးအထောက်အပံ့ သုံးစွဲခွင့်ပမာဏ လုံလုံလောက်လောက် ရလာတော့ ကျွန်တော်တို့လုပ်ငန်းလည်း အရှိန်အဟုန်နဲ့ ခပ်မြန်မြန် တိုးတက်လာပါတယ်။ 'ပါမောက္ခဒါဝမ်' ကလည်း ကျွန်တော့်ကို အထောက်အကူ အများကြီး ပေးပါတယ်။ သူက တကယ့်ကို စွယ်စုံတော်သူပါ။ နည်းပညာလည်းတော်၊ ပေါင်းသင်းဆက်ဆံရေးလည်းတော်၊ လူမှုရေးလည်းတော်၊

အုပ်ချုပ်ရေးလည်း တော်တဲ့သူပါ။ ကျွန်တော်က သူနဲ့ အကြာကြီး တွဲလုပ်ရတယ်။ သူစကားပြောရင် ငေးပြီး နားထောင်နေရတယ်။ ကျောက်ဆစ်ရုပ်တောင် ခေါင်းညိတ်အောင် စကားပြောကောင်းတဲ့သူပဲ။ ဘယ်ကိစ္စကိုမဆို တရားမျှမျှတတ တက္ကဗေဒဆန်ဆန် သုံးသပ်ပြတတ်တယ်။ စာဘက်လည်း တော်တဲ့သူပဲ။ သူရခဲ့တဲ့ဘွဲ့တွေလည်း ကြည့်ပါဦး။ တစ်ခုနဲ့တစ်ခု လုံးဝ မဆိုင်တဲ့ ဘာသာတွေမှာ ဘွဲ့ယူခဲ့သူပဲ။ သခ္ဂါနဲ့ သိပ္ပံဘွဲ့ယူ၊ နောက်ထပ် ရူပဗေဒ အဓိကဘွဲ့ယူ။ ပြီးတော့ အင်္ဂလိပ်စာပေနဲ့ မဟာဝိဇ္ဇာဘွဲ့ ထပ်ယူ။ စက်မှုအင်ဂျင်နီယာပညာရပ်ကို ဆက်တက်ပြီး စက်မှုသိပ္ပံဘွဲ့။ နောက်တော့ လေကြောင်းအင်ဂျင်နီယာဘွဲ့။ ပြီးတော့ လေကြောင်းအင်ဂျင်နီယာပါရဂူဘွဲ့။ အမေရိကန်သွားပြီးလည်း ကယ်လီဖိုးနီးယား စက်မှုတက္ကသိုလ်က သခ္ဂါဘာသာနဲ့ ဘွဲ့ယူခဲ့သေးတယ်။

သူနဲ့ ကျွန်တော့်အဖွဲ့သားတွေ စကားဝိုင်းဖွဲ့လို့ ကျွန်တော်က ဘေးက အသာလေး ထိုင်နားထောင်နေတယ်။ ဗဟုသုတတွေ၊ ပညာတွေ အများကြီး ရတယ်။ သူက အမြဲ မေတ္တာ ကရုဏာတရားနဲ့ ယှဉ်ပြောတတ်တယ်။ အမြဲပဲ အကောင်းဘက်က ရှုမြင်သုံးသပ်တယ်။

၁၉၇၅ မှာ ကျွန်တော်တို့ဌာနက အစိုးရအဖွဲ့အစည်းထဲ ပါဝင်လာရတယ်။ ကျွန်တော်တို့ကောင်စီမှာ ဌာနပေါင်းစုံက ညွှန်ကြားရေးမှူးတွေ၊ အာကာသဌာနက အဆင့်မြင့်အရာရှိတွေ ပါဝင်ကြတယ်။

ဖွဲ့စည်းပုံအသစ်အရ ကျွန်တော်က အာကာသဌာနက တွဲဘက်အတွင်းရေးမှူး ‘တီဒင်ဆီရှန်’ နဲ့ အဓိကဆက်သွယ်ရပါတယ်။ ကျွန်တော်က ဗျူရိုကရက်တွေကို ကြည့်မရသူမို့ အစပထမမှာ သူ့ပုံစံကိုကြည့်ပြီး ဘဝင်မကျမိတာ အမှန်ပဲ။ ဒါပေမဲ့ မကြာခင်မှာ သူ့ကို မချီးကျူးဘဲ မနေနိုင်ဖြစ်လာရတယ်။ သူက အလုပ်သိပ်ကြိုးစားတယ်။ လူတကာကို နှိမ့်ချဆက်ဆံတယ်။ စိတ်သဘောထား အတော်ပြည့်ဝတယ်ဆိုတာ တွေ့လာရလို့ပါပဲ။

သိပ္ပံပညာဟာ နက်ရှိုင်းတယ်။ အခံမရှိရင် ရှင်းပြဖို့ ခက်တာတွေရှိတယ်။ ရှင်းပြလို့မရတာမျိုးကို ကြိုးစားရှင်းလေ ရှုပ်လေဖြစ်မယ်။ ဥပမာ ကျွန်တော့်အဖေဆိုရင် သိပ္ပံနဲ့ပတ်သက်လို့ အခြေခံ လုံးဝမသိဘူး။ သူ့ကို

ဂြိုလ်တုတည်ဆောက်ပုံ၊ ဒုံးပျံဖွဲ့စည်းပုံအကြောင်း သွားပြောလို့ ဘယ်နားလည်မလဲ။ အစည်းအဝေးတွေမှာလည်း ကျွန်တော့်ဘာသာရပ်နဲ့ပတ်သက်ရင် ကျွန်တော် သိပ်မပြောဘူး။ လူများစုက ဂြိုလ်တုနဲ့ဒုံးပျံကို ဘယ်သိပ်သိကြမလဲ။ ဒါကြောင့် စကားဝိုင်းတွေမှာ ကျွန်တော် ရှောင်ရှောင်ဖယ်ဖယ်နေတတ်တယ်။

တဖြည်းဖြည်းနဲ့ ကျွန်တော်နားလည်လာတာက သိပ္ပံနဲ့နည်းပညာတို့ရဲ့ ကွဲပြားခြားနားမှုပဲ။ သုတေသနနဲ့ ဖွံ့ဖြိုးမှုတို့ရဲ့ ကွဲပြားခြားနားချက်ပဲ။ သူတို့ဟာ ကွဲပြားခြားနားပေမယ့် ဆက်စပ်မှုလည်း ရှိနေလေရဲ့။ ဥပမာ-သိပ္ပံပညာရှင်နဲ့ အင်ဂျင်နီယာ ဆိုပါစို့။ တကယ်တော့ သူ့လိုင်းနဲ့သူ သီးခြားရှိတယ်။ ဒါပေမဲ့ သိပ္ပံပညာရှင်တွေ ပိုပြီးအောင်မြင်ဖို့အတွက် အင်ဂျင်နီယာဆိုတာ မရှိမဖြစ်ဘူး မဟုတ်လား။ ဂြိုလ်တုတို့၊ ဒုံးပျံတို့ လွတ်တင်မှုမှာ အင်ဂျင်နီယာရဲ့ အခန်းကဏ္ဍက မပါမဖြစ် ပါရတယ်။

❑

(၈)
စမ်းသပ်သူများ

ကျွန်တော်တို့အဖွဲ့က ဒုံးပျံစက် စမ်းသပ်ခြင်းနဲ့ ပမာဏကြီးမားသော ဒုံးပျံပစ်လွှတ်ရန် စီစဉ်ခြင်းတို့ကို လုပ်ရတယ်။ အချိန်နဲ့အမျှ တိုးတက်နေတဲ့ သိပ္ပံပညာနဲ့ နည်းပညာတို့ကိုလည်း မျက်ခြည်မပြတ် လိုက်နာကျင့်သုံးလေ့လာနေရတာပေါ့။ ၁၉၇၅ ခုနှစ်မှာ ဒုံးပျံပစ်လွှတ်မှု၊ ၁၉၇၆ မှာ ကမ္ဘာတစ်ခြမ်းပတ်ဂြိုလ်တု၊ ၁၉၇၈ မှာ ကမ္ဘာလုံးပတ်ဂြိုလ်တု လွှတ်တင်မှုတွေကို အဆင့်ဆင့်အောင်မြင်အောင် ဆောင်ရွက်ရတယ်။ တဖြည်းဖြည်း ပညာရည်တွေ ပြည့်ဝလာတာနဲ့အမျှ အရှိန်အဟုန် တိုးတက်မှုကလည်း မြန်ဆန်လာတယ်။ ကျွန်တော့်အဖွဲ့ကလည်း ဘယ်အခါကြည့်ကြည့် တက်ကြွနေကြတာပဲ။ ဆန်းသစ်မှုတစ်ခုခုကိုလုပ်ဖို့ အမြဲပဲ စိတ်ဆန္ဒရှိနေကြတယ်။ သူတို့တစ်ဦးချင်းစီရဲ့ တီထွင်မှုတွေကလည်း ကျွန်တော့်အတွက် တစ်ခါတစ်ခါ မျက်လုံးပြူးလောက်အောင် ဆန်းသစ်နေတယ်။

အလုပ်ကို စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားသူအဖို့ ပညာရည်က တစ်နေ့တခြား တက်လာသလို တီထွင်ဖန်တီးမှုကို လွှတ်လပ်စွာ ခွင့်ပြုလိုက်တဲ့အခါ တရှိန်တိုး တိုးတက်လာတာကို မျက်ဝါးထင်ထင် တွေ့ရတယ်။ သူတို့တစ်ဦးချင်းစီရဲ့ စွမ်းဆောင်ရည်က မြင့်တက်လာတာနဲ့ တစ်ချိန်တည်းမှာပဲ အုပ်စုလိုက် စုပေါင်းလုပ်ဆောင်မှုကလည်း အလေ့အကျင့်လို

ဖြစ်လာတယ်။ ကျွန်တော်တို့အလုပ်က တစ်ဦးကောင်း၊ တစ်ယောက်ကောင်း အရည်အသွေးပြည့်မီဖို့ အရေးကြီးတယ်။ ဒါထက် အရေးကြီးတာက မိမိတတ်ကျွမ်းတဲ့ပညာကို အများဆုံး ဆက်စပ်ပေါင်းကူး လုပ်ဆောင်နိုင်ရေးပဲ ဖြစ်တယ်။ ဂြိုလ်တုရော၊ ဒုံးပျံပါ နည်းပညာအရ အစိတ်အပိုင်းတစ်ခုနဲ့ တစ်ခု အနီးကပ်ဆုံး ဆက်စပ်မှုက ရှိနေတယ်။ တစ်နေရာ အသေးအဖွဲက အစ ချို့ယွင်းလို့မရဘူး။ ရှုပီ သန်းကုဋေချီ ကုန်ကျတဲ့ အစီအစဉ်ကြီးကနေ သံချက်အသေးအမွှာ၊ မူလိတစ်လုံးတလေ ချို့ယွင်းရုံနဲ့ အသားကုန် ပျက်စီးကုန်တတ်တယ်။ ထို့ကြောင့် အသေးအမွှားရော၊ အကြီးအမားကိုပါ အာရုံအထူးစိုက်ပြီး လုပ်ဆောင်နေရတယ်။ တကယ်ပဲ စိတ်မနား၊ လူမအားရတဲ့ အလုပ်ဖြစ်တယ်။

၁၉၇၄ ခုနှစ်၊ ဇွန်လမှာ ပိုမိုတိုးတက်စေတဲ့နည်းနဲ့ ဒုံးပျံလွှတ်တင်မှုကို ပြုလုပ်နိုင်ခဲ့တယ်။ အရင်အတွေ့အကြုံတွေအရ ချို့ယွင်းချက်၊ အားနည်းချက်တွေကို သိရှိပြီး ပြင်ဆင်နိုင်ခဲ့လို့လည်း ရာနှုန်းပြည့်နီးပါး စိတ်ကျေနပ်မှုကို ရခဲ့တယ်။ ဒုံးပျံရဲ့ အပေါ်ယံတည်ဆောက်မှုတွေ ပိုမိုစိတ်ချ တိုးတက်လာတယ်။ ထိန်းချုပ်မှုအင်ဂျင်နီယာပိုင်းကလည်း အဆင့်မြင့်လာတယ်။ အရင်က ဒီနိုင်ငံမှာ တစ်ခါမှ မသုံးဖူးတဲ့ ဆော့ဖ်ဝဲတွေကို သုံးနိုင်ပါတယ်။ ဒါကြောင့် ဒုံးပျံပစ်လွှတ်မှုကို ကျေနပ်အားရလောက်တယ်လို့ ဆိုရမယ်။ ဒုံးပျံလွှတ်တင်မှုမတိုင်မီက ကျွန်တော်တို့ရဲ့ စမ်းသပ်မှုများကို ကျွန်တော်တို့ကိုယ်တိုင် သိပ်စိတ်တိုင်းမကျလှဘူး။ အခုအချိန်ကျတော့ နိုင်ငံအဖို့ ဂုဏ်ယူလောက်တဲ့ အောင်မြင်မှုစစ်စစ်ကို ရခဲ့တယ်။ ဝန်ကြီးချုပ် 'အင်ဒီရာဂန္ဒီ' က ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်က ကျင်းပခဲ့တဲ့ လွှတ်တော်မှာ မိန့်ခွန်းပြောခဲ့ရာမှာ အိန္ဒိယဒုံးပျံနဲ့ ဂြိုလ်တုလွှတ်တင်မှုပညာဟာ ကျေနပ်လောက်အောင် တိုးတက်မှုအဆင့်ကို ရခဲ့ပါပြီ။ ၁၉၇၈ ခုနှစ်မှာ အိန္ဒိယရဲ့ ကမ္ဘာပတ် ဂြိုလ်တု စနစ်ကို စတင်နိုင်တော့မယ်လို့ ပြောကြားခဲ့တယ်။

အောင်မြင်မှုတွေ ကြားရသလိုပဲ နာကျင်မှုအတွေ့အကြုံများလည်း ရခဲ့တယ်။ တစ်နေ့မှာ ကျွန်တော်နဲ့ ကျွန်တော့်အဖွဲ့က ဒုံးပျံစနစ်ရဲ့ လိုအပ်ချက်များကို စစ်ဆေးပြုပြင်နေတုန်း ကျွန်တော့်မိသားစုထဲက နာရေးသတင်းကို ကြားရတယ်။ ကျွန်တော့်ရဲ့ ယောက်ဖလည်းဖြစ်၊ ကျွန်တော့်ကို ဘဝ

လမ်းညွှန်ခဲ့သူ ဆရာလည်းဖြစ်တဲ့ 'အာမက်ဂျလာလူဒင်' ကွယ်လွန်တယ်တဲ့။ ကျွန်တော် ချက်ချင်းပဲ ရုပ်သေးကြိုးပြတ် ဖြစ်သွားတယ်။ အလုပ်ကို ဆက်မလုပ်နိုင်တော့ဘူး။

'ဂျလာလူဒင်'က ကျွန်တော့်ငယ်ဘဝမှာ လမ်းကြောင်းညွှန်ပြပေးသူပါပဲ။ သူ့ရဲ့ဆုံးရှုံးမှုသတင်းက ကျွန်တော့်အပေါ် အတော်ပဲ ရိုက်ခတ်ခဲ့တယ်။ သူက ကျွန်တော့်ကို ဘဝနေနည်း၊ ထိုင်နည်း၊ ပေါင်းသင်းဆက်ဆံနည်းတွေ ပြသပေးသလို စာအုပ်တွေဖတ်ဖြစ်အောင် သူ့ပိုက်ဆံနဲ့ စာအုပ်တွေဝယ်ပေးတယ်။ စာဖတ်အလေ့အကျင့်ရအောင် ပျိုးထောင်ပေးတယ်။ ကျွန်တော် မြို့ကအပြန် လေဆိပ်ကို သူ လိုက်ပို့ပေးခဲ့တာ နောက်ဆုံးအကြိမ် သူနဲ့ တွေ့ခြင်းပါပဲ။ အဖေက အခု အသက်တစ်ရာတောင်ကျော်နေပြီ။ သူ အသက် ကြီးကာမှ သူ့သားလိုဖြစ်တဲ့ သမက် ဆုံးရှုံးမှုအတွက် အတော်ယူကျုံးမရ ဖြစ်နေရှာတယ်။ အစ်မ 'မိုဟာရာ' ခမျာလည်း လေးနှစ်သမီးလေးတစ်ဦးနှင့် အတူ ခိုကိုးရာမဲ့ မုဆိုးမဖြစ်တော့မယ်။ ကျွန်တော် မျက်ရည်တွေ ဝိုင်းလာ တယ်။ ဒါကြောင့် လုပ်လက်စအလုပ်ကို 'ဒေါက်တာသီရိနီဗာဆန်'ကို လွှဲခဲ့ပြီး လုပ်ငန်းခွင်က ထွက်ပါတယ်။ ကျွန်တော့်ယောက်ဖ နာရေးကို မသွားမဖြစ် သွားရတော့မှာပဲ။

တစ်ညလုံး ကားစီးပြီး နောက်နေ့မှ ရာမီဆွာရမ်ကို ရောက်တယ်။ လမ်းတစ်လျှောက်လုံးလည်း 'ဂျလာလူဒင်'နဲ့ ပြောဆိုနေထိုင်ခဲ့ပုံတွေက ရုပ်ရှင်ပြသလို မြင်ယောင်နေမိတယ်။ အိမ်ရောက်တော့ ပိုဆိုးတယ်။ အစ်မနဲ့ တူမလေးက အသည်းအသန် ငိုကြွေးနေကြလို့ပဲ။ ကျွန်တော်ကတော့ ငိုစရာမျက်ရည် မကျနိုတော့ဘူး။ 'ဂျလာလူဒင်'ရဲ့ နောက်ဆုံးခရီးကို အကောင်းဆုံး စီစဉ်ပေးခဲ့ပါတယ်။

အဖေအိုကြီးက ကျွန်တော့်လက်ကို အကြာကြီး ဆုပ်ကိုင်ထားတယ်။ သူမှာလည်း ငိုစရာမျက်ရည် ကျန်တော့ပုံမပေါ်။

"သားရယ် အဖေ ဘာမှမပြောချင်တော့ဘူး။ အလွှာဟ်အရှင်မြတ်ရဲ့ စီရင်ချက်လို့ပဲ အဖေတို့ နာခံရမယ်။ အလွှာဟ်အရှင်မြတ်ဟာ အဖေတို့ရဲ့ အုပ်ထိန်းသူပဲ။ အလွှာဟ်အရှင်မြတ်အပေါ် သား အမြဲတစေ ယုံကြည်မှုရှိနော်"

အဖေက ကျွန်တော့်ကို တရားချ၏။ သေရမည်ကို ကျွန်တော်

မကြောက်ပါ။ လူတိုင်းသေရမည်ကို ကျွန်တော်သိသည်။ သို့သော် "ဂျလာလူဒင်" လောကကြီးက စွန့်ခွာသွားတာက စောလွန်းလှ၏။ ဒါကြောင့် ကျွန်တော် ဖြေနိုင်မည်မဟုတ်ပါ။

"သန်ဘာ"မြို့ကို ပြန်ရောက်တော့ လုပ်ငန်းခွင်ထဲမှာ စိတ်နှစ်ထားမှ ကျွန်တော် ဖြေသာသည်။ "ပါမောက္ခဒါဝမ်"က ကျွန်တော်ရဲ့အလုပ်တွေကို ချီးကျူးစကား လာပြော၏။ နည်းပညာများကို မျက်ခြည်မပြတ် ဆည်းပူးဖို့ လမ်းညွှန်တယ်။

ကျွန်တော်တို့က ဒုံးပျံနှင့်ဂြိုလ်တုပုံကြမ်းလည်း ဆွဲပြီးပြီ။ လိုအပ်မည့် ပစ္စည်းတွေလည်း စုဆောင်းပြီးပြီ။ "ဆာဆီကူမာ"က ရှုပ်ထွေးလှတဲ့ ကွန်ရက် အဆက်အစပ်တွေကို စလုပ်ပြီ။ "နမ်ဘူဒင်"နဲ့ "ပီလော"တို့ကတော့ ဒုံးပျံရဲ့ စက်လေးလုံးကို တည်ဆောက်တာ နေ့ရောညပါပဲ။ "အမ်အက်စ်အာရ်ဒေ့ဗ်"နဲ့ "ဆန်ဒလပ်စ်"တို့က စက်ပိုင်းဆိုင်ရာနဲ့ လျှပ်စစ်ပိုင်းဆိုင်ရာတွေကို ဆင်ကြတယ်။ "မာဒါဗန်နဲ"နဲ့ "မူသီ"တို့ကတော့ အီလက်ထရွန်နစ်လုပ်ငန်းတွေကို အာရုံစိုက်လုပ်နေကြရတယ်။ "ယူအက်စ်ဆင်း"ကတော့ ဒုံးပျံလွှတ်တင်မယ့်စင်မှာ ချို့ယွင်းချက်မရှိရအောင် ဂရုတစိုက် တည်ဆောက်နေတယ်။ ရေဒါနဲ့ပတ်သက်တာလည်း သူပဲ တာဝန်ယူရတယ်။ သူက စမ်းသပ်ပျံသန်းဖို့ကိစ္စလည်း အသေးစိတ် အစီအစဉ်ရေးဆွဲနေရသူပဲ။ "ဒေါက်တာဆွန်ဒါရာရာဂျန်"ကတော့ စီမံကိန်းအောင်မြင်ရေးအတွက် အချိန်မီ လုပ်ဆောင်ရေးကိစ္စတွေကို တွက်ချက်ရတာဆိုတော့ ခေါင်းမဖော်အားရှာဘူး။ "ဒေါက်တာသီရိနီဗာဆန်"ကတော့ ကျွန်တော် အနီးကပ်တာဝန်ပေးတာတွေရယ်၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာတွေကို ဇယ်စက်အောင် လုပ်နေရတယ်။ သူက ကျွန်တော့်ရဲ့လက်ထောက်၊ ဒုတိယစီမံကိန်းညွှန်ကြားရေးမှူးပဲ။ သူက တကယ်အားကိုးရတဲ့ ပညာရှင်ပဲ။ လစ်ဟာချက်မရှိအောင် သူ အစစအရာရာ လုပ်တတ်ကိုင်တတ်လို့ ကျွန်တော် မျက်နှာလွဲရတဲ့သူပဲ။ လူတစ်ယောက်နဲ့ တစ်ယောက် တတ်ထားတဲ့ပညာတွေက မတူညီကြဘူး။ ဒါပေမဲ့ ရည်မှန်းချက် တစ်ခုအတွက် ပူးပေါင်းဆောင်ရွက်ကြတာတွေကိုကြည့်ပြီး အကောင်အထည်ဖော်နေကြတာ စဉ်းစားကြည့်တော့ တော်တော်အံ့သြစရာကောင်းတယ်။

ကျွန်တော်က ဌာနချုပ်က ‘ရာဂျန်’နဲ့ သိကျွမ်းခွင့်ရတာလည်း ကံကောင်းတယ် ပြောရမှာပဲ။ သူကမှ တကယ် ဘက်စုံထူးချွန်တဲ့သူပဲ။ လျှပ်စစ်ပိုင်းဆိုင်ရာရော၊ အင်ဂျင်နီယာပိုင်းဆိုင်ရာရော၊ သိပ္ပံနည်းပညာရော၊ အုပ်ချုပ်ရေးရော အကုန်တော်တယ်။ ကျွန်တော်က သတင်းစာဆရာတွေနဲ့ တွေ့တိုင်း သူ့အကြောင်း မပါမဖြစ် ချီးကျူးပြောဆိုတတ်တယ်။ ကျွန်တော် တို့စီမံကိန်းကို ပြင်ပကနေ သိပ်ကို အထောက်အကူပေးနိုင်တဲ့သူပဲ။

၁၉၇၆ ခုနှစ်မှာ အဖေ ကွယ်လွန်ခဲ့တယ်။ အသက် သိပ်ကြီးလာတော့ သူ့ခမျာ တရှောင်ရှောင်နဲ့နေရင်းက လူကြီးရောဂါနဲ့ ကွယ်လွန်တာပါပဲ။ မှည့်ခွဲမှုမှာ ကြွေတဲ့သဘောပါ။ သူသားမက် ‘ဂျလာလူဒင်’ ကွယ်လွန်တဲ့ အတွက်လည်း စိတ်ဓာတ်တွေကျပြီး သူကိုယ်တိုင် စိတ်က လျော့လိုက်တဲ့ ပုံလည်း ပေါ်တယ်။

ကျွန်တော်က အဖေ့ကျန်းမာရေးအတွက် မြို့က အကောင်းဆုံး ဆရာဝန်တွေကို ခေါ်ခေါ်လာတတ်ပြီး ကုသပေးတယ်။ အဖေက ဆရာဝန် ခေါ်လာတိုင်း ပြောတတ်တာက-

“ဒီမှာ ငါ့သား၊ သားကိုယ်တိုင် လာတာကိုပဲ အဖေ ဝမ်းသာလှပါပြီ ကွယ်။ ဆရာဝန်တွေ ဘာတွေ တကူးတက ခေါ်လာစရာမလိုပါဘူး။ ပိုက်ဆံ အလကား အကုန်မခံပါနဲ့သားရယ်” ဆိုတာပါပဲ။

ကျွန်တော့်အဖေ ကွယ်လွန်ချိန်မှာ အသက် ၁၀၂ နှစ် ရှိပါပြီ။ သူ ကွယ်လွန်ချိန်မှာ မြေး ၁၅ ယောက်နဲ့ မြစ်တစ်ယောက် ကျန်ခဲ့တယ်။ သူက ဘဝကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းသွားခဲ့သူပါ။ အဖေ့ အသုဘကိစ္စ ပြီးစီးတဲ့ညမှာ ကျွန်တော်တစ်ယောက်တည်း ထိုင်ရင်းနဲ့ ‘အော်ဒင်’ရဲ့ ကဗျာ တစ်ပိုင်းတစ်စကို သတိရမိတယ်။

“ကမ္ဘာမြေကြီးရယ်
ခင်ဗျားအတွက် ဂုဏ်ယူစရာဇနည့်သည်
လက်ခံထားပါတော့ကွယ်
သူရှင်သန်ခဲ့တဲ့ ဘဝခရီးတစ်လျှောက်မှာ
ဥပမာပြသင်ပေးခဲ့တာ များလှစွာ”

အဖေကွယ်လွန်ခဲ့တာ ရိုးရိုးရှင်းရှင်းလေးပါ။ အများပြည်သူ ကြေညာ

ချက် မထုတ်ပြန်။ အလံတွေ တစ်ဝက်ချတာမရှိ။ သတင်းစာထဲမှာ ဝမ်းနည်းကြေကွဲမှုတွေ မဖော်ပြ။ အဖေက နိုင်ငံရေးသမားလည်းမဟုတ်။ ပညာရှင်လည်းမဟုတ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးမှ မဟုတ်တာ။ သူက တကယ့်ရိုးရိုးစင်းစင်း သာမန်လူသား။ ဒါပေမဲ့ အဖေက ဘဝခရီးတစ်ခုလုံး ကောင်းတာတွေပဲ ကျင့်ကြံလုပ်ဆောင်ခဲ့တယ်။ လောကကြီးကို ဘာဒုက္ခမှမပေးခဲ့ဘူး။ သူသားသမီးနဲ့ ပတ်ဝန်းကျင်ကိုတော့ စံနမူနာကောင်းတွေ ပြခဲ့နိုင်သူပါ။

အဖေပြောတတ်တာတစ်ခုလည်း မှတ်မိနေသေးတယ်။

"အဘူဘင်အက်ဒင်" ဆိုတဲ့ ပုဂ္ဂိုလ်ကြီးအကြောင်း။ သူဟာ တစ်ညမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာက ရုတ်တရက် နိုးလာတယ်။ သူတွေ့လိုက်ရတာက နတ်သားတစ်ပါးက ရွှေစာအုပ်မှာ ထာဝရဘုရားရှင်ကို ချစ်ကြည်ညိုတဲ့သူတွေ နာမည် ရေးနေတာတဲ့။ "အဘူ"က နတ်သားကို မေးလိုက်တယ်။ သူ့နာမည်ကော စာရင်းထဲမှာပါသလားတဲ့။ နတ်သားက မပါဘူးလို့ ဖြေခဲ့တယ်တဲ့။ ဒါပေမဲ့ သူက စိတ်ဓာတ်မကျဘူး။ ဒါဆိုရင် လူသားတွေကို ချစ်တဲ့သူနေရာမှာ ငါ့နာမည်ကို ရေးလိုက်ကွာလို့ နတ်သားကို ပြောလိုက်တယ်။ နတ်သားက သူပြောတဲ့အတိုင်းရေးပြီး ပျောက်သွားတယ်။ နောက်တစ်နေ့ညမှာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ နတ်သား ပြန်ပေါ်လာတယ်။ ပြီးတော့ ထာဝရဘုရားရှင်က ကောင်းချီးပေးတဲ့သူတွေ နာမည်စာရင်း သူ့ကိုပြတယ်။ အဲဒီစာရင်းမှာ "အဘူ"ရဲ့နာမည်က ထိပ်ဆုံးမှာပါတာ သူတွေ့လိုက်ရတယ်။

ကျွန်တော် အမေ့ဘေးမှာ ထိုင်နေပါတယ်။ ဘာစကားတစ်ခွန်းမှ မပြောမိဘူး။ ကျွန်တော် မြို့ကိုပြန်မယ်လုပ်တော့ အမေက ဆို့နှင့်တဲ့အသံနဲ့ ကျွန်တော့်ကို ဆုတွေပေးတယ်။ သူက သူ့ခင်ပွန်း တစ်သက်လုံးနေတဲ့ အိမ်မှာပဲ ခေါင်းချမယ်လို့ စိတ်ပိုင်းဖြတ်ထားသူပဲ။ ကျွန်တော်ကလည်း အမေနဲ့အတူ မနေနိုင်တာကို သူ ဝမ်းနည်းပက်လက်ဖြစ်နေပုံရတယ်။ တစ်ယောက်စီ သူ့ရည်မှန်းချက်နဲ့သူ ဦးတည် လျှောက်လှမ်းနေကြတာပဲ။ ကျွန်တော်က သိပ်ပြီး အသည်းမာ သံယောဇဉ်ပြတ်တတ်သူပါ။ မိမိအလုပ်ကို မိဘဆွေမျိုးတွေထက် ပိုချစ်တယ်ပြောရမလား။ နောက်များမကြာမီ

အမေ ကွယ်လွန်သွားတော့ ကျွန်တော့်ကိုယ်ကျွန်တော် ယူကျုံးမရဖြစ်လို့ မဆုံးပါပဲ။

ဒုံးပျံပညာနဲ့ပတ်သက်လို့ ကျွန်တော် ပညာထပ်ဆည်းပူးဖို့ ပြင်သစ်နိုင်ငံကို သွားရတယ်။ ကျွန်တော် ပြင်သစ်ကို ထွက်ခွာခါနီးဆဲဆဲမှာပဲ တိုက်တိုက်ဆိုင်ဆိုင် အမေဆုံးတဲ့သတင်း ကြားရတယ်။ ကျွန်တော်လည်း ခွင့်မရမကယူပြီး ညတွင်းချင်း မြို့ကိုပြန်ခဲ့တယ်။ ကျွန်တော့်ကို မွေးဖွားပေးခဲ့တဲ့ အဖေနဲ့အမေ။ ခုတော့ ကျွန်တော့်ကို ထာဝရထွက်ခွာသွားကြပြီပဲ။ သူတို့ကတော့ ခရီးလမ်းဆုံးပန်းတိုင်ကို ရောက်သွားကြပြီ။ ကျန်တဲ့သူတွေကတော့ ဆက်ပြီး ခရီးနှင်ကြပေါ့။ ညနေတိုင်း အဖေ ကျွန်တော့်ကိုခေါ်သွားတဲ့ ဗလီမှာ ကျွန်တော် ဝတ်ပြုတယ်။ အမေဟာ အဖေမရှိတော့တာနဲ့ ဒီလောကမှာ အသက်ရှင်ချင်ပုံ မပေါ်တော့ကြောင်း ဘုရားရှင်ကို လျှောက်ထားလိုက်တယ်။

အိမ်မှာ နမာဇ်သံပြိုင် ရွတ်ကြတယ်။ တစ်အိမ်လုံးက ဗလီဖြစ်သွားတယ်။ အဖေနဲ့အမေက သွားနှင့်ကြပြီး ကျွန်တော်တို့သားသမီးတွေက နောက်က လိုက်ကြရမှာပေါ့။

နောက်တစ်နေ့မှာ ကျွန်တော် 'သန်ဘာ'ကို ပြန်ပါတယ်။ လွမ်းတာ ဆွေးတာတွေ အသာဖျောက်ပြီး ပြင်သစ်သွားဖို့ ပြင်ရပြန်တယ်။ ပြင်သစ်နိုင်ငံမှာ ကျွန်တော်တို့လုပ်ကိုင်ထားတဲ့ ဒုံးပျံကို စမ်းသပ်ပစ်လွှတ်ရတယ်။

ပြင်သစ်ကပြန်လာပြီးတဲ့အခါ ကျွန်တော်တို့ အပတ်တကုတ် ကြိုးစားလုပ်ကိုင်ခဲ့တဲ့ ဒုံးပျံရဲ့ စက်ပိုင်းဆိုင်ရာ စိတ်ချရပြီဆိုတာ သိလိုက်ကြတယ်။ တစ်နေ့မှာ 'ဒေါက်တာပရာကက်ရ်'က 'ဝင်မာဗွန်ဘရောင်း' လာမယ့်အကြောင်း သတင်းလာပေးတယ်။ ဒုံးပျံပညာတတ်တဲ့သူတိုင်း 'ဘရောင်း'ကို သိကြတယ်။ သူက ဒုတိယကမ္ဘာစစ်ကာလအတွင်း 'ဗွီတူး'ဒုံးကျည်တီထွင်ပြီး လန်ဒန်ကို ပစ်လွှတ်ချေမှုန်းခဲ့သူပဲ။ စစ်ပြီးခါနီးမှာ 'ဘရောင်း'ကို မဟာမိတ်တပ်တွေက ဖမ်းဆီးခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့ပညာရည် မြင့်မားထူးချွန်မှုအရ သူ့ကို 'နာဆာ'ရဲ့ ဒုံးပျံအစီအရင်မှာ ထိပ်တန်းရာထူးကြီးပြန်ပေးခဲ့ရတယ်။ အမေရိကန်တပ်မတော်မှာ အမှုထမ်းရင်းနဲ့ သူက ကီလိုမီတာ ၃၀၀၀ ထိ ပစ်လွှတ်နိုင်တဲ့ 'ဂျူပီကာ' ဒုံးပျံကို တီထွင်ပေးခဲ့လို့

ကမ္ဘာကျော်ခဲ့သူပဲ။ ကျွန်တော့်ကို ဒေါက်တာပရာကက်ရ်က ဘရောင်းနဲ့တွေ့ဆုံပြီး သူ့ကို သန်ဘာကို ခေါ်လာဖို့ ပြောတော့ ကျွန်တော် အတော်တုန်လှုပ်သွားတယ်။

ဗွီတူးဒုံးပျံဟာ ဒုံးပျံသမိုင်းမှာ မှတ်တမ်းတင်မှု ထိပ်ဆုံးဆင့်ကရှိခဲ့တဲ့ ဒုံးပျံပဲ။ ဒီဒုံးပျံအမျိုးအစားကို ၁၉၂၀ ဝန်းကျင်က ဘရောင်းနဲ့ သူ့အဖွဲ့က တီထွင်ခဲ့တယ်။ ပထမတုန်းကတော့ အရပ်ဘက်ဆိုင်ရာ စမ်းသပ်မှု လုပ်နေရာကနေ သူတို့ကို စစ်တပ်က ခေါ်သုံးခဲ့လို့ ဘရောင်းဟာ ဂျာမန်တပ်မတော်ရဲ့ ဒုံးပျံဌာနမှာ ညွှန်ကြားရေးမှူးဖြစ်လာတယ်။ ၁၉၄၂ ခုနှစ်၊ ဇွန်လမှာ ဗွီတူးဒုံးပျံကို စတင်ပစ်လွှတ်ခဲ့တာ မအောင်မြင်ခဲ့ဘူး။ လေထဲမှာတင် ပေါက်ကွဲပျက်စီးသွားတယ်။ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှာ ထပ်ပစ်လွှတ်တာ အောင်မြင်သွားတယ်။ ဒီဒုံးပျံဟာ ဒုံးပျံသမိုင်းမှာ စံချိန်တင်သွားတဲ့ အသံထက်မြန်တဲ့ ပထမဆုံး ဒုံးပျံပါပဲ။ ၁၉၂၂ ခုနှစ်၊ ဇပြီကနေ အောက်တိဘာအတွင်းမှာ ဗွီတူးဒုံးပျံတွေ ဘရောင်းရဲ့ ကြီးကြပ်မှုနဲ့ လုပ်ခဲ့ကြတယ်။ သူတို့ရဲ့ ဒုံးပျံစစ်ရုံးက မြေအောက်မှာ ဆောက်ထားတယ်။ ကမ္ဘာကျော်ပညာရှင်ကြီးနဲ့ တွေ့ဆုံပြီး သူနဲ့ နေရာတကာ လျှောက်လိုက်ရမယ်ဆိုတော့ ကျွန်တော်တို့အားလုံးက ကြောက်တာပေါ့။

ကျွန်တော်တို့ မဒရပ်စ်ကနေ တြိဗါဒရမ်မြို့ကို လေယာဉ်နဲ့ မိနစ် ၉၀ စီးပြီး လာကြတယ်။ တစ်လမ်းလုံး ဘရောင်းက ကျွန်တော်တို့ရဲ့ ဒုံးပျံအခြေအနေကို မေးတာ ဘာမှနားမလည်တဲ့ ကျောင်းသားကလေးကျနေတာပဲ။ ခေတ်သစ်ဒုံးပျံပါရဂူကြီးက ခုလို နှိမ့်ချ ယဉ်ကျေးစွာနဲ့ ကျွန်တော်တပည့်လေးကို ကျိုးနွံနေတာ မြင်ရတော့ အံ့သြမိတယ်။ သူက နားထောင်သူကောင်းတစ်ယောက်ဖြစ်လို့ ကျွန်တော် သူနဲ့ ဆက်ဆံရတာ ရိုးတိုးရှင်းတန် မဖြစ်တော့ဘူး။ မကြာခင် သူနဲ့ တရင်းတနှီးရှိသွားတယ်။

သူက လေယာဉ်ပေါ်မှာတင် ကျွန်တော်တို့ရဲ့ ဒုံးပျံအခြေအနေတွေကို ခြုံမိုင်ငုံမိသိသွားတော့ ကျွန်တော်တို့ရဲ့ အားနည်းချက်တွေကိုပါ ထောက်ပြခဲ့တယ်။ ကြုံလာနိုင်မယ့် ပြဿနာအခက်အခဲတွေကိုလည်း ကြိုတင်သတိပေးခဲ့တယ်။

ဂျာမနီက ထိပ်တန်းဒုံးပျံပါရဂူကြီးအနေနဲ့ အမေရိကန်မှာ နေရတာ ဘယ်လိုလဲဆိုတဲ့ မေးခွန်းမျိုးကို ကျွန်တော် သူ့ကိုမေးမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အမေရိကမှာ နေထိုင်ရင်း အပိုလိုစီမံကိန်းမှာ 'စေတန်' ဒုံးပျံ တီထွင်ပြီး လပေါ်ကိုသွားနိုင်တဲ့အထိ လုပ်ပေးတဲ့ အဓိကပုဂ္ဂိုလ်ကြီး ဖြစ်နေတာကိုး။

"အမေရိကဆိုတာ အရာရာကို လုပ်နိုင်စွမ်းရှိတဲ့ နိုင်ငံကြီးပဲ။ ဒါပေမဲ့ သူတို့က အမေရိကန်လူမျိုးမဟုတ်တဲ့သူတွေအပေါ် သံသယနဲ့ သတိထားဆက်ဆံတတ်ကြတယ်။ သူတို့က တခြားနိုင်ငံက ပုဂ္ဂိုလ်တွေရဲ့ နည်းပညာတွေကိုလည်း အပေါ်စီးကနေကြည့်ပြီး အထင်သေးလေ့ရှိကြတယ်။ ဒါကြောင့် ခင်ဗျား တစ်ခုမှတ်ထား။ ဒုံးပျံလုပ်ချင်ရင် သူများကို သိပ်အားမကိုးနဲ့။ ကိုယ့်ဘာသာကိုယ် ကြိုးစား"

'ဗွန်ဘရောင်း'က ထိုသို့ပင် ကျွန်တော့်ကို အကြံပေးဖူး။

"ခင်ဗျားတို့ အခုတီထွင်ထားတဲ့ ဒုံးပျံက အိန္ဒိယပုံစံအစစ်ပဲ။ ပြဿနာအခက်အခဲတော့ ကြုံရမှာပဲ။ ဒါပေမဲ့ တစ်ခုမှတ်ထားဗျ။ အောင်မြင်မှုဆိုတာက တစ်ခါတည်း ရချင်မှ ရမယ်။ ဆုံးရှုံးမှုတွေပေါ်မှာ အခြေတည်ပြီးမှ အောင်မြင်လာရတာပဲ"

"ခင်ဗျားတို့ အလုပ်သိပ်ကြိုးစားလုပ်ကြ၊ အပင်ပန်းသိပ်ခံကြတာတွေ့တယ်။ အလုပ်ကြိုးစားတာချည်းပဲ ဒုံးပျံပညာမှာ လိုအပ်တာမဟုတ်ဘူး။ မဟာဗျူဟာကိုလည်း မှန်မှန်ကန်ကန်ချတတ်မှ အောင်မြင်မှာ"

"ဒုံးပျံပညာမှာ ခင်ဗျား တကယ်စိတ်ဝင်စားဖို့လိုတယ်။ ဒီပညာက အသက်မွေးဝမ်းကျောင်းပညာ မဟုတ်ဘူး။ ဒါကို ဘာသာတရားအနေနဲ့ ကိုးကွယ်ဆည်းကပ် ယုံမှတ်ထားဖို့ပဲ လိုတယ်"

'ဗွန်ဘရောင်း'ရဲ့ စကားတွေ အားလုံးက ထူးခြားတယ်။ မှတ်သားဆင်ခြင်စရာအပြည့်ပဲ။ မိသားစုအတွင်းမှာ သုံးဦးဆက်တိုက် ကွယ်လွန်ခဲ့လို့ စိတ်ဓာတ်ပျက်ယွင်းသလိုဖြစ်လာတဲ့ ကျွန်တော်က 'ဘရောင်း'ရဲ့စကားတွေကြားမှာ ပြန်ပြီး အသက်ဝင်လာသလိုပဲ။

ကျွန်တော့်ဘာသာလည်း ကျွန်တော် ဝေဖန်သုံးသပ်မိတယ်။ ကျွန်တော် ဒီဒုံးပျံနယ်ပယ် ရောက်လာကတည်းက ဘဝနေမှုဟန်ပန်တွေ ပြောင်းလာ

ခဲ့တယ်။ ညနေတိုင်း အားကစား မကစားဖြစ်တော့ဘူး။ စနေ၊ တနင်္ဂနွေတွေရဲ့ အားလပ်ရက်ဆိုတာ မရှိတော့ဘူး။ မိသားစုနဲ့ ကင်းကွာပြီး မိတ်ဆွေအပေါင်းအသင်းနဲ့ပါ မတွေ့တာကြာပြီ။ နေ့ရောညပါ ဒုံးပျံ၊ ဒုံးပျံ၊ ဒုံးပျံ။ "အလုပ်စွဲရောဂါ" လိုဖြစ်လာပြီး လူကပါ ကြာတော့ ကြောင်တောင်တောင် ဖြစ်လာသလိုပဲ။

၁၉၇၉ မှာ ကျွန်တော်တို့အထဲက ခြောက်ယောက်အဖွဲ့က ရှုပ်ထွေးလှတဲ့ ဒုတိယအဆင့်ဖြစ်တဲ့ ထိန်းချုပ်မှုစနစ်ကို တွက်ချက်ကြ၊ စမ်းသပ်ကြတဲ့ အခြေအနေကို ရောက်လာကြပြီ။ စမ်းသပ်မှုလုပ်တုန်းမှာပဲ ပေါက်ကွဲမှုဖြစ်ပြီး အဖွဲ့ဝင်အားလုံး မီးလောင်ဒဏ်ရာကိုယ်စီ ရကြတယ်။ အနီးအနားက ကောလိပ်ဆေးရုံကို အမြန်သွားပြီး ကုသမှုခံယူကြရတယ်။ ဆေးရုံမှာက လည်း လူနာတွေကအပြည့်၊ ကျွန်တော်တို့ခြောက်ယောက်စာ နေရာမရှိဘူး။

"ဆီဗါရာမခရစ်နန်နဲ့" ဆိုရင် တစ်ကိုယ်လုံး အက်စစ်ထိထားတဲ့နေရာဗလပွ။ ဆေးရုံရောက်တော့ သူ သတိတောင်မေ့သွားပြီ။ သူ့ကုတင်ဘေးမှာ ကျွန်တော် စောင့်အိပ်ခဲ့တယ်။ မနက်ငါးနာရီလောက်ကျမှ သူ သတိပြန်လည်လာတယ်။ သတိရလာလာချင်း သူက ကျွန်တော့်ကို တောင်းပန်တယ်။ သူ့ကြောင့် စီမံချက်မအောင်မြင်တာ ဝမ်းနည်းပါတယ်လို့ဆိုတယ်။ ခုလို ဒဏ်ရာအပြင်းအထန်ရနေတဲ့အချိန်မှာတောင် သူ့ရဲ့ အလုပ်အပေါ်သဘောထားက သိပ်လေးနက်တာ တွေ့လို့ ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်။

မနက်မိုးလင်းကစပြီး ကျွန်တော်တို့ ဓာတ်ခွဲခန်းထဲမှာ တကုပ်ကုပ် လုပ်ကြတယ်။ သတိရလို့ အချိန်ကြည့်လိုက်ရင် ညရှစ်နာရီကျော်နေပြီ။ တခြားဝန်ထမ်းတွေ အလုပ်ဆင်းသွားတာ အတော်ကြာလှပြီ။ အလုပ်ထဲမှာ နစ်မြုပ်နေလို့ နေ့လယ်စာ လွတ်သွားတာလည်း ခပ်များများ။ ဆာလို့ဆာမှန်း မသိအောင် အလုပ်ထဲမှာ အာရုံစိုက်နေကြတာ။

၁၉၇၉ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှာ ပထမဆုံး စမ်းသပ်လွှတ်တင်မှုလုပ်ဖို့ စီစဉ်ကြတယ်။ ၂၃ မီတာ ရှည်လျားပြီး အဆင့်လေးဆင့်ရှိတဲ့ ဒုံးပျံကြီးဟာ ၁၇ တန် အလေးချိန် ရှိတယ်။ မနက် ၇ နာရီ ၅၈ မိနစ်မှာ စပြီး လွှတ်တင်တယ်။

ပထမအဆင့်ကတော့ ချောချောမောမောပဲ။ ဒီကနေ ဒုတိယအဆင့်

ဆီကို ချောချောမောမော ရောက်သွားဖို့ လိုတယ်။ ကျွန်တော်တို့အားလုံး အခြေအနေကို စောင့်ကြည့်ကြရတာ ရင်တထိတ်ထိတ်နဲ့ အသက်တောင် မရှူရဲကြဘူး။ မကြာခင် မမျှော်လင့်တာ ဖြစ်သွားတယ်။ ဒုတိယအဆင့်ကို ထိန်းချုပ်လို့ မရတော့ဘူး။ ပုံသန်းမှု ၃၁၇ စက္ကန့်အတွင်းမှာ ပျက်စီးပြီး ပင်လယ်ထဲကို ကျသွားတယ်။ 'သီရိဟာရီတာ'ရဲ့ ကီလိုမီတာ ၅၆၀ အကွာ က ပင်လယ်ထဲကို။

အားလုံးပဲ ခေါင်းငိုက်စိုက်ကျသွားကြတယ်။ ကျွန်တော်က မကျေနပ်မှုနဲ့ ဒေါသနဲ့ ရောထွေးနေတဲ့ခံစားမှုကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရင်နေတယ်။ ခြေထောက်က တောင့်တင်းလာပြီး မတ်တပ်ရပ်လို့တောင် မရတော့ဘူး။ ပြဿနာက ခန္ဓာကိုယ်မှာဖြစ်တာ မဟုတ်ဘူး။ စိတ်မှာဖြစ်တာ။

ရုပ်ပြေးယာဉ် 'နဒ္ဒ'ပျက်ခဲ့တာကအစ အခုပျက်တာအဆုံး ရုပ်ရှင်ပြသလို တစ်ခုချင်း အာရုံမှာ ပေါ်လာတယ်။ စိတ်ရောကိုယ်ပါ နှစ်ပြီးနေ့ရောညပါ ကြိုးစားလုပ်ဆောင်မှုတွေက စက္ကန့်ပိုင်းအတွင်းမှာ ပြိုလဲကျသွားခဲ့ပြီပဲ။

"ဘာကြောင့် ခုလိုပျက်သွားရတာလဲ" လို့ တစ်စုံတစ်ယောက်က မေးရင် ကျွန်တော် ဘယ်လိုဖြေရမလဲ။ အဖြေကို တိတိကျကျ ရှာမဖွေဖို့တောင် အချိန် အတော်ယူရဦးမယ်။ ဒီမနက် လွတ်တင်ဖို့ တစ်ညလုံး စောင့်ခဲ့ကြရတယ်။ ပြီးခဲ့တဲ့တစ်ပတ်လုံးလည်း ကျွန်တော် တရေးမှ မအိပ်ရသေးဘူး။ ရုပ်ပိုင်းရော စိတ်ပိုင်းပါ ကျနေပြီ။ ပန်းနေပြီ။ ဒါကြောင့် အခန်းကို ချက်ချင်း သွားပြီး အိပ်ရာပေါ် ပစ်လဲချလိုက်တယ်။

ကျွန်တော့်ပခုံးကို နူးနူးညံ့ညံ့ ညင်ညင်သာသာ လာထိလို့ လန့်သွားတယ်။ မွန်းလွဲချိန်ရောက်သွားလို့ ညနေတောင် ရောက်နေပြီ။ 'ဒေါက်တာ ပရာကက်ရ်'က ကျွန်တော့်ကုတင်ဘေးမှာ ထိုင်နေတယ်။

"နေ့လယ်စာ မစားသေးဘူးလားကွ" သူက မေးတယ်။ သူ့ရဲ့ အကြင်နာ အမိန့်ပါတဲ့ စကားကြားရလို့ ချက်ချင်းပဲ နွေးထွေးတဲ့စိတ်ကို ခံစားလိုက်ရတယ်။ ကျွန်တော် မနိုးသေးလို့ သူ့ဒီအခန်းကို နှစ်ခေါက်တောင် လာခဲ့ပြီးပြီလို့ သူက ပြောတယ်။ သူက ကျွန်တော့်ကို တစ်ချိန်လုံး စောင့်

ကြည့်နေပြီးမှ သူနဲ့ နေလယ်စာစားဖို့ ခေါ်တာ။ ကျွန်တော် ဝမ်းနည်းနေတယ်။ ဒါပေမဲ့ ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်။ ဒေါက်တာပရာကက်ရဲ့ ရဲ့ နွေးထွေးတဲ့မေတ္တာက ကျွန်တော့်ကို ယုံကြည်မှုအပြည့် ပြန်အားသွင်းလိုက်သလိုပဲ။ နေ့လယ်စာစားရင်း သူက ကျွန်တော့်ကို ပေါ့ပေါ့ပါးပါးစကားတွေ ပြောတယ်။ ဒုံးပျံပျက်တဲ့အကြောင်း တစ်ခွန်းတပါဒမှ မပြောဘူး။ ကျွန်တော် စိတ်နည်းနည်းငြိမ်လာတယ်။

❑

(၉)
တည်ဆောက်သူများ

"ဒေါက်တာပရာကက်ရဲ့"က ဒီခက်ခဲတဲ့အချိန်တွေမှာ ကျွန်တော့်ကို အတော် အားပေးနှစ်သိမ့်ခဲ့သူပါ။ ကျွန်တော်တို့အဖွဲ့ကို ယာယီဖျက်သိမ်းပြီး အနားယူချင်သူကို ခေတ္တအနားယူခွင့်ပေးပါတယ်။ ဒီမအောင်မြင်မှုကြောင့် စိတ်ပျက်အားငယ်စရာ မလိုကြောင်းကိုလည်း မကြာခဏ ပြောတယ်။

"ခင်ဗျားရဲ့ ရဲဘော်ရဲဘက်တွေအားလုံးက ခင်ဗျားဘက်မှာ အမြဲပဲ ရပ်တည်နေကြတယ်" လို့လည်း ပြောပါတယ်။ တကယ်ပါပဲ။ ကျွန်တော်တို့ စိတ်ခွန်အား ပြန်ရလာအောင် သူတို့ အမျိုးစုံလုပ်ပေးခဲ့ကြတာ အမှတ်ရစရာပါပဲ။ အဲဒီကျေးဇူးတွေ ကျွန်တော် ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူး။

၁၉၇၉ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ လုပ်ငန်း ပြန်လည်သုံးသပ်စိစစ်တဲ့ အစည်းအဝေးလုပ်တယ်။ သိပ္ပံပညာရှင်ပေါင်း ၇၀ ကျော် တက်ကြတယ်။ အတတ်ပညာပိုင်းဆိုင်ရာ ချို့ယွင်းချက်၊ အားနည်းချက်တွေ အထင်းသား တွေ့ရတယ်။ "အက်စ်အေအသီသန်"ခေါင်းဆောင်တဲ့ သုံးသပ်မှု ကော်မတီက သေသေချာချာ ထောက်ပြစရာရှိတာ ထောက်ပြတယ်။ တကယ်တော့ ဒုတိယအဆင့် ထိန်းချုပ်မှုစနစ် ပျက်သွားတာပါပဲ။ အဲဒီ ပေါက်ကွဲမှုကြောင့် ကျန်တဲ့အဆင့်တွေ အလိုလိုပျက်ပြီး ပင်လယ်ထဲ ပျက်ကျ သွားရတာပေါ့။

ဒီဒုတိယအဆင့် ထိန်းချုပ်မှုစနစ်ရဲ့ ချို့ယွင်းမှုကို အသေးစိတ် အဖြေရှာ၊ လိုအပ်ချက်တွေ ပြုပြင်ရတယ်။ နောက်ဆုံးတွေ့ရှိချက်တွေကို သိပ္ပံပညာရှင်များညီလာခံမှာ 'ပါမောက္ခဒါဝမ်'ကို တင်ပြတယ်။ အားလုံးက လက်ခံကြပါတယ်။ ခုလို မအောင်မြင်ရတာ ကျွန်တော့်အပိုင်းမှာ ချို့ယွင်းချက်မရှိပေမယ့် တာဝန်ခံအနေနဲ့တော့ ကျွန်တော်လည်း အပြစ်မကင်းဘူးပေါ့။ ဒါကြောင့် အစည်းအဝေးမှာတင် ကျွန်တော် ထပြီး ပြောပါတယ်။

"ကျွန်တော့်လူတွေက သူတို့ချို့ယွင်းချက်ကို သူတို့ တင်ပြသွားပါတယ်။ ဒါပေမဲ့ တကယ်တာဝန်ရှိသူက ကျွန်တော်ပါ။ ကျွန်တော် တာဝန်ရှိသူအနေနဲ့ ကြိုက်တဲ့ပြစ်ဒဏ်ပေးပါ။ ကျွန်တော် ခံယူဖို့အသင့်ပါ"

တစ်ခန်းလုံး ငြိမ်ကျသွားတယ်။ မကြာခင် 'ပါမောက္ခဒါဝမ်'က မတ်တပ်ရပ်လိုက်ပြီး ပြောတယ်။

"ကလမ်ကို ဒီလုပ်ငန်းရဲ့ ခေါင်းဆောင်အဖြစ် လုပ်ဆောင်ဖို့ ကျွန်တော် အဆိုပြုပါတယ်"

ဒီလိုနဲ့ အစည်းအဝေးပြီးသွားတယ်။

သိပ္ပံပညာမှာက ဒါမဆန်းတော့ပါဘူး။ စိတ်ပျက်စရာတွေ၊ ရှုံးနိမ့်မှုတွေ အများအပြားပါပဲ။ 'ဂျိုဟန်ဒြာကက်ပလာ'ဆိုရင် အာကာသသုတေသနထဲက ကမ္ဘာပတ်ဥပဒေသသုံးမျိုးကို (၁၇) နှစ်ကြာမှ ဖော်ထုတ်နိုင်ခဲ့တယ်။ ရုရှားသချိုင်္ဂပညာရှင် 'ကွန်စတန်တင်ဆီဂိုကောရမ်စကီ'က လပေါ် လူရောက်ဖို့အစီအစဉ်ကို ရေးဆွဲတာ နှစ် (၂၀) ကြာခဲ့တယ်။ 'တွင်းနက်'ကြီးတွေနဲ့ ပတ်သက်လို့ သုတေသနလုပ်တဲ့ 'ပါမောက္ခချန်ဒရာဆက်ဒါ'ဟာ နှစ် (၅၀) ကြာမှ သူ့ရဲ့အယူအဆ မှန်ကန်ကြောင်း တွေ့ခဲ့ရပြီး နိုဗယ်ဆုရခဲ့တယ်။ 'ဗွန်ဘရောင်း'လည်း လပေါ် လူရောက်ဖို့ကိစ္စ စမ်းသပ်တာ ရှုံးနိမ့်မှုအကြိမ်ကြိမ် ရင်ဆိုင်ပြီးမှ အောင်မြင်ခဲ့တာပဲ။

၁၉၇၉ ခုနှစ်၊ နိဝင်ဘာလ စောစောပိုင်းမှာ 'ဒေါက်တာပရာကက်ရ်'အငြိမ်းစားယူတယ်။ သူက ကျွန်တော့်ကို အနီးကပ် သွန်သင်ပြသ လမ်းညွှန်ပေးတဲ့ ဆရာတစ်ယောက်ပါ။ 'ပါမောက္ခဆူရာဘိုင်' မရှိတော့တဲ့နောက်ပိုင်းမှာ 'ဒေါက်တာပရာကက်ရ်'က ကျွန်တော့် သင်ဆရာ မြင်ဆရာပါပဲ။

ကျွန်တော့်စရိုက်က အလုပ်လုပ်ရင် နည်းနည်းလောဘတက်တယ်။

ဘယ်အလုပ်မဆို မြန်မြန်ပြီးချင်တဲ့စိတ် စောနေတတ်တယ်။

"သူတေသန စီမံချက်တွေဟာ တောင်တွေနဲ့တူတယ်။ တောင်တက်ရာမှာ အားစိုက်မှု အနည်းတက္ခ အနည်းဆုံး လုပ်ရတယ်။ ပြီးတော့ မလောရဘူး" လို့ သူက သတိပေးတတ်တယ်။

"ကိုယ့်အင်အားကို အကုန်ထုတ်မသုံးရဘူး။ သုံးသင့်တဲ့နေရာမှာ ဘယ်လိုသုံးရမယ်ဆိုတာ သိရမယ်။ ချွေသုံးတတ်ရမယ်။ တာဝေးပြေးပွဲမှာ စထွက်ကတည်းက အားထုတ်ပြေးခဲ့ရင် ပန်းတိုင်ရောက်ခါလည်းနီးရော အားလည်းကုန်ရော" လို့ သူက သင်ပေးတယ်။

တောင်ထိပ်ကို တောင်ခြေမှ မျှော်ကြည့်ကာ ဝေးလွန်းလှချည်လားဟု စိတ်မပျက်ရ။ တောင်ထိပ်တစ်ခုထဲကို မမှန်းရ။ တောင်ရဲ့ဘေးဘက်တွေ၊ ပတ်ဝန်းကျင်တွေကိုလည်း ကြည့်ရတယ်။ ဝေးလံတယ်၊ မြင့်မားတယ်ဆိုတာ မှန်တယ်။ ဒါကို လောနေစရာမလိုဘူး။ တစ်လှမ်းချင်း ခပ်မှန်မှန်တက်ရမယ်။ ဒါပေမဲ့ တစ်လှမ်းချင်းက တောင်ထိပ်ရောက်ဖို့ဆိုတာ သိနေရမယ်။ အဲဒီလိုအခြေခံစနစ်တွေကို ဒေါက်တာပရာကက်ရ်ဆီက ရခဲ့ပါတယ်။

ကျွန်တော်တို့အဖွဲ့ကို အပြစ်ဆိုကြသူ ရှားပါတယ်။ ချီးကျူးကြသူတွေပဲ များတယ်။ ဘူဒါခါနဲ့ ဆီဗာရာမာခရစ်ရှနန်တို့ရှိသလို ဆီဗာကာမင်နာသန်လည်း ရှိသေးတယ်။ သူကလည်း ကျွန်တော်တို့ဆီကို စစ်ကူရောက်လာတဲ့ သိပ္ပံပညာရှင်ပဲ။ တစ်ခါက ရေဒါစနစ်မှာ သိပ်အရေးကြီးတဲ့ပစ္စည်းတစ်ခုကို သူ ထရီဗန်ဒရမ်မြို့ကနေ ယူလာရတယ်။ သူတို့လေယာဉ်ဟာ ဆင်းခါနီးမှာ စက်ချို့ယွင်းပြီး မီးထလောင်တယ်။ ခရီးသည်အားလုံးထိုင်ခုံနေရာက ပြေးထကြပြီး အရေးပေါ်ထွက်ပေါက်ဆီကို သွားကြတယ်။ ဆီဗာကာမိကတော့ မပြာဘူး။ ရေဒါပစ္စည်း ထည့်ထားတဲ့အိတ်ကို ရှာတယ်။ ပြီးတော့ အဲဒီပစ္စည်းကို ပိုက်ပြီး လေယာဉ်ထဲက ထွက်တယ်။ သူက မီးဟုန်းဟုန်းတောက်နေတဲ့ကြားက ရေဒါပစ္စည်းကို ရင်မှာပိုက်ပြီး ထွက်လာခဲ့တယ်။

နောက်ထပ် ဖြစ်ရပ်တစ်ခုကို ကျွန်တော် မှတ်မိနေသေးတယ်။ ပါမောက္ခဒါဝမ် ကျွန်တော်တို့စခန်းကို လာတုန်းကပေါ့။ ပါမောက္ခဒါဝမ်ရယ်၊ မာဒါဝန်ရယ်၊ ကျွန်တော်ရယ်က အဲဒီတုန်းက အိန္ဒိယအာကာသ

အစီအစဉ်ရဲ့ ဆရာကြီးတွေ ဖြစ်နေပြီ။

အဲဒီညနေက ကျွန်တော်တို့ ညစာကို အတော်နောက်ကျကျမှ စားကြရတယ်။ ကျွန်တော့်အခန်း ပြန်ရောက်တော့ တော်တော်ပင်ပန်းနေပြီ။ ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေ ကြည့်လိုက်တဲ့အခါ တိမ်တိုက်တွေကြားက လကို တွေ့ရတယ်။ ပင်လယ်ပြင်ကို ဖြတ်လာတဲ့ လေညင်းလေးကလည်း အေးမြလို့။ ကျွန်တော် အောင်မြင်မှုတစ်ခုကို စမြို့ပြန်မိနေလေရဲ့။

၁၉၈၀ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ ဒုံးပျံမလွှတ်မီ နာရီ ၃၀ အလိုမှာ သတင်းစာမျိုးစုံက သတင်းမျိုးစုံ ရေးနေကြတယ်။ သူတို့ ကြားရသိရသမျှကို ရေးတာတွေပါ။ သတင်းစာတစ်စောင်ကဆိုရင် "စီမံကိန်းညွှန်ကြားရေးမှူး မျှော်နေတယ်။ ခုထိ အဆက်အသွယ်မရသေးဘူး" လို့ ရေးတယ်။ အများစုကတော့ အရင်တုန်းက မအောင်မြင်ခဲ့မှုတွေကိုသာ အပ်ကြောင်းထပ်အောင် ဖော်ပြကြတယ်။ ခုတစ်ခါလည်း သိပ်မဟန့်ပါဘူးဆိုတဲ့ပုံစံမျိုး အပျက်မြင် ရေးကြတယ်။ တချို့ကလည်း ငွေကုန်ကြေးကျများပြီး ပြည်သူလူထုအများစုကို အကျိုးမပြုတဲ့၊ ငွေတွေ သက်သက်ဖြုန်းနေတဲ့ လုပ်ရပ်တွေလို့ ဝေဖန်ကြတယ်။ ဘာပဲဖြစ်ဖြစ် တစ်နိုင်ငံလုံးက ကျွန်တော်တို့ကို ဂရုစိုက်ကြည့်နေကြတာတော့ သေချာတယ်။

၁၉၈၀ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်။ တိတိကျကျပြောရရင် နံနက် ၈ နာရီ ၃ မိနစ်မှာ အိန္ဒိယရဲ့ ပထမဆုံးဂြိုလ်တုကို တင်ဆောင်လာတဲ့ ဒုံးပျံကို စခန်းကနေ လွှတ်တင်ပါတယ်။ လွှတ်မတင်ခင် စက္ကန့် ၆၀ အလိုအထိ ကျွန်တော်က အသေးစိတ် စစ်ဆေးနေရတုန်းပဲ။ 'ရောဟဏီ' ဂြိုလ်တုကို ကမ္ဘာကိုလှည့်ပတ်ဖို့ရာ ကျွန်တော်တို့ အကြီးအကျယ် ရင်ခုန်နေကြတာပေါ့။ နောက်ထပ် နှစ်မိနစ်ဆိုရင် 'ရောဟဏီ' ဂြိုလ်တုဟာ ကမ္ဘာကြီးကို ခပ်နိမ့်နိမ့်ကနေ လှည့်ပတ်တော့မယ်။ ကျွန်တော် စကားပြောရတော့မယ်။ ကျွန်တော့်ဘဝ တစ်သက်တာမှာ အရေးအကြီးဆုံး စကားလုံးတွေ ပြောရတော့မယ်။

"စီမံကိန်းညွှန်ကြားရေးမှူးက စခန်းအားလုံးကို ပြောနေပါတယ်။ အရေးကြီးတဲ့ ကြေညာချက်မို့ ခေတ္တ သတိပြုနားထောင်ကြပါ။ အဆင့်အားလုံးက စီမံချက်အတွက် အဆင့်ဆင့်ဖြစ်နေပါပြီ။ 'ရောဟဏီ' ဂြိုလ်တု

ကို မကြာခင် ပစ်လွှတ်ပါတော့မယ်''

နေရာတကာက ပျော်ရွှင်အားရတဲ့ အသံတွေ ကြားနေရတယ်။ ကျွန်တော် ထိန်းချုပ်ရေးအခန်းက ထွက်လည်းလာရော ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေအားလုံးက ပြေးဖက်ကြတယ်။ ပြီးတော့ သူတို့ပခုံးပေါ်တင်ပြီး ချီးမြှောက်ကြလေရဲ့။

တစ်နိုင်ငံလုံး စိတ်လှုပ်ရှားနေကြတယ်။ အိန္ဒိယနိုင်ငံဟာ ဂြိုလ်တုလွှတ်တင်နိုင်တဲ့ ကမ္ဘာက နိုင်ငံအနည်းငယ်မျှ စာရင်းထဲ ပါသွားပြီး သတင်းစာတိုင်းမှာ အရှေ့မျက်နှာဖုံး သတင်းစာလုံးကြီးတွေနဲ့ ဖော်ပြကြတယ်။ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေက လွှင့်နေကျ၊ ပြနေကျ အစီအစဉ်တွေ ခေတ္တရပ်ပြီး ဒီသတင်းကို ဖော်ပြကြတယ်။ လွှတ်တော်ကလည်း ဂုဏ်ပြုကြောင်း ကြေညာတယ်။ နိုင်ငံရဲ့ သမိုင်းဝင်ဖြစ်ရပ်တစ်ခုကို ပုံဖော်လိုက်တဲ့ အမျိုးသားအိပ်မက်ကြီးပါပဲ။ အိန္ဒိယသမိုင်းရဲ့ အလွန်အရေးကြီးတဲ့ ကမ္ဘာသစ်ကို လှမ်းဝင်လာတဲ့အချိန်ပါ။ 'ပါမောက္ခဒါဝမ်'က ကျွန်တော်တို့ဟာ အာကာသကို လေ့လာနိုင်တဲ့ အံ့မခန်းအစွမ်းသတ္တိတွေ ရှိနေပြီလို့ ကြေညာတယ်။ ဝန်ကြီးချုပ် 'အင်ဒီရာဂန္ဒီ'က သူ့ရဲ့ ချီးကျူးစကားကို ကြေးနန်းနဲ့ ချက်ချင်းပို့တယ်။ အိန္ဒိယသိပ္ပံအသိုင်းအဝန်းကတော့ လက်မထောင်လို့၊ ဦးခေါင်းမတ်လို့။

ကျွန်တော် ဒီလိုအောင်မြင်မှုရဖို့ ကြိုးစားခဲ့တာ နှစ်နှစ်ဆယ်ရှိသွားပြီ။ အခု အောင်မြင်လို့ ပျော်တယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ကျွန်တော့်ကို မွေးကျွေးအားပေးခဲ့ကြတဲ့သူတွေ ဒီအောင်မြင်မှုကို မမြင်မတွေ့သွားကြရလို့ ဝမ်းနည်းမိတယ်။ ကျွန်တော့်အဖေ၊ ကျွန်တော့်ယောက်ဖ ဂျလာလူဒင်၊ ပါမောက္ခဆူရာဘိုင်။

အောင်မြင်မှုရပြီး တစ်လအတွင်းမှာ ကျွန်တော်က ဘုံဘေမြို့က 'နေရူးသိပ္ပံဌာန'ကို သွားပြီး ဂြိုလ်တုလွှတ်တင်မှု အတွေ့အကြုံတွေကို ရှင်းပြရတယ်။ အဲဒီမှာ ဒေလီကနေ 'ပါမောက္ခဒါဝမ်'က မနက်ဖြန် သူ့ဆီလာဖို့ ဖုန်းဆက်တယ်။ ကျွန်တော်တို့ဝန်ကြီးချုပ် 'အင်ဒီရာဂန္ဒီ'နဲ့ တွေ့ကြရမယ်လေ။ တစ်ခုခက်တာက ကျွန်တော်က စခန်းကနေ ကမန်းကတန်း

ထလာရတာမို့ အဝတ်အထည် တင့်တင့်တယ်တယ် ပါမလာဘူး။ စီးထား တာကတောင် ညှပ်ဖိနပ်၊ ဝန်ကြီးချုပ်နဲ့တွေ့ဖို့ရာ ဒီအဝတ်အစားက ဘယ်လို မှ မတင့်တယ်ဘူး။ ''ပါမောက္ခဒါဝမ်''ကို ဒီအကြောင်း ပြောပြတယ်။

''မပူပါနဲ့ကွာ။ မင်းရဲ့အောင်မြင်မှုအတွက် ငါတို့က အလှဆုံး ပြင် ဆင် ခြယ်သပေးမှာပါ''

နောက်နေ့နံနက်မှာ ''ပါမောက္ခဒါဝမ်''နဲ့ ကျွန်တော် လွတ်တော် အဆောက်အဦးကို ရောက်ကြတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင်တက်မယ့် သိပ္ပံနဲ့ နည်းပညာဆိုင်ရာ လွတ်တော်အစည်းအဝေး ရှိတယ်။ အခန်းထဲမှာ အထက် လွတ်တော်အမတ် ၃၀ လောက် ရှိတယ်။ ''ပါမောက္ခမိန္ဒန်''နဲ့ ''ဒေါက်တာ ချောင်ဒူရီ''တို့ကိုပါ တွေ့ရတယ်။ ''ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ''က ချီးကျူး စကားပြောတယ်။ ''ပါမောက္ခဒါဝမ်''က ကျေးဇူးတင်စကားပြောတယ်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ဝန်ကြီးချုပ်က ကျွန်တော့်ကိုပြုံးပြီး ပြော တယ်။

''ကလမ် ရှင်ပြောတာလည်း ကျွန်မတို့ နားထောင်ချင်ပါတယ်''

ကျွန်တော် အံ့သြသွားတယ်။ ဝန်ကြီးချုပ်ကြီးကိုယ်တိုင်က ကျွန်တော့် ကို စကားပြောခိုင်းနေပြီလေ။ ကြောက်ကြောက်နဲ့ပဲ ထပြောရတယ်။

''ခုလို နိုင်ငံတော်ကို တည်ဆောက်နေကြတဲ့ အထင်ကရ ပုဂ္ဂိုလ် ကြီးများအလယ်မှာ စကားပြောခွင့်ရတဲ့အတွက် သိပ်ကို ဝမ်းသာဂုဏ်ယူ မိပါတယ်။ ကျွန်တော်က ကျွန်တော်တို့နိုင်ငံမှာ ဒုံးပျံစနစ်ကို တည်ထောင် ပြီး မိမိနိုင်ငံမှာ ထုတ်လုပ်တပ်ဆင်တဲ့ ဂြိုလ်တုလွှတ်ဖို့လောက်ကိုပဲ နားလည် တဲ့သူတစ်ယောက်ပါ။ ဒီဂြိုလ်တုဟာ တစ်နာရီကို ကီလိုမီတာ ၂၅,၀၀၀ အရှိန်နဲ့ လည်ပတ်ပါမယ်''

ဩဘာလက်ခုပ်သံတွေ ခန်းမတစ်ခုလုံး ညံစီသွားတယ်။ ကျွန်တော် က ခုလို တီထွင်မှုတွေလုပ်ဖို့ အခွင့်အရေးပေးတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်စကားဆိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သိပ္ပံဆိုင်ရာအင်အားကို ပြခွင့်ရတဲ့အတွက်လည်း အင်မတန် ဝမ်းမြောက်ပါကြောင်း ပြောခဲ့တယ်။ လွတ်တော်ခန်းမတစ်ခုလုံး အပျော်တွေ ဖုံးလွှမ်းနေတာ ကျွန်တော်ခံစားရ တယ်။

ခုတော့ ကျွန်တော်တို့ မျှော်မှန်းခဲ့တဲ့ စီမံချက် အောင်မြင်ခဲ့ပါပြီ။ ဒို့ထက် ပိုကောင်းကောင်း ထပ်မံပြုပြင် လုပ်ဆောင်ကြရပါဦးမယ်။ ဆက်လက် လုပ်ဆောင်မယ့် စီမံချက်မှာ "စီမံချက်ညွှန်ကြားရေးမှူး" အဖြစ် "ဗက်ဒ် ပရောကက်ရှ်ဆန်ဒလက်(စ်)"က တာဝန်ယူပါလိမ့်မယ်။ ရှေ့ဆက်ပြီး လုပ်စရာတွေက တန်းစီရှိနေတယ်။ တစ်စုံတစ်ရာ အောင်မြင်တာနဲ့ ရပ်နေလို့မဖြစ်ဘူး။ ဆက်ပြီး တိုးတက်လုပ်ဆောင်စရာတွေက စိန်ခေါ်နေလေရဲ့။ "ဆူမိုဂြိုလ်တုပစ်တင်ရေးယာဉ်"ကိုလည်း လုပ်ရဦးမယ်။ ဒီအိပ်မက်က နည်းနည်းတော့ အလှမ်းဝေးသေးတာပေါ့။ ကျွန်တော်က "လေကြောင်းအာကာသ စွမ်းအင်နဲ့ ဒီဇိုင်း"ဌာနရဲ့ ညွှန်ကြားရေးမှူးတာဝန် ယူရတယ်။ ဒီတာဝန်ကလည်း မသေးဘူး။ နောင်လွတ်တင်မယ့် ဒုံးပျံတွေအတွက် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေကို ရှာဖွေလုပ်ဆောင်ရမှာမို့ အရေးကြီးလှပါတယ်။

ချို့ယွင်းချက်၊ အားနည်းချက်တွေကို နှံ့နှံ့စပ်စပ်ရှာရတယ်။ ပိုမိုကောင်းမွန်ပြည့်စုံအောင် နည်းစနစ်တွေ ဖြည့်ဆည်းရတယ်။ ဒုံးပျံပစ်လွှတ်စင်နေရာတွေကို "ဗာတီယူးကာဗူး"နဲ့ "ဗာလီယာမာလီ"ဒေသတွေမှာ အသစ်ထပ်တည်ဆောက်တယ်။ နိုင်ငံတော်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် ဒုံးပျံတွေ ထုတ်လုပ်ဖို့ လိုသေးတယ်။ တာတိုနဲ့ တာလတ် (ကီလိုမီတာ ၄၀၀၀) ဒုံးပျံတွေ ထုတ်လုပ်ရမယ်။ ကီလိုဂရမ် ၁၀၀၀ အလေးချိန်ကို ၅၀၀၀ ကီလိုမီတာအဝေးကို လွှတ်တင်နိုင်ဖို့ စက်တွေ တီထွင်ရတယ်။

ဒီလိုနဲ့ ဒုတိယဂြိုလ်တုကို ၁၉၈၁ ခုနှစ်၊ မေလ ၃၁ ရက်မှာ ပစ်လွှတ်တယ်။ ကျွန်တော်က ဇည့်သည်တော်ခန်းမဆောင်ကနေ ကြည့်နေရတယ်။ ဗဟိုထိန်းချုပ်စင်ထဲက မဟုတ်ဘဲ ဒုံးပျံလွှတ်တာကို အပြင်က ကြည့်ခွင့်ရတာ ဒါ ပထမဆုံးအကြိမ်ပဲ။ ပရိသတ်တစ်ဦးအနေနဲ့ စိတ်လွှတ်လက်လွှတ် ခံစားကြည့်ရှုရတဲ့ အရသာက တော်တော်ကောင်းတယ်။ ကျွန်တော့်ကို သတင်းမီဒီယာလောကက ကောင်းကောင်းသိနှင့်နေကြ ပြီမို့ သူကို့မေးခွန်းတွေကို စိတ်ကြိုက်အဖြေပေးနိုင်ဖို့ကလည်း တော်တော် တော့ မလွယ်လှတဲ့ ပညာရပ်ပဲ။

၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလမှာ ကျွန်တော့်ကို ကာကွယ်ရေးဝန်ကြီးဌာန အီလက်ထရွန်နစ်ဌာနအကြီးအကဲ "ဒေါက်တာဘာစီရာသရောင်"က

ဖိတ်လို့ သွားတွေ့ရတယ်။ သူက ထင်ရှားတဲ့ နျူကလီးယား သိပ္ပံပညာရှင်ပဲ။ ကာကွယ်ရေးဝန်ကြီးရဲ့ သိပ္ပံဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လည်းဖြစ်တဲ့ "ပါမောက္ခ ရာဂျာရာမာန်နာ"ကိုလည်း တွေ့ရတယ်။ သူက အိန္ဒိယရဲ့ အနုမြူစွမ်းအားကို ပြောပြပြီး ပထမဆုံး နျူကလီးယား စမ်းသပ်မှုအစီအစဉ်ကို ပြောပြတယ်။ စစ်ဘက်ဆိုင်ရာ မသုံးဘဲ ငြိမ်းချမ်းရေးဆိုင်ရာ ရည်ရွယ်ချက်တွေပဲ သုံးမယ့် နျူကလီးယားစမ်းသပ်မှုလို့လည်း ပြောပါတယ်။ အစည်းအဝေးပြီးတဲ့အခါ "ပါမောက္ခရာဂျာရာမာန်နာ"က လက်ဖက်ရည်သောက်ဖို့ ကျွန်တော့်ကို သီးခြား ဖိတ်ပါတယ်။

ပထမဆုံး ကျွန်တော်သတိထားမိတာက "ပါမောက္ခရာဂျာရာမာန်နာ"က ကျွန်တော့်ကို တွေ့ရတာ သိပ်ကို ဝမ်းသာကျေနပ်နေတဲ့ပုံကို တွေ့ရလို့ပါပဲ။ ကျွန်တော် သိပ်ကို လေးစားကြည်ညိုသူတစ်ဦးက ကျွန်တော့်ကို လှိုက်လှဲနွေးထွေးစွာ ဆက်ဆံတော့ ကျွန်တော် မနေတတ် မထိုင်တတ်သလို ဖြစ်မိတယ်။ ကျွန်တော် "ပါမောက္ခဆူရာဘိုင်"နဲ့ ပထမဆုံးအကြိမ် တွေ့တုန်းက ခံစားမှုမျိုး ပြန်ခံစားရတယ်။

ကျွန်တော် ကျင်လည်ရတဲ့ လောကက သိပ်ပြီး ရိုးရိုးရှင်းရှင်းမဟုတ်တော့ဘူး။ အတွင်းပိုင်း ရှုပ်ထွေးပြီး အပြင်ပိုင်းက ခက်ခဲလှတယ်။ ကျွန်တော်က ဒုံးပျံလွှတ်ဖို့တင် မဟုတ်တော့ဘဲ တခြားနေရာတွေမှာပါ ဝင်ပါနေရပြီကော။ "ပါမောက္ခရာမန်နာ"နဲ့ စကားပြောပြီးတဲ့နောက်ပိုင်းမှာ အခြေအနေတွေကို ပိုသိလာရတယ်။

သူက အချိန်ဆွဲ ဝေဝိုက်မနေဘဲ လိုရင်းပဲပြောတယ်။ "နာရာယာနန်"နဲ့ သူ့အဖွဲ့တွေလုပ်ခဲ့တဲ့ သူ့ရဲ့ဒုံးပျံ စီမံချက်က အတော်ကြီးကို အောင်မြင်ခဲ့ပေမယ့် ချောင်ထိုးခံလိုက်ရပြီတဲ့။ စစ်သုံးဒုံးပျံတွေ လုပ်ဖို့ပဲ အားသန်နေကြတယ်။ ဒါကြောင့် တခြားဒုံးပျံစီမံချက်တွေ လုပ်ဖို့အတွက် ကြီးကြပ်ကွပ်ကဲမယ့်သူ တစ်စုံတစ်ဦး လိုနေတယ်။ ဒါကြောင့် ကျွန်တော် တာဝန်ယူပါလားလို့ သူက ကမ်းလှမ်းတယ်။ သူတို့ရဲ့ ထိန်းကျောင်းဒုံးပျံတိုးတက်မှုလုပ်ငန်းမှာ တာဝန်ယူပါလို့ ပြောတာပါပဲ။

ဒီလို ထိပ်တန်းပညာရှင်ကြီးက ကမ်းလှမ်းတဲ့အလုပ်ဟာ ဂုဏ်ယူစရာပါ။ သူဟာ "ပိုခါရာ" နျူကလီးယားစမ်းသပ်မှုနောက်ကွယ်က အဓိက

ပုဂ္ဂိုလ်ကြီးပဲ။ ကျွန်တော် ငြင်းဖို့ရာ အင်အားမရှိဘူး။ "ပါမောက္ခရာမာနာ"က ဒီကိစ္စကို "ပါမောက္ခဒါဝမ်"နဲ့ ဆွေးနွေးဦးမယ်လို့လည်း ပြောတယ်။

ကျွန်တော် ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ "ပါမောက္ခဒါဝမ်"နဲ့ တွေ့တယ်။ သူက ကျွန်တော်ပြောတာကို သေသေချာချာ ဂရုစိုက်နားထောင်တယ်။ ကျွန်တော့်စကားဆုံးတော့မှ-

"ကျုပ်ရဲ့လူကို သူတို့က တန်ဖိုးထားပြီးခေါ်တာ ဝမ်းသာပါတယ်ဗျာ" လို့ပြောပြီး ပြုံးလိုက်တယ်။ "ပါမောက္ခဒါဝမ်"ရဲ့ အပြုံးမျိုးကို ကျွန်တော် ဘယ်သူ့ဆီမှာမှ မမြင်ဖူးဘူး။ ကျေနပ်အားရပေမယ့် အပြုံးက မချိပြုံး။

ကျွန်တော့်ကို ဒေလီမှာပဲ ဆက်စောင့်ပါ။ ထိပ်ဆုံးဆင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာက လူတွေနဲ့ ဆက်ဆွေးနွေးမယ်လို့ ပြောတယ်။ ကျွန်တော်လည်း "ပါမောက္ခဒါဝမ်"ကို သံယောဇဉ်ရှိတယ်။ ကျွန်တော့်အလုပ်ဟောင်းအပေါ်လည်း သိပ်ကို တွယ်တာတယ်။ ဒါပေမဲ့ နိုင်ငံကပေးလာတဲ့ တာဝန်ဆိုတော့ လုပ်ရမှာပဲ။

၁၉၈၁ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့ကတော့ အံ့သြစရာကောင်းတဲ့နေ့ပဲ။ "ပါမောက္ခယူအာရောင်း"ရဲ့ အတွင်းရေးမှူး "မဟာဒီဗန်"က ဒေလီကနေ ဖုန်းဆက်တယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်တစ်ခုကို ဖတ်ပြတယ်။ ကျွန်တော့်ကို "ပဒ္မဗာဘူရှန်"ဆု ချီးမြှင့်တဲ့အကြောင်း။ နောက်ဖုန်းဆက်သူက "ပါမောက္ခဒါဝမ်"။ သူက ဆုရတဲ့အတွက် ချီးကျူးစကားပြောတာပါ။ ကျွန်တော့်ဆရာရဲ့ ချီးကျူးမှုခံရတော့ ဝမ်းသာပီတိသိပ်ဖြစ်မိတာပဲ။ "ပါမောက္ခဒါဝမ်"လည်းပဲ "ပဒ္မဗာဗီဘူရှန်"ဆု ရတဲ့အတွက် သူ့ကို ပြန်ချီးကျူးလိုက်တယ်။ ပြီးတော့ ကျွန်တော်က "ဒေါက်တာ ဗရာမ်ပရာကက်ရှ်"ကို ကျေးဇူးတင်ကြောင်း ဖုန်းဆက်လိုက်တယ်။

"ဒီဆုရတာ ငါ့သားအရင်း ဆုရသလိုပဲ ငါသိပ်ဝမ်းသာတယ်ကွာ" လို့ သူက ဝမ်းသာအားရ ပြန်ပြောတယ်။

ကျွန်တော့်အခန်းမှာ "ဘစ်စမီလာခန်း"ရဲ့ အောင်ပွဲသီချင်း ဖွင့်လိုက်တယ်။ ဂီတက ကျွန်တော့်ကို တစ်နေ့ရာခေါ်သွားလေရဲ့။ ကျွန်တော့် ဇာတိမြေ "ရာမီဆွာရမ်"ကို ပြန်ရောက်သွားပြီ။ အမေ့ကို အားရပါးရပွေ့ဖက်လိုက်တယ်။ အဖေက ကျွန်တော့်ဆံပင်တွေကြားထဲ သူ့လက်ချောင်း

တွေ ထိုးကစားရင်း ပီတိဖြစ်နေတယ်။ ကျွန်တော့်ရဲ့ ဘဝဆရာ ဂျာလာလူဒင်က ဗလီလမ်းက လူအုပ်ကြီးကို ကျွန်တော် ဆုရတဲ့အကြောင်း ကြွားနေလေရဲ့။ ကျွန်တော့်အစ်မ ဇီဟာရာက သိပ်ကို အရသာရှိတဲ့ အချိုမုန့်တွေ ကျွန်တော့်ကို လုပ်ကျွေးနေတယ်။ ပက်စ်ရှီလက်ရှ်မာနာ ဆတ်စတြီက ကျွန်တော့်နဖူးပေါ်မှာ မင်္ဂလာဆေး တို့ပေးတယ်။ ဖာသာဆော်လမွန်က ပြုံးပြုံးကြီးနဲ့ ကျေနပ်နေလေရဲ့။ သူ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က စိုက်ပျိုးခဲ့တဲ့ အပင်ပေါက်လေးက အခု အသီးအပွင့်တွေ ဝေဆာနေတဲ့ ခိုင်ဖြီးတဲ့ အပင်ကြီးဖြစ်နေပြီလေ။ ဒီအသီးအပွင့်တွေကို အိန္ဒိယပြည်သူတွေက စားသုံးနေကြတယ်။

ကျွန်တော်လည်း ပဒ္မဘူရှန်ဘွဲ့ရလို့ အတိုင်းမသိကို ပျော်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အောင်ပွဲကို ကျွန်တော် ချစ်သူ ခင်သူ မိဘဆွေမျိုးတစ်စု မြင်မသွား ကြားမသွားရတဲ့အတွက်တော့ သိပ်ကိုဝမ်းနည်းမိပါတယ်။ တကယ်တော့ ကျွန်တော် ကြိုးပမ်းလုပ်ဆောင်ခဲ့တာတွေက ဒီဆုကြီးကို မျှော်မှန်းပြီး လုပ်ခဲ့တာမဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံတော်က အသိအမှတ်ပြုပြီး ထိုက်ထိုက်တန်တန် ချီးမြှင့်တော့ ကျေနပ်အားရမိတာပေါ့။

စိတ်မကောင်း ဝမ်းနည်းတာတွေ အသာထား။ ကျွန်တော် ရှေ့ဆက် လျှောက်လှမ်းရမယ့်ခရီးကို အကောင်းဆုံး လျှောက်လှမ်းသွားဖို့သာ သန္နိဋ္ဌာန်ချလိုက်တယ်။ ကျွန်တော် ကျောက်သင်ပုန်းကို ဖျက်ခွင့်ပြုပြီး ဂဏန်းသစ်တွေ ရေးပါရစေ။ လွန်ခဲ့တဲ့အချိန်ပိုင်းတွေက ရေးခဲ့တဲ့ သခ်ၤာတွေ၊ ဂဏန်းတွေကကော အကုန်မှန်ကြရဲ့လား။ ဘဝရဲ့တိုးတက်မှုကို ပြန်လည်ဆန်းစစ်တွက်ချက်ရတာ လွယ်တဲ့အလုပ်တော့ဖြင့် မဟုတ်ပေဘူး။ ကျောင်းသားက သူဘာသာသူ မေးခွန်းထုတ်၊ သူ့အဖြေကို သူရှာဖွေ၊ သူဘာသာသူ ကျေနပ်တဲ့အထိ ဆန်းသစ်သုံးသပ်။ ဆုံးဖြတ်စရာရှိတာ ဆုံးဖြတ်။ ဒုံးပျံတွေတည်ထောင် လုပ်ကိုင်ခဲ့ရတဲ့ အလုပ်ဌာနမှာ ကျွန်တော် ၁၈ နှစ်ကြာခဲ့တယ်။ အဲဒီဌာနရဲ့ လုပ်ဖော်ကိုင်ဖက်တွေအပေါ် သံယောဇဉ်နှောင်ကြိုးက အတော့်ကို ခိုင်မာနေခဲ့ပြီ။

❑

အခွင့်အခါ (၁၉၈၁-၁၉၉၁)

လုပ်ဆောင်ကြ၊ ရည်မှန်းချက်ထားကြ၊ အားထည့်ကြ၊ အားနည်းချက်ကို ပြုပြင်၊ ခွန်အားအဖြစ် ပြောင်း၊ အမှောင်ကိုခွင်း အလင်းကို ဆောင်၊ အမှားကို ဖျောက်၊ အမှန်သို့ ရောက်စေ။

လူဝီကာရိုးလ်

(၁၀)

ရှာဖွေသူများ

ကျွန်တော် အလုပ်အပြောင်းအရွှေ့မှာ အတော်ကြာတယ်။ ဌာနဟောင်းနဲ့ ဌာနသစ် စာတစ်တန် ပေတစ်တန် ရေးကြပြန်ကြ။ အလုပ်ဟောင်းကလည်း ကျွန်တော့်ကို မပြောင်းစေချင်ကြဘူး။ လတော်တော်ကြာတယ်။ အစည်းအဝေးတွေ ထိုင်ကြတယ်။ အဲဒီအချိန်မှာပဲ "ပါမောက္ခရာမန်နာ"က ကာကွယ်ရေးဝန်ကြီးရဲ့ သိပ္ပံဆိုင်ရာအကြံပေးရာထူးက အငြိမ်းစားယူသွားပြီး သူ့နေရာကို ကာကွယ်ရေးဝန်ကြီးဌာန သတ္ထုသုတေသနဓာတ်ခွဲခန်းက ညွှန်ကြားရေးမှူး "ဒေါက်တာဗွီအက်စ်ဘရွန်နာချာလန်"က တာဝန်ယူလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်နားလည်လိုက်တာက ကာကွယ်ရေးဝန်ကြီး "အာရ်ဗင်ကာတာရာမန်"က "ပါမောက္ခဒါဝမ်"ဆီက ကျွန်တော့်ကိုခေါ်ဖို့ ဆုံးဖြတ်ပြီးနေပြီ။ "ပါမောက္ခဒါဝမ်"ကလည်း အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဆီက အမိန့်မရမချင်း ကျွန်တော့်ကို လွှတ်ချင်ပုံမရဘူး။ ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလကျမှ ကျွန်တော့်က ဌာနသစ်ရဲ့ ညွှန်ကြားရေးမှူးခန့်စာ ရခဲ့တယ်။

"ပါမောက္ခဒါဝမ်"က ရုံးချုပ်တုန်းက ကျွန်တော့်အခန်းကို မကြာခဏလာပြီး အာကာသယာဉ် ပစ်လွှတ်မှုကိစ္စတွေကို နာရီပေါင်းများစွာ ဆွေးနွေးတတ်တယ်။ သူလို ထိပ်တန်းသိပ္ပံပညာရှင်ကြီးတစ်ယောက်နဲ့ ကျွန်တော်တွဲလုပ်ခွင့်ရတာ သိပ်ကို တန်ဖိုးရှိတာပဲ။ ကျွန်တော် သူ့ဌာနက မထွက်ခွာခင် "၂၀၀၀ ပြည့်နှစ်မှာ ဖြစ်လာမယ့် အိန္ဒိယ အာကာသအစီအစဉ်"

အကြောင်း ဟောပြောပွဲလုပ်တယ်။ ဌာနထဲက အုပ်ချုပ်ရေးရော၊ သိပ္ပံပညာပိုင်းဆိုင်ရာရော၊ ဝန်ထမ်းအားလုံး တက်ခိုင်းတယ်။ ဒါဟာ တစ်နည်းအားဖြင့် ကျွန်တော့်ကို နှုတ်ဆက်ဂုဏ်ပြုတဲ့အစည်းအဝေးလို့လည်း ဆိုနိုင်ပါတယ်။

ကျွန်တော် 'ဒေါက်တာဗွီအက်စ်ဘရွန်နာချာလန်'ကို ၁၉၇၆ ခုနှစ်တုန်းက အလူမီနီယံသတ္ထုနဲ့ပတ်သက်ပြီး ဆွေးနွေးတုန်းက တွေ့ခဲ့ဖူးပါတယ်။ သူက နှစ်လအတွင်း ကျွန်တော်တို့လိုချင်တဲ့ သတ္တုပုံစံမျိုးကို လုပ်ပေးနိုင်ခဲ့သူပါ။ သူ့ရဲ့ ငယ်တုန်းရွယ်တုန်း သန်မာတုန်း စွမ်းအင်နဲ့ စိတ်အားထက်သန်မှုကို ကျွန်တော် အဲဒီကတည်းက လေးစားမိတာပါ။ ဒီသိပ္ပံပညာရှင်လူငယ်လေးဟာ အိန္ဒိယရဲ့ အလွိုင်းသတ္တု ဖွံ့ဖြိုးမှုကို အချိန်တိုတိုအတွင်း လုပ်ဆောင်ပေးနိုင်ခဲ့တာ မှတ်တိုင်ကြီးတစ်ခုပါပဲ။ သူ့ကိုကြည့်ရတာ လျှပ်စစ်ဓာတ်အားပေးတဲ့ ဒိုင်နမိုလိုပဲ အချိန်အကြာကြီး မပင်မပန်း အလုပ်လုပ်နိုင်တယ်။ သူက လူတွေနဲ့ သိပ်ရောရောနှောနှောနေတတ်ပေမယ့် အကောင်းဆုံး လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်တယ်။

၁၉၈၂ ခုနှစ်၊ ဇူလိုမှာ ကျွန်တော် အလုပ်သစ်ကို စရောက်တယ်။ အဲဒီတုန်းက ညွှန်ကြားရေးမှူးဖြစ်တဲ့ 'အက်စ်အယ်လ်ဘန်ဆာလာ'က ကျွန်တော့်ကို လုပ်ငန်းခွင်လှည့်ပြပြီး အဆင့်မြင့်သိပ္ပံပညာရှင်တွေနဲ့ မိတ်ဆက်ပေးတယ်။ သူတို့အားလုံးက လုပ်ငန်းဆိုင်ရာ အတွေ့အကြုံ ရင့်ကျက်သူတွေချည်းပဲ။ သူတို့လုပ်ကိုင်နေဆဲဖြစ်တဲ့ တန်သုံးဆယ် ဓာတ်ငွေ့အရည်နဲ့ တွန်းအားပေးတဲ့ ဒုံးပျံစက်ကို ကြည့်ပြီး အထင်ကြီး လေးစားမိတယ်။

အဲဒီအချိန်ပိုင်းအတွင်းမှာပဲ မဒရပ်စ်မြို့ 'အင်နာတက္ကသိုလ်'က ကျွန်တော့်ကို ဂုဏ်ထူးဆောင် သိပ္ပံပါရဂူ ဒေါက်တာဘွဲ့ ချီးမြှင့်တယ်။ ကျွန်တော် လေကြောင်းအင်ဂျင်နီယာ ပထမဘွဲ့ရပြီး နှစ်နှစ်ဆယ်ကြာပေါ့။ 'အင်နာတက္ကသိုလ်'က ကျွန်တော့်ရဲ့ ဒုံးပျံပညာဆိုင်ရာ ကြိုးပမ်းမှုကို အသိအမှတ်ပြုတာ တွေ့ရတဲ့အတွက် သိပ်ကိုဝမ်းသာမိပါတယ်။ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို 'ပါမောက္ခရာဂျာရာမန်နာ' ဦးဆောင်တဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားမှာ ပေးတာဖြစ်လို့ ပိုပြီး ဂုဏ်ယူမိပါတယ်။

အလုပ်တကယ်တမ်း စဝင်တာက ၁၉၈၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့

ပါ။ ဓာတ်ခွဲခန်းဟာ အရင်ကလုပ်ခဲ့တဲ့ "သူရဲဒုံးပျံ" စီမံချက်ကို ဖျက်သိမ်းတဲ့ လုပ်လက်စအလုပ်တွေကို တွေ့ရတယ်။ သိပ်ထူးချွန်တဲ့ ပညာရှင်တွေက ဒီစီမံချက် ချောင်ထိုးခံလိုက်ရတာကို တော်တော်မကျေမနပ်ဖြစ်နေကြတယ်။ ပြင်ပက ပုဂ္ဂိုလ်တွေအနေနဲ့တော့ ဒီသိပ္ပံပညာရှင်တွေရဲ့ ခံစားမှုကို ကိုယ်ချင်းစာတတ်မယ် မထင်ဘူး။ သူတို့ရဲ့ခံစားမှုကိုကြည့်ပြီး ကျွန်တော်က ကဗျာဆရာ "ဆယ်ဖြူယယ်ကေလာ ကိုလားရစ်ချန်" ရဲ့ "သင်္ဘောသားအိုကြီး" ကဗျာကို အမှတ်ရမိတယ်။

တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီးတစ်ရက်
အသက်မရှူကြ၊ မလှုပ်ရှားကြ၊ ငါတို့
ဆေးသုတ်ထားတဲ့ သမုဒ္ဒရာပေါ်က
ဆေးသုတ်ထားတဲ့သင်္ဘောလို မလှုပ်မယှက်
ပျင်းရိလေးတွဲ။

ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်အားလုံး မျှော်လင့်ချက်မဲ့နေကြတယ်။ ဒီဓာတ်ခွဲခန်းက သိပ္ပံပညာရှင်တွေကို ကာကွယ်ရေးဝန်ကြီးဌာနက အရာရှိကြီးတွေက လိမ်လည်လှည့်ဖြားလိုက်ကြတယ်လို့ပဲ သူတို့ ထင်နေကြတယ်။ "သူရဲဒုံးပျံ" စီမံချက်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြတာဟာ သိပ္ပံပညာရှင်တွေရဲ့ မျှော်လင့်ချက်နဲ့ပန်းတိုင်ကို ဖျက်ဆီးလိုက်တာပါပဲ။

တစ်လအကြာမှာ ရေတပ်ဗိုလ်မှူးကြီး "အိုအက်စ်ဒေါ်ဆင်" (အဲဒီတုန်းက ရေတပ်ကာကွယ်ရေးဦးစီးချုပ်) ကျွန်တော်တို့ဌာနကို ရောက်လာတယ်။ ကျွန်တော်က ဒါဟာ အခွင့်အရေးပဲဆိုပြီး အသုံးချလိုက်တယ်။ မြေပြင်က ဝေဟင်ပစ်ဒုံးပျံတွေအကြောင်း၊ ဝေဟင်က မြေပြင်ပစ်ဒုံးပျံတွေအကြောင်း၊ ရေဒါစနစ်တွေအကြောင်း ဆွေးနွေးရင်းနဲ့ ကျွန်တော်က ဗိုလ်ချုပ်ကြီးကို ထုတ်လုပ်မှုအစီအစဉ်တွေကို ရှင်းပြလိုက်တယ်။ ရပ်ဆိုင်းထားတဲ့ စီမံချက်တွေကိုလည်း မီးမောင်းထိုးပြခဲ့တယ်။

ကျွန်တော်က ကျွန်တော်တို့ဌာနကို အိန္ဒိယ သိပ္ပံတက္ကသိုလ်၊ အိန္ဒိယနည်းပညာတက္ကသိုလ်၊ သိပ္ပံနဲ့ စက်မှုသုတေသနကောင်စီ၊ တာတာအခြေခံသုတေသနအဖွဲ့ အပါအဝင် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးက ပုဂ္ဂိုလ်တွေကို ဖိတ်ကြားတယ်။ အကြံဉာဏ်တွေ တောင်းတယ်။ သက်ဆိုင်ရာ

နည်းပညာရှင်တွေ ရှာဖွေပေးဖို့ အကူအညီတောင်းတယ်။ ကျွန်တော်တို့ ဌာနကို အရင်က အပြင်ကလူတွေ သိပ်မသိကြဘူး။ ကျွန်တော်တို့က တံခါးပိတ်ဝါဒ ကျင့်သုံးထားကြတာကိုး။ အခုတော့ တံခါးတွေ ကျယ်ကျယ် ဖွင့်လိုက်တယ်။ သိပ္ပံပါရမီရှင်တွေ များများလာဖို့ ဖိတ်ခေါ်လိုက်တယ်။ ဒီတစ်ခါမှာလည်း ကဗျာဆရာ ‘ကိုလာရစ်ချ်’ရဲ့ ကဗျာအပိုင်းအစလိုပဲပေါ့။

“မြန်မြန်၊ မြန်မြန် ရွက်တိုက်မငြိုး
လာနေတဲ့ ဒီရေထဲမှာ ခိုပြီး
ညင်သာစွာ ရှေ့ဆက်ခရီး”

၁၉၈၃ ခုနှစ် အစပိုင်းမှာတော့ ‘ပါမောက္ခဒါဝမ်’က တစ်ခါတစ်ခါ ကျွန်တော်တို့ဌာနကို လာတတ်ပါတယ်။ လွန်ခဲ့တဲ့ဆယ်နှစ်က သူပြောခဲ့တဲ့ အကြံဉာဏ်တစ်ခုကို မှတ်မိနေသေးရဲ့။

“မင်းရဲ့စိတ်ကူးတွေ တကယ်ဖြစ်မလာခင် မင်းအိပ်မက်တွေ ရှိနေရမယ်။ တချို့လူတွေက ရေစီးအတိုင်း မျောလိုက်တတ်ကြတယ်။ တချို့ကတော့ ကိုယ် ဘာဖြစ်ချင်လို့ ဘာဖြစ်မှန်းကို မသိဘဲ ရောယိမ်းလိုက် ဘသားယိမ်းလိုက်နဲ့။ တချို့ကတော့ ကိုယ့်အိပ်မက်ကို ကိုယ် မရ ရအောင် အကောင်အထည်ဖော်သွားသူတွေပဲ”

အရင်ဌာနမှာ ‘ပါမောက္ခဆူရာဘိုင်’ နဲ့ ‘ပါမောက္ခဒါဝမ်’ တို့ ဦးဆောင်ကြလို့ ကျွန်တော်တို့ ကံကောင်းခဲ့ကြတာပေါ့။ သူတို့က ပန်းတိုင်ကို သတ်မှတ်ထားတယ်။ အဲဒီပန်းတိုင် မရောက်ရောက်အောင် ချီတက်တတ်ကြတယ်။ ဝန်ထမ်းတွေကိုလည်း ပန်းတိုင်ရောက်အောင် လှုံ့ဆော်သင်ပြနိုင်ကြတဲ့သူတွေပဲ။ အခု ဌာနမှာတော့ ဒီလိုခေါင်းဆောင်မျိုးတွေ သိပ်မရှိဘူး။ ပညာရှင်တွေက သိပ်ကို တော်ကြပေမယ့် ခိုင်းတတ်တဲ့သူ မရှိ၊ အသုံးမချတတ်တော့ အောင်မြင်သင့်သလောက် မအောင်မြင်ဘူးပေါ့။ ကျွန်တော်က ပညာရပ်ဆိုင်ရာ ထူးချွန်သူတွေ များပြီး အလုပ်မဖြစ်တဲ့ ကျွန်တော့်အခြေအနေကို ‘ပါမောက္ခဒါဝမ်’ကို ပြောပြတယ်။ ‘ပါမောက္ခဒါဝမ်’က သူ့ကို လူချစ်လူခင်များစေတဲ့ ချိုသာတဲ့အပြုံးတွေနဲ့ ပြုံးပြီးသာ နေခဲ့တယ်။

ကျွန်တော်က ဒီဌာနရဲ့ သုတေသနနဲ့ ဖွံ့ဖြိုးရေးဌာနကို အရင်ဆုံး

အပြောင်းအလဲလုပ်ခဲ့တယ်။ အဆင့်မြင့်သိပ္ပံပညာရှင်တွေကို စုဝေးပြီး သူတို့ လုပ်ချင်တာကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခိုင်းတယ်။ အခြေအတင် ငြင်းစရာ ရှိတာ ငြင်း။ ပယ်ဖျက်သင့်တာတွေ ရဲရဲဝံ့ဝံ့ ဝေဖန်။ ဘာကို ဦးတည်ပြီး လုပ်သင့်သလဲဆိုတာကို ချပြခိုင်း။

အဲဒီလို အငြင်းအခုံတွေ၊ ဆွေးနွေးပွဲတွေ ရက်အတော်ကြာလုပ်ပြီးတဲ့ အခါ ရေရှည် ဘာလုပ်သင့်တယ်၊ ခုလောလောဆယ် ဘာလုပ်ရမယ်ဆိုတာ ကို ပြက်ပြက်ထင်ထင် တွေ့လာရတယ်။ ကျွန်တော် တစ်နေရာရာမှာ ဖတ်ဖူးတာတစ်ခု သွားသတိရမိတယ်။

"သင် ဘယ်သွားနေသလဲဆိုတာ သိပါစေ။ ကမ္ဘာပေါ်တွင် အခက် အခဲဆုံးမှာ မိမိ ဘယ်နေရာမှာ ရပ်နေသည်၊ မိမိ ဘယ်ကိုဦးတည်သွားနေ သည်ကို မသိခြင်းပင် ဖြစ်၏"

ကျွန်တော်တို့ အနောက်နိုင်ငံတွေရဲ့ နည်းပညာ အံ့မခန်းတိုးတက်မှု ကို အားကျ အထင်ကြီးနေလို့ မပြီးဘူး။ သူတို့ဆီက နည်းပညာ လေ့လာ ဆည်းပူးပြီး သူတို့ကို အမှီလိုက်ဖို့လိုတယ်။ ဒါကြောင့် ကျွန်တော် ဦးဆောင် ပြီး ကော်မတီတစ်ခု ဖွဲ့လိုက်တယ်။ အဖွဲ့ဝင်တွေက 'ဟိုက်ဒြာဘတ်' မြို့က ဘာရတ်ဒိုင်နမစ်လီမိတက်ရဲ့ အကြီးအကဲ 'မလ်ဝီမာရှယ်'၊ 'အာအာရ် လိုင်ယာ'၊ 'အေကေကပူး'နဲ့ 'ကေအက်စ်ဗင်ကာတာရာမန်' တို့ပါပဲ။ ကျွန်တော်တို့ကတော့ မူကြမ်းတစ်စောင်ရေးပြီး 'နိုင်ငံရေးရာ လွှတ်တော် ကော်မတီ' ကို တင်ပြတယ်။ ကာကွယ်ရေးဝန်ကြီးဌာနကိုလည်း ပို့ပြီး အဲဒီက ကိုယ်စားလှယ်တွေရဲ့ သုံးသပ်ချက်ကိုပါ တောင်းတယ်။ ၁၂ လ အတွင်း အသုံးစရိတ် ရူပီးကုဋေ ၃၉၀ ချပေးဖို့လည်း ခန့်မှန်းတွက်ချက် တောင်းဆိုလိုက်တယ်။

ကျွန်တော်တို့ ဖင်နှေးနေတဲ့ လုပ်ဆောင်မှုတွေရဲ့ အဓိက အားနည်း ချက်က ရန်ပုံငွေမရှိလို့ပဲ။ ကျွန်တော်တို့က ရန်ပုံငွေအလုံအလောက်တောင်း ပြီး ဒုံးပျံနှစ်ခု လုပ်ပြချင်တယ်။ မဟာဗျူဟာဒုံးပျံနဲ့ တာလတ်ပစ် မြေပြင် ကနေ မြေပြင်ပစ်လက်နက်စနစ် တပ်ဆင်ထားတဲ့ ဒုံးပျံပဲ။ ဒုတိယအဆင့် အနေနဲ့က မြေပြင်က ဝေဟင်ပစ် တာလတ်ဒုံးပျံလုပ်မယ်။ ဒီဌာနမှာ အရင် က သံချပ်ကာကားဖျက် ဒုံးကျည်တွေ လုပ်ခဲ့ဖူးတဲ့ အစဉ်အလာကောင်း

ရှိခဲ့တယ်။ ကျွန်တော်တို့က တတိယမျိုးဆက် သံချပ်ကာကားဖျက်ဒုံးကျည်ကို ပိုမိုဆန်းသစ်စွာ တီထွင်ဦးမယ်။ ကျွန်တော်တို့ တင်ပြတာကိုကြည့်ပြီး ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေအားလုံး စိတ်ဓာတ်တက်ကြွလာကြတယ်။ သူတို့ရဲ့မျက်လုံးတွေ အရောင်တောက်လာကြတယ်။ ခေါင်းတွေ ထောင်မတ်လာကြတယ်ပေါ့။ အနာဂတ်မှာ တာဝေးပစ် ဒုံးပျံတွေပါလုပ်ဖို့ စီမံချက်ချထားတာကိုကြည့်ပြီး သူတို့ရဲ့ လုပ်ချင်ကိုင်ချင်စိတ်တွေ အံ့မခန်းနိုးကြားလာကြတယ်။

ကျွန်တော်က ကာကွယ်ရေးဝန်ကြီးဌာနမှာ စာတမ်းတစ်စောင် သွားဖတ်တယ်။ စာတမ်းဖတ်ရာမှာ ကာကွယ်ရေးဝန်ကြီး "အာရ်ဗွီကာတာရာမန်" အပါအဝင်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) "ဗိုလ်ချုပ်ကြီးခရစ်ရှနာရောင်း"၊ ကာကွယ်ရေးဦးစီးချုပ် (လေ) "ဗိုလ်ချုပ်ကြီးဒီလ်ဘာဆင်"၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) "ဗိုလ်ချုပ်ကြီးဒေါ်ဆန်"တို့ပါ တက်ကြတယ်။ ဝန်ကြီးအဖွဲ့ထဲက "ခရစ်ရှနာရောင်ဆာဟစ်"၊ ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် "အက်စ်အမ်ဂို့ရှ်"၊ ဘဏ္ဍာရေးဝန်ကြီးဌာန အတွင်းဝန် "အာရ်ဂနာပသီ"တို့လည်း တက်ကြတယ်။ လူစုံတက်စုံပေါ့။ ပထမတော့ လူတိုင်းက ကျွန်တော်တို့ရဲ့ လုပ်ရည်ကိုင်ရည်နဲ့ပတ်သက်လို့ သံသယဝင်နေကြပုံပဲ။ "ဒေါက်တာဘာရွန်နာချာလန်"က ကျွန်တော့်ဘက်က မားမားမတ်မတ်ရပ်ပြီး ထောက်ခံတယ်။ အမေးအဖြေတွေ စိတ်ဝင်တစား လုပ်ကြတယ်။ အများစုက သိပ္ပံပညာရှင်တွေရဲ့ အရည်အသွေးနဲ့ပတ်သက်လို့ သိပ်အကဲမဖြတ်တတ်ကြဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ရှင်းပြရင်းနဲ့ အိန္ဒိယနိုင်ငံမှာ အရေးတကြီး လိုအပ်နေတဲ့ ကိုယ်ပိုင်ဒုံးပျံစနစ်ကို သဘောပေါက်လာကြတယ်။ အစည်းအဝေးအပြီးမှာ နောက်ထပ် သုံးနာရီကြာတဲ့အခါ ကျွန်တော်တို့ကို ကာကွယ်ရေးဝန်ကြီးက တွေ့ချင်တယ်လို့ ပြောသွားတယ်။

ကြားအချိန်မှာ ကျွန်တော်တို့ ခေါင်းချင်းရိုက် ဆွေးနွေးကြရတော့တာပေါ့။ အကယ်၍ သူတို့က ရှုပ်းကုဋ္ဌေ ၁၀၀ ပဲပေးရင် ဘယ်လိုလုပ်မလဲ။ ၂၀၀ ပေးရင်ကော လောက်မလား။ ညနေဘက် ကာကွယ်ရေးဝန်ကြီးနဲ့ တွေ့ရင်တော့ လိုချင်တဲ့ငွေကို မလျော့ပဲ အပြည့်ပေးဖို့ တောင်းရမှာပဲလို့ ဆုံးဖြတ်ချက်ချလိုက်ကြတယ်။ ကာကွယ်ရေးဝန်ကြီးနဲ့တွေ့တော့ ကိုယ့်နားကို

တောင် ကိုယ်မယုံတော့ဘူး။ ဒုံးပျံစနစ်ကို ကဏ္ဍခွဲပြီး ပထမအဆင့်၊ ဒုတိယ အဆင့် မလုပ်ဘဲ တစ်ခါတည်း အဆင့်မြင့်လုပ်ကိုင်ဖို့ သူက မှတ်ချက်ချ အဖြေပေးလို့ပါပဲ။

"ဒေါက်တာဘာရွန်နာချာလန်"က ကျွန်တော်တို့ ပြန်စဉ်းစားကြပြီး ပြန်လာပါမယ်ဝန်ကြီးလို့ ပြောလိုက်တယ်။

"မနက်ဖြန် မနက်ပဲ လာကြဗျာ"လို့ ကာကွယ်ရေးဝန်ကြီးက ပြန် ပြောတယ်။

အဲဒီညတစ်ညလုံး မအိပ်နိုင်ကြဘဲ ကျွန်တော်နဲ့ "ဒေါက်တာဘာရွန် ချာလန်"တို့ စိမံကိန်းအတိအကျတွေ ပြန်ရေးကြတယ်။

အဓိကအနေနဲ့တော့ နိုင်ငံရဲ့ တပ်မတော်တွေမှာ ခေတ်မီလက်နက် တပ်ဆင်ပေးဖို့ပဲ။ နိုင်ငံတော်ကာကွယ်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ခေတ်မီ လက်နက်တွေ ကျွန်တော်တို့ တီထွင်ရမယ်၊ ထုတ်လုပ်ရမယ်၊ ဖြန့်ချိရမယ်၊ ဒါအတွက် ငွေကြေးကို တွက်နေလို့ မရဘူး။ ကျွန်တော်တို့က ကမ္ဘာနဲ့ ရင်ဘောင်တန်း ခေတ်မီတဲ့ဒုံးကျည်လက်နက်တွေ တပ်မတော်ကို ဖြည့်ဆည်း ပေးဖို့ အရေးအကြီးဆုံးပဲ။ ကျွန်တော်တို့က ဒါမျိုးလုပ်ပေးနိုင်တယ်လို့ သူတို့ကို ကတိပေးပြီးပြီ။ သူတို့က ဒါအတွက် ကုန်ကျစရိတ်တော့ ပေး ရမှာပဲ။ ဈေးဆစ်နေလို့ မရဘူး။

ကျွန်တော်တို့နှစ်ယောက် ခေါင်းချင်းဆိုင် တိုင်ပင်ရေးလိုက်ကြတာ အဆုံးလည်းသတ်ရော အပြင်မှာ မိုးလင်းနေပြီ။ မနက်စာ မြန်မြန်စားရတယ်။ တစ်ခု သတိရမိတာက ညနေပိုင်းမှာ "ရာမီဆွာရမ်"ကို သွားပြီး ကျွန်တော့် တူမ "မါမီယာ"ရဲ့ မင်္ဂလာဆောင်သွားဖို့ ရှိတာပါပဲ။ မဒရပ်စ်လေယာဉ်ကို ညနေစီးရင်တောင် မင်္ဂလာဆောင် မမီတော့ဘူး။ ရထားစီးလည်း ညရထားပဲ စီးရမှာဆိုတော့ မဖြစ်ဘူး။ မိသားစုရေး၊ ဆွေရေးမျိုးရေးတွေမှာ ကျွန်တော် လစ်ဟင်းနေတာ ကြာပြီ။ ခုတစ်ခေါက်လည်း တူမ မင်္ဂလာပွဲ လွဲရပြန်ပြီ ပေါ့။ မနက်စာ အဆုံးသတ်ပြီး အစည်းအဝေးပြေးရတယ်။

ကာကွယ်ရေးဝန်ကြီး "ဗီကာတာနာရာမန်"ကို ကျွန်တော်တို့ အဆို ပြုချက် တင်ပြတဲ့အခါ သူက ဖတ်ကြည့်ပြီး ကျေနပ်ပုံရတယ်။ ဒီလိုနဲ့ ဒုံးပျံလုပ်ငန်း ဖွံ့ဖြိုးမှုစီမံချက်က နေ့ချင်းညချင်း အကောင်အထည်ပေါ်လာ

တော့တာပဲ။ ကာကွယ်ရေးဝန်ကြီးက အဖြေကို ဒီလောက်မြန်မြန် အဆုံးအဖြတ်ပေးလိမ့်မယ် မထင်ဘူး။ ကျွန်တော်တို့တင်ပြတာကို ဝန်ကြီး သဘောမှ ပေါက်ပါလေစဆိုပြီး ဝန်ကြီးကို အထင်သေးမိတာ မှားသွားပြီ။ ဝန်ကြီးက တစ်ထွာပြ တစ်လံမြင်တဲ့ ပညာရှိပါပဲ။ ဝန်ကြီး မြန်မြန်ဆန်ဆန် သဘောပေါက် အဆုံးအဖြတ်ပေးလိုက်လို့ ကျွန်တော် ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။

ကာကွယ်ရေးဝန်ကြီးက မတ်တပ်ရပ်လိုက်တယ်။ အစည်းအဝေးပြီးပြီဟု အချက်ပြလိုက်တာပဲ။ ကျွန်တော့်ဘက်လှည့်ပြီး သူက ပြောတယ်။

"ကျုပ်က ခင်ဗျားကို ဒီကိုရောက်အောင် ခေါ်လိုက်ကတည်းက ဒါမျိုးစီမံချက်တစ်ခုခု ခင်ဗျားဆီက မကြာခင် လာလိမ့်မယ်လို့ မျှော်လင့်နေတာ။ အခု ခင်ဗျားအလုပ်ကို ခင်ဗျား ကောင်းကောင်းလုပ်သွားတာမြင်ရလို့ ဝမ်းသာတယ်ဗျာ"

ခုမှပဲ ကျွန်တော့်ကို ဒီဌာနမှာ ညွှန်ကြားရေးမှူး ခန့်လိုက်တဲ့ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း သိလိုက်ရတယ်။ ကာကွယ်ရေးဝန်ကြီးက ဒီလိုအမြော်အမြင်နဲ့ ကျွန်တော့်ကို ခေါ်လိုက်တာကိုး။

ကျေးဇူးတင်လွန်းလို့ ဝန်ကြီးကို ခါးကိုင်းပြီး အရိုအသေပြုလိုက်တယ်။ ကျွန်တော် တံခါးဝကိုရောက်တုန်း 'ဒေါက်တာဘာရွှန်နာချလန်' က ဝန်ကြီးကို ကျွန်တော့်တူမ 'မါမီယာ'ရဲ့ မင်္ဂလာပွဲ ဒီညနေရှိကြောင်း ပြောနေသံကြားလိုက်တယ်။ ဝန်ကြီးရှေ့မှာ ဒီစကားမျိုးပြောတဲ့အတွက် 'ဒေါက်တာဘာရွှန်နာချလန်'ကို ကျွန်တော် အံ့သြမိတယ်။ ဟိုးအဝေးက ကျွန်းမြို့လေးတစ်မြို့ရဲ့ ဗလီလမ်းက အိမ်သေးသေးလေးမှာ ကျင်းပမယ့် ကျွန်တော့်တူမ မင်္ဂလာဆောင်ကိစ္စလေးကို ခုလို သြဇာအာဏာကြီးမားလှတဲ့ ကာကွယ်ရေးဝန်ကြီးကိုများ သွားပြောလိုက်လေခြင်း။

ကျွန်တော် 'ဒေါက်တာဘာရွှန်နာချလန်'ကို သိပ်လေးစားတယ်။ သူက ကျွန်တော့်ကို တူလို သားလို ချစ်တယ်။ ခုလည်း ကျွန်တော့်မိသားစုကိစ္စကို သူက ဝန်ကြီးကို ပြောပြနေတာ ကျွန်တော့်အပေါ် ဘယ်လောက် သံယောဇဉ် ရှိတယ်ဆိုတာ ပြနေတာပဲ။

ကာကွယ်ရေးဝန်ကြီးက သူ့အရာရှိတစ်ယောက်ကို တပ်မတော် ရဟတ်ယာဉ်စီစဉ်ပေးဖို့ ခိုင်းတယ်။ မဒရပ်စ်က မန်ဒူရေဆီရဟတ်ယာဉ်နဲ့ ဒီနေ့ပို့ပေးဖို့ အဲဒီကတစ်ဆင့် အိန္ဒိယလေကြောင်းနဲ့ တင်ပေးဖို့။

'ဒေါက်တာဘာရွှန်နာချလန်'က ''ဒါဟာ ခင်ဗျား အပင်အပန်း အရမ်းခံပြီး လုပ်ဆောင်ခဲ့တဲ့ ခြောက်လစာအတွက် ဆုလာဒ်ပဲ''လို့ ကျွန်တော့်ကို ပြောတယ်။

ကျွန်တော် မဒရပ်စ်ကို နောက်တစ်နာရီမှာထွက်မယ့် လေယာဉ်နဲ့ လိုက်ပါခဲ့တယ်။ တပ်မတော်ရဟတ်ယာဉ်က ဒေလီကနေ ချက်ချင်းရောက်လာပြီး ကျွန်တော်စီးလာတဲ့ လေယာဉ်နားမှာ ဆိုက်တယ်။ မိနစ်ပိုင်းအတွင်း ကျွန်တော် မာဒူရိမြို့ကို လိုက်ပါနေရပြီ။ ရဟတ်ယာဉ်က အနီးဆုံးဘူတာရုံမှာ ကျွန်တော့်ကို ချပေးတယ်။ 'ရာမီဆွာရမ်'ဆိုတဲ့ ကျွန်တော့်ဇာတိမြို့လေးကို ရထားထပ်စီးရတယ်။ တူမလေး 'မါမီယာ'ရဲ့ မင်္ဂလာပွဲကို ကျွန်တော် အချိန်မီရောက်တယ်။ ကျွန်တော့်အစ်ကိုရဲ့သမီး ကျွန်တော့်တူမလေးကို ဖခင်ရင်းတစ်ယောက်လို မေတ္တာနဲ့ လာရောက်ချီးမြှင့်နိုင်တာ ဝမ်းသာမိတယ်။

ကာကွယ်ရေးဝန်ကြီးက ကျွန်တော်တို့ တောင်းဆိုချက်တွေကို လွှတ်တော်မှာ တင်ကြတယ်။ သူ့ရဲ့ခိုင်မာလှတဲ့ ထောက်ခံချက်နဲ့ ကျွန်တော်တို့ လိုအပ်တဲ့ ရူပီးကုဋေ ၃၀၀ ကို ရတယ်။ ဒါဟာ အိန္ဒိယရဲ့ ဒုံးပျံဂြိုလ်တုဖွံ့ဖြိုးမှုစီမံကိန်းကြီး စတင်မွေးဖွားလာတာပါပဲ။ ဒီစီမံချက်ကို နောင်အခါ 'အိုင်ဂျိအမ်ဒီပီ'လို့ အတိုခေါက် ခေါ်ကြတယ်။

ကျွန်တော်က အစိုးရရဲ့ ခွင့်ပြုမိန့်စာကို ကျွန်တော် ကော်မတီကို ဖတ်ပြတော့ အားလုံး သိပ်ကိုဝမ်းသာသွားကြတယ်။ ကျွန်တော်တို့စီမံချက်ဟာ အိန္ဒိယရဲ့ ကိုယ့်အားကိုယ်ကိုး ဒုံးပျံစီမံချက်ပဲ။ ဒါကြောင့် မြေပြင်က မြေပြင်ပစ်ဒုံးပျံကို 'ပရစ်သ်ဗီ' (မြေကြီး)လို့ နာမည်ပေးပြီး တိုက်ချင်းပစ်ဒုံးပျံကိုတော့ 'ထရီရုးလ်' (ရှိဝနတ်ဘုရား၏ သုံးခွလှံတံ)လို့ နာမည်ပေးလိုက်တယ်။ မြေပြင်က ဝေဟင်ပစ်ဒုံးပျံကိုတော့ 'ဒါကာရှ်' (ကောင်းကင်)၊ သံချပ်ကာကားဖျက်ဒုံးပျံကို 'နက်စ်' (မြွေဟောက်)လို့ နာမည်ပေး ကင်ပွန်းတပ်ခဲ့တယ်။ ကျွန်တော့်တစ်သက်တာ အိပ်မက်ဖြစ်တဲ့ ဒီစီမံကိန်းကြီးတစ်ခုလုံးကိုတော့ 'အဂ္ဂနိ' (မီး)လို့ နာမည်ပေးထားတယ်။ ဒီစီမံချက်ကို ၁၉၈၃

ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်မှာ စတင်ခဲ့တယ်။ ဖွင့်ပွဲကို ဌာနကဝန်ထမ်းအားလုံး တက်ရောက်ကြတယ်။ ဦးအိန္ဒိယလေကြောင်းအာကာသသုတေသနမှာ တာဝန်ထမ်းဆောင်တဲ့လူတိုင်းကို ဖိတ်ကြားတယ်။ တခြားဌာနအသီးသီးက သိပ္ပံပညာရှင်တွေ၊ တက္ကသိုလ်အသီးသီးက ပါမောက္ခတွေ၊ ကြည်းရေ လေက ကိုယ်စားလှယ်တွေ၊ လုပ်ငန်းဆက်စပ်ပတ်သက်သူတွေအားလုံး တက်ရောက်ကြတယ်။ တက်ရောက်သူ အားလုံးလည်း စိတ်အားတက်ပျော်ရွှင်နေကြတာ တွေ့ရတယ်။

ဒီနေ့ဟာ ကျွန်တော့်လုပ်ငန်းခွင် အတွေ့အကြုံထဲက ဒုတိယအထင်ရှားဆုံး အမှတ်တရနေ့ပါပဲ။ ပထမနေ့ကတော့ ၁၉၈၀ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့။ ဦးရောဇာဦးဂြိုလ်တုကို ကမ္ဘာပတ်လမ်းကြောင်းကို စတင်လွှတ်တင်တဲ့နေ့။

❑

(၁၁)
ဘဏ္ဍာစိုးများ

ကျွန်တော်တို့ရဲ့ "အိုင်ဂျိုအမ်ဒီပီ" ဒုံးပျံ လွတ်တင်လိုက်တာဟာ အိန္ဒိယနိုင်ငံရဲ့ သိပ္ပံလောကအတွက် တောက်ပလင်းလက်တဲ့ မီးကျည်တစ်ခု ထွန်းလင်းလာသလိုပါပဲ။ ဒုံးပျံနည်းပညာကို ကမ္ဘာက စိတ်ဝင်တစားရှိလာကြပါပြီ။ အိန္ဒိယနိုင်ငံက ဒီလိုအောင်မြင်တဲ့ သိပ္ပံစမ်းသပ်မှုတွေ လုပ်ကြတာကို တစ်ကမ္ဘာလုံးက အံ့သြနေကြလေရဲ့။ ဒီဒုံးပျံဟာ အိန္ဒိယမှာ လွတ်တင်ခဲ့သမျှ ဒုံးပျံတွေအားလုံးထက် အဆင့်ပိုမြင့်ပါတယ်။ ကျွန်တော်တို့ တီထွင်လုပ်ကိုင်သူတွေလည်း အတော်အခက်အခဲ အကြပ်အတည်း၊ စိန်ခေါ်မှုမျိုးစုံကြားက ဖြစ်ပေါ်လာတဲ့ အသီးအပွင့်ပါပဲ။

ဒီလိုအောင်မြင်တဲ့ ဒုံးပျံတွေ တင်လွတ်ဖို့ ဘာတွေလိုသလဲ။ ဒီဇိုင်းစရေးတာကနေ အာကာသကို လွတ်တင်တဲ့အဆင့်အထိပေါ့။ တစ်အချက်တကယ့်ကို နည်းပညာထိပ်ဆုံးဆင့် သိပ္ပံပညာရှင်တွေလိုတယ်။ နှစ်အချက်ငွေကြေးအကုန်အကျခံနိုင်ဖို့လိုတယ်။ ဒီနှစ်ခုကတော့ အားလုံးသိပြီးသားပဲ။ ဒါ့အပြင် ဘာလိုအပ်သလဲ။ ကျွန်တော့်ရဲ့ လုပ်ငန်းအတွေ့အကြုံအရတော့ အဖြေလွယ်လွယ်လေး ပေးနိုင်ပါတယ်။ ကျွန်တော်တို့ ဒီပညာရဲ့အခြေခံကလွဲလို့ ဘာကိုမှ ဘယ်နိုင်ငံကမှ သင်ယူတတ်မြောက်ကြတာ မဟုတ်ပါဘူး။ လက်တွေ့လုပ်ကိုင်စမ်းသပ်ရင်း သိလာရတဲ့ အတွေ့အကြုံတွေကို ဆရာစား

မချန်ပဲ တစ်ဦးက တစ်ဦးကို လက်ဆင့်ကမ်း ပညာပေးမှုက အရေးအကြီးဆုံးလို့ ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ပြောရရင် အဲဒီလို လက်ဆင့်ကမ်း အမွေရတဲ့ နည်းပညာတွေ တတ်မြောက်တဲ့အပြင် လမ်းညွှန်ကြီးကြပ်အုပ်ချုပ်တတ်တဲ့ ခေါင်းဆောင်ကောင်းဆိုတာလည်း မရှိမဖြစ်ပါ။ ငွေကြေးလည်းလုံလောက်၊ ပညာရှင်လည်း ရှိကြပါလျက်နဲ့ မအောင်မြင်တဲ့ စီမံကိန်းတွေ အများကြီးပဲ။ ရေရှည်ကို မျှော်မှန်းတတ်တဲ့၊ ဘယ်သူက ဘယ်နေရာမှာ တော်တယ်ဆိုတာ သိပြီး နေရာမှန်ချတတ်တဲ့၊ နဂိုအခြေခံပင်ရင်းစိတ်ကိုက စိတ်ကောင်းရှိတဲ့ ခေါင်းဆောင်ကောင်း လိုပါတယ်။ နောက်ပြီး ကျွန်တော်တို့အလုပ်က တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်လို့လည်း မရပါဘူး။ သူ့အစိတ်အပိုင်းနဲ့သူ တပ်ဆင်လုပ်ကိုင်တဲ့နေရာမှာ ပညာပြည့်ဝနေရမယ့်အပြင် အစိတ်အပိုင်းတွေအားလုံး တစ်ခုတည်းဖြစ်အောင် ဆက်စပ်တဲ့နေရာမှာလည်း သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်ဖို့က စုပေါင်းညှိနှိုင်းလုပ်ဆောင်မှ ရတာပါ။

အခု နောက်ဆုံး ဒုံးပျံအောင်မြင်မှုရခြင်းဟာ တကယ့်လက်ရွေးစင် ပညာရှင်ကောင်းတစ်စုက အဓိက ဖြစ်ပါတယ်။ အဲဒီတစ်ခုကလည်း တော်ရုံတန်ရုံလူ အုပ်ချုပ်ရခက်တဲ့သူတွေပါပဲ။ သူတို့အားလုံးက ပညာမာန ကိုယ်စီရှိကြတယ်။ အတ္တကြီးတယ်။ ပုန်ကန်လိုတဲ့စိတ် အပြည့်ရှိကြတဲ့သူတွေချည်းပဲ။ အဲဒီသူတွေကိုမှ အုပ်ချုပ်စီမံမှု မတတ်ခဲ့ရင် သူတို့ရဲ့ အရည်အသွေးတွေပေါ်အောင် ဘယ်လိုမှ လုပ်လို့မရနိုင်ပါဘူး။ သူတို့ဟာ အသာလေး လွှတ်ထားပေးရင် အများကြီးလွှတ်ကုန်ကြတဲ့ လူစားမျိုးတွေပါ။ သူတို့ကို အုပ်ချုပ်မယ့်သူဟာ သာမန်ဆိုရင် မဖြစ်ဘူး။ သူတို့ ပညာအစမ်းခံနိုင်တဲ့သူ ဖြစ်ရမယ်။ သူတို့ထက် ကွက်ကျော်မြင်တတ်ရမယ်။ သူတို့ကို အမိန့်ပေးသြဇာပေး အုပ်ချုပ်လို့မရဘူး။ သူတို့ကို တကယ် နားလည်သဘောပေါက်ပြီး သူတို့ လုပ်ချင်ကိုင်ချင်စိတ်ရှိအောင် လှုံ့ဆော်ပေးနိုင်တဲ့သူပဲ ဖြစ်ရမယ်။ ဒါကြောင့် ကျွန်တော် ရောက်လာတဲ့အခါ သူတို့ကို ဆွေးနွေးခွင့်တွေပေးတယ်။ တောင်းဆိုချင်တာ တောင်းဆိုလို့ရအောင် တံခါးဖွင့်ပေးတယ်။ လုပ်ချင်တာတွေလုပ်ဖို့ အားပေးတယ်။ အဲဒီလို သူတို့ရဲ့ ငုပ်နေတဲ့ အရည်အသွေးတွေကို နိုးထလာအောင် လုပ်ပြီးတဲ့အခါမှာ ကာကွယ်ရေးဝန်ကြီး

ဌာနကလည်း ဘတ်ဂျက်အလုံအလောက်ချပေးလိုက်တော့ သူတို့တွေအားလုံး ဟာ မြင်းကို အတောင်ပံတပ်ပေးသလို ဖြစ်ကုန်ကြတာပဲ။

ကျွန်တော်တို့ဌာနမှာ တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ ပုဂ္ဂိုလ် တစ်ဦးကတော့ "အေဗွီရန်ဂါရောင်း"ဆိုသူပဲ။ သူက သိပ်ကို စကားပြော ပြတ်တဲ့သူပဲ။ သွယ်ကာဝိုက်ကာ ဘယ်တော့မှ မပြောဘူး။ ပြောချင်တာ ဟောဟောဒိုင်းဒိုင်း ပြောချတတ်တဲ့သူ။ ဝတ်တာစားတာကျတော့ သိပ်ကို သားနားတယ်။ လည်စည်းအနီရောင်၊ ကုတ်အင်္ကျီကွက်ကြား၊ ဘောင်းဘီ ပွပွနဲ့ အတော်စတိုင်ကျတယ်။ ဟိုက်ဗြာဘတ်လို ပူအိုက်တဲ့မြို့မှာတောင် သူ ဒါကိုပဲဝတ်တယ်။ တော်ရုံတန်ရုံလူက အင်္ကျီလက်ရှည်တို့၊ ရှူးဖိနပ် တို့တောင် မကပ်နိုင်ကြဘူး။ သူ့မှာက မုတ်ဆိတ်မွေးဖြူဖြူ ခပ်ထူထူလည်း ရှိတယ်။ ပါးစပ်မှာက အမြဲပဲ ဆေးတံတစ်လက်ကို ဟန်ပါပါ ခဲထားတတ် သေးတယ်။ မျက်နှာထား ခပ်တည်တည်ဆိုပေမယ့် ဘဝပေးပါရမီကြောင့် လား မသိဘူး။ သူ့မျက်နှာက အမြဲဝင်းပနေပြီး မြင်သူတိုင်း ခင်မင်ချင်စရာ ကောင်းတဲ့ ရုပ်ရည်ပိုင်ရှင်ပဲ။

ကျွန်တော်က "ရန်ဂါရောင်း"ရဲ့ လက်ရှိအုပ်ချုပ်ပုံစံစနစ်နဲ့ အားနည်း ချက် အားသာချက်တွေကို ဆွေးနွေးတယ်။ အထူးသဖြင့် လူသားရင်းမြစ် နဲ့ပတ်သက်လို့ သူ့ဆီက အကြံကောင်း ဉာဏ်ကောင်းတွေ ရတတ်တယ်။ "ရန်ဂါရောင်း"က သိပ္ပံပညာရှင် တော်တော်များများနဲ့ ခင်မင်ရင်းနှီးပြီး သူတို့နဲ့ မကြာမကြာ စကားလက်ဆုံကျတတ်သူမို့ သိပ္ပံပညာရှင်တွေရဲ့ စိတ်နေစိတ်ထားနဲ့ စရိုက်လက္ခဏာကို ကောင်းကောင်းအကဲဖြတ်တတ်တဲ့ သူဖြစ်တယ်။ သူနဲ့ အကြာကြီး စကားတွေပြောပြီးတဲ့နောက်မှာ ကျွန်တော် တို့က ဓာတ်ခွဲခန်းကို နည်းပညာဦးစားပေး ပုံစံပြောင်းဖို့ စိတ်ကူးရကြတယ်။ စီမံကိန်းအတွက် လိုအပ်တဲ့လုပ်ငန်းတွေအားလုံး လုပ်ဆောင်နိုင်မယ့်ပုံစံကို လုပ်ကြည့်တာပေါ့။ ဒီလိုပြောင်းလဲမှု ဘယ်လောက်အောင်မြင်သလဲဆိုရင် လေးလတောင် မပြည့်သေးဘူး သိပ္ပံပညာရှင် လေးရာကျော်က ဒုံးပျံအစီ အစဉ်မှာ တက်တက်ကြွကြွ ညီညာဖျဖျ လုပ်နေကြပြီ။

ဒီအချိန်အတောအတွင်း ကျွန်တော့်အတွက် အရေးအကြီးဆုံးအလုပ် က ဒုံးပျံစီမံချက်တစ်ခုစီကို စီမံအုပ်ချုပ်ဖို့ စီမံကိန်းညွှန်ကြားရေးမှူးတွေ

ရွေးချယ်ရေးပဲ။ ကျွန်တော်တို့ဆီမှာ သိပ်ကို ပညာထူးချွန်တဲ့ ပါရမီရှင်တွေ အများကြီးရှိနေတယ်။ ဒါကြောင့် ဘယ်သူ့ကို ဘာကြောင့် ခေါင်းခေါက် ရွေးရမလဲဆိုတာ အကြောင်းပြချက် ခိုင်လုံမှုဖြစ်မယ်။ ရောယိမ်းလိုက် ဘသားယိမ်းလိုက်လူမျိုး မဖြစ်စေရဘူး။ ဘာမဆို ငါသာလျှင် အတော်ဆုံး ဆိုပြီး အာဏာပါဝါပြချင်တဲ့သူလည်း မလိုဘူး။ အဖွဲ့သားတွေတော့ သေ အောင်လုပ်ကြ၊ ငါကတော့ အသာလေး ညွှန်ကြားရုံပဲဆိုတဲ့ လူမျိုးလည်း မရဘူး။ ပန်းတိုင်ကို သေသေချာချာမြင်ပြီး ဘယ်လို အကောင်အထည် ဖော်ရမယ်ဆိုတာ ပြတ်ပြတ်သားသားသိသူကိုသာ ညွှန်ကြားရေးမှူးတာဝန် ပေးရမယ်။ မိမိအဖွဲ့ထဲကသူတွေရဲ့ အားသာချက်တွေကို သေသေချာချာသိပြီး လူမှန်နေရာမှန် ချထားတတ်တဲ့ လူမျိုးကို ရွေးရတယ်။ စကားအနေနဲ့ပြော ရတာလွယ်ပေမယ့် တကယ်လက်တွေ့မှာတော့ တော်တော်ကို ခက်ပါတယ်။

လုပ်သက်ရင့်၊ ပညာမြင့်တဲ့သူတွေထဲကချည်း ရွေးလို့လည်းမဖြစ် ဘူး။ ကျွန်တော့်စိတ်ကူးထဲက သင့်လျော်မယ်ထင်တဲ့သူ ရွေးတာကလည်း ကိုယ့်သဘောတစ်ခုတည်းမို့ တရားမျှတချင်မှ မျှတမယ်။ လူအရွေးမှန်မှ စီမံချက်ကြီးရဲ့အနာဂတ်ဟာ အောင်ပွဲကို ချီတက်နိုင်မယ်။ ကျွန်တော် သိပ္ပံ ပညာရှင်တွေ၊ အင်ဂျင်နီယာတွေ အများကြီးကို ပေါင်းရတယ်။ လေ့လာရ တယ်။ အကဲဖြတ်ရတယ်။ သူတို့အချင်းချင်းရဲ့ အသံတွေလည်း နားထောင် ရတယ်။ ကျွန်တော် ပထမဦးဆုံး စီမံချက်ညွှန်ကြားရေးမှူး ငါးဦးကို ရွေးတယ်။ အဲဒီငါးဦးကမှ နောင်အနာဂတ်ခေါင်းဆောင်ကောင်းဖြစ်မယ့်လူ ၂၅ ဦးကို ထပ်ရွေးစေတယ်။

ကျွန်တော့်သဘောကတော့ ရှင်းတယ်။ နိုင်ငံအတွက် ဒုံးပျံစနစ်ကို အောင်အောင်မြင်မြင်ဖြစ်အောင် အခြေချပေးမယ်။ ပြီးရင် လိပ်ပြာသန့်သန့် နဲ့ အနားယူမယ်။ ဒါပါပဲ။ ဒါကြောင့် ကျွန်တော်မရှိတဲ့အခါ ကျန်ရစ်မယ့် ခေါင်းဆောင်လောင်းဟာ ခေါင်းဆောင်ကောင်းဖြစ်ဖို့ ခုကတည်းက ကြိုရွေး ထားရတာ တာဝန်တော်တော်ကြီးပါတယ်။

အုပ်ချုပ်တဲ့နေရာမှာ ဗျူရိုကရေစီပုံစံ၊ ကြိုးနီစနစ် မဖြစ်ဖို့လည်း ကျွန်တော် တော်တော်သတိထားရတယ်။ အဲဒီလိုပဲ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ရာမှာလည်း မလျော့လွန်း မတင်းလွန်း ဖြစ်စေရတယ်။ ပညာရှင်

တွေဆိုတာ ရုံးဝန်ထမ်းတွေလို မနက် ၉ နာရီခွဲ ရုံးတက်၊ ညနေ ၄ နာရီခွဲ ရုံးဆင်းဆိုပြီး ပုံသေသတ်မှတ်ထားလို့ မရဘူး။ သူတို့က လွတ်လွတ်လပ်လပ်နေရမှ ပိုပြီး အစွမ်းပြတတ်ကြတဲ့သဘောရှိတယ်။ တစ်ခါတလေလည်း ဘာသာရေးအဆုံးအမတွေနဲ့ စီမံအုပ်ချုပ်၊ နားလည်သဘောပေါက်အောင် ပြောရတာလည်း ရှိသပေါ့။ အများအားဖြင့်တော့ ကျွန်တော်က အလယ်အလတ်လမ်းစဉ်ကို သဘောကျပါတယ်။

ပရစ်ဗီ စီမံချက်အတွက် လူရွေးတာ နောက်ဆုံးတော့ အိန္ဒိယတပ်မတော်က 'ဗိုလ်မှူးကြီးဗွီးဂျဆွန်ဒါရမ်'နဲ့ တွေ့မှ ပြီးတော့တယ်။ သူက လေကြောင်းအင်ဂျင်နီယာဘွဲ့လွန်ဒီဂရီ ရထားသူပဲ။ စက်မှုပိုင်းဆိုင်ရာ အတွေ့အကြုံ တော်တော်များများ ရှိတယ်။ သူက အလုပ်လုပ်ရာမှာ သွက်တယ်။ အမှားနည်းတယ်။ သတိကောင်းကောင်းရှိတယ်။ ဘယ်အလုပ်မှာမဆို သမားရိုးကျပုံစံက ခွဲထွက်ပြီး စမ်းသပ်လုပ်ကိုင်တတ်တယ်။ အထူးခြားဆုံးကတော့ အများနဲ့အတူ ပူးပေါင်းဆောင်ရွက်တတ်တာပဲ။ သူက ပြဿနာတွေ့ရင် အကောင်းဆုံးအဖြေကို အမြန်ဆုံး ရှာနိုင်တဲ့အပြင် ပြဿနာမဖြစ်အောင် ကြိုတင်ပြင်ဆင်ကာကွယ်တတ်သူလည်း ဖြစ်တယ်။

ပရစ်သ်ဗီ စီမံချက်ရဲ့ စီမံကိန်းညွှန်ကြားရေးမှူးဟာ အဆုံးအဖြတ်ကို မြန်မြန်ချနိုင်ပြီး လုပ်ငန်းကို သေသပ်မှန်ကန်စွာ ဦးဆောင်လုပ်ပြတတ်သူပဲဖြစ်ရမယ်။ ဒီအတွက်တော့ 'ဆွန်ဒါရမ်'ကို ရွေးတာ အမှန်ကန်ဆုံးပါပဲ။

'ထရီရွှလ်း'အတွက်တော့ အဲဒီပုဂ္ဂိုလ်မှာ အီလက်ထရွန်နစ်ပညာကို ခိုင်မာတဲ့ အတွေ့အကြုံ အသိပညာရှိရမယ့်အပြင် ဒုံးပျံတိုက်ခိုက်နည်းကိုလည်း နားလည်သူဖြစ်ရပါမယ်။ မိမိအဖွဲ့ဝင်တွေရဲ့ လုပ်ငန်းကို အထောက်အကူပြုပြီး ကိုယ်တိုင်လည်း ဦးဆောင်ဦးရွက် လုပ်တတ်ရမယ်။ အဲဒီအတွက် အိန္ဒိယရေတပ်က ဗိုလ်မှူးကြီး 'အက်စ်အာရ်မိုဟန်'ကို သွားတွေ့ပါတယ်။

'အဂ္ဂနိ'ကတော့ ကျွန်တော့်ရဲ့ အိပ်မက်စိတ်ကူးစီမံချက်ပါ။ ကျွန်တော့် အိပ်မက်ကို အကောင်အထည်ဖော်နိုင်တဲ့နေရာမှာ 'အာရ်အင်ဘဂါဇာလ်'ဆိုတဲ့သူက အကူအညီပေးနိုင်မယ့်သူလို့ သွားမြင်ပါတယ်။ သူက စက်မှုတက္ကသိုလ်က ဘွဲ့ရဖြစ်တဲ့အပြင် လေကြောင်းဆိုင်ရာ ပုံသန်းမှုတွေမှာလည်း စီမံအုပ်ချုပ်တဲ့ နာမည်ကောင်းတွေ ရထားတဲ့သူပါ။

"အာကတ်ရှ်"နဲ့ "နက်ဂ်"တို့ကတော့ အနာဂတ်မှာ ပေါ်လာမယ့် ဒုံးပျံတွေလို့ပဲ သဘောထားပါတယ်။ နောက်ထပ် ငါးနှစ်လောက်အကြာမှာ အကောင်အထည်ဖော်ဖို့လည်း မှန်းထားတယ်။ ဒါတွေလုပ်ဆောင်ဖို့ "ပရာလာဒါ"နဲ့ "အင်အာရ်လိုင်ယာ"တို့ကို "အာကတ်ရှ်"နဲ့ "နက်ဂ်"အတွက် ရွေးထားတယ်။ နောက်ထပ် လူငယ်နှစ်ဦးဖြစ်တဲ့ "ဗီကေဆာရာဝပ်"နဲ့ "အေကေကပူး"တို့က "ဆွန်ဒါရန်"နဲ့ "မိုဟန်"တို့ကို အထောက်အကူပြုမယ့် ဒုတိယခေါင်းဆောင်တွေပေါ့။

အဲဒီကာလတုန်းက ကျွန်တော်တို့ဌာနမှာ "ဟစ်တိုင်"ဆိုတာ မရှိသေးဘူး။ အရေးကြီးတဲ့ကိစ္စဆိုရင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်ချဖို့ဆိုရင် အပြင်းအထန် အခြေအတင် ငြင်းကြ ခုံကြတာပဲ။ သိပ္ပံပညာရှင်တွေဟာ တော်တော်လေး နှလုံးသားနုတဲ့သူတွေပဲ။ သူတို့က ခံစားလွယ်ကြတယ်။ သူတို့မကြိုက်တာဆိုရင် မလုပ်ကြဘူး။ ဘယ်လိုပြောပြောတင်းခံကြတယ်။ သူတို့ကို သဘောပေါက်နားလည်အောင် ရှင်းပြနိုင်ရင်တော့ အသေအကြေလုပ်ဖို့ ဝန်မလေးကြဘူး။ ကျွန်တော်က သူတို့နဲ့ သဘောထားကွဲလွဲတာမျိုးတွေ မလုပ်ချင်ဘူး။ ဒါကြောင့် "သိပ္ပံကောင်စီ"ဆိုတာကို ဖန်တီးလိုက်တယ်။ အဲဒီမှာ တူတူထိုင်ပြီး ပြောကြ၊ ဆွေးနွေးကြ။ ပြီးရင် "ဘုံဆုံးဖြတ်ချက်" ချကြရတယ်။ သုံးလတစ်ခါ သိပ္ပံပညာရှင်အကြီးရော အငယ်ပါ၊ လူသစ်ရော၊ လူဟောင်းပါ အတူတူ "သိပ္ပံကောင်စီ"မှာ ဆွေးနွေးကြရတယ်။

ပထမဆုံး ကောင်စီအစည်းအဝေးက အမှတ်တရပါပဲ။ ဝါရင့်သိပ္ပံပညာရှင်တစ်ဦးဖြစ်တဲ့ "အမ်ဒင်ရောင်း"က မေးခွန်းတစ်ခုကို ဒဲ့မေးတယ်။

"ဒီညွှန်ကြားရေးမှူးငါးဦးကို ခင်ဗျားတို့ ဘယ်လိုအခြေခံမှုနဲ့ ရွေးထားတာလဲ"

တကယ်တော့ ဒီမေးခွန်းကို ဖြေဖို့အတွက် ကျွန်တော်ကလည်း မျှော်လင့်ထားသူပါ။ ကျွန်တော်က ဒီညွှန်ကြားရေးမှူးငါးဦးကို ဘာမှုနဲ့ ရွေးတယ်ဆိုတာ ပြောချင်တယ်။ ဒါမှ ပွင့်လင်းမြင်သာရှိမှာကိုး။ ဒါပေမဲ့ ကျွန်တော်က ချက်ချင်း အဖြေမပေးဘူး။ "ရောင်း"ကို စောင့်သာကြည့်နေပါ

လို့ပဲ ပြောလိုက်တယ်။ မကြာခင် ရေရှည်စီမံကိန်းကြီး စလုပ်ကိုင်ကြပြီး နေ့တိုင်း မုန်တိုင်းသစ်တွေ ရင်ဆိုင်ကြရမှာကိုး။

မနက်တိုင်း ကြုံတဲ့အခါ 'ရောင်း'ကို ကျွန်တော်ပြောတယ်။

"ခင်ဗျား အဂါဂါလ်းစ်ရပ်၊ ပရာလာဒက်စ်ရပ်၊ လိုင်ယား(စ်)ရက်၊ ဆာရာဝပ်စ်ရယ်ကို စောင့်ကြည့်ဖို့ အခွင့်အရေး ပေးထားတယ်နော်။ သူတို့ ဘယ်လိုလုပ်တယ်၊ စီမံတယ်ဆိုတာ ခင်ဗျား အကဲခတ်ထား"

ကောင်စီမှာ မေးခွန်းတစ်ခုကလည်း တော်တော်အဖြေခက်တယ်။ လူငယ်သိပ္ပံပညာရှင်တစ်ယောက်က မေးတာ။

"စီမံချက်ကို သွားနေတာကနေ ခင်ဗျား ဘာဖြစ်လို့ ဒီစီမံချက်တွေကို တားဆီးထားရတာလဲ"

ကျွန်တော်က ဌာနရဲ့နောက်ကွယ်က ဒဿနကို ရှင်းပြရတယ်။ ဒီဇိုင်းကနေစပြီး ထိထိရောက်ရောက် အသုံးချမှုမှာ အဆုံးသတ်ရကြောင်း။ စစ်မြေပြင်မှာ လက်တွေ့ အသုံးချလို့ ရ မရပေါ် မူတည်ပြီး တချို့စီမံချက်တွေ တစ်ဝက်တစ်ပျက်နဲ့ ရပ်ဆိုင်းခဲ့ရတဲ့အကြောင်း။

တချို့စီမံချက်တွေကို ချပြီးတာနဲ့ လုပ်ဆောင်မယ့်နေရာကို အလွယ်တကူပဲ ရွေးလိုက်ကြတယ်။ အများအားဖြင့်တော့ လုပ်လို့ကိုင်လို့ လွယ်မယ့် အနီးအနားကိုပဲ ရွေးတတ်ကြတယ်။ ဥပမာ 'သူရဲခုံးပျံ' စီမံချက်အတွက် နေရာရွေးတာက စတုရန်းမိုတာ ၁၂၀ လောက်ပဲ ရှိတဲ့နေရာ၊ ခိုင်္ဂက်တွေ သိပ်ထူပြောတဲ့နေရာကို ရွေးလိုက်ကြတယ်။ ခုံးပျံကြီးငါးစင်း ဘယ်လိုလုပ် လွှတ်တင်လို့ရမယ့်နေရာလဲ။ ပတ်ဝန်းကျင် စမ်းသပ်စစ်ဆေးမှုကိုလည်း ပေါ့ပေါ့တန်တန် လုပ်ကြတယ်။ ကျွန်တော် အနီးအနားက 'အီမာရတ်တန်ချာ' ဒေသကို ရောက်ခဲ့တယ်။ ဒီနေရာကို လွန်ခဲ့တဲ့ဆယ်နှစ်က သံချပ်ကာကား တိုက်ဖျက်ရေးခုံးပျံစမ်းဖို့ နေရာရယ်လို့ ရွေးထားကြတာတဲ့။ နေရာက ပြောင်သလင်းခါနေတာပဲ။ သစ်ပင်ရယ်လို့ တစ်ပင်မှတောင် မရှိဘူး။ ကျောက်တုံးတွေလည်း ထူပြောလို့။

ပြဿနာကို ကြုံတင်ရှာဖို့၊ ပြဿနာရှိလာရင် ဖြေရှင်းဖို့ဆိုတာတွေကို နဂိုကတည်းက လုပ်ထားရတယ်။ အဲဒီလို ဌာနမျိုးက အရေးကြီးတယ်။ ဒီလိုဌာနမျိုးကို ဦးဆောင်ဖို့ ဘယ်လိုလူမျိုးက သင့်တော်မလဲ။ လိုအပ်တဲ့

ခေါင်းဆောင်မှုအရည်အသွေး တော်တော်များများ ရှိနေသူကတော့ "အမ်ဗီဆူရာကန်သာရောင်း"ပဲလို့ ကျွန်တော်မြင်တယ်။ နောက်ပြီး သုတေသနဌာနကို ဦးဆောင်ဖို့ လူရှာရပြန်တယ်။ ကျွန်တော်က "ခရစ်ရှနာမိုဟန်"ကို ရွေးလိုက်တယ်။ သူက အသက်သုံးဆယ်ဝန်းကျင်ပဲ ရှိသေးတဲ့ လူငယ်ပဲ။ "ဆူရာကန်သာရောင်း"ကို ကူညီဖို့ သူ့ကို ထားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ "ဆူရာကန်သာရောင်း"က အဲဒီအချိန်မှာ အသက် ငါးဆယ်ကျော်နေပြီလေ။

တချို့ကိစ္စတွေကိုတော့ ကျွန်တော်တို့က "တပ်မတော်အင်ဂျင်နီယာဌာန"ကနေ အကူအညီတောင်းရတယ်။ စခန်းတည်ဆောက်ရေးလုပ်ငန်းတွေကူညီဖို့၊ သူတို့က ငါးနှစ်ကြာမှ ပြီးမယ်တဲ့။ ကာကွယ်ရေးဝန်ကြီးဌာနကို တင်ပြပြီး ဆုံးဖြတ်ချက်ရယူရတယ်။ နောက်တော့ ပြင်ပက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုနဲ့ စျေးတည့်သွားတယ်။ မြေညှိရတယ်။ လမ်းဖောက်ရတယ်။ မီးသွယ် ရေသွယ်ရတယ်။ ရေက တစ်နေ့ကို လီတာငါးသန်းလောက်ရမှ ဖြစ်မယ်။

စခန်းတည်ဆောက်မှုမှာ "ဗိုလ်မှူးကြီးအက်စ်ကေဆာလ်ဝမ်"လည်း ပါပါတယ်။ သူက စက်မှုအင်ဂျင်နီယာတပ်က။ ဆောက်လုပ်ရေးလုပ်ငန်းအပြီးသတ်ကို သူပဲ လုပ်ဆောင်ပေးတယ်။ သူ့ကြောင့်လည်း ဒီလောက်ကောင်းတဲ့ စခန်းတစ်ခု ဖြစ်လာတာပဲ။

စခန်းပြီးတဲ့အခါ ဒုံးပျံစနစ်တွေ ရေး၊ ဒီဇိုင်းတွေ စ,ရေးရတယ်။ ပြီးတဲ့အခါ စမ်းသပ်ပစ်လွှတ်ဖို့ သင့်တော်တဲ့နေရာတွေ ရှာရပြန်တယ်။ သင့်လျော်တဲ့နေရာက အရှေ့ဘက်ကမ်းရိုးတန်းကနေ ဩရိုသပြည်နယ်က "ဘာလာဆို"ဒေသအထိ ရွေးခဲ့တယ်။ အရှေ့မြောက်ကမ်းရိုးတန်းတစ်လျှောက်ကိုတော့ အမျိုးသားစမ်းသပ်ပစ်လွှတ်ရာ နေရာအဖြစ် ရွေးချယ်ကြတယ်။ ဒါပေမဲ့ ကံဆိုးတာက ရာသီဥတုမကောင်းလို့ အဲဒီနေရာကလူတွေကို ကယ်တင်ရတာနဲ့ပဲ နိုင်ငံရေးပြဿနာတွေက ရှုပ်ထွေးလာတယ်။

ဒါကြောင့် ဩရိုသပြည်နယ်က "ဘာလာဆို"ဒေသ၊ "ချန်ဒီပူ"မြို့နေရာကို ပြောင်းရတယ်။ ဒုံးပျံလွှတ်တင်စင် ဆောက်ရတာကလည်းပဲ ရှုပ်ပြီး ကုန်ကျစရိတ်လောက် ကုန်တယ်။ "ဒေါက်တာအိပ်ချ်အက်စ်ရာမာရောင်း"နဲ့အဖွဲ့က ဒုံးပျံနဲ့ဆက်စပ်တဲ့ ပစ္စည်းပစ္စယတွေ တာဝန်ယူ တပ်ဆင်

ပေးတယ်။ အဝေးကြည့်မှန်ပြောင်းကြီးတွေ၊ ရေဒါတွေ အပါအဝင်ပေါ့။ ဒုတိယဗိုလ်မှူးကြီး အာရ်အက်စ်ဒီစပါနဲ့ ဗိုလ်ချုပ်ကေအင်ဆင်းတို့က ဒုံးပျံလွှတ်တင်စင်နဲ့ တခြားအဆောက်အဦတွေကို တာဝန်ယူဆောက်ပေးရတယ်။ ချန်ဒီပူမှာ သိပ်လှတဲ့ဌက်တွေ ခိုနားစခန်းရှိတယ်။ ဒါကို မပျက်ယွင်းစေပဲ တည်ဆောက်ပေးဖို့ အင်ဂျင်နီယာတွေကို တောင်းပန်ထားရတယ်။

စခန်းတည်ဆောက်ပုံကတော့ ကျွန်တော့်ဘဝ အတွေ့အကြုံထဲမှာ ကျေနပ်စရာအကောင်းဆုံးပါပဲ။ ဒီနေရာကို အကောင်းဆုံး ဒုံးပျံနည်းပညာ စခန်း တည်ဆောက်ဖြစ်တဲ့ ပီတိက ဘာနဲ့မှ မလဲနိုင်ပါဘူး။

၁၉၈၃ ခုနှစ်၊ ဒီဇင်ဘာမှာ ကာကွယ်ရေးဝန်ကြီး အာရ်ဗင်ကာတာရာမန် စခန်းကိုလာကြည့်ပြီး ချီးကျူးသွားတယ်။ ကျွန်တော်တို့ ရည်မှန်းချက် အောင်မြင်အောင် ဘာတွေ ထပ်ဖြည့်ဆည်းပေးရမလဲ စာရင်းလုပ်ထားပါလို့ တောင် ပြောသွားတယ်။

"ခင်ဗျားတို့စိတ်ကူးထဲမှာ ပေါ်တာပြောပါ။ ဖြစ်စေရမယ်။ ခင်ဗျားတို့ ယုံကြည်တဲ့အရာက ခင်ဗျားတို့အောင်ပွဲဆင်ပေးမယ့် အရာတွေပဲ" လို့ တောင် ပြောသွားတယ်။

ဒေါက်တာဘာရွန်နာချာလန် ရော ကျွန်တော်ပါ ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေရဲ့ နောင်လာလတ္တံ့သော အသီးအပွင့်များကို မျှော်မှန်းပြီး ဝမ်းသာလို့မဆုံး ဖြစ်ကြရတယ်။ ကျွန်တော်တို့ဌာနမှာ နိုင်ငံရဲ့ အကောင်းဆုံး၊ အထူးချွန်ဆုံးပညာရှင်တွေ စုမိနေတာသိလို့ပဲ အားတက်ကြရတယ်။

အောင်မြင်မယ့်သူတွေနဲ့ မပေါင်းချင်တဲ့သူ ဘယ်သူရှိမလဲ။
ဒီဆိုရိုးစကားက ဌာနတစ်ခုလုံး ပျံနှံ့သွားလေရဲ့။
ကျွန်တော်တို့က မွေးရာပါ အောင်ပွဲဆင်မယ့်သူတွေလေ။

❑

(၁၂)
အလုပ်သမားများ

၁၉၈၄ ခုနှစ်အတွက် စီမံကိန်းချဖို့ အစည်းအဝေးခန်းမှာ ရောက်နေကြတယ်။ အဲဒီအချိန်မှာ သတင်းတစ်ခု ဝင်လာတယ်။ ဇန်နဝါရီလ ၃ ရက်နေ့ ညနေက ဘုံဘေမြို့မှာ 'ဒေါက်တာဘရာမ်ပရာကက်ရှ်' ကွယ်လွန်သွားတယ်ဆိုတဲ့ သတင်း။ ကျွန်တော် အလုပ်စဝင်ပြီး စိန်ခေါ်မှုအများဆုံးဖြစ်တဲ့ကာလမှာ သူလက်အောင် ဝင်လုပ်ရတာ ကျွန်တော့်အတွက် တကယ့်အခွင့်အရေးကြီးပဲ။ ဒါကြောင့် အခု သူကွယ်လွန်သွားကြောင်း သိရတာ ကျွန်တော့်အတွက် ဆုံးရှုံးမှုကြီးတစ်ခုပါပဲ။ သူ့ဆီက နမူနာယူစရာ၊ စံပြုစရာတွေ အများကြီးပါပဲ။ ကျွန်တော် တစ်ခါတုန်းက မအောင်မြင်တဲ့ ဒုံးပျံစေလွှတ်မှုကြောင့် စိတ်ဓာတ်ကျနေချိန်မှာ ဒီဆရာရဲ့ အားပေးနှစ်သိမ့်မှုက တကယ့်ကို မေ့မရနိုင်စရာပါပဲ။

'ပါမောက္ခဆူရာဘိုင်' ရော၊ 'ဒေါက်တာပရာကက်ရှ်' ရောဟာ ဒုံးပျံလောကမှာတော့ တကယ့် ဆရာကြီးတွေပါပဲ။ သူတို့က ဒီနယ်ပယ်ကို ပျိုးထောင်မွေးမြူခဲ့တဲ့ မဟာကျေးဇူးရှင် အစစ်ကြီးတွေပါ။ 'ဒေါက်တာပရာကက်ရှ်'ဟာ ခေါင်းဆောင်မှုပညာကို ကျွန်တော့်ကို လက်ထပ်သင်ပေးခဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူ့ကြောင့် ကျွန်တော့်ဘဝ တစ်ဆစ်ချိုးပြောင်းလာရတယ်ဆိုရင်လည်း မမှားလောက်ပါဘူး။ သူက ကျွန်တော့်ရဲ့ စိတ်လောကြီး

မှု၊ ဖြစ်ချင်စော သိပ်ထက်သန်မှုတွေကို အစွန်းမရောက်ဖို့ ချိန်ဆပေးတယ်။ သူ့ရဲ့ သူ့လက်အောက်ဝန်ထမ်းတွေအပေါ် ညာတာထောက်ထား၊ မေတ္တာပြည့်ဝတဲ့ ဆက်ဆံမှုပုံစံဟာ ကျွန်တော့်အတွက် စံပြပါပဲ။ သူဟာ လူသိကွာကို လေးစားတတ်တယ်။ အမှားအယွင်းတစ်ခုခုလုပ်မိရင်လည်း နားလည်ခွင့်လွှတ်ပေးတတ်တယ်။ သူ့ကိုကြည့်ပြီး ကျွန်တော် လျှောက်လှမ်းနေတဲ့ ဘဝမှာ အတွေ့အကြုံ အများကြီးရတယ်။ သူက ဉာဏ်ပညာ ကြီးမား ထက်မြက်သလောက် စိတ်ကို နှိမ့်နှိမ့်ချချ နေတတ်သူတစ်ဦးပဲ။ သူ့ကို ကြည့်ရတာ ကလေးတစ်ယောက်လိုပဲ အပြစ်ကင်းစင်လှတယ်။ သူဟာ သိပ္ပံပညာရှင်အများကြားမှာ တကယ့်ကို ထူးခြားလှတဲ့ သူတော်စင်ပုဂ္ဂိုလ်ကြီးပါပဲ။

အခုအချိန်ပိုင်းမှာတော့ ဒုံးပျံပစ်လွှတ်ဖို့ ထိန်းချုပ်မှုစနစ်တွေ၊ ကွန်ပျူတာလုပ်ငန်းတွေကို 'ပီဘာနားဂျီ'၊ 'ကေဗီရာမာနာဆိုင်'နဲ့ သူတို့အုပ်စုက လုပ်ကိုင်တာ အဆင်သင့်ဖြစ်နေကြပြီ။ သူတို့ရဲ့ ကြိုးပမ်းမှုအဆင့်က တော်တော်အခြေခံကျပြီး အရေးပါတယ်။ ဒုံးပျံပစ်လွှတ် အောင်မြင်မှုမှာ သိပ်ကို အရေးပါတဲ့ အခန်းကဏ္ဍပဲ။ ဒီစနစ်ကို ဆက်လက် စမ်းသပ်လုပ်ကိုင်ဖို့ပဲ ကျွန်တော့်တယ်။

ပြုပြင်ပြောင်းလဲမှု အဆင့်ဆင့်တွေ လုပ်ပြီးတဲ့နောက်မှာ ကျွန်တော်တို့က စနစ်ကို စမ်းသပ်ဖို့ 'သူရဲစီမံကိန်း'ကို ပြန်ထိုင်ကြတယ်။ 'သူရဲဒုံးပျံ'လုပ်ငန်းကို ရပ်လိုက်ကြပြီးပြီ။ အခု တချို့ကိုပြန်ပြီး တစ်စစီဆောက်နေရတယ်။ ၁၉၈၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာ 'သူရဲဒုံးပျံ'ကိုလွှတ်ပြီး အစမ်းပျံသန်းကြည့်ကြတယ်။ စနစ်က အကုန်အဆင်ပြေတယ်။ လိုအပ်ချက်အားလုံး ဖြည့်ဆည်းပေးနိုင်တယ်။ ဒါဟာ အိန္ဒိယဒုံးပျံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသမိုင်းမှာ သိပ်ကိုအရေးကြီးတဲ့ မှတ်တိုင်တစ်ခုပဲ။ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ စနစ်တွေလုပ်ဖို့ရာ ကနဦးအောင်မြင်မှုပဲ။ ဒီဌာနက သိပ္ပံပညာရှင်တွေလည်း သိပ်ကို ကျေနပ်ဝမ်းသာနေကြတယ်။

ဒီသတင်းက မကြာခင် ဒေလီကို ရောက်သွားတယ်။ ဝန်ကြီးချုပ် 'အင်ဒီရာဂန္ဒီ' ကိုယ်တိုင်က ချီးကျူးစကားပြောတယ်။ ဒါကြောင့် ကျွန်တော်တို့ တစ်ဌာနလုံးလည်း စိတ်လှုပ်ရှားနေကြရတယ်။ ၁၉၈၄ ခုနှစ်၊ ဇူလိုင်လ

၁၉ ရက်မှာတော့ ဝန်ကြီးချုပ်ကိုယ်တိုင် ကျွန်တော်တို့ဆီကို ရောက်လာတယ်။

ဝန်ကြီးချုပ် ‘အင်ဒရာဂန္ဒီ’ဟာ သူ့အလုပ်ကို သူ သိပ်တန်ဖိုးထားတဲ့သူပဲ။ သူ့နိုင်ငံအတွက် ဘာမဆို လုပ်ပေးမယ်ဆိုတဲ့လူပဲ။ သူက သူ့အရည်အချင်းကိုလည်း သူ ကောင်းကောင်း ယုံကြည်သူဖြစ်တယ်။ ဝန်ကြီးချုပ်ကို လက်ခံတွေ့ဆုံခွင့်ရတာ ကျွန်တော့်အတွက်တော့ တကယ့်ကို ဂုဏ်ယူစရာပဲ။ ဝန်ကြီးချုပ်ကလည်း ကျွန်တော်တို့ရဲ့ အောင်မြင်မှုဟာ သန်း ၈၀၀ သော အိန္ဒိယပြည်သူတွေကို ကိုယ်စားပြုတယ်လို့ ပြောသွားတယ်။ သူက ကျွန်တော်တို့ လုပ်ပုံကိုင်ပုံကို အသေးစိတ် လေ့လာတယ်။ မေးခွန်းတွေ စစ်စစ်ပေါက်ပေါက် မေးတယ်။ တကယ့်ကို စိတ်ဝင်တစားရှိလှတာ တွေ့ရတယ်။

သူက ကျွန်တော်တို့ဌာနမှာ တစ်နာရီလောက်တောင် နေသွားတယ်။ လေ့လာကြည့်ရှုမှုပြီးတဲ့အခါ ကျွန်တော်တို့ ဝန်ထမ်း ၂၀၀၀ ကျော်ကို မိန့်ခွန်းပြောတယ်။ နောက်ပြီး မေးခွန်းတစ်ခု မေးတယ်။

“ပရစ်သဗီ စမ်းသပ်စက်လွတ်မှု ဘယ်တော့လုပ်ကြမှာလဲ”

“၁၉၈၇ ခုနှစ်၊ ဇွန်လမှာပါ”လို့ ကျွန်တော်က ချက်ချင်း ဖြေလိုက်တယ်။

“ပစ်လွတ်မှုအတွက် လိုအပ်တာတွေရှိရင် ကျွန်မကိုပြောနော်။ ရှင်တို့ လုပ်ရပ်က အိန္ဒိယတစ်ပြည်လုံးအတွက် မျှော်လင့်ချက်ပဲ”လို့လည်း သူက ထပ်ပြောတယ်။ ပြီးတဲ့အခါ သေသေသပ်သပ် အကောင်းဆုံးဖြစ်အောင် သတိထားလုပ်ဆောင်ဖို့လည်း မှာကြားသွားတယ်။

“ဘယ်လောက်ပဲ အောင်မြင်မှုရနေနေ မကျေနပ်ကြနဲ့။ ဆက်ပြီး ဒါထက်ကောင်းအောင် လုပ်ကြပါ။ နည်းလမ်းသစ်တွေ ကြိုးစားရှာဖွေပြီး ပိုအဆင့်မြင့်တာတွေ လုပ်ကြပါ”လို့လည်း လမ်းညွှန်ခဲ့တယ်။

နောက်တစ်လ အကြာမှာပဲ ကျွန်တော်တို့လုပ်ငန်းကို သူစိတ်ဝင်စားထောက်ခံတာပြတဲ့အနေနဲ့ ကာကွယ်ရေးဝန်ကြီးအသစ်ဖြစ်တဲ့ ‘အက်စ်ဗီချာဗန်’ကို စခန်းဆီ စေလွှတ်ပြီး စစ်ဆေးခိုင်းတယ်။ ဝန်ကြီးချုပ် ‘အင်ဒီရာဂန္ဒီ’ဟာ အပြောအနေနဲ့သာမဟုတ်၊ တကယ်လက်တွေ့မှာပါ ကျွန်တော်တို့

လုပ်ငန်းကို စိတ်ဝင်စားတာ ပြတာပါ။ ကျွန်တော်တို့အားလုံး သိပ်ကို စိတ်အား တက်ကြွနေကြတယ်။ ကျွန်တော်တို့ဌာနက ဘယ်အခါမဆို "အကောင်းဆုံး" ဖြစ်အောင် လုပ်ဖို့လည်း သန္နိဋ္ဌာန်ချထားကြတယ်။

ကျွန်တော်တို့မှာ သိပ်ကိုထိရောက်တဲ့ စီမံခန့်ခွဲမှုစနစ်ရှိတယ်။ သုတေသန လုပ်တယ်။ တီထွင်တယ်။ အကောင်အထည် ဖော်တယ်။ ပြန်လည် စစ်ဆေးတယ်။ နောက်တစ်ခု ထပ်တီထွင်တယ်။ စီမံကိန်းတွေ တစ်ခုပြီး တစ်ခု ဆက်တိုက်လုပ်နေကြတယ်။ အထက်အောက် အပေးအယူမျှတယ်။ စုပေါင်းကြိုးစား လုပ်ကိုင်ကြတယ်။ အချောင်ခိုနေသူ မရှိဘူး။ လုပ်ငန်း မကျွမ်းကျင်သူ မရှိဘူး။ ပညာရှင်အချင်းချင်း ညှိနှိုင်းလုပ်ဆောင်ကြတယ်။ လုပ်ငန်းခွင်ထဲမှာ ဆက်သွယ်ရေးစနစ် ပိုမိုချောမွေ့ဖို့လည်း စီစဉ်ထားတယ်။ ဥပမာ- အလုပ်ခွင်ထဲက တစ်နေရာရာကို စာရေးချင်တယ်ဆိုရင် စာမရေးနဲ့ ဖက်စ်နဲ့ပို့။ ဖက်စ် (သို့) တဲလက်စ်သုံးမယ်နေရာမှာ တယ်လီဖုန်းသုံး၊ တယ်လီဖုန်းနဲ့ပြောတာထက် ပိုအရေးကြီးမယ်ဆိုရင် လူကိုယ်တိုင် သွားဆွေးနွေး။ ဒါမှမဟုတ် လုပ်ငန်းခွင်ကို လူကိုယ်တိုင်သွား။

၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ "ဒေါက်တာဘာရွန် နာချာလန်"က အရေးတကြီး အစည်းအဝေးခေါ်တယ်။ ဌာနအသီးသီးက ပညာရှင်အားလုံး တက်ရတယ်။ လုပ်ငန်းအခက်အခဲတွေ၊ ရှေ့လုပ်ငန်းစဉ်တွေကို ပွင့်ပွင့်လင်းလင်း ချပြဆွေးနွေးခိုင်းတယ်။ "အင်မာရတ်ကန်ချာ"မှာ တည်ထောင်မယ့် စခန်းသစ်အကြောင်းလည်း ပြောကြတယ်။ ဒီစခန်းကို "အင်မာရတ်သုတေသနဌာန" (အာရ်စီအိုင်)လို့ အမည်ပေးလိုက်ကြတယ်။

လုပ်ငန်း ပြန်လည်သုံးသပ်ရေးဘုတ်အဖွဲ့မှာ မိတ်ဆွေဟောင်းကြီး "တီခင်စီရွှန်" ပြန်ပါလာတာတွေ့လို့ ဝမ်းသာရတယ်။ ကာကွယ်ရေးဝန်ကြီးသစ်ကိုလည်း အဆက်မပြတ် သတင်းပို့နေရတယ်။ သူကလည်း လိုအပ်သမျှကို ဖြည့်ဆည်းပေးနေတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအတွင်းဝန်ဖြစ်တဲ့ "စီရွန်"ကတော့ အနီးကပ် စောင့်ကြည့်ပေးနေတဲ့ ပုဂ္ဂိုလ်ပဲ။ သူရဲ့ ဌာနတွင်း တိုးတက်မှုကို အဆက်မပြတ် လေ့လာပြီး အထက်ကို သတင်းပို့ရတယ်။ သူရဲ့ သိလိုစိတ် ပြင်းပျလှတဲ့ မေးခွန်းတွေကို အတိအကျ အဖြေပေးရတယ်။ သူကလည်း အဖြေမှန်သိရမှ လိုအပ်တာ ထောက်ပံ့နိုင်

မှာကိုး။ "စီရှန်း"က စိတ်ထားနှလုံးသား နူးညံ့ပြီး ကူညီလိုစိတ်ရှိတဲ့ပုဂ္ဂိုလ်ပဲ။ သူ့ကြောင့် ကျွန်တော်တို့စီမံချက်တွေ ပိုမိုအဆင်ပြေ ချောမောစေတာ ဝန်ခံရပါမယ်။ သူမှာ ထူးခြားတာတစ်ခု ရှိသေးတယ်။ အဲဒါက ဘာလဲဆိုရင် ကျွန်တော့်ကို နာမည်အပြည့်အစုံ ခေါ်ဝေါ်တတ်တာပဲ။ ကျွန်တော့် နာမည် အပြည့်အစုံက တော်တော်ရှုပ်တယ်။

"အဗူလ်၊ ပါကီးယား၊ ဂျေနူလာဘဒင်၊ အဗ္ဒဒူကလမ်"

ဒီလောက်ရှည်တဲ့နာမည်ကို သူက အမြဲပဲ အပြည့်အစုံခေါ်တတ်တာကလည်း ထူးခြားတာပဲပေါ့။

ကျွန်တော်တို့လုပ်ငန်းက ကျယ်ပြန့်ပြီး ခက်ခဲရှုပ်ထွေးတာကြောင့် တခြားဌာနများစွာရဲ့ အကူအညီကိုလည်း ရယူရတယ်။ ဥပမာ-တက္ကသိုလ်ကြီး ၁၂ ခုနဲ့ ဓာတ်ခွဲခန်း ၃၀၊ သိပ္ပံနဲ့ စက်မှုသုတေသနကောင်စီ။ ပြင်ပက ပါမောက္ခ ၅၀ နဲ့ သုတေသနပါရဂူ ၁၀၀။ သူတို့အားလုံးစီက အကူအညီ အထောက်အပံ့တွေ ရယူရတယ်။ ကျွန်တော်အပါအဝင် ဌာနကပုဂ္ဂိုလ်ခြောက်ဦးက တက္ကသိုလ်ပေါင်းစုံ လှည့်လည်ပြီး အလားအလာကောင်းတဲ့ ပညာရှင်တွေ ရှာရတယ်။ သူတို့ကို မွမ်းမံသင်တန်းတွေပေးပြီး အနာဂတ် ဒုံးပျံပညာရှင်တွေအဖြစ် ပျိုးထောင်ပေးရတယ်။ စုစုပေါင်း ဘွဲ့ရ ၃၅၀ လောက် စုစည်းရရှိခဲ့တယ်။ အဲဒီအထဲက ၃၀၀ ကို ထပ်ရွေးပြီး လေ့ကျင့်သင်တန်းပေးရတယ်။

"အမျိုးသားလေကြောင်းဓာတ်ခွဲခန်း"က ညွှန်ကြားရေးမှူး "ရော့ဒစ်နာရာဆင်ဟာ"က ကျွန်တော်တို့ လူသစ်စုဆောင်းရာ၊ သင်တန်းပေးရာမှာ သိပ်ကို အကူအညီပေးခဲ့တယ်။ သူက အိန္ဒိယနိုင်ငံရဲ့ အဓိကနည်းပညာစိန်ခေါ်မှုကို တင်ကြိုတွက်ဆပြီး စီမံကိန်းချ လုပ်ကိုင်ပေးခဲ့တယ်။

ငြိမ်းချမ်းရေး ရည်မှန်းချက်တွေအနေနဲ့ အသုံးပြုတဲ့ အိန္ဒိယနိုင်ငံက ပထမဆုံး နျူကလီးယားဖောက်ခွဲမှုလုပ်တဲ့အချိန်မှာ ကမ္ဘာမှာ ဒါမျိုးလုပ်နိုင်တာ ခြောက်နိုင်ငံပဲ ရှိသေးတယ်။ ဂြိုလ်တုအောင်မြင်စွာ လွှတ်တင်နိုင်ခဲ့တာ အိန္ဒိယက ပဉ္စမမြောက်နိုင်ငံပဲ။ ဒီအတိုင်းဆို နည်းပညာဆိုင်ရာ နှိုးဆော်မှုကိုရော ကမ္ဘာပေါ်မှာ ပထမ သို့မဟုတ် ဒုတိယအနေနဲ့ ရပ်တည်နိုင်မှာလား။

ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားကြရမှာပဲ။ ဒါနဲ့ပတ်သက်လို့ အစည်းအဝေးတွေ မကြာခဏလုပ်တယ်။ ပညာရှင်တွေက အားတက်သရော ဆွေးနွေးကြ၊ အကြံပေးကြတယ်။ တစ်ခု သတိထားမိတာက အိန္ဒိယသိပ္ပံပညာရှင်အများစုက စကားပြော အတော်ကောင်းကြပေမယ့် နားထောင်မှု စွမ်းရည်တော့ အားနည်းကြတာ တွေ့ရတယ်။ ကိုယ့်ဘာသာကိုယ် အားဘောင် အားရင်းသန် ပြောစရာရှိတာပြော။ သူများပြောတာကျတော့ သေသေချာချာ နားမထောင်ချင်ကြဘူး။ ဒီအားနည်းချက်ကို ပြုပြင်ဖို့လိုတယ်။

ကျွန်တော်တို့ ဒုံးပျံစမ်းသပ်မှုတွေ အားတက်သရော လုပ်နေကြချိန်မှာ တိုင်းပြည်နဲ့ အချို့နေရာတွေမှာ မငြိမ်မသက်ဖြစ်တာတွေ စိတ်မချမ်းသာစရာ ကြားနေရတယ်။ အဆိုးဆုံးကတော့ ဝန်ကြီးချုပ် 'အင်ဒီရာဂန္ဒီ' လုပ်ကြံခံရတဲ့သတင်းပဲ။ နိုင်ငံအနှံ့အပြားမှာ အဓိကရုဏ်းတွေ၊ အကြမ်းဖက်မှုတွေ ဖြစ်တယ်။ 'ဟိုက်ဒြာဘတ်မြို့'မှာ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ရတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေ သူ့မြို့နယ်သူ ပြန်ချင်တာ စီစဉ်ပေးရတယ်။ တစ်နာရီလောက်အကြာမှာ ကျွန်တော်တို့ လုပ်ငန်းခွင်တစ်ခုလုံး သွေ့ခြောက်သွားတယ်။ ကျွန်တော့်ရုံးခန်းမှာဆို ကျွန်တော်တစ်ယောက်တည်း ကျန်နေတယ်။ လွန်ခဲ့တဲ့သုံးလက 'အင်ဒီရာဂန္ဒီ' ကျွန်တော်တို့ဌာနကို လာ သွားတဲ့မြင်ကွင်းတွေ ပြန်မြင်ယောင်နေမိတယ်။ ခေါင်းဆောင်ကြီးတွေ ခုလို ဇာတ်သိမ်းမကောင်းကြရှာတာ စဉ်းစားမိပြီး ဝမ်းနည်းမိတယ်။ ကျွန်တော့် အဖေ ပြောစကားတချို့ကို ပြန်ကြားယောင်မိတယ်။

"ဒီကမ္ဘာမြေမှာ လူကောင်းနဲ့ လူဆိုးဆိုတာ အပ်ချည်ဖြူနဲ့ အပ်ချည်မည်း ပိတ်စတစ်ခုမှာ ရောယှက်ထားသလို တစ်ခုတည်းပဲ။ အပ်ချည်အဖြူဖြစ်ဖြစ်၊ အမည်းဖြစ်ဖြစ် ဘာပဲပြတ်သွားသွား ဒီအဝတ်က စုတ်ပြဲသွားမှာပဲ။ ဒီအခါ ပြန်ဖာထေးရတာပေါ့ကွယ်"

ကျွန်တော် ဓာတ်ခွဲခန်းက အပြင်ကို ထွက်လာတယ်။ လမ်းပေါ်မှာ လူတစ်ယောက်မှတောင် မမြင်ရဘူး။ အဖေပြောသလို အဝတ်စတော့ စုတ်ပြဲသွားတာ သေချာပြီ။

'အင်ဒီယာဂန္ဒီ' လုပ်ကြံခံလိုက်ရတာဟာ သိပ္ပံအဖွဲ့အစည်းအတွက် အကြီးမားဆုံး ဆုံးရှုံးမှုကြီးပဲ။ သူက နိုင်ငံရဲ့ သိပ္ပံသုတေသနကို စိတ်ပါ

လက်ပါ အားပေးခဲ့တယ်။ သူလို သိပ္ပံပညာရပ်ကို ထိထိရောက်ရောက် အားပေးခဲ့တဲ့ ခေါင်းဆောင် အရင်က မရှိခဲ့ဘူး။ အခု သူ့နေရာကို သူ့သား ဗာဂျစ်ဂန္ဒီက ဆက်ခံခဲ့တယ်။ သူက ပြည်သူကို ကတိပေးတယ်။ သူ့မိခင် အင်ဒီရာဂန္ဒီရဲ့လမ်းစဉ်ကို ဆက်ခံလုပ်ဆောင်သွားမယ်တဲ့။ အဲဒီအထဲမှာ သူ့မိခင် အားပေးခဲ့တဲ့ ကျွန်တော်တို့ဌာနက လုပ်ငန်းလည်း ပါမှာပေါ့။

၁၉၈၅ ခုနှစ် နွေရာသီမှာ အင်မာရတ်ကန်ချာဒုံးပျံစခန်းမှ အခြေခံလုပ်ငန်းအားလုံးတော့ ပြီးကုန်ပြီ။ ၁၉၈၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာ ဝန်ကြီးချုပ် ဗာဂျစ်ဂန္ဒီက သုတေသနဌာန အဆောက်အဦး အုတ်မြစ်လာချပေးခဲ့တယ်။ သူကလည်း ကျွန်တော်တို့ဌာနရဲ့ တိုးတက်မှုကိုမြင်လို့ သိပ်ကို အားရကျေနပ်နေတဲ့ပုံပဲ။ လွန်ခဲ့တဲ့နှစ်က သူ့မိခင်ကြီး စိတ်ဝင်တစား လေ့လာသွားသလို သူလည်း စိတ်ပါဝင်စားစွာ လေ့လာတယ်။ အားပေးတယ်။ အိန္ဒိယသိပ္ပံပညာရှင်တွေကို ချီးကျူးစကားပြောခဲ့တယ်။

"ဒီသိပ္ပံပညာရှင်တွေကို ကျွန်တော် လေးစားတယ်။ တိုင်းတစ်ပါးသွားပြီး လခကောင်းကောင်းရမယ့် အလုပ်တွေ မလုပ်ဘဲ ကိုယ့်နိုင်ငံအတွက် အနစ်နာခံပြီး လုပ်ကိုင်နေကြတဲ့သူတွေမို့လို့ပဲ။ ဒါကြောင့် သိပ္ပံပညာရှင်တွေရဲ့ဘဝ သက်တောင့်သက်သာနေရဖို့ လိုအပ်တာ ဘာမဆို ကျွန်တော် စွမ်း ဆောင်ပေးပါမယ်" လို့ ပြောခဲ့တယ်။

နောက်တစ်ပတ်အကြာမှာ ကျွန်တော် ဒေါက်တာအရွှန်နာချလန်နဲ့အတူ အမေရိကန်လေတပ်က ဖိတ်ကြားလို့ အမေရိကကို သွားခဲ့တယ်။ အမျိုးသားလေကြောင်းက ရော့ဒမ်နာရာဆင်ရယ်၊ အိပ်ချ်အေအယ်လ်က ကေကေဂနာပတီရယ်လည်း ကျွန်တော်တို့နဲ့အတူ လိုက်ပါလာကြတယ်။ ဝါရှင်တန်က ပင်တဂွန်မှာ အစည်းအဝေးပြီးတဲ့အခါ ဆန်ဖရန်စစ်စကိုမှာ ခဏနားပြီး လော့အိန်ဂျလိစ်က နော့သရော့ကော်ပိုရှင်းကို ဆက်သွားကြတယ်။ ကျွန်တော်ကြိုက်တဲ့စာရေးဆရာ ရောဘတ်ရှူးလား တည်ဆောက်ထားတဲ့ သလင်းကျောက်ဘုရားရှိခိုးကျောင်းကို ဝင်ကြည့်ခွင့်ရခဲ့တယ်။ မှန်တွေနဲ့ချည်း လုပ်ထားတဲ့ ဗိသုကာအဆန်းတကြယ်ကို အံ့သြမိ

တယ်။ မှန်ခေါင်မိုးက ပေ ၁၀၀ ထက် ပိုရှည်တယ်။ "ရှူးလား"ကို လှုပ်တဲ့ ငွေတွေနဲ့ ဒေါ်လာသန်းပေါင်းများစွာ အကုန်ခံ ဆောက်ထားတာပဲ။

"ဘာအကျိုးကိုမှ မမျှော်မှန်းသူတွေပေါ် ထာဝရဘုရားသခင်က အံ့မခန်းအရာတွေ လုပ်ပေးနိုင်တယ်" ဆိုတဲ့ "ရှူးလား"ရေးတဲ့စာကို သတိရမိတယ်။

"ထာဝရဘုရားသခင်က သင့်ကို အောင်မြင်မှု ယုံကြည်စွာ မအပ်နှံမီ သင်ဟာ ဆုကြီးလာဘ်ကြီးကို နှိမ့်ချစွာ ကိုင်တွယ်ရယူတဲ့သူဖြစ်ဖို့ လိုတယ်" လို့လည်း သူက ရေးခဲ့တယ်။ ကျွန်တော်က "ရှူးလားဘုရားရှိခိုးကျောင်း"မှာ ဆုတောင်းခဲ့တယ်။

"အင်မာရတ်ကန်ချာမှာ သုတေသနဌာနကြီး တည်ထောင်နိုင်ဖို့ရာ ကူညီပေးတတ်သူပါ။ ဒါဟာလည်း တပည့်တော်အတွက်တော့ သလင်းဘုရားရှိခိုးကျောင်းနဲ့ အလားတူပါပဲ"

❑

(၁၃)
အောင်မြင်မှု

လူငယ်အင်ဂျင်နီယာတွေ၊ တိတိကျကျပြောရရင် အင်ဂျင်နီယာ ၂၀၀ က ဌာနရဲ့လုပ်ဆောင်မှု စွမ်းပကားကို ပြောင်းလဲပစ်ခဲ့ကြပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံးအတွက် တန်ဖိုးရှိတဲ့ အတွေ့အကြုံပါပဲ။ လူငယ်တွေရဲ့ အင်အားကို အသုံးချပြီး ပိုမိုဆန်းသစ်တဲ့ နည်းပညာနဲ့ ကြိုးပမ်းမှုတွေကြောင့် ရေဒါနည်းသစ်တွေ တီထွင်ဖန်တီးလာနိုင်တယ်။ ဒုံးပျံစနစ်နဲ့ တခြားပစ္စည်း ပစ္စယတွေလည်း အသစ်တီထွင် အသုံးပြုနိုင်ခဲ့တယ်။ ဒီလုပ်ငန်းကို လူငယ် သိပ္ပံပညာရှင်တွေကို ပထမ တာဝန်ချပေးတုန်းက သူတို့ရဲ့ အလုပ်နဲ့ အရေး ပါမှုကို သူတို့ ကောင်းကောင်းမသိကြသေးဘူး။ သူတို့စတင် လုပ်ဆောင် ခဲ့စဉ်က အတော် မသက်မသာရှိကြပုံပေါ်တယ်။ လူငယ်တစ်ယောက်က ဆိုရင် ဖွင့်တောင်ပြောတယ်။

"ကျွန်တော်တို့ အတွေ့အကြုံမရှိသေးတဲ့သူတွေကို တာဝန်ကြီးကြီး ပေးတာ ဘယ်တရားပါ့မလဲ"

ကျွန်တော်တို့က ဘာမှပြန်မပြောဘဲ တာဝန်ဆက်ပေးတယ်။ လူကြီး သိပ္ပံပညာရှင်တချို့ကို သူတို့နဲ့ တွဲပေးလိုက်တယ်။ အလုပ်လုပ်ရင်းနဲ့ သူတို့ လက်တွေ့ သိလာကြတယ်။ သူတို့အလုပ်ဟာ ဘယ်လောက်အရေးပါတယ် ဆိုတာ။ ပြီးတော့မှ ကိုယ်တိုင် ဘယ်လောက်လုပ်နိုင်စွမ်း ရှိတယ်ဆိုတာ။ ဒါကို သူတို့အရင်က မသိခဲ့ကြဘူး။ သူတို့ကိုယ်တိုင်က သူတို့အရည်အသွေး ကို အသုံးမချသေးလို့ မသိကြတာပါ။ လူကြီးတွေက ယုံယုံကြည်ကြည် သူတို့ကို လွှတ်ပေးလိုက်တော့ သူတို့ လုပ်လို့ကိုင်လို့ အဆင်ပြေလာကြ တယ်။ လအနည်းငယ်မှာပဲ သူတို့အလုပ်မှာ အရှိန်ရလာကြတယ်။

လူကြီးသိပ္ပံပညာရှင်တွေနဲ့ လူငယ်သိပ္ပံပညာရှင်တို့အချင်းချင်း အပေးအယူရှိလာတယ်။ လက်တွဲလုပ်ကိုင်လို့ အဆင်ပြေလာကြတယ်။ ဒီမှာတင် လူကြီးလူငယ် မျိုးဆက်ကွာဟမှု ကျဉ်းမြောင်းလာတာနဲ့အမျှ လုပ်ငန်းခွင်ရလဒ်က တရှိန်ထိုး တိုးတက်လာတော့တာပဲ။

၁၉၈၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ဒုံးပျံပစ်လွှတ်မှု စတင်ခဲ့တယ်။ စတက်သွားပြီး မြေပြင်ကနေ သိပ်အားကောင်းတဲ့ ရေဒါနှစ်ခုက လမ်းကြောင်းကို လိုက်ကြည့်ပေးတယ်။ စမ်းသပ်မှု အောင်မြင်တယ်။ ပစ်လွှတ်စင်ရော၊ ဂြိုလ်တုတင်တဲ့ ဒုံးပျံရော၊ ဂြိုလ်တုရော အားလုံးဟာ စီစဉ်ထားတဲ့အတိုင်း အတိအကျ အောင်မြင်မှုရတယ်။

ဒီလိုအောင်မြင်တဲ့စမ်းသပ်မှု လုပ်ပြီးတဲ့အခါ မောင်းသူမဲ့ ပစ်မှတ်ချိန်ပစ်လေယာဉ် (ပီတီအေ)ကို စမ်းသပ်ပျံသန်းစေခဲ့တယ်။ အင်ဂျင်နီယာတွေ စမ်းသပ်ထားတဲ့ စက်အသစ်ကို အသုံးပြုလိုက်တာပဲ။ စက်ပစ္စည်းထုတ်လုပ်ရာမှာ ပြင်ပက ပုဂ္ဂလိကစက်ရုံတစ်ခုကို အပ်ပြီးလုပ်တာ အခြေအနေကောင်းပါတယ်။ 'အိန္ဒိယသိပ္ပံတက္ကသိုလ်'ရယ်၊ 'ဂျာဒပ်ဗဲဒါတက္ကသိုလ်'ရယ်နဲ့ပါ ပေါင်းပြီး 'ပူးတွဲအဆင့်မြင့် နည်းပညာစီမံကိန်း'တွေ စမ်းသပ်တာ ထင်တာထက်ကို ပိုအလုပ်ဖြစ်တာ တွေ့ရတယ်။ အဲဒီတက္ကသိုလ်တွေမှာ အထူးချွန်ဆုံးပညာရှင်တွေ ရှိတာသိပြီး သူတို့ကို မှန်မှန်ကန်ကန် အသုံးချနိုင်တဲ့ ကျေးဇူးကြောင့် အောင်မြင်တာပါ။

ဒုံးပျံစနစ်မျိုးစုံကို သိပ္ပံတက္ကသိုလ်တွေ၊ သုတေသနဌာနတွေရဲ့ အကူအညီ ရယူခဲ့ပါတယ်။ 'ပရစ်သ်ဗီ'ကို ပစ်မှတ်အတိအကျရောက်အောင် ပျံသန်းဖို့ လုပ်ဆောင်ခဲ့တာပါ။ အဓိကအနေနဲ့ ကွန်ပျူတာကို ဦးနှောက်အနေနဲ့ အသုံးချတာပါပဲ။ 'ဂျာဒပ်ဗ်ပူတက္ကသိုလ်'က အင်ဂျင်နီယာဘွဲ့ရ လူငယ်တစ်စုကို 'ပါမောက္ခဂိုရှယ်'က ကြီးကြပ်လမ်းညွှန်ပြီး ဒီစီမံချက်ကို လုပ်ခိုင်းတာပါပဲ။ 'ပါမောက္ခအိုင်ဂျီရှားမား'ရဲ့ လက်အောက်မှာလည်း ဘွဲ့လွန် ပညာရှင်အချို့ကို လေ့ကျင့်ပေးထားပါတယ်။ သူတို့က လေကြောင်းကာကွယ်ရေး ပစ္စည်းတွေကို တီထွင်ကြတယ်။ အဲဒီဆော့ဖ်ဝဲတွေက ပစ်မှတ်ပေါင်းစုံကို ထိအောင်ပစ်နိုင်တဲ့ အရည်အချင်းရှိတယ်။

'အဂ္ဂနီ'ကိုတော့ မဒရပ်စ်က သိပ္ပံပညာရှင်တွေလက်ထဲ အပ်ထား

ခဲ့တယ်။ 'အော့စ်မားနီးယား' တက္ကသိုလ်ရဲ့ လေကြောင်းလမ်းပြ အီလက်ထရွန်နစ် သုတေသနဌာနနဲ့ လေ့ကျင့်ရေးဌာနကတော့ 'နယဂ်' ဒုံးပျံအတွက် တာဝန်ယူကြတယ်။ ကျွန်တော်တို့ဌာနတစ်ခုတည်းနဲ့ ဖန်တီးလို့မရတဲ့ကိစ္စတွေကို ပညာရပ်ဆိုင်ရာဌာနအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်ကြလို့ အချိန်တိုတိုနဲ့ ထိရောက်တဲ့အောင်မြင်မှုတွေရတာ ဖြစ်ပါတယ်။

'အဂ္ဂနီ' ဒုံးပျံစီမံကိန်းတစ်ခုတည်းပဲ ကြည့်ကြပါစို့။ 'အဂ္ဂနီ'က အဆင့်နှစ်ဆင့် ဒုံးပျံစနစ်ပဲ။ ကျွန်တော်တို့နိုင်ငံမှာ ပထမဆုံးလုပ်တဲ့ နည်းပညာတစ်ခုနဲ့ တပ်ဆင်ထားတာပါ။ ပထမအဆင့် ဒုံးပျံလွှတ်တင် ပေါက်ကွဲပြီးမှ ဒုတိယအဆင့်ကို 'ပရစ်သ်ဗီ' ဒုံးပျံစက်အရည်နဲ့ ထပ်မြှင့်တက်စေတဲ့ နည်းပါပဲ။ 'အဂ္ဂနီ'အတွက် အသံထက်မြန်တဲ့ အမြန်နှုန်း လိုအပ်တယ်။ ဒါကြောင့် ဒုံးပျံပုံစံလုပ်ကတည်းက အဲဒီရည်ရွယ်ချက် ပြည့်မြောက်အောင် ဒီဇိုင်းလုပ်ထားရပါတယ်။ အတွင်းက အပူချိန် ၄၀၀ ဒီဂရီ စင်တီဂရိတ် ဒဏ်ခံနိုင်ရည်ရှိဖို့လဲ လုပ်ထားရတယ်။ အပြင်အပူရှိန်က ၂၅၀၀၀ ဒီဂရီ စင်တီဂရိတ်ထိ ခံနိုင်ရည်ရှိရမယ်။ လိုအပ်တဲ့ ပစ်မှတ်ဆီသွားဖို့ ရှုပ်ထွေးနက်နဲတဲ့ ကွန်ပျူတာစနစ်တွေလည်း တပ်ဆင်ထားရသေးတယ်။ အပူရှိန်မြင့်မြင့်မားမားဒဏ်ကို ခံနိုင်တဲ့ ထိပ်ဖူးကိုလည်း ကာဘွန်-ကာဘွန်လောက် လုပ်ထားရတယ်။ ဒီလိုဒုံးပျံမျိုးလုပ်ဖို့ ၁၈ လအတွင်း အပြီးအစီးလုပ်ရတာ တကယ်မလွယ်တဲ့ကိစ္စဆိုတာ အပေါ်ယံ စဉ်းစားကြည့်ရုံနဲ့ သိနိုင်ပါတယ်။ အဲဒီအတွက် ဓာတ်ခွဲခန်းလေးခုဆီက အကူအညီယူရတယ်။ ဒီလိုမျိုး ဒုံးပျံမျိုးကို တခြားနိုင်ငံတွေမှာဆိုရင် ဆယ်နှစ်လောက် အချိန်ပေး လုပ်ဆောင်ရပါမယ်။

'အဂ္ဂနီ'က အသံရဲ့ အမြန်နှုန်းထက် ၁၂ ဆ မောင်းနှင်မှာဖြစ်တယ်။ အဲဒီလို သိပ္ပံပညာစကားနဲ့တော့ 'ဝ၂ မက်'လို့ ခေါ်တယ်။ အဲဒီလောက် အမြန်နှုန်းနဲ့သွားတဲ့ ဒုံးပျံကို ထိန်းချုပ်ဖို့ရာ ကျွန်တော်တို့မှာ အတတ်ပညာမရှိသေးဘူး။ အမေရိကန်ဆီက အကူအညီယူရင်တော့ ဒီအတတ်ပညာသိရမယ်။ သူတို့က ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူတယ်ဆိုရင်တောင် ဒီနည်းပညာအတွက် ပေးရမယ့် ကုန်ကျစရိတ်က ကျွန်တော်တို့ စီမံကိန်းကြီး တစ်ခုလုံးစာလောက်တောင် ရှိမယ်။ ဒါကို ဘယ်လိုလုပ်ကြမလဲ။

ပါမောက္ခအက်စ်အမ်ဒက်စ်ပန်ဒီက ထူးချွန်ထက်မြက်တဲ့ အရည်ဒိုင်နမစ် ပညာကျွမ်းကျင်တဲ့ လူငယ်သိပ္ပံပညာရှင်လေးယောက်ကို ရှာတွေ့တယ်။ ခြောက်လအတွင်း သူတို့ ကြိုးပမ်းလိုက်ကြတာ အသံထက်မြန်တာကို ထိန်းနိုင်တဲ့ ကွန်ပျူတာဆော့ဖ်ဝဲတစ်ခုကို တီထွင်နိုင်ကြတယ်။ ဒါဟာ ကမ္ဘာမှာ ရှားရှားပါးပါး တီထွင်မှုတစ်ခုပဲ။

နောက်တစ်ခုက ပါမောက္ခအိုင်ဂျီရှားမားက အနုကာပါနာလို့ ခေါ်တဲ့ ဒုံးပျံထိန်းချုပ်ရေး ကိရိယာတစ်ခု တီထွင်နိုင်ခဲ့တာပဲ။ ပစ်မှတ်မျိုးစုံကို ထိနိုင်တဲ့ နည်းပညာပဲ။ ဒါမျိုးဆော့ဖ်ဝဲကို ဘယ်နိုင်ငံကမှ ကျွန်တော်တို့ကို ပေးမှာမဟုတ်ဘူး။ ဒါကြောင့် ကိုယ့်ဘာသာကိုယ် တီထွင်ယူရတာ။

ပါမောက္ခဘာရာတီဘတ်ကလည်း သရီးဒီစစ်သုံးရေဒါကို ထောက်လှမ်းရေးလုပ်ဖို့ရာ နည်းတစ်ခု ရှာဖွေခဲ့တယ်။ ပါမောက္ခဆာရာဖ်ကဆိုရင်လည်း နှစ်နှစ်အတွင်း မီလီမက်ထရစ်လှိုင်း (အမ်အမ်ဒဗလျူ) အင်တီနာကို တီထွင်နိုင်ခဲ့တာ ကမ္ဘာ့စံချိန်အတိုင်းပဲ။ ဒါတွေ တီထွင်ဖြစ်မြောက်မှုအတွက် ဗဟိုလျှပ်စစ်နဲ့ အီလက်ထရွန်နစ်သုတေသနသိပ္ပံရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မှတ်တမ်းတင်ရမှာပါ။

ကျွန်တော်တို့ဌာနက သိပ္ပံပညာရှင်ငါးရာရဲ့ မဆုတ်မနစ်သော ဇွဲလုံ့လနဲ့ ပညာစွမ်းကလည်း မော်ကွန်းထိုးလောက်ပါပေရဲ့။ သူတို့အားလုံးဟာ တတ်နိုင်သမျှ နိုင်ငံခြားအကူအညီ တစ်စက်လေးမှမယူဘဲ၊ နိုင်ငံခြားငွေ တစ်ပြားတစ်ချပ်မှ မကုန်စေဘဲ နိုင်ငံရဲ့ဂုဏ်သိက္ခာကို မြင့်မားအောင် စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။

လုပ်ဆောင်နေသူတွေက မနားမနေ လုပ်ဆောင်နေသလို အပြင်ဘန်းကနေ တစ်ရံမလပ် စစ်ဆေးနေသူတွေကလည်း အသေးအဖွဲလေးကအစ မျက်ချည်ပြတ်မခံပါဘူး။ စစ်ဆေးတယ်။ ပြန်စစ်ဆေးတယ်။ အဲဒီပြန်စစ်ဆေးတာကို နောက်တစ်ဖွဲ့က ထပ်စစ်တယ်။ အမှားအယွင်းက နှမ်းတစ်စေ့စာလောက်မှ အဖြစ်မခံနိုင်တဲ့ စီမံချက်ဖြစ်လို့ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စည်းထဲ ထူးချွန်လို့မရတဲ့ လုပ်ငန်းကြီးပါ။

ကျွန်တော် လူငယ်သိပ္ပံပညာရှင်ဘဝတုန်းက ရည်မှန်းချက်က လက်ရှိအနေအထား အဆင့်အတန်းထက် ပညာပိုသာဖို့ရာ မပြတ်ကြိုးစားနေဖို့

ဆိုတာပါပဲ။ အခု လူငယ်သိပ္ပံပညာရှင်တွေ၊ အင်ဂျင်နီယာတွေကိုလည်း ဒီစိတ်ဓာတ်ကို လေ့ကျင့်ပေးတယ်။ ဒါကြောင့် ဌာနကိုရောက်ခါစ နည်းနည်းတတ်တဲ့သူတွေဟာ တစ်နှစ် နှစ်နှစ်အတွင်း ပိုတတ်လာကြ။ နောက်ထပ် သုံးလေးနှစ်ဆိုရင် ပညာရပ်ကို တစ်ဖက်ကမ်းခတ် တတ်လာကြတာလက်တွေ့မျက်မြင်ပါပဲ။ အခက်အခဲတွေ၊ ပြဿနာတွေ၊ စိန်ခေါ်မှုတွေနဲ့ပဲ သူတို့ဟာ ထူသားပေသားကျလာကြတယ်။ အကောင်းဆုံး လုပ်ကိုင်ရင်းနဲ့ မှားမှားယွင်းယွင်းဖြစ်သွားတာ မရှိမဟုတ် ရှိတာပေါ့။ လောကမှာ ဘယ် အရာမှ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘူးဆိုတဲ့ တရားသဘောကို ကောင်းကောင်း နားလည်ထားရမယ်။ ရှုံးနိမ့်မှုကြုံရင် စိတ်ဓာတ်မကျနဲ့။ အပျက်အစီး အဆုံးအရှုံးထဲကနေ ပညာရအောင် ရှာရမယ်၊ အပျက်အစီးတွေတိုင်းထဲမှာ ရွှေရောင်အခွင့်အရေးတွေ ရှာဖွေလေ တွေ့ရှိလေပါပဲ။

ကျွန်တော် ၁၉၈၃ ခုနှစ်ကတည်းက ဒီလိုစိတ်မျိုးကို အလေ့အကျင့်ရအောင် မွေးမြူတည်ဆောက်ခဲ့တယ်။ အဲဒီတုန်းက ဒုံးပျံလွှတ်တင်မှုစိတ်ကူးအစကာလမျှပဲ ရှိပါသေးတယ်။ မကြာခင်မှာပဲ အကောင်အထည်ဖော်ဖို့ လုပ်ငန်းတွေ တပုံတပင်ကြီး ဖြစ်လာတယ်။ အဲဒီမှာ လူသစ်စုဆောင်းမှုတွေ လုပ်ရတော့တာပဲ။ ရှိတဲ့လူအင်အားနဲ့ မမျှတော့ဘူး။ သိပ္ပံပညာရှင်အများစုရဲ့ ပျမ်းမျှအသက်က ၄၂ နှစ်ပဲ။ အဲဒီကနေ ၃၂ နှစ်ထိ လျှော့ချလိုက်ရတယ်။ ဒါဟာ ဒုတိယအကြိမ် စုစည်းခြင်းပဲ။ ၁၉၈၇ မှာ လူသစ်စုစည်းမှုစီမံချက်ကို စတယ်။ 'အေဗွိရန်ဂါရောင်း'နဲ့ 'ဗိုလ်မှူးကြီးအာရ်ဆွာမီနာသန်'တို့က အသစ်ရောက်လာတဲ့ လူငယ်သိပ္ပံပညာရှင်တွေကို သူတို့က သင်တန်းပေးရတယ်။ သင်တန်းက ဒီနိုင်ငံမှာ ပထမဆုံးပဲ။ ဒါပေမဲ့ ကမ္ဘာ့အဆင့်မီတယ်လို့တော့ ဆိုရမယ်။ ပြီးရင် လူငယ်သိပ္ပံပညာရှင်တွေကို လုပ်ငန်းထဲ တန်းဝင်ခိုင်းရတာပဲ။ အလုပ်လုပ်ရင်း လေ့ကျင့်ပေး၊ လေ့ကျင့်ပေးရင်း အလုပ်လုပ်ဆိုတာမျိုးပေါ့။ သူတို့ကို အနီးကပ် ကြီးကြပ်သင်ပေးသူကတော့ ပိုပြီး တာဝန်ကြီးတာပေါ့။ ဒီလိုနဲ့ပဲ 'ပရစ်သ်ဗီ'တို့ 'အဂ္ဂနီ'တို့ဆိုတဲ့ ဒုံးပျံစီမံကိန်းတွေ အကောင်အထည်ပေါ်လာတာပါပဲ။ အဆင့်မြင့်နည်းပညာတွေကို ပြည်တွင်းက ထက်မြက်တဲ့လူငယ်တွေရဲ့ နိုင်ငံခြားအားမကိုးဘဲ လေ့ကျင့်နိုင်ခဲ့တာ နိုင်ငံအတွက် အမွေကောင်းတွေ ပေးတာပါပဲ။

၁၉၈၈ မှာ "ပရစ်သ်ဗီ" အတွက် ပြီးမြောက်ဖို့ နီးလာပါပြီ။ လွတ်တင်ခါနီးလေ "ဆွန်ဒါရမ်" နဲ့ ကျွန်တော်တို့ ခေါင်းနပန်းကြီးလေပေါ့။ သူ့တာဝန်နဲ့သူ အားလုံး ကျေပွန်ပြီးကြတဲ့နောက် ခေါင်သူကြီးဖြစ်တဲ့ ကျွန်တော်တို့က ပိုရင်ခုန်ရပါတယ်။ "ဆွာရာစဝပ်" ရယ်၊ "ဂျန်နီရှဝါ" ရယ်၊ "ဗွိန္ဒဂိုပါလန်" တို့ရယ်ကတော့ ဒုတိယတာဝန်ရှိသူတွေပေါ့။ သူတို့လည်းပဲ နေ့မအား ည မအား နောက်ဆုံးဆင့် စစ်ဆေးရေးတွေ ချွေးတလုံးလုံးနဲ့ ဗျာများနေကြရတယ်။

"ဘာလာဆို" ဒေသမှာ ကြားဖြတ်စမ်းသပ်စစ်လွတ်မှု လုပ်ရတယ်။ အဆင်ပြေပါတယ်။ ဒါကြောင့် ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့ မနက် ၁၁ နာရီ ၂၃ မှာ "ပရစ်သဗီ" ကို စလွတ်တင်လိုက်တယ်။ အိန္ဒိယနိုင်ငံရဲ့ အဆင့်အမြင့်ဆုံး ဒုံးပျံလွတ်တင်မှုပါပဲ။ ၁၀၀၀ ကီလိုဂရမ် အလေးချိန်ရှိတဲ့ ထိပ်ဖူးကို ၁၅၀ ကီလိုမီတာအဝေးကို သယ်ဆောင်ပစ်လွတ်လိုက်တာပါပဲ။ အနာဂတ်မှာ လွတ်တင်မယ့် ဒုံးပျံတွေအားလုံးရဲ့ နမူနာပုံစံဖြစ်ပါတယ်။ တာဝေး မြေပြင်က ဝေဟင်ပစ်ဒုံးပျံစနစ်ဖြစ်ပြီး သင်္ဘောပေါ်ကနေ လွတ်တင်လို့ရအောင် စီစဉ်ထားပါတယ်။

၁၉၄၄ ခုနှစ် စက်တင်ဘာနဲ့ ၁၉၄၅ ခုနှစ် မတ်လကြားမှာ လန်ဒန်ကို ပစ်ခဲ့ကြတဲ့ ဂျာမန် "ဗွီတူးဒုံးပျံတွေမှာ အလွန်ပြင်းထန်လှတဲ့ ပေါက်ကွဲမှုပစ္စည်းတွေပါတယ်။ အဲဒီဗွီတူးဒုံးပျံတွေက လန်ဒန်က လူ ၂၁,၀၀၀ ကို သေကြေစေခဲ့ပြီး အိမ်ခြေ ၂၀၀,၀၀၀ ပျက်စီးစေခဲ့တယ်။

"ပရစ်သ်ဗီ" ဒုံးပျံ အောင်မြင်စွာ ပစ်လွတ်လိုက်လို့ ရန်လိုတတ်တဲ့ အိမ်နီးချင်းနိုင်ငံတွေက အတော်တုန်လှုပ်သွားကြတယ်။ အနောက်အုပ်စုက အံ့သြရုံမျှမက ဒေါသပါ ဖြစ်သွားကြပုံရတယ်။ နိုင်ငံခုနစ်နိုင်ငံကနေ အိန္ဒိယကို ဒုံးပျံနဲ့ပတ်သက်တဲ့ ဘာပစ္စည်းမှမရောင်းဖို့ ပိတ်ပင်လိုက်ကြတယ်။ အိန္ဒိယရဲ့ ကိုယ့်အားကိုယ်ကိုး ဒုံးပျံစနစ် အောင်မြင်လာတာကိုကြည့်ပြီး တိုးတက်တဲ့ နိုင်ငံကြီးတော်တော်များများက ကယောင်ကတမ်း ဖြစ်ကုန်ကြလေရဲ့။

❑

(၁၄)
မီးတုတ်ကိုင်ဆောင်သူများ

အိန္ဒိယရဲ့ ဒုံးပျံပညာရပ် အောင်မြင်မှုကတော့ မငြင်းနိုင်လောက်အောင် ဖြစ်ထွန်းခဲ့ပါပြီ။ သူတို့ကိုယ်သူတို့ ရူပါ ပါဝါလို့ ခေါ်နေကြတဲ့ နိုင်ငံကြီးတွေလည်း အိန္ဒိယရဲ့ ဒုံးပျံအခြေခံကာကွယ်ရေးစနစ်ကို တွေ့ပြီး နည်းနည်းအပြောရပ်ကုန်ကြပြီ။ ဗုဒ္ဓ (သို့မဟုတ်) ဂန္ဒီတို့ရဲ့ သင်ကြားမှုတွေကို အလေးထားပြီးပြောရရင် အိန္ဒိယက ဘာဖြစ်လို့ ဒုံးပျံစွမ်းအားကို သုံးလာရတာလဲဆိုတာ အနာဂတ်မျိုးဆက်တွေကို အဖြေပေးဖို့ လိုလာပြီပေါ့။

အိန္ဒိယနိုင်ငံရဲ့ စည်းလုံးမှုပျက်ပြားခဲ့တဲ့ ရာစုနှစ်စုလုံးမှာ တီထွင်ဖန်တီးမှုစွမ်းရည် ဆိတ်သုဉ်းခဲ့ရတယ်။ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပိုင်ပြီး ဆယ်စုနှစ်အကြာမှာတော့ ငြိမ်းချမ်းစွာ အသုံးချရေးအတွက် အိန္ဒိယ အာကာသနဲ့ အနုမြူစွမ်းအင် အစီအစဉ်တွေကို ချမှတ်လာရတယ်။ တကယ်တော့ ဒုံးပျံတည်ဆောက်ဖို့ရော၊ တပ်မတော်ရဲ့ လိုအပ်ချက်အရ တည်ထောင်ဖို့ရော ငွေကြေးထောက်ပံ့မှု မရှိခဲ့ပါဘူး။ ဒါပေမဲ့ ၁၉၆၂ ခုနှစ်က ခါးသီးတဲ့ အတွေ့အကြုံတွေအရ ဒုံးပျံတည်ဆောက်မှုဆိုတာရဲ့ ပထမဆုံးခြေလှမ်းတွေဆီကို တွန်းပို့လိုက်တယ်။

"ပရစ်သ်ဗီ" လွတ်လိုက်နိုင်တာနဲ့ပဲ ပြီးရောလား။ ဒုံးပျံလေး ငါးခု လွတ်လိုက်တာကော လုံလောက်ပြီတဲ့လား။ ဒီလောက်နဲ့ အင်အားတောင့်တင်းပြီ ဆိုနိုင်သလား။ နျူကလီးယားလက်နက် ပိုင်ဆိုင်တာကိုပဲ အင်အားတောင့်တင်းတယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီပေါ့။ ဒုံးပျံနဲ့ အနုမြူလက်နက်

ဆိုတာ အစိတ်အပိုင်းကြီး တစ်ခုတည်းက အစိတ်အပိုင်း တစ်ခုမျှသာပါ။ 'ပရစ်သ်ဗီ' လွှတ်တင်နိုင်မှုဟာ ကျွန်တော်တို့ရဲ့ တိုးတက်ခေတ်မီတဲ့ နည်းပညာနယ်ပယ်မှာ မိမိဘာသာ ကိုယ်ပိုင်ရပ်တည်နိုင်တယ်ဆိုတာ ပြသလိုက်တာမျှပါပဲ။ မြင့်မားတဲ့နည်းပညာတွေ ဆက်လက်ပိုင်ဆိုင်ဖို့ ငွေကြေးတွေ အများကြီးလိုပါတယ်။ နိုင်ငံအနေနဲ့ ဒီလောက်ငွေကြေးပမာဏ အများကြီးကို မဖြုန်းတီးနိုင်သေးပါဘူး။ ဒါဆို ကျွန်တော်တို့ ဘာလုပ်နိုင်သလဲ။ 'အဂ္ဂနီ' ဒုံးပျံ လွှတ်ပြပြီး နည်းပညာအဆင့်အတန်း မြင့်တာလောက်ပဲ ထပ်ပြရုံနဲ့ ကျေနပ်ရမှာလား။

အိန္ဒိယသိပ္ပံပညာရှင်နဲ့ နည်းပညာရှင်တွေရဲ့ စုပေါင်းစွမ်းပကားဟာ ဘာမဆို လုပ်နိုင်လောက်တဲ့အဆင့် ရှိနေတယ်ဆိုတာ လွန်ခဲ့တဲ့တစ်ပတ်လောက်ကတည်းက ကျွန်တော်ပြောပြီးပါပြီ။ သိပ္ပံဓာတ်ခွဲခန်းတွေ၊ တက္ကသိုလ်တွေကနေပြီး စုပေါင်းလုပ်ဆောင်ရင် အဆင့်မြင့်နည်းပညာတွေကို အကောင်အထည်ဖော်နိုင်ပါပြီ။

'အဂ္ဂနီ' အဖွဲ့မှာ သိပ္ပံပညာရှင်ပေါင်း ၅၀၀ ကျော်ပါတယ်။ 'အဂ္ဂနီ' လွှတ်တင်ရေးအတွက် သုတေသနဌာနအသီးသီး၊ တက္ကသိုလ်အသီးသီးကလည်း ကျွန်တော်တို့နဲ့ ပါဝင်ဖြည့်ဆည်းလုပ်ဆောင်ပေးကြဖို့ အသင့်ရှိနေတယ်။ ရည်ရွယ်ချက်အောင်မြင်အောင် တစ်ဦးက တစ်ဦးကို သင်ပေးနေကြတယ်။ လက်တွဲလုပ်ဆောင်နေကြတယ်။ အလုပ်နဲ့ အလုပ်သမားပိုင်းကတော့ စိတ်ချလောက်ပြီ။ စိတ်မချတာက ခေါင်းဆောင်ပိုင်းပဲ။ ခေါင်းဆောင်ပိုင်းက လူမှုန် နေရာမှုန်ရွေးပြီး တာဝန်ပေးတတ်ရမယ်။ အုပ်ချုပ်ရာမှာ ဗျူရိုကရေစီ မဆန်ရဘူး။ အာဏာမပြရဘူး။ တချို့ခေါင်းဆောင်တွေက ပန်းတိုင်ကို ရောက်အောင်သွားဖို့ရာ လူတွေကို လက်နက်ကိရိယာလို အသုံးချချင်ကြတယ်။ တချို့ကလည်း တကယ့်အဓိကနဲ့ သာမညကို မခွဲဘဲ အတင်းမောင်းတတ်ကြတယ်။ ဘယ်အလုပ်မဆို အရင် သိပ်ကိုမြန်ဆန်ချင်တာ အစွန်းတစ်ခုဖြစ်သလို မလိုအပ်ဘဲ ဖင့်နှေးကြန့်ကြာခြင်းကလည်း အစွန်းပဲ။ ဒါတွေကို မှန်ကန်စွာ ထိန်းကျောင်းတတ်တာက ခေါင်းဆောင်ကောင်းရဲ့ အရည်အချင်းပဲ။ အလုပ်ရဲ့ အရည်အသွေးနဲ့ လူသားချင်း ဆက်ဆံရေးမှုန်ကန်ဖို့ ထိန်းကျောင်းတတ်ရမယ်။

'အဂ္ဂနီ' လွှတ်တင်ဖို့ အောင်မြင်ရေးဟာ သိပ္ပံပညာရှင်တွေအတွက်သာ အရေးပါတာမဟုတ်ဘူး။ သူတို့မိသားစုအတွက်လည်း အရေးပါတာပဲ။ လျှပ်စစ်အဖွဲ့မှာ ခေါင်းဆောင်က 'ဗွီအာနာဂါရတ်' ပါ။ သူက လုပ်ငန်းသိပ်ကျွမ်းကျင်တယ်။ အလုပ်လည်း လောဘကြီးတယ်။ အလုပ်လုပ်တာမှာ မနက်စာ လွတ်၊ ညစာ လွတ်။ မအိပ်မနေပဲ။ သူအလုပ်လုပ်နေတုန်း သူ့ယောကျ်ဖ ကွယ်လွန်သွားတယ်။ သူ့မိသားစုက အဲဒီအကြောင်း သူ့ကို သတိမပေးဘူး။ သူလုပ်နေတဲ့ 'အဂ္ဂနီ' အစီအစဉ်မှာ စိတ်အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့တဲ့။

'အဂ္ဂနီ' လွှတ်တင်ဖို့ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ကို စီစဉ်ထားတယ်။ ဒါက ရက်သတ်မှတ်တာပါ။ ပြင်ပအခြေအနေကိုလည်း အသေးစိတ် လေ့လာရသေးတယ်။ ရေဒါသုံးလေးခု၊ စစ်ဆေးရေးဓာတ်ခွဲခန်း လေးငါးခုတို့က ပြင်ပအခြေအနေကို စီစစ်ရတယ်။ စုံးစမ်းရတယ်။ ဒုံးပျံရဲ့ ဘက်ထရီအတွက် လိုအပ်မယ့် လျှပ်စစ်အားနဲ့ ဖိအားတွေကို ထိန်းချုပ်ဖို့ တိုင်းတာရတယ်။

အကုန်စစ်ဆေးစီရင်ပြီးပြီဆိုမှ ဒုံးပျံလွှတ်တင်မယ့် အနီးအနားရွာက လူတွေကို ဘေးကင်းရာကို ရွှေ့ပြောင်းပေးရတယ်။ အဲဒီလိုရွှေ့ပြောင်းတာကို တွေ့သွားတာနဲ့ သတင်းသမားတွေက သတင်းအနံ့ခံလို့ရပြီ။ သတင်းသမားတွေ လာကြ၊ စုံစမ်းကြ၊ မေးမြန်းနေရင် လျှို့ဝှက်ချက်အချို့ ပေါက်ကြားသွားနိုင်တယ်။ ဒါကြောင့် သတင်းသမားတွေကို ဖြေဖို့ရာ အမေးအဖြေလည်း အသင့်စီစဉ်ထားရသေးတယ်။ ဒီလိုနဲ့ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ကို ရောက်လာပြီး တစ်နိုင်ငံလုံးက စောင့်ကြည့်နေကြလေရဲ့။ စမ်းသပ်စလွှတ်ကတည်းက ဖျက်လိုဖျက်ဆီးလုပ်ချင်နေကြတဲ့ နိုင်ငံခြားက ဖိအားတွေအတွက် အိန္ဒိယအစိုးရက ကျွန်တော်တို့နောက်မှာ ကျောက်ဆောင် ကျောက်ကမ်းပါးလို မားမားမတ်မတ် ရပ်တည်ပေးတယ်။

လွှတ်တင်ဖို့အသင့်ဖြစ်ပြီ။ 'လွှတ်တော့မယ်' အဲဒီအချိန်မှာ 'ဆိုင်းငံ့ထား' ဆိုတဲ့ အချက်ပေးသံထွက်လာတယ်။ အားလုံးရင်ခုန်စွာ စောင့်ဆိုင်းနေကြတဲ့ အချိန်ပေါ့။ အဲဒီအချိန်မှာ 'နာဂါရပ်ချ်' က ကျွန်တော့်ဆီရောက်လာတယ်။ မျက်ရည်တွေဝဲလို့၊ ခုမှ သူ့မိသားစုက သူ့ယောကျ်ဖဆုံးတာ

အကြောင်းကြားတာ။ သူက ခွင့်သုံးရက် ယူပါရစေလို့ ခွင့်တောင်းတယ်။ ဒီရဲစွမ်းသတ္တိရှိတဲ့ လူသားတွေရဲ့ ဖြစ်ရပ်မှန်တွေကို ဘယ်သမိုင်းစာအုပ်မှာမှ မှတ်တမ်းတင်ခံရမှာ မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီ အသံတိတ်နေတဲ့သူတွေကပဲ အိန္ဒိယသမိုင်းတစ်ခုကို ရေးထိုးခဲ့ကြတာပါ။ 'နာဂါရပ်ချ်'ကို ခွင့်ပေးလိုက်ပြီးတော့ ကျွန်တော့်လူတွေဆီ ပြန်လာတယ်။ သူတို့က တုန်လှုပ်နေကြ၊ ဝမ်းနည်းနေကြတာ တွေ့ရတယ်။ သူတို့ကို သတင်းတစ်ခု ပြောလိုက်ရတယ်။

စမ်းသပ်ပစ္စည်းတစ်ခု ပင်လယ်ထဲမှာ ပျက်ကျသွားတယ်။ ဒါပေမဲ့ အောင်မြင်စွာ ဆယ်ယူရရှိခဲ့ပါတယ်။ ခင်ဗျားတို့ ဒုံးပျံက ခင်ဗျားတို့ရှေ့မှာ ရောက်နေပါပြီ။ တကယ်တော့ ခင်ဗျားတို့ ဘာမှမဆုံးရှုံးပါဘူး။ ရက်သတ္တပတ် နည်းနည်းလောက် အချိန်ယူပြီး ပြန်အလုပ်လုပ်ကြဖို့ပါပဲ။ သူတို့ခဏတော့ ငိုင်သွားကြတယ်။ ပြီးတော့ အလျှိုလျှိုထွက်ပြီး လုပ်ငန်းခွင် ပြန်သွားကြတယ်။ အလုပ် ပြန်စလုပ်ကြရပြန်ပြီ။

သတင်းစာတွေကတော့ အကွက်ဆိုက်သွားကြပြီး ကျွန်တော်တို့ကို အခုလို အစုလိုက်အပြုံလိုက် စကားလုံးမျိုးစုံသုံးပြီး ဝေဖန်ကြတာပေါ့။ ကာတွန်းဆရာ 'ဘူဒီဒါး'ကဆိုရင် 'ဒါ အဂ္ဂနီ'လိုပဲ သုံးမရတဲ့ပစ္စည်း ပြန်ပေးတာပါဆိုပြီး ဆိုင်ရှင်ကို ဝယ်လာတဲ့ပစ္စည်း ပြန်အပ်နေပုံ ကာတွန်းနဲ့ သရော်တယ်။ နောက်ထပ် ကာတွန်းဆရာတစ်ယောက်ကဆိုရင် 'အဂ္ဂနီ' သိပ္ပံပညာရှင်တစ်ယောက်က 'ဒုံးပျံ ဘာဖြစ်လို့ မတက်တာလဲဆိုရင် ခလုတ် နှိပ်စရာခလုတ် ရှာမတွေ့လို့ပါ'လို့ ရေးတယ်။ 'ဟင်ဒူစတန်ထိန်းမ်(စ်)'က ကာတွန်းဆိုရင် ပိုဆိုးတယ်။

''မကြောက်ကြပါနဲ့ဗျာ။ ဒါက တကယ်ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ ဒုံးပျံပါ။ ဘာကိုမှ ဒုက္ခမပေးနိုင်တဲ့ ဒုံးပျံအပျက်ပါ''

နောက်ထပ် ဆယ်ရက်အကြာ ၁၉၈၉ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ ထပ်ပြီးလွှတ်တင်ဖို့ စီစဉ်ကြတယ်။ ဒါပေမဲ့ ဒီတစ်ခါမှာလည်း လွှတ်ခါနီး ဆဲဆဲမှာ အလိုအလျောက် ကွန်ပျူတာစနစ်က 'ဆိုင်းငံ့ထား'လို့ အချက်ပြတယ်။ တစ်နေရာရာမှာ တစ်စုံတစ်ရာ ချို့ယွင်းနေလို့ပေါ့။ ဒါနဲ့ပဲ လွှတ်တင်ဖို့ရက်ကို တစ်ခါထပ်ရွှေ့လိုက်ရပြန်ပြီ။ ဒါမျိုးက ကျွန်တော်တို့မှ မဟုတ်ဘူး

နိုင်ငံတကာမှာလည်း ဖြစ်ပျက်နေတာပါပဲ။ ဒုံးပျံကို တစ်ချီတည်းနဲ့ အောင်မြင်အောင် ပစ်တင်နိုင်တဲ့နိုင်ငံ ရှားပါတယ်။

ကာတွန်းတွေကတော့ ထုံးစံအတိုင်း ရေးကြပြန်တာပေါ့။

ကာတွန်းတစ်ခုကဆိုရင် "ဒုံးပျံလွှတ်မယ်ဆိုပြီး နေရာရွှေ့ပြောင်းရပေါင်းများပြီ။ ဒီတစ်ခါတော့ ထပ်မပြောင်းတော့ဘူး။ ခင်ဗျားတို့လည်း ဒုံးပျံလွှတ်ဖြစ်မှာမှ မဟုတ်တာ" လို့ သရော်ပါတယ်။

ကာတွန်းတစ်ခုကလည်း "အဂ္ဂနီဒုံးပျံက တက်ဖို့ရာ အားယူနေပုံရတယ်။ လောင်စာဆီအစား ထောပတ်များများ ကျွေးသင့်တယ်" လို့ ရေးတယ်။

၁၉၈၉ ခုနှစ်၊ မေလ ၈ ရက်နေ့မှာ ဝန်ထမ်းအားလုံးကို စုဝေးလိုက်တယ်။ အားလုံးလူ ၂,၀၀၀ ကျော်လောက် ရှိတယ်။

"ကျွန်တော်တို့ လက်လျှော့လို့ လက်မြှောက်လို့ မဖြစ်ဘူး။ ပြဿနာတွေကို အရှုံးမပေးပါနဲ့။ တစ်နိုင်ငံလုံး လိုအပ်နေတာက ကျွန်တော်တို့ရဲ့ အောင်မြင်မှုပဲ။ ဒါကြောင့် အောင်မြင်မှုအတွက်ပဲ ရည်မှန်းပြီး ထပ်ကြိုးစားကြပါစို့" လို့ ကျွန်တော် ပြောခဲ့တယ်။

"ဒီလမကုန်ခင် ဟောဒီနေရာမှာ ကျွန်တော်တို့ ထပ်ပြီးဆုံကြဦးမယ်။ အဲဒါကတော့ အောင်ပွဲခံဖို့ပဲ" လို့ ကျွန်တော်က စိတ်ဓာတ်ခွန်အားပေးတဲ့ ကတိကို ပေးလိုက်တယ်။

ဆယ်ရက်အတွင်း လိုအပ်တာတွေ ကျွန်တော်တို့လုပ်ခဲ့တယ်။ ချို့ယွင်းချက်မှန်သမျှကို အသေးစိတ်ရှာတယ်။ ဖြစ်နိုင်စရာအမှားတွေကို ကြိုတင်ရှာတယ်။ ဘယ်လိုမှ မမှားစေဖို့ စေ့စေ့ငုငုလုပ်ကြတယ်။ စစ်ဆေးကြတယ်။

နောက်တော့ လွှတ်တင်မယ့်ရက်ကို ၁၉၈၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့ကို သတ်မှတ်လိုက်တယ်။ အဲဒီနေ့မတိုင်မီ တစ်ညက "ဒေါက်တာအရွှန်နာချာလန်" ရယ်၊ "ဗိုလ်ချုပ်ကြီးကောဘင်ဆင်း" ရယ်၊ ကျွန်တော်ရယ်က ကာကွယ်ရေးဝန်ကြီးနဲ့အတူ လမ်းလျှောက်နေကြတယ်။ ကာကွယ်ရေးဝန်ကြီး "ကေစီပန်" က မနက်ဖြန် ဒုံးပျံလွှတ်တင်တာကို ကြည့်ဖို့ ရောက်လာတာကိုး။ ညက လပြည့်ညည။ ကမ်းစပ်ကို ဒီရေလှိုင်းလုံးတွေက ခပ်မှန်မှန် ပုတ်ခတ် နေတယ်။ ထာဝရဘုရားရှင်က ချီးမြှင့်တဲ့

အောင်စည်အောင်မောင်းသံတွေလို့ပဲ ကျွန်တော်က ယူဆထားလိုက်တယ်။ မနက်ဖြန် 'အဂ္ဂနီ' လွှတ်တင်တာ အောင်မြင်နိုင်ပါ့မလား။ အားလုံးရင်ထဲမှာတော့ ဒီမေးခွန်းက ကိုယ်စီရိုက်ခတ် နေကြတာပဲ။ နောက်ဆုံးမှာ ကာကွယ်ရေးဝန်ကြီးက ကျွန်တော့်ကို မေး တယ်။

"ကလမ်ရေ မနက်ဖြန်အောင်ပွဲအတွက် ခင်ဗျားကို ကျုပ်ဘာလုပ် ပေးစေချင်သလဲ"

မေးခွန်းက ရိုးရိုးလေးပဲ။ ဒါပေမဲ့ အဖြေကို ချက်ချင်းမစဉ်းစားနိုင် ဘူး။

ကျွန်တော် ဘာလိုချင်ပါလိမ့်။ ဘာလုပ်ချင်ပါလိမ့်။ ကျွန်တော်တို့မှာ မရှိတာက ဘာလဲ၊ ကျွန်တော်တို့ ပျော်လာအောင် ဘာရမှဖြစ်မလဲ။

"ကျွန်တော် ဒီဌာနမှာ စိုက်ဖို့ ပျိုးပင် ၁၀၀,၀၀၀ ပဲ လိုချင်ပါတယ်"

ဗိုလ်ချုပ်ကြီးရဲ့ မျက်နှာက ဝင်းပရွှန်းလက်သွားတယ်။

"ခင်ဗျားက အဂ္ဂနီအတွက် အမိမြေကို ကောင်းချီးပေးတာပါပဲ လား။ ကျိန်းသေတယ်ဗျို့။ မနက်ဖြန် ကျုပ်တို့အောင်မြင်ပြီ"

ဗိုလ်ချုပ်ကြီးက အားရပါးရ ဟောကိန်းထုတ်လိုက်တယ်။

နောက်နေ့ မနက် ၇ နာရီ ၁၀ မိနစ်မှာ 'အဂ္ဂနီ' ကို လွှတ်တင်တယ်။ လွှတ်တင်တာ ချောလို့၊ ပြေပြစ်လို့၊ ကျွန်တော်တို့ နေ့မအိပ် ညမအိပ် ငါးနှစ်ကျော် အပင်ပန်းခံလိုက်ကြရကျိုးနပ်ပြီပဲ။ လွန်ခဲ့တဲ့ ရက်သတ္တပတ် ငါးပတ်လုံး စိတ်ဆင်းရဲခဲ့ကြရတာတွေ ခု ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းကြရပြီ။ နောက်ဆုံးမှာ ကျွန်တော်တို့ လုပ်ပြနိုင်ခဲ့ကြပြီလေ။ ဒါဟာ ကျွန်တော့်ဘဝမှာ အကြီးဆုံးအောင်မြင်မှုတွေထဲက တစ်ခုပါပဲ။ လွှတ်တင်တဲ့ စက္ကန့် ၆၀ ဟာ ကျွန်တော်တို့ရဲ့ အမောတွေကို ဖြေဖျောက် ပေးလိုက်ပြီ။ နှစ်ပေါင်းများစွာ ကြိုးစားခဲ့ကြရတဲ့ရလဒ်က ချိုမြလှပေစွ။

ဝန်ကြီးချုပ် 'ရာဂျစ်ဂန္ဒီ' က ချက်ချင်း ချီးကျူးတယ်။

"ဒါဟာ ကိုယ့်အားကိုယ်ကိုးပြီး လွတ်လပ်ရေးနဲ့ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်တဲ့ ကြိုးပမ်းမှုရဲ့ အဓိက အောင်ပွဲပါပဲ။ နိုင်ငံရဲ့ ကာကွယ်ရေးအတွက် အဆင့်မြင့်နည်းပညာ ဘယ်လောက်ရှိတာကို ရောင် ပြန်ဟပ်ပြလိုက်တာလို့ ပြောရမယ်" လို့ ပြောတယ်။

"ခင်ဗျားရဲ့ ကြိုးပမ်းမှုတွေအတွက် တစ်နိုင်ငံလုံး ဂုဏ်ယူနေပါတယ်ဗျာ" လို့ ကျွန်တော့်ကို သီးခြားပြောတယ်။

"သမ္မတကြီး ဇင်ကာတာရာမန်က အဂ္ဂနီရဲ့ အောင်မြင်မှုဟာ ကျွန်တော့်အိပ်မက်ကို အကောင်အထည်ဖော်လိုက်တာပဲ" လို့ ချီးကျူးတယ်။ သူက ဆင်းမလားကနေ ကြေးနန်းရိုက်လိုက်တာ။

"ဒါဟာ ခင်ဗျားရဲ့ သန္ဓိဋ္ဌာန် ပြင်းထန်တဲ့ ကြိုးပမ်းမှုနဲ့ ပါရမီကြောင့် အောင်မြင်တာပဲ" လို့ပဲ ကျွန်တော့်ကို ပြောတယ်။

အဂ္ဂနီဟာ နျူကလီးယားလက်နက်စနစ်အတွက် လုပ်တာမဟုတ်ဘူး။ ဒါပေမဲ့ အမနာပ ဝေဖန်မှုတွေကကော ရှိတာပေါ့။

အမေရိကန်က လွတ်တော်အမတ်တွေက အိန္ဒိယရဲ့အောင်မြင်မှုဟာ သူတို့ကို ခြိမ်းခြောက်တာရယ်လို့ ဝေဖန်ကြတယ်။

ဒုံးပျံနဲ့ စစ်လက်နက်ဆိုင်ရာ ပါရဂူလို့ဆိုတဲ့ ဂယ်ရီမီဟိုလင်ကဆိုရင် အဂ္ဂနီကို လွတ်တာ အနောက်ဂျာမနီနိုင်ငံရဲ့ အကူအညီနဲ့ လုပ်တာလို့ စွပ်စွဲတယ်။ ဂျာမနီကတောင် ကျွန်တော်တို့ နည်းပညာကို သဘောကျလို့ သုံးမယ်လို့ သိထားတဲ့ ကျွန်တော်ကတော့ ဟက်ဟက်ပက်ပက်ကို ရယ်မိတယ်။ အမေရိကန်အထက်လွတ်တော်အမတ် ဂျက်ဖ်ဘင်ဂမန်က အဂ္ဂနီလုပ်ဖို့ လိုအပ်တဲ့ နည်းပညာတွေကို ၁၉၈၂ ခုနှစ်တုန်းက ကျွန်တော် အမေရိကန်မှာ လေးလနေတုန်း ယူသွားတာလို့ ယိုးစွပ်ပြန်တယ်။ ကျွန်တော် အဲဒီမှာနေခဲ့တာ လွန်ခဲ့တဲ့ ၂၅ နှစ်ကပါ။ အဲဒီတုန်းက အဂ္ဂနီမှာသုံးတဲ့ နည်းပညာတွေ အမေရိကမှာတောင် မပေါ်သေးပါဘူး။

၁၉၈၉ ခုနှစ် စက်တင်ဘာလမှာ ကျွန်တော့်ကို မဟာရာ့ခ်္ခါတရာ သိပ္ပံအကယ်ဒမီက ဘုံဘောကိုလာပြီး ဂျဝါဟာလာနေရူးအမှတ်တရဟောပြောပွဲလုပ်ဖို့ ဖိတ်တယ်။ ကျွန်တော်က အဲဒီမှာ အက်စ်ထရာဆိုတဲ့ ဝေဟင်က ဝေဟင်ပစ်ဒုံးပျံကို သိပ္ပံပညာရှင်လူသစ်တွေနဲ့လုပ်ဖို့ စီစဉ်နေတဲ့ အကြောင်း ပြောပြခဲ့တယ်။

၁၉၈၈ စက်တင်ဘာလမှာ ပရစ်သဗီရဲ့ ဒုတိယပစ်လွှတ်မှု ထပ်လုပ်တယ်။ ပရစ်သ်ဗီဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးမြေပြင်က မြေပြင်ပစ်ဒုံးပျံဖြစ်ကြောင်း သက်သေထူလိုက်နိုင်ပါပြီ။ အလေးချိန် ၁၀၀၀ ကီလို

ဂရမ်ကို ကီလိုမီတာ ၂၅၀ ရောက်အောင် ပစ်နိုင်ခဲ့တယ်။ ဗရစ်သိဗီရဲ့ တရီရူးလ် ဒုံးပျံစနစ်တွေဟာ အရင်က ဒီနိုင်ငံမှာ တစ်ခါမှ မပေါ်ခဲ့ဖူးပါဘူး။

❑

မထီလေးစားပြုမှု (၁၉၉၁ -)

ကျွန်တော်တို့ ဖန်ဆင်းကြ၊ ပြီးတော့ ဖျက်ဆီးကြ၊
ထို့နောက် ပြန်လည်ဖန်ဆင်းကြ၊
မည်သူမျှ မသိသောပုံစံမျိုးစုံဖြင့်။

အာလ်-ဝါကွီယာ။ ကုရ်အန် ၅၆:၆၁

(၁၅)
လွတ်မြောက်စေသူများ

၁၉၉၀ ပြည့်နှစ် လွတ်လပ်ရေးနေ့မှာ တစ်နိုင်ငံလုံး ဒုံးပျံအစီအစဉ် အောင်ပွဲကို ဆင်နွှဲကြတယ်။ ကျွန်တော်ရော၊ ဒေါက်တာဘာရွှန်နာချာလန့်ရောကို ပဒ္မမာဗွီဆူဆန့်ဘွဲ့ချီးမြှင့်ခံကြရတယ်။ လုပ်ဖော်ကိုင်ဖက်နှစ်ဦးဖြစ်ကြတဲ့ ဂျေစီဘာတာချာရာနဲ့ အာရ်ဒင်အဂါဝါလ်တို့ကတော့ ပဒ္မမာရှရီဘွဲ့တွေ ရကြတယ်။ အဖွဲ့အစည်းတစ်ခုတည်းက သိပ္ပံပညာရှင်အများကြီး ဆုတံဆိပ်ရကြတာ ဒါပထမဆုံးပဲ။ ပဒ္မမာဘူရှန့်ဘွဲ့ရတုန်းက ကာလကို ပြန်အမှတ်ရမိပြန်တယ်။ ကျွန်တော်နေတာက စာအုပ်တွေ၊ စာရွက် စာတမ်းတွေနဲ့ ငှားရမ်းထားတဲ့ ပရိဘောဂတွေသာရှိတဲ့ ဆယ်ပေအကျယ် ဆယ့်နှစ်ပေ အရှည်ရှိတဲ့ အခန်းမှာပဲ တစ်လျှောက်လုံးနေခဲ့ရတယ်။ ကွာခြား တာဆိုလို့ အရင်က 'တြိဗန်ဒရပ်' မြို့က အခန်း။ အခု 'ဟိုက်ဒြာဘတ်'က အခန်း။ ဒါပဲကွာတယ်။ အဆောင်က စားပွဲထိုးက ကျွန်တော့်ဆီ မနက်စာ အခန်းထဲ လာပို့ရင်း ဂုဏ်ပြုစကားပြောတယ်။ မကြာခင် တစ်နိုင်ငံလုံးက လူတွေရဲ့ ဂုဏ်ပြုချီးကျူးသံကြားရတယ်။ တကယ်တော်တဲ့၊ ထူးချွန်တဲ့ သိပ္ပံပညာရှင်တော်တော်များများဟာ ငွေကြေးလခ အမြောက်အမြားရတဲ့ နိုင်ငံခြားတွေသွား အလုပ်လုပ်နေကြပြီ။ သူတို့ပိုက်ဆံများများရတာ မှန်ပေမယ့် သူတို့ကို နိုင်ငံသူ နိုင်ငံသားတွေက ဘယ်တုန်းကမှ၊ ဘယ်လိုမှ မချီးကျူးကြဘူး။ မလေးစားကြဘူး၊ မချစ်ကြဘူး။

လွတ်လပ် ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဒုံးပျံတစ်စင်းကို ပစ်လွှတ်နိုင်ခဲ့ကြတယ်။ ဒီဒုံးပျံက တာဝေး မြေပြင်က ဝေဟင်ပစ်ဒုံးပျံပါ။ နိုင်ငံတော်အနေနဲ့ မြေပြင် အခြေစိုက် လေကြောင်းကာကွယ်ရေးကဏ္ဍမှာ အရေးကြီးတဲ့ ခြေလှမ်းကို လှမ်းနိုင်ခဲ့ပါပြီ။

၁၉၉၀ ခုနှစ် ကုန်ခါနီးမှာ ‘ဂျာဒါပူရ်တက္ကသိုလ်’က ကျွန်တော့်ကို သိပ္ပံပါရဂူ ဒေါက်တာဘွဲ့ကို အထူးဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပပေးတယ်။ အဲဒီတက္ကသိုလ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ပေးတဲ့နေရာမှာ တကယ့် ကမ္ဘာ့ခေါင်းဆောင်ကြီး ‘နယ်လ်ဆင်မင်ဒဲလား’ရဲ့ အမည်နဲ့ပါတွဲပြီး ဖော်ပြတာတော့ ကျွန်တော်တောင် အတော် မနေတတ်မထိုင်တတ် ဖြစ်ခဲ့ရတယ်။

ကျွန်တော်က ဒုံးပျံကျွမ်းကျင်သူပါ။ ကျွန်တော်နဲ့ ကမ္ဘာလူသားကောင်းကျိုးကို အနှစ်နာခံဖော်ဆောင်နေတဲ့ ‘မင်ဒဲလား’နဲ့ ယှဉ်လို့မရပါဘူး။ ကျွန်တော် အဲဒီအကြောင်းကို လူငယ်ပရိသတ်ကို ပြောတဲ့နေရာမှာ ထည့်ပြောခဲ့တယ်။

မကြာခင်မှာပဲ ‘ပရစ်သ်ဗီ’နဲ့ ‘ထရီရူးလ်’မှ စမ်းသပ်ပစ်လွှတ်မှု အဆင့်ကနေ တကယ်ပစ်လွှတ်ဖို့ အဆင့်ထိ ရောက်လာပြီ။

ရေတပ်ဗိုလ်ချုပ်ကြီး ‘မိုဟန်’အငြိမ်းစားယူတော့ သူ့နေရာကို ‘ကပူး’က ယူပြီး ‘ထရီရူးလ်’ စီမံချက်ကို ကိုင်တွယ်ရတယ်။ ‘မိုဟန်’က ဒုံးပျံလက်နက်အကြောင်း ကောင်းကောင်းသိခဲ့သူဖြစ်လို့ ကျွန်တော် အမြဲချီးကျူးရတယ်။ သူက သင်္ဘောသား-ဆရာ-သိပ္ပံပညာရှင်ဖြစ်တော့ ဘက်စုံ နှံ့စပ်တဲ့သူပဲ။

၁၉၉၁ ခုနှစ်ကတော့ ပြဿနာနှစ်လို့ ဆိုရမယ်။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်နေ့မှ ပင်လယ်ကွေ့စစ်ပွဲက အီရတ်နဲ့ အမေရိကန်ခေါင်းဆောင်တဲ့ မဟာမိတ်တို့ကြားမှာ ဖြစ်ပွားတယ်။ ရုပ်မြင်သံကြားဂြိုဟ်တုတွေကျေးဇူးနဲ့ အိန္ဒိယကောင်းကင်ပြင်ကို ကျူးကျော်ဝင်ရောက်လာတဲ့ ဒုံးပျံတွေ ဒုံးကျည်တွေကို ဖမ်းမိတယ်။ လူတွေက ‘စကပ်ဒုံးကျည်’နဲ့ ‘ပက်ထရီရော့’ ဒုံးကျည်တွေအကြောင်း လက်ဖက်ရည်ဆိုင်မှာတောင် ပြောကုန်ကြပြီ။ ကလေးတွေက စွန်ကိုတောင် ဒုံးပျံပုံစံလွှတ်နေကြတယ်။ အမေရိကန်ရုပ်မြင်သံကြားကွန်ရက်မှာကြည့်ရတဲ့ ဒုံးကျည်လက်နက်စစ်ပွဲလုပ်တမ်း ကစားနေ

ကြလေရဲ့။ အဲဒီအချိန်မှာ အိန္ဒိယက "ပရစ်သ်ဗီ"နဲ့ "ထရီရူးလ်"ကို လွှတ်တင်နိုင်လို့ သူတို့ စိတ်အေးကြရတယ်။ "ပရစ်သ်ဗီ"က "စကပ်"ထက် ပိုအစွမ်းထက်သလား။ "အာဘလ်ရှာ"က "ပက်ထရီရော့"လို လုပ်ဆောင်နိုင်သလား ဆိုတာတွေကို ကျွန်တော် စဉ်းစားလာရပြီ။ ကျွန်တော်က "ဟုတ်တာပေါ့"၊ "စွမ်းတာပေါ့"ဆိုတဲ့ အဖြေရရင် ပြည်သူတွေရဲ့ မျက်နှာက ဂုဏ်ယူစွာ၊ ကျေနပ်စွာ ဝင်းလက်လာကြမှာ အသေအချာပါ။

မဟာမိတ်တပ်တွေက ရှစ်ဆယ်ခုနစ်များနဲ့ ကိုးဆယ်ခုနှစ်များက နည်းပညာတွေနဲ့ တည်ဆောက်ထားတဲ့ လက်နက်တွေ သုံးကြတယ်။ အီရတ်မှာတော့ ခြောက်ဆယ်ခုနစ်များရဲ့ ခုနစ်ဆယ်ခုနှစ်မှာက ထုတ်တဲ့ လက်နက်မျိုးပဲ ရှိပါတယ်။ ဒါက စစ်ပွဲတစ်ပွဲရဲ့ အဖြေဖြစ်နေပြီ။ နည်းပညာသာရင် နိုင်မှာပဲ။ တကယ်က ပင်လယ်ကွေ့စစ်ပွဲဟာ စစ်ဖက်ဆိုင်ရာ မဟာဗျူဟာပါရဂူတွေရဲ့ ၂၁ ရာစု စစ်ပွဲအတွက် စမ်းသပ်ကွင်းပါပဲ။ နောက်ဆို စစ်ပွဲတိုင်းမှာ ဒုံးပျံလက်နက်တွေ၊ အီလက်ထရောနစ်စနစ်တွေ၊ သတင်းဆိုင်ရာ စစ်ပညာတွေက ဦးဆောင်ကဏ္ဍအနေနဲ့ ပါဝင်လာကြမှာပါပဲ။

ပင်လယ်ကွေ့စစ်ပွဲမှာ နည်းပညာသာတဲ့ မဟာမိတ်တပ်တွေက နိုင်တာကိုကြည့်ပြီး ကျွန်တော်တို့လည်း သိပ္ပံပညာရှင် ၅၀၀ လောက်စုပြီး ဆွေးနွေးကြရတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံကာကွယ်ရေးအတွက် ဘာလုပ်ဆောင်ပေးနိုင်သလဲဆိုတာ အဓိက ဆွေးနွေးကြရပြီ။

အားတက်သရော ဆွေးနွေးကြ၊ အကြံပေးကြ၊ ငြင်းခုန်ကြ။ အားလုံးရဲ့ စိတ်ထဲမှာတော့ တခြားနိုင်ငံတွေထက် နောက်မကျတဲ့ နည်းပညာကို ဆက်လက် အကောင်အထည်ဖော်ဖို့၊ သုတေသနနဲ့ စမ်းသပ်မှုတွေ အားကြိုးမာန်တက် လုပ်ဖို့၊ လူငယ်မျိုးဆက်သစ်တွေ အမြောက်အမြား မွေးထုတ်ဖို့ ဆိုတဲ့ကိစ္စတွေမှာ ဘုံသဘောတူညီမှု ရခဲ့တယ်။

အဲဒီနှစ်မှာ ကျွန်တော် ဘုံဘောက "အိုင်အိုင်တီ"တက္ကသိုလ်ရဲ့ ဂုဏ်ထူးဆောင် သိပ္ပံပါရဂူဒေါက်တာဘွဲ့ ထပ်ရတယ်။

"၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို အမှီလိုက်နိုင်တဲ့ လေကြောင်းအာကာသအစီအစဉ်တွေကို အောင်မြင်စွာ ဦးဆောင်ဖော်ထုတ်နိုင်ခဲ့သူ" အနေနဲ့ ကျွန်တော့်ကို ပါရဂူဘွဲ့ ချီးမြှင့်တာလို့ သိရတယ်။

အောက်တိုဘာ ၁၅ ရက်နေ့မှာ ကျွန်တော် အသက်ခြောက်ဆယ် ပြည့်တယ်။ ကျွန်တော်က အငြိမ်းစားယူဖို့ စီစဉ်နေပြီး အခွင့်အလမ်းနည်းပါး တဲ့ ကလေးတွေအတွက် ကျောင်းဖွင့်ဖို့ ရည်ရွယ်ထားတယ်။ ကျွန်တော့် မိတ်ဆွေ ဒေါမောက္ခပီရာမာရောင်းဒ်က အိန္ဒိယအစိုးရရဲ့ သိပ္ပံနည်းပညာ ဌာနမှာ အကြီးအကဲ။ သူကပါ ကျွန်တော်နဲ့အတူ ကျောင်းထောင်မယ်၊ ကျောင်းနာမည်က ဒေရောင်း-ကလမ်ဒေကျောင်းလို့တောင် နာမည်ပေးထားပြီး ပြီ။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်လုံးကို အိန္ဒိယအစိုးရက အနားယူခွင့် မပေးဘူး။ ကျွန်တော်တို့နှစ်ယောက် ဝန်ထမ်းအဖြစ်ရှိနေဦးမှ ဖြစ်မယ်လို့ ဆိုတယ်။

အိန္ဒိယလူငယ်တွေ ရင်ဆိုင်နေရတဲ့ အကြီးဆုံးပြဿနာက အမြင်ရှင်း ဖို့ အားနည်းနေတာပဲ။ ဦးတည်ရာလမ်းကြောင်းလည်း ပျောက်နေကြတယ်။ ဒါကြောင့် သူတို့အတွက် လမ်းမှန်လမ်းကောင်းရောက်စေဖို့၊ အနာဂတ်ကို အမြင်ရှင်းရှင်းကြည့်တတ်ဖို့ ကျွန်တော်စာရေးရမယ်ဆိုတာ ဆုံးဖြတ်လိုက် တယ်။ ဘယ်လောက်ပဲ ဆင်းရဲနေပါစေ၊ အခွင့်အရေးမရှိဖြစ်ပါစေ၊ ဘဝကို စိတ်မပျက် အားမငယ်ဖို့ တိုက်တွန်းပါတယ်။ ပြဿနာဆိုတာ ဘဝနဲ့အစိတ် အပိုင်းပဲ။ ဒုက္ခခံရတာဟာ အောင်မြင်မှုရဲ့ အနှစ်သာရပဲ။ ကျွန်တော် ကြား ဖူးထားတာ ရှိတယ်။

ထာဝရဘုရားရှင်က
တစ်ခါမှ ကတိမပေးခဲ့ပါဘူး။
ကောင်းကင်ဟာ အမြဲအပြာရောင်
ပန်းတွေ အစဉ်ပွင့်လန်း။
ဘဝမှာ ဒီလိုကောင်းကင်ပြာနဲ့ ပန်းခင်းနဲ့ အမြဲကြုံရမှာမဟုတ်ဘူး။
ထာဝရဘုရားရှင်က
တစ်ခါမှ ကတိမပေးခဲ့ပါဘူး။
မိုးမရွာတဲ့ နေသာခြင်း
ဝမ်းနည်းမှုမပါတဲ့ ပျော်ရွှင်ခြင်း
ဒုက္ခမပါတဲ့ ငြိမ်းချမ်းရေး။

ကျွန်တော့်ကိုယ်ကျွန်တော် ပြောပါမယ်။ ကျွန်တော်ဟာ လူတိုင်း

အတွက် "စံပြပုဂ္ဂိုလ်" ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အင်မတန်ချောင်ကျတဲ့ ကျွန်းပေါ်က ရွာလေးတစ်ရွာက ဆင်းရဲသားတစ်ယောက်၊ ပညာအသိုင်းအဝိုင်းမရှိတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းခဲ့ရ၊ ကိုယ်ဒူးကိုယ်ချွန် ကြိုးစားခဲ့ရပြီး အဆင့်တစ်နေရာရောက်လာသူရယ်လို့တော့ စိတ်ပျက်အားငယ်သူတွေကို ပြောချင်ပါတယ်။ ကျွန်တော့်ကိုကြည့်ပြီး မျှော်လင့်ချက်ရောင်ခြည် မမြင်နိုင်ကြရတဲ့၊ အောက်တန်းစောက်တန်းကျကြရတဲ့ ဘဝတွေကနေ လွတ်မြောက်အောင် ကြိုးစားကြစေလိုပါတယ်။

ဒါပေမဲ့ ထာဝရဘုရားရှင်
ကတိပေးခဲ့တာတော့ရှိလေရာ။
နေ့အခါမှာ ကာယစွမ်းအားကိုသုံး
ညဘက်မှာ အိပ်စက်အနားယူ
ကိုယ့်လမ်းကို ကိုယ်အလင်းရောင်ပြ။

အိန္ဒိယနိုင်ငံသားအများစုဟာ သူတို့ဘဝတွေကို သူတို့မကျေနပ်ကြပဲ မလိုအပ်တဲ့ သောကမောဟတွေနဲ့ပဲ လမ်းပျောက်နေကြရရှာတယ်။ လမ်းပျောက်တဲ့ကြားမှာမှ မထူးဇာတ်ခင်းပြီး လောကကို အရွဲ့တိုက်ကြတယ်။ ဒီလိုနဲ့ပဲ ဆင်းရဲသံသရာကြီးဟာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လည်ပတ်။

ကျွန်တော် ခံစားရသမျှ ရေးမယ်။ ကျွန်တော် လမ်းပြနိုင်သလောက် လမ်းပြမယ်။ ကျွန်တော့်အတွေ့အကြုံတွေထဲက သံဝေဂယူစရာတွေ၊ အမှားအယွင်းတွေကို ဖွင့်ထုတ်ပြမယ်။ ရှောင်စရာရှောင်ဖို့၊ ဆောင်စရာဆောင်ဖို့ ရေးရမယ်။ ဒါ ကျွန်တော့်တာဝန်ပဲ။

❑

(၁၆)
ခါင်းဆောင်များ

နည်းပညာဆိုတာက သိပ္ပံနဲ့မတူဘူး။ ဒါက အုပ်စုလိုက်လှုပ်ရှားမှုပဲ။ နည်းပညာက တစ်ဦးချင်းရဲ့ ဉာဏ်ရည်ပေါ်မှာ အခြေမခံဘူး။ လူပေါင်းစုံရဲ့ စုစည်းအင်အားကိုပဲ ယူရတယ်။

အိန္ဒိယဒုံးပျံပညာ ဘာဖြစ်လို့ အောင်မြင်လာရတာလဲ။

တစ်စုံတစ်ဦးက ကျွန်တော့်ကို မေးလာပြီဆိုပါတော့။

အဖြေက ရှင်းရှင်းလေးပဲ။

လူငယ်အုပ်စုတွေအတွက် စိန်ခေါ်တဲ့ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်လို့ပါပဲ။

ပထမပိုင်းမှာ လူငယ်အုပ်စုတွေဟာ စိတ်ဓာတ်တက်ကြွနေတဲ့ကလေးငယ်တွေလိုပဲ။ ဟိုဟာလုပ်ချင်၊ ဒီဟာလုပ်ချင်၊ အကုန် လက်တဲ့စမ်း လုပ်ချင်စိတ် ရှိနေကြတယ်။ သူတို့မှာ အားသာတာက ငယ်ရွယ်နုပျိုတဲ့ စွမ်းပကား၊ စိတ်အားထက်သန်မှု၊ သိလိုစိတ်ပြင်းထန်မှု၊ အကောင်းဆုံးလုပ်ပြချင်စိတ်၊ အချိုးကျူးခံလိုစိတ်တွေပဲ။ ဒါပေမဲ့ အဲဒီအရည်အသွေးကောင်းတွေကို မိဘတွေက ဖျက်ဆီးပစ်နိုင်တယ်။ လုပ်ငန်းခွင်မှာလည်း အုပ်ချုပ်ရေးမကျွမ်းကျင်တဲ့ လူကြီးတွေကြောင့် ပျက်သွားနိုင်တယ်။ ကျွန်တော့်လုပ်သက်အတွေ့အကြုံတွေအရ လူငယ်တွေကို လမ်းမှန်ရောက်အောင် ပို့ချင်တယ်။ ဒါကြောင့် သူတို့အတွက် စွန့်စားရတဲ့၊ တီထွင်ခွင့်ရတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးလိုက်တယ်။

အထူးလေ့ကျင့်ပေးလိုက်တာကတော့ တစ်ဦးကောင်း တစ်ယောက်ကောင်းမလုပ်ဘဲ စုပေါင်းဝိုင်းဝန်းပြီး တက်ညီလက်ညီလုပ်တတ်ဖို့ အလေ့အထပါပဲ။ ကျွန်တော်အလုပ်ဝင်ခါစတုန်းက မိမိက အားတက်သရော တီထွင်လုပ်ကိုင်ပါလျက် အထက်လူကြီးက မသိကျိုးကျွံပြုတာ တွေ့ရလို့ ခံပြင်းစိတ်တွေ ပေါ်လာမိတယ်။ တစ်ခါတလေလည်း မိမိတို့အုပ်စုရဲ့ တီထွင်မှုအောင်ပွဲကို မချီးကျူးတဲ့အပြင် အောင်မြင်ရင် ''ငါလုပ်တာ''။ မအောင်မြင်ရင် ''နင်လုပ်တာ''ရယ်လို့ လုပ်တတ်ကြတဲ့ လူကြီးတွေကြောင့်လည်း လူငယ်တွေ စိတ်ပျက်ကြရတယ်။ နောက်ဆုံးမှာ ''မလုပ်၊ မရှုပ်၊ မပြုတ်'' မူဝါဒစွဲကိုင်ပြီး ရေသာခို အချောင်လိုက်ကြတယ်။ စီမံမှတ်ချက်လုပ်ငန်း မအောင်မြင်တော့ဘူး။

လူငယ်တွေကို လုပ်ပိုင်ခွင့်ပေးရမယ်။ စွန့်စားစေရမယ်။ သူတို့လုပ်လို့ကိုင်လို့ မှားယွင်းသွားရင် မဆူပူ၊ မကြိမ်းမောင်း၊ အပြစ်မတင်ဘဲ ဘာကြောင့်မှားတယ်ဆိုတာ စိတ်ရှည်လက်ရှည် ထောက်ပြရမယ်။ လိုအပ်တာ သင်ပေးရမယ်။ အောင်မြင်သွားတာတွေ့ရင်လည်း ချီးကျူးဖို့ မတွန့်ဆုတ်နဲ့။ ထပ်အောင်မြင်အောင်လုပ်ဖို့ အားပေးရမယ်။ ကျွန်တော်က အုပ်ချုပ်စီမံသူ ဆရာကောင်းတွေ တွေ့ရလို့ ကံကောင်းတယ်ဆိုရမယ်။ ဆရာတွေရဲ့ကောင်းတဲ့၊ သာတဲ့အချက်တွေကို နမူနာယူပြီး မိမိလူကြီးဖြစ်တဲ့အခါမှာလည်း ဒီနည်းတွေပြန်သုံးလို့ အောင်မြင်ခဲ့တာပါပဲ။

အတတ်ပညာက နည်းနည်းညံ့သေးရင် ထပ်ကြိုးစားခိုင်းလို့ရတယ်။ အချိန်ယူပြုပြင်ပေးရင် မရစရာအကြောင်း မရှိဘူး။ 'စိတ်ကောင်းရှိမှု'က တော့ သင်လို့မရဘူး။ မိမိဘာသာမိမိ လေ့ကျင့်တည်ဆောက်ရမှာပါပဲ။ ဘယ်အောင်မြင်တဲ့လုပ်ရပ်မဆို သေသေချာချာကြည့်လိုက်ရင် 'စိတ်ကောင်းရှိမှု' အခြေခံရှိတယ်ဆိုတာ အထင်းသားပေါ်နေမှာပါပဲ။ အထူးသဖြင့် ခေါင်းဆောင်ကောင်းဟာ 'စိတ်ကောင်းရှိမှု'နဲ့ပဲ တည်ဆောက်ထားမှ ဖြစ်မယ်။

စီမံချက်အဖွဲ့တွေနဲ့ အလုပ်ဌာနတွေကို စိတ်ခွန်အားပေးဖို့နဲ့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဟာ စီမံချက်ခေါင်းဆောင်ပေါ်မှာ မူတည်ပါတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ နားလည်မှုရှိရမယ်။ ပူးပေါင်းလုပ်ဆောင်မှု ရှိရမယ်။ တစ်ဖွဲ့ရဲ့ အားနည်းချက်ကို တစ်ဖွဲ့က ပြင်ပေးရမယ်။ နှစ်ဖွဲ့စလုံး အားနည်းချက်

ရှိနေပြီဆိုရင်တော့ စီမံချက်ခေါင်းဆောင်က သင်ပြ၊ ပြုပြင်ပေးဖို့ တာဝန်ရှိလာပြီ။ ဒါကို အချိန်မီ သိဖို့လိုတယ်။ သိရင်သိခြင်း အမြန်ဆုံးပြုပြင်ရမယ်။ သူ့အပြစ်ဆိုပြီး အပြစ်ပုံမချနဲ့။ လူတိုင်း အပြစ်နဲ့မကင်းဘူး။ ဒါကြောင့် အပြစ်ကို လျစ်လျူရှုပြီး အမှန်ကို အမြန်ဖန်တီးပေးဖို့က အရေးအကြီးဆုံးပါ။

'ဆီဗာသန်နုပီလော'နဲ့ အဖွဲ့ဆိုရင် လိုအပ်တဲ့ပစ္စည်းကို ဘယ်နေရာကမှ မမှာဘဲ ကိုယ်ပိုင်လုပ်ကြ၊ တီထွင်ကြတဲ့နေရာမှာ ထင်ရှားတယ်။ သူတို့ရဲ့ တီထွင်မှုပိုင်းကို လူကြီးတွေက အသိအမှတ်ပြုပြီး ချီးကျူးကြလေ၊ သူတို့ရဲ့ တီထွင်ဖန်တီးမှုစွမ်းပကားက တက်လေပဲ။ သူတို့အဖွဲ့က နေ့တိုင်း မွန်းတည့် ၁၂ နာရီက မွန်းလွဲ ၁ နာရီအထိ အလုပ်ခဏနားပြီး ဝိုင်းထိုင်ဆွေးနွေးလေ့ရှိကြတယ်။ လုပ်ခဲ့ပြီးတဲ့အလုပ်တွေကို ပြန်ဆန်းစစ်၊ လုပ်ရမယ့် အလုပ်တွေအတွက် လိုအပ်တာ ကြိုတင်ပြင်ဆင်။ ဒီလိုနည်းနဲ့ပဲ သူတို့အလုပ်ဟာ အမှားအယွင်းနည်းသလို မြန်မြန်ဆန်ဆန်နဲ့ သေသေသပ်သပ် အလုပ်ပြီးမြောက်တာ တွေ့ရတယ်။ 'ဆီဗာသန်နုပီလော'က သူ့ကိုယ်သူ ခေါင်းဆောင်ဆိုတာတောင်မေ့ပြီး လုပ်ဖော်ကိုင်ဖက်တွေနဲ့ တစ်သားတည်းဖြစ်ပြီး ဝိုင်းလုပ်ဝိုင်းစားတာကြောင့် သူ့ကို သူ့အဖွဲ့က ချစ်ကြ လေးစားကြတယ်။ တချို့ခေါင်းဆောင်တွေက လက်တွေ့ဘာမှမလုပ်ဘဲ ဩဇာသာ ပေးတတ်ကြတယ်။ 'ပီလော'ကတော့ သူ့အဖွဲ့ဝင်တွေအားလုံးထက် သူက လုပ်ငန်းကျွမ်းကျင်မှုမှာ ခေါင်းတစ်လုံးသာတာကြောင့် သူ့ကို နမူနာယူတတ်ကြတယ်။ တစ်ခါတလေ အဖွဲ့အချို့က ခေါင်းဆောင်ထက် နည်းပညာပိုသာတာ မျိုးလည်း ရှိတယ်။ ဒါလည်း သဘာဝပါ။ ခေါင်းဆောင်က ရှက်စရာ မလို၊ မနာလိုစရာမလို၊ အားငယ်စရာမလိုပါဘူး။ အဖွဲ့ဝင်ဆီကပဲ ပြန်သင် စရာရှိတာသင်ပြီး မိမိရဲ့ အရည်အသွေးကို ပိုထက်အောင် မွေးရမှာပါပဲ။

'ရူးဒေါ့ဖ်စကိန်းနား'နဲ့ 'ရက်ဂ်ရီဗန်းစ်'တို့က ပုဂ္ဂလိကသင်ယူခြင်းနဲ့ အဖွဲ့အစည်းဆိုင်ရာ လုပ်ဆောင်နည်းသဘောတရားတွေ ချပြခဲ့တယ်။ ဒါကို ခေါင်းဆောင်ဖြစ်လိုသူတွေက လေ့လာရမယ်။ အင်္ဂလိပ်၊ ဂျာမန်ကပြားဖြစ်တဲ့ စီမံအုပ်ချုပ်မှုဒဿနပညာရှင် 'ဖရစ်စ်ရှုးမားချာ'ဆိုရင် ဗုဒ္ဓရဲ့ ဘောဂဗေဒကိုထုတ်နုတ်ပြီး 'ငယ်သော်လှ၏'ဆိုတဲ့ ဒဿနကို ထုတ်ဖော်ခဲ့တယ်။

အဲဒီစာအုပ်ကလည်း ကမ္ဘာ့ပေါ်မှာ အရိုက်ခတ်ဆုံးဖြစ်သွားတဲ့ ဒဿနသစ်မို့ ဒီစာအုပ်ထဲက နည်းပညာတွေ ယူသင့်တာယူရမယ်။ 'မဟတ္တမဂန္ဒီ' ဆိုရင် အောက်ခြေအဆင့်နည်းပညာကို အာရုံစိုက်ပြီး စီးပွားရေးလှုပ်ရှားမှုရဲ့ အဓိက တွန်းအားကို ဖော်ထုတ်ခဲ့တယ်။ 'ဂျေအာရ်ဒီတာတာ' ကလည်း တိုးတက်မှု အရှိန်နဲ့ အခြေခံအဆောက်အဦ တည်ဆောက်ပုံကို လမ်းပြခဲ့တယ်။ 'ဒေါက်တာ ဟိုမီဂျဟန်ဂါဘာဘာ' နဲ့ 'ပါမောက္ခ ဆာရာဘိုင်' တို့က မြင့်မားတဲ့ နည်းပညာအခြေခံ အနုမြူစွမ်းအင်နဲ့ အာကာသအစီအစဉ်ကို သဘာဝ နိယာမတရားတွေထဲက ထုတ်ဖော်နိုင်ခဲ့ကြတယ်။ 'ဒေါက်တာဘာဘာ' ရယ်၊ 'ပါမောက္ခဆာရာဘိုင်' ရယ်၊ 'ဒေါက်တာ ချာမိနာသန်' ရယ်တို့က အိန္ဒိယမှာ အစိမ်းရောင်တော်လှန်ရေးကို စတင် မိတ်ဆက်ပေးခဲ့ကြတာ အားလုံးအသိပါပဲ။ 'ဒေါက်တာ ဗာဂီရ်ကူရီယင်' ဆိုရင်လည်း သိပ်အားကောင်းတဲ့ သမဝါယမလှုပ်ရှားမှုကိုလုပ်ပြီး ကျွန်းမွေးမြူရေးမှာ တော်လှန်ရေးတစ်ရပ် ဖန်တီးခဲ့တယ်။ ဒါတွေဟာ အများကြီးထဲက တချို့ကို ထုတ်နုတ်ပြောတာပါ။

ကျွန်တော်ကိုယ်တိုင်လည်း 'ပါမောက္ခဆာရာဘိုင်' တို့၊ 'ဒေါက်တာ ဘရမ်ပရာကက်ရ်' တို့ ဖောက်ခဲ့တဲ့လမ်းကို ဆက်လျှောက်ရင်း အဆင့်မြင့် နည်းပညာတွေကို လုပ်ရတာပါပဲ။

နောက်ဆုံးတစ်ခု ပြောချင်တာက ရုပ်ဝတ္ထုပစ္စည်းတွေနောက်ကို အသည်းအသန်နဲ့ စွဲလန်းခြင်းကြီးစွာ မလိုက်ဖို့ပါပဲ။ အခု ကျွန်တော်မြင်နေရတာ ရှိတယ်။ ပစ္စည်းဥစ္စာလည်း ချမ်းသာကြွယ်ဝ၊ သြဇာအာဏာရထူးကြီးကြီးတွေလည်း ရှိ၊ ပညာလည်း ကမ်းကုန်အောင်တတ်ကြသူအချို့ဟာ လောဘ မောဟကိုသတ်ပြီး သူတို့ဘာသာသူတို့ ငြိမ်းငြိမ်းချမ်းချမ်း နေကြတာတွေ။ 'အာမက်ဂျလာလူဒင်' တို့၊ 'အီရာဒူနိုင်ဆော်လမွန်' တို့ကိုလည်း သတိရမိပါသေးတယ်။ သူတို့မှာ ပိုင်ဆိုင်မှုဓနဥစ္စာ ဘာမှမရှိဘူး။ ဒါပေမဲ့ သူတို့ဟာ လောကကြီးမှာ ရောင့်ရဲတင်းတိမ်တတ်သူများ ဖြစ်တဲ့အတွက် ငြိမ်းချမ်းနေကြတာပေါ့။

ကမ္ဘာမှာ သြဇာတက်ခဲ့ကြတယ်ဆိုတဲ့ ဘုရင်ကြီးတွေ
ခုဆိုရင် မြေပြင်သဲအောက် အိပ်စက်ရောက်နေကြရ

ချုပ်ထည်ပိတ်စ တစ်ပိုင်းတစ်ပြတ်ရယ်
ဖယောင်းတိုင် တစ်ဝက်ကျန်ရယ်
လက်ကိုင်မပါတဲ့ ခွက်ဟောင်းတစ်လုံးရယ်
ဒါတွေပဲ သူတို့လောလောဆယ် ပိုင်ဆိုင်ကြတာ
သြော် တစ်ချိန်က သြဇာညောင်းခဲ့ ဘုရင်ကြီးများ

ရုပ်ဝတ္ထုပစ္စည်း ကြွယ်ဝဖို့ထက် စိတ်ငြိမ်းချမ်းဖို့က ပိုအရေးကြီးတယ်။ သူတစ်ပါးဆီက ဘာမှမယူချင်ဘဲ သူတစ်ပါးကို ကိုယ်ကပေးရတာကိုက စိတ်ချမ်းသာတာပဲ။ ပေးတယ်ဆိုတဲ့နေရာမှာ ငွေကြေးဥစ္စာကိုပဲ ပြောတာ မဟုတ်ဘူး။ ပညာကို မျှဝေတာ။ မေတ္တာစေတနာ ကူညီစောင့်မမှ ပေးတာတွေလည်း ပါပါတယ်။

ကျွန်တော့် စိတ်ထဲစွဲပြီး ပီတိအမြဲဖြစ်နေတာတွေ ရှိတယ်။

'ဆီဗာခူပရာမန်းနီးယား'က မီးဖိုချောင်ထဲမှာ ကျွန်တော့်ကို နေ့လယ်စာ ကျွေးတာ၊ ကျွန်တော့်အစ်မ 'မိုဟာရာ'က ကျွန်တော် အင်ဂျင်နီယာကျောင်းဆက်တက်ဖို့ သူ့လက်ဝတ်လက်စားလေးတွေ ရောင်းပေးတာ၊ 'ပါမောက္ခစပွန်ဒါ'က အဖွဲ့လိုက်ဓာတ်ပုံရိုက်တဲ့နေရာမှာ သူ့ဘေးက ရှေ့ဆုံးခုံမှာ ကျွန်တော့်ကို လာထိုင်ဖို့ပြောတာ။ မော်တော်ကားကို ခေါင်စုတ်ထဲမှာ လျှပ်ပြေးလေယာဉ်လုပ်တာ။ 'ဆူဒါခါး'ရဲ့သတ္တိ'၊ 'ဒေါက်တာဘရမ်ပရာကက်ရှ်'ရဲ့ ထောက်ပံ့မှု၊ 'နာရာရာနန်း'ရဲ့ စီမံအုပ်ချုပ်မှုပညာ၊ 'ဝိနာကာတစ်ရာသန်'ရဲ့ အမြော်အမြင်။ 'အာရုနာချလမ်'ရဲ့ တွန်းအား။

ဒါတွေ အားလုံးက ကျွန်တော့်အတွက် ဘယ်တော့မှ မေ့မရတဲ့ မှတ်တိုင်တွေပါပဲ။

လွန်ခဲ့တဲ့ ၂၅ ရာစုက 'ပိုင်သဂိုရပ်'ပြောခဲ့သလိုပေါ့။

''အားလုံးထဲမှာ အရေးအကြီးဆုံးက မိမိကိုယ်မိမိ ရိုသေလေးစားခြင်းပါပဲ''

ကိုယ့်ကိုယ်ကိုယ် ရိုသေဖို့၊ အကျင့်သိက္ခာ စောင့်ထိန်းရမယ်။ သူတစ်ပါးရဲ့ စံပြဖြစ်အောင် လုပ်ရမယ်။ သူတစ်ပါးကို ကိုယ်နဲ့ထပ်တူကြည်ဖြူမေတ္တာထားရမယ်။ အရာရာကို အကောင်းဘက်က ကြည့်ရမယ်။

ဒါတွေက အခြေခံပါပဲ။

ကျွန်တော်က ဒဿနပညာရှင် မဟုတ်ဘူး။ ကျွန်တော်က အတတ်ပညာသမားမျှသာပါ။ ကျွန်တော့်ဘဝရဲ့ အများဆုံးအချိန်ကို ဒုံးပျံလုပ်တာမှာပဲ သုံးခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ဌာနပေါင်းစုံမှာ လူမျိုးစုံနဲ့ တွေ့ကြုံဆက်ဆံခဲ့ရတယ်။ ဒါကြောင့် လူတွေအကြောင်း ရိပ်စားသိရှိသင့်သလောက် သိခဲ့ရတာပေါ့။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေ၊ သူငယ်ချင်းတွေ၊ ခေါင်းဆောင်တွေ၊ လူမျိုးစုံ၊ စရိုက်ပေါင်းစုံ။ သူတို့နဲ့အတူ ကြေကွဲခဲ့ရ၊ ဝမ်းသာခဲ့ရ၊ အငြင်းပွားခဲ့ရ၊ ကျေအေးခဲ့ရ။

လေယာဉ်ပျံပေါ်ကကြည့်ရင် လူတွေ၊ အိမ်တွေ၊ လယ်ကွင်းတွေ၊ သစ်ပင်တွေ အားလုံးဟာ တစ်ပြေးညီ တူနေမယ်။ သူတို့ တစ်ခုနဲ့တစ်ခု သိပ်ကွဲပြားခြားနားပုံ မရှိလှဘူး။ ဘဝကိုလည်း ဝေဟင်ပေါ်ကအကြည့်နဲ့ ကြည့်ရမယ်။ လူတွေကိုလည်း အဲဒီလိုကြည့်ရမယ်။ ရာထူးဂုဏ်၊ ဥစ္စာအာဏာ၊ ရုပ်ရည်၊ လူမျိုးဘာသာ အားလုံး အတူတူ။ လူဟာလူ။

ဒီစာအုပ်ကို ပထမဆုံး ''အဂ္ဂနီ'' လွှတ်တင်တာနဲ့ပဲ အဆုံးသတ်တော့မယ်။ ဘဝခရီးကတော့ ဆက်ပြီး နှင်ရဦးမှာပေါ့။ ကျွန်တော်တို့ ပြည်သူ သန်း ၉၀၀ က တက်ညီလက်ညီ ကြိုးစားကြရင် ကျွန်တော်တို့နိုင်ငံဟာ ထိပ်တန်းနိုင်ငံကြီး ဖြစ်လာမှာပါပဲ။ ကျွန်တော့်ဇာတ်လမ်းက ''ဂျေနူလာဘဒင်'' ရဲ့သား။ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ''ရာမီဆွာရမ်'' ဆိုတဲ့ ကျွန်းမြို့လေးက ''ဗလီလမ်း'' မှာနေခဲ့တဲ့ ''ဂျေနူလာဘဒင်'' ရဲ့သား။ သူ့အစ်ကိုကို ကူညီတဲ့အနေနဲ့ သတင်းစာရောင်းပေးတဲ့ ကောင်လေး။ ''ဆီဗာနိုဆရာမန်နီယားအီယာ'' နဲ့ ''အီရာဒူရိုင်းဆော်လမွန်'' တို့ ပျိုးထောင်ပေးတဲ့ တပည့်လေး။ ပါမောက္ခပန်ဒါလေလို ဆရာမျိုးတွေ သင်ပေးခဲ့တဲ့ ကျောင်းသားလေး။ ''အမ်ဂျီကေမီနွန်'' ရဲ့ မျက်စိကျခြင်းခံရတဲ့၊ ''ပါမောက္ခဆူရာဘိုင်'' ရဲ့ မြေတောင်မြှောက်ခြင်းခံရတဲ့ အင်ဂျင်နီယာလေး၊ အခက်အခဲမျိုးစုံ၊ ရှုံးနိမ့်မှုမျိုးစုံကို ဖြတ်ကျော်ခဲ့တဲ့ သိပ္ပံပညာရှင်၊ အလွန်ဉာဏ်ပညာထက်မြက်ပြီး ရည်မှန်းချက်ကြီးတဲ့ ပညာရှင်ကြီးများပါဝင်တဲ့အဖွဲ့ရဲ့ အထောက်အပံ့ခံရတဲ့ ခေါင်းဆောင်။ အဲဒီသူက ကျွန်တော်ပါပဲ။ ဒါတွေက ကျွန်တော့်အကြောင်းပါ။

ဇာတ်လမ်းက ကျွန်တော်နဲ့ပဲ ဆုံးပါမယ်။ ကျွန်တော့်မှာ လောကီစည်းစိမ်ဥစ္စာ ဘာမှ ပိုင်ဆိုင်မှုမရှိပါ။ ကျွန်တော် ဘာမှ မရယူခဲ့ပါ။ ဘာမှ မတည်ဆောက်ပါ။ ဘာမှ မပိုင်ဆိုင်ပါ။ မိသားစုမရှိ၊ သားသမီးမရှိ။

ကျွန်တော့်ကို အခြားသူတွေက နမူနာအနေနဲ့ မယူစေချင်ပါ။ ဒါပေမဲ့ စာဖတ်သူအချို့က ကျွန်တော့်ရဲ့ရည်မှန်းချက်၊ ကျွန်တော့်ရဲ့အတွေ့အကြုံ တချို့ထဲကတော့ တစ်စုံတစ်ရာ ဆွဲထုတ်ယူနိုင်မယ်လို့ ထင်ပါတယ်။

ကျွန်တော်ရဲ့အဘိုး "အဗူလ်"။ အဖိုး "ပါကီးရ်"၊ အဖေ "ဂျေနာနူလာဘင်"တို့ကနေ မျိုးဆက်က "အဗ္ဒဒူကလမ်"မှာ ဆုံးပါမယ်။ ဒါပေမဲ့ ထာဝရဘုရားရှင်ရဲ့ ဂုဏ်ကျက်သရေကတော့ ဘယ်တော့မှ မပြီးဆုံးနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ထာဝရဘုရားရှင်က ထာဝရမို့ပါ။

❑

နိဂုံးစကား

ဒီစာအုပ်ဟာ အိန္ဒိယရဲ့ ပထမဆုံးကြိုလ်တု ‘အက်စ်အယ်လ်’ရဲ့ ‘အဂ္ဂနိ အစီအစဉ်’တို့မှာ ကျွန်တော် ထဲထဲဝင်ဝင် ပါဝင်ခဲ့ပုံတွေကို ရေးထားပါ တယ်။ အဲဒီကနေ ၁၉၉၈ ခုနှစ်၊ မေလ အနုမြူစမ်းသပ်မှုမှာ ကျွန်တော် ပါဝင်ဆက်စပ်မှုကို ရေးထားပါတယ်။ ကျွန်တော်က သိပ္ပံဌာနကြီးမှာ လုပ် ကိုင်ခွင့်ရတာကို အကြီးမားဆုံးအခွင့်အရေးအဖြစ် ဂုဏ်ယူချင်ပါတယ်။

အဲဒါတွေက ‘‘အာကာသ’’၊ ‘‘ကာကွယ်ရေးသုတေသန’’ နဲ့ ‘‘အနုမြူစွမ်းအင်’’တို့ ဖြစ်ပါတယ်။ ဒီဌာနတွေမှာ လုပ်ကိုင်ရင်း အကောင်း ဆုံး လူသားတွေ၊ အကောင်းဆုံး တီထွင်နိုင်တဲ့ စိတ်ဓာတ်ပိုင်ရှင်တွေနဲ့အတူ လုပ်ကိုင်ခွင့်ရပါတယ်။ အဲဒီ သိပ္ပံပညာရှင်နဲ့ နည်းပညာရှင်တွေဟာ သူတို့ရဲ့ လုပ်ငန်းစဉ်အတွင်းမှာ ရှုံးနိမ့်မှု ဘယ်တော့မှ မကြောက်တဲ့သူတွေပါ။ ရှုံးနိမ့် တယ်ဆိုတာ ထပ်ပြီး သိမှတ်စရာမျိုးစေ့တွေ ရတာပဲလို့ ထင်ကြသူတွေပါ။ ဒီစိတ်ကပဲ ပိုမိုကောင်းမွန်တဲ့ နည်းပညာတွေ၊ အမြင့်မားဆုံးအောင်မြင်မှု တွေ သူတို့ ရယူပေးနိုင်ကြပါတယ်။

ဒီပုဂ္ဂိုလ်တွေဟာ သိပ်ကို စိတ်ကူးယဉ်အိပ်မက်ကြီးတွေ မက်ကြသူ တွေပါ။ အိပ်မက်ကနေ အကောင်အထည်ပေါ်အောင်လည်း လုပ်နိုင်စွမ်း ရှိကြသူတွေပါ။ သူတို့လိုပဲ ကျွန်တော်တို့နိုင်ငံက သိပ္ပံဌာနအားလုံးက နည်း ပညာအင်အားတွေအားလုံး စုပေါင်းလုပ်ဆောင်ကြရင် ကမ္ဘာမှာ ဘယ်သူမှ

မယှဉ်နိုင်လောက်တဲ့ အင်အားစုကြီးကို ရပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံရဲ့ ဂုဏ်ဆောင်ပညာရှင်ကြီးတွေဖြစ်ကြတဲ့ "ပါမောက္ခဗိုဘရမ်ဆာရာဘိုင်"၊ "ပါမောက္ခဆာက်ရှ်ဒါဝမ်"နဲ့ "ဒေါက်တာဘရမ်ပရာကာက်ရှ်"လို ပုဂ္ဂိုလ်ကြီးတွေရဲ့ လမ်းညွှန်မှုအောက်မှာ လုပ်ခွင့်ရတာဟာ ကျွန်တော့် ဘဝကို အကြီးအကျယ် ပြည့်စုံသွားစေပါတယ်။

နိုင်ငံတော်အနေနဲ့ စီးပွားရေးကြွယ်ဝချမ်းသာမှုအပြင် ကြီးထွားမှုနဲ့ ဖွံ့ဖြိုးမှုအတွက် ခိုင်မာတဲ့လုံခြုံရေးလည်း လိုနေပါတယ်။ ၁၉၉၅-၂၀၀၅ က ကျွန်တော်တို့ရဲ့ "မိမိဘာသာမိမိ အားကိုးသော ကာကွယ်ရေးစနစ်"ဟာ တပ်မတော်ကို ခေတ်မီလက်နက်တွေ တပ်ဆင်ပေးနိုင်ခဲ့ပါတယ်။ "နည်းပညာဆိုင်ရာ မျှော်မှန်းမှု-၂၀၂၀"စီမံချက်ကလည်း စတင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုနဲ့ နိုင်ငံချမ်းသာကြွယ်ဝရေးအတွက် လုပ်ဆောင်နေပါပြီ။ ဒီစီမံချက်နှစ်ခုကနေပြီး နိုင်ငံရဲ့အိပ်မက်တွေ အကောင်အထည်ပေါ်လာပါလိမ့်မယ်။

❑

နောက်ဆက်တွဲ (က)
အိန္ဒိယနိုင်ငံသစ် တည်ထောင်ခြင်း

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန် မည်သည့်အချက်များ လိုအပ်ပါသနည်း။ ထင်ရှားသော ဥာန်းကိန်းများမှာ နိုင်ငံ၏ ဓနဥစ္စာ၊ ပြည်သူတို့၏ ကြွယ်ဝချမ်းသာမှုနှင့် နိုင်ငံတကာဖိုရမ်တွင် ရပ်တည်နိုင်မှုတို့ပင် ဖြစ်၏။ ထို့ပြင် အခြားသောဥာန်းကိန်းများလည်း နိုင်ငံ၏ ဓနနှင့်ပတ်သက်၍ ပြဆိုနေသေးသည်။ အမျိုးသားထုတ်လုပ်မှုတန်ဖိုး (ဂျီအင်ပီ)၊ ပြည်တွင်းထုတ်ကုန်တန်ဖိုး (ဂျီဒီပီ)၊ အရန်နိုင်ငံခြားငွေလဲလှယ်မှုအရန်၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၊ လူတစ်ဦးချင်းဝင်ငွေ စသည်တို့ဖြစ်၏။ ၄င်းတို့အပြင် ကုန်သွယ်မှုပမာဏ၊ နိုင်ငံတကာ ကုန်သွယ်မှုဝေစု (သွင်းကုန်ရော ထုတ်ကုန်ပါ အပါအဝင်) နှင့် ၄င်းတို့နှစ်ခုလုံး၏ တိုးတက်မှုနှုန်းကပေးသော စီးပွားရေးစွမ်းအင်၊ ဖန်တီးထားသော ဓနဥစ္စာကို ဆက်လက်ထိန်းသိမ်းရေးနှင့် ထပ်မံ၍ ဓနဥစ္စာ ဖန်တီးရေးတို့လည်း ပါဝင်၏။ စီးပွားရေးဥာန်းကိန်းများက အရေးကြီးသည်။ သို့သော် ၄င်းတို့သည် မြင်သာထင်သာသော အစိတ်အပိုင်းအချို့အဝက်ကိုသာ ပြဆိုနိုင်ပါသည်။

ဤနေရာတွင် ‘‘ဂန္ဒီဂျီ’’၏ စကားတစ်ခွန်းကို ကိုးကားလို၏။

‘‘ပြည်သူများအားလုံး၏ မျက်နှာပြင်ပေါ်မှ မျက်ရည်များကို သုတ်ပေးနိုင်သောအချိန်ကျမှ တကယ်အောင်မြင်သော နိုင်ငံဖြစ်မည်’’ဟူသော စကား။

ဝန်ကြီးချုပ် "နေရူး" သည်လည်း မသိနားမလည်မှုများ၊ စာမတတ်မြောက်မှု၊ ရောဂါဘေးဆိုးများ၊ အခွင့်အရေး မညီမျှမှုများကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ဖျက်ရန် အခက်အခဲမျိုးစုံကြားမှ ကြိုးစားခဲ့၏။

ဤသို့ဖြင့် အိန္ဒိယနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ခေါင်းဆောင်ကြီးများက ခေတ်အဆက်ဆက် လုံးပန်းအားထုတ်ခဲ့ကြသည်။

"ဖွံ့ဖြိုးတိုးတက်သောအိန္ဒိယ" ဟူသည် အဘယ်နည်း။ "အိန္ဒိယပြည်သူအားလုံး (လက်ရှိ မှီတင်းနေထိုင်သူများရော၊ နောင်နှစ်များစွာအတွင်း ပေါက်ဖွားရှင်သန်လာကြမည့်သူများ အပါအဝင်)၏ ဘဝများ တိုးတက်မြင့်မားအောင် လုပ်ပေးနိုင်သည့် အနေအထားရောက်မှသာ ဖွံ့ဖြိုးတိုးတက်သည်ဟု ခေါ်ဆိုနိုင်၏။ အိန္ဒိယပြည်သူအားလုံးတို့သည် လုံခြုံမှုပြည့်ဝသော၊ ပျော်ရွှင်စရာကောင်းသော "ပစ္စုပ္ပန်" ရှိရေးသာမက ပိုမိုကောင်းမွန်သော "အနာဂတ်" အတွက်ပါ အာမခံချက် လုံလုံလောက်လောက် ရှိနေစေရမည်။ ဤအဆင့်ရောက်မှသာ "ဖွံ့ဖြိုးတိုးတက်သောအိန္ဒိယ" ဟု ခေါ်ဆိုနိုင်မည်။

ယနေ့ခေတ်သည် "ဂလိုဘယ်လိုက်ဇေးရှင်း" ခေတ် ဖြစ်သည်။ ပြည်ပမှ အင်အားစု ဩဇာသက်ရောက်မှုများသည် အိန္ဒိယလူ့အဖွဲ့အစည်းထဲသို့ ဝင်လာမည်။ ပြည်တွင်းပြိုင်ဆိုင်မှုရော၊ ကမ္ဘာလုံးဆိုင်ရာ၊ ပလေယာများနှင့်ရော အသုံးချတတ်ပါက နိုင်ငံသည် အကျိုးရှိပြီး ခိုင်မာတောင့်တင်းနိုင်၏။ ဤနေရာတွင် အမျိုးသားလုံခြုံရေးကလည်း အရေးပါ၏။ နိုင်ငံတစ်ခုကြီးထွားလာရခြင်းသည် ၄င်း၏ပြည်သူများကြောင့်ဖြစ်ပြီး ပြည်သူများသည်လည်း ဤကြီးကျယ်သော နိုင်ငံကြီး၏ အရေးပါသော နိုင်ငံသားများသာဖြစ်သည်။ ကာကွယ်ရေးအတွက် မဟာဗျူဟာမမြောက်သောစနစ်များကို တင်သွင်းရုံဖြင့် နိုင်ငံတစ်နိုင်ငံသည် ၄င်း၏ စီးပွားရေးလွတ်လပ်မှုနှင့် လုံခြုံရေးကို မကာကွယ်နိုင်၊ မိမိနိုင်ငံကို မိမိကာကွယ်ရေးတွင် အားကိုးမှသာ မိမိကာကွယ်ရေးစနစ်ကို မိမိယုံကြည်မှုသာ အရေးကြီး၏။ အိန္ဒိယ၏ နည်းပညာနယ်မြေ၌ သိပ္ပံနည်းပညာဆိုင်ရာ လူ့စွမ်းအားတို့ကို ကြိုးကိုင်ထိန်းချုပ်နိုင်ရေးသည် အလွန်အရေးပါ၏။ အိန္ဒိယနိုင်ငံကို စီးပွားရေးတိုးတက်မှု ပိုမိုမြန်ဆန်စေသည်မှာ နည်းပညာကြောင့်ဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်။ ဤသို့ စီးပွားရေးတိုးတက်ရန်လည်း အမျိုးသားလုံခြုံရေးက အရေးကြီး၏။

ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယသည် ၄င်း၏ ပြည်တွင်းအင်အားကို အခြေခံသည့် မဟာဗျူဟာမြောက် အကျိုးသက်ရောက်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်၏။ ထိုသို့ဖြစ်ပေါ်ရန် ကျန်းမာကြံ့ခိုင်သော၊ ပညာတတ်သော၊ ချမ်းသာကြွယ်ဝသော ပြည်သူတို့၏အင်အား လိုအပ်၏။ ထက်မြက်သော စီးပွားရေးစနစ် လို၏။ ပစ္စုပ္ပန်အတွက်သာမက ရေရှည်အတွက်ပါ ကာကွယ်စောင့်ရှောက်နိုင်မည့် မဟာဗျူဟာ စွမ်းပကားများ လိုအပ်၏။

❑

နည်းပညာ သို့မဟုတ် နိုင်ငံခွန်အား၏ အနှစ်သာရ

အိန္ဒိယပြည် တိုးတက်ဖွံ့ဖြိုးရန် အားကိုးအားထားပြုရမည့် ပြည်တွင်းအင်အား သုံးခုရှိသည်။

(၁) ပြည်သူလူထု

(၂) စီးပွားရေး

(၃) မဟာဗျူဟာ

နည်းပညာတိုးတက်မှုကို ဇယား (၁) တွင် ပြထားသည့်အတိုင်း လူ့သမိုင်းစဉ်တစ်လျှောက် ကြည့်နိုင်၏။ နည်းပညာစွမ်းပကားများကြောင့် ကုန်ထုတ်စွမ်းအား ပိုလာ၏။ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာ၏။ ယှဉ်ပြိုင်မှုစျေးကွက် ပိုမိုကျယ်ပြန့်လာသည်။ ထိုမှတစ်ဆင့် လူသားကျွမ်းကျင်မှုများသည် တဖြည်းဖြည်းနှင့် စဉ်ဆက်မပြတ် တိုးတက်လာ၏။

နည်းပညာနှင့် နိုင်ငံတစ်ခု၏ မဟာဗျူဟာစွမ်းအင်တို့၏ ဆက်စပ်မှုသည် လွန်ခဲ့သော ဆယ်နှစ်ကမှစ၍ ပိုပြီး ထင်သာမြင်သာရှိလာသည်။ မည်သည့်နိုင်ငံမဆို တိုးတက်ဖွံ့ဖြိုးလာရန်မှာ များပြားလှစွာသော မဟာဗျူဟာနည်းပညာများ မရှိမဖြစ် လိုအပ်၏။ ထို့ပြင် ၄င်းတို့၏ ကိုယ်ပိုင်ဖန်တီးမှုစွမ်းပကားများကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နိုင်သည့် အရည်အသွေးလည်း ပြည့်ဝနေရမည်။

ကုန်ထုတ်လုပ်ငန်းတွင် အရေအတွက် အမြောက်အမြား ထုတ်လုပ်ရေးနှင့် အရည်အချင်းမြင့်မြင့် ထွက်ပေါ်ရေးကို အရေးကြီးသကဲ့သို့ လုပ်ငန်းခွင် အခွင့်အရေးများ ပေါများရေးသည်လည်း ဂရုစိုက်ရမည့်အချက်ဖြစ်၏။

လူတို့၏ အာဟာရပြည့်ဝရေးနှင့် ကျန်းမာမှု၊ လုံခြုံစိတ်ချရေးကိုလည်း နည်းပညာက လိုက်လံဖော်ဆောင်ပေးရ၏။ ရောဂါရှာဖွေရေးကိရိယာအဖြစ် ဓာတ်မှန်ရိုက်ခြင်း ပေါ်ထွန်းလာသကဲ့သို့ ပဋိဇီဝဆေးအဖြစ် ပင်နီစလင် ပေါ်ထွန်းလာခြင်းတို့သည် ချက်ချင်းလက်ငင်း ဖြစ်ပေါ်လာသည်မဟုတ်ဘဲ ခရီးရှည်ကြီး ကြာမြင့်စွာ လျှောက်လှမ်းပြီးမှ ပေါ်ထွန်းလာခြင်းတို့ဖြစ်၏။

ဇယား (၁)

၂၀၀၀ ပြည့်နှစ် မတိုင်မီနှစ်ပေါင်း	တီထွင်မှု	ရလဒ်/ အကြောင်းပြချက်
၁၀၀၀၀၀ ၄၈၀၀၀	အမဲလိုက်ရာတွင် လူ့အရည်အချင်းကို လက်နက်ထုတ်လုပ်၊ အသုံးပြုခြင်း	လက်နက်ကိရိယာသုံးခြင်း တိုးပွားစေ
၃၅၀၀	လှေများ၊ ရွက်လှေများ တီထွင်	
၈၀၀	တိုင်ကပ်နာရီ	လက်မှုပိုင်းဆိုင်ရာ အလုပ်လုပ်ရာတွင် အချိန်ကုန်သက်သာပိုမိုလွယ်ကူ
၃၆၀	စက်မှုပိုင်းဆိုင်ရာ ဂဏန်းတွက်စက်များ	
၁၉၀	ရထားလမ်းဖောက်၊ စွမ်းအင်အတွက် မီးသွေးနှင့် ဆီသုံး	စိတ်ပိုင်းဆိုင်ရာ အလုပ်များ လုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူ
၁၆၀	လျှပ်စစ်မာတာ	
၁၄၀	ပုံရိပ်နှင့် အသံထုတ်လုပ်ခြင်း	သယ်ယူပို့ဆောင်ရေးတွင် ပို၍သက်သောင့်သက်သာရှိ၊ အချိန်ကုန် သက်သာ

၁၀၀	ကြေးနန်း၊ဆက်သွယ်ရေး၊ဓာတ်မှန်	
၉၅	လေယာဉ်ပျံ	ခရီးသွားလာရာ ပိုမိုမြန်ဆန်
၈၀	မော်တော်ယာဉ်၊မော်တော်ကားလမ်း	
၉၀	ဓာတုပစ္စည်းအမြောက်အမြား ထုတ်လုပ်ခြင်း	
၅၅	ချူကလီးယားလက်နက်၊ စွမ်းအင်	
၅၀	ကွန်ပျူတာ	
၄၅	အိမ်သုံးပစ္စည်းအမြောက်အမြား ထုတ်လုပ်	ရုပ်ပိုင်းဆိုင်ရာ ဘဝ အဆင့်တိုးတက်
၄၀	ဓာတ်မြေဩဇာပိုသုံး	
၃၅	လေဆာ	
၂၀	စီတီစကင်	
၁၀	အင်တာနက်	အသိပညာအခြေခံ ပိုတိုးတက်

ကမ္ဘာပေါ်တွင် နည်းပညာများ အရှိန်အဟုန်ကြီးစွာ တိုးတက်ဖွံ့ဖြိုးလာသကဲ့သို့ ဘေးထွက်ဆိုးကျိုးများလည်း ပေါ်လာ၏။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းမှု။ ထို့ကြောင့် စက်ရုံများကလည်း ပိုမိုသန့်ရှင်းသော နည်းပညာများ တီထွင်လာကြရ၏။ မည်သို့ဆိုစေ နည်းပညာထွန်းကားမှုသည် ပြည်သူတို့ကို ဘဝသစ်သို့ တွန်းပို့လာခဲ့သည်။

နည်းပညာ တိုးတက်လာသည်နှင့်အမျှ ဘက်လေးဘက်ကို အားကိုးအားထားပြုမှု ပိုလာသည်။

(၁) ပြည်သူ

(၂) စီးပွားရေး

(၃) မဟာဗျူဟာအင်အား

(၄) ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် တိုးတက်ရေး ထိုအချက်လေးချက်စလုံးကို ထိန်းသိမ်းကိုင်တွယ်နိုင်ရန် အဓိက ကျွမ်းကျင်ပိုင်နိုင်မှုကို ထိန်းချုပ်နိုင်သူမှာ ပြည်သူပင်ဖြစ်၏။

❑

စီးပွားရေးအတွက် အမြင်

၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့ဂျီဒီပီသည် ဒေါ်လာ ၂၅၂၄ ဘီလျံဖြစ်၏။ ၁၉၉၅-၂၀၀၀ အတောအတွင်း ကြီးထွားနှုန်းက ၂.၅ ရာခိုင်နှုန်းဖြစ်၏။ ၂၀၀၀-၂၀၁၀ တွင် ၃ ရာခိုင်နှုန်းရှိ၏။ ၂၀၁၀-၂၀၂၀ တွင် ၃.၅ ရာခိုင်နှုန်း တိုးမည်။ ထို့ကြောင့် ထိုအချိန်တွင် ကမ္ဘာ့ဂျီဒီပီသည် ဒေါ်လာ ၅၅၄၅၃ ဘီလျံဖြစ်မည်။ ၂၁ ရာစုအစတွင် ထိုသို့တိုးပွားနှုန်း မြင့်မားလာရခြင်းမှာ လျင်မြန်စွာ စီးပွားတိုးလာသော နိုင်ငံများ ပေါ်ထွန်းလာ၍ဖြစ်၏။ ထိုနိုင်ငံများထဲတွင် အိန္ဒိယလည်း ပါဝင်၏။ ၁၉၈၀ ခုနှစ်များ နောက်ပိုင်းတွင် စီးပွားတိုးလာသောနိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ မက္ကဆီကို စသော နိုင်ငံများဖြစ်၏။ ထိုသို့သော နိုင်ငံမျိုး ၁၈ နိုင်ငံ၏ ဂျီဒီပီစုပေါင်းသည် ဒေါ်လာ ၈၁၆၈ ဘီလျံမျှရှိ၏။ ထိုအထဲတွင် အိန္ဒိယဝေစုက ၁.၇၄ ရာနှုန်းမျှရှိသည်။ ၁၉၉၀ ခုနှစ်တွင် စီးပွားတိုးလာသော နိုင်ငံများက ၂၄ နိုင်ငံမျှ ရှိလာ၏။ ၁၉၉၀ တွင် ထိုနိုင်ငံများ၏ ဂျီဒီပီစုစုပေါင်းက ဒေါ်လာ ၁၇၆၂၅ ဘီလျံဖြစ်ပြီး အိန္ဒိယ ၁.၄၄ ရာနှုန်း ပါဝင်သည်။ ၁၉၉၄ တွင် စီးပွာတိုးနိုင်ငံပေါင်း ၂၈ နိုင်ငံ ဖြစ်လာသည်။ နိုင်ငံသစ်များအနေဖြင့် ထိုင်း၊ တောင်အာဖရိကနှင့် တူရကီတို့ ပါဝင်လာသည်။ ဂျီဒီပီစုစုပေါင်းက ဒေါ်လာ ၂၂၃၄၈ ဘီလျံ။ အိန္ဒိယ ၁.၃၁ ထိ ပြန်ကျသွားသည်။

ဇယား (၂)
ကမ္ဘာ့ဂျီဒီပီ

နှစ်များ	အမေရိကန်ဒေါ်လာ ဘီလျံ
၁၉၉၅	၂၅၈၅၄.၀၈
၁၉၉၈	၂၇၈၄၂.၀၂
၂၀၀၀	၂၉၂၅၁.၅၂
၂၀၀၂	၃၁၀၃၂.၉၄
၂၀၀၅	၃၃၉၁၀.၅၃
၂၀၀၇	၃၅၉၇၅.၆၈
၂၀၁၀	၃၉၃၁၁.၆၀
၂၀၁၅	၄၆၆၈၉.၈၅
၂၀၂၀	၅၁၄၅၂.၉၀

ဇယား (၃)
ကမ္ဘာ့စီးပွားရေးအကြီးများဆုံးနိုင်ငံများ

နိုင်ငံများ ၁၉၈၀/၁၉၉၀ နိုင်ငံ	ဂျီဒီပီစုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း	အိန္ဒိယ၏ ဝေစုရာခိုင်နှုန်း
အိန္ဒိယ၊ တရုတ်၊ ဘရာဇီး၊ မက္ကဆီကို၊ အာဂျင်တီးနား၊ ဆော်ဒီအာရေဗျ၊ စပိန်၊ အီတလီ၊ ဖြိတိန်၊ သြစတြေးလျ၊ ဂျပန်၊ ကနေဒါ၊ အမေရိက၊နက်သာလင်၊ ပြင်သစ်၊ ဘယ်ဂျီယံ၊ ဆွီဒင်၊ ဂျာမနီ၊ ဆွစ်ဇာလန်		
၁၉၉၀ / ၂၄ နိုင်ငံ		

(အသစ်ဝင်လာသောနိုင်ငံများ) အင်ဒိုနီးရှား၊ အီရန်၊ ဒိန်းမတ်၊ ဩစတြီးယား၊ ကိုရီးယား၊ နော်ဝေ ဖင်လန် (အာဂျင်တီးနား၊ ဆော်ဒီအာရေဗျတို့စာရင်းမှ ထွက်သွားကြသည်။)	၁၇၆၂၄၅၇၀	၁.၄၄
၁၉၉၄ / ၂၈ နိုင်ငံ		
(အသစ်ဝင်လာသောနိုင်ငံများ) ထိုင်း၊ တောင်အာဖရိက၊ ဆော်ဒီအာရေဗျ၊ အာဂျင်တီးနား၊ တူရကီ (အီရန်ထွက်သွား)	၂၂၃၄၇၇၂၆	၁.၃၁
၂၀၀၀ / ၃၃ နိုင်ငံ		
(အသစ်ဝင်လာသောနိုင်ငံများ) ပိုလန်၊ မလေးရှား၊ ပေါ်တူဂီ၊ အစ္စရေး၊ ဖင်လန်	၂၅၉၄၃၅၂.၇	၁.၆၈
၂၀၁၀ / ၃၈ နိုင်ငံ		
(အသစ်ဝင်လာသောနိုင်ငံများ) ဖိလစ်ပိုင်၊ ကိုလံဘီယာ၊ ပါကစ္စတန်၊ အီရန်၊ ချီလီ	၃၄၈၃၁၆၃၆.၅	၂.၆၂
၂၀၂၀ / ၄၂ နိုင်ငံ		
(အသစ်ဝင်လာသောနိုင်ငံများ) ပီရူး၊ ဟန်ဂေရီ၊ ဗီနီဇွဲလား၊ ဂရိ	၅၂၄၈၈၅၆၈.၂	၄.၀၇

မှတ်ချက်။ ။ ဂျီဒီပီ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလျံနှင့် ၄င်းအထက်ရှိသော နိုင်ငံများကို စီးပွားရေးအကြီးမားဆုံးနိုင်ငံများဟု သတ်မှတ်သည်။

အထက်ဖော်ပြပါ ဇယားကိုကြည့်လျှင် မျက်မှောက်ကာလစီးပွားရေးတိုးနှုန်းအရ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးအကြီးမားဆုံးနိုင်ငံ ၃၃

နိုင်ငံရှိပြီး အိန္ဒိယ၏ ဝေစုက ၁.၆၈ ရာခိုင်နှုန်းရှိကာ ၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေးအကြီးမားဆုံးနိုင်ငံ ၄၂ နိုင်ငံရှိပြီး အိန္ဒိယဝေစုက ၄.၀၇ ရာနှုန်းမျှ ထိ ရှိနိုင်မည်။ ဇယား (၄) တွင် ဖော်ပြခဲ့သည့်အတိုင်း မည်မျှ ဆက်လက် ချီတက်လာနိုင်သည်ကို တွေ့ရ၏။

လက်ရှိစာရင်းဇယားများအရ ကြည့်လျှင် အရှေ့တောင်အာရှနိုင်ငံ များသည် စိန်ခေါ်မှုသစ်များဖြစ် (သို့မဟုတ်) ပိုမိုကြီးမားသော အခွင့်အရေး များ ရလာနိုင်၏။

၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံးစီးပွားရေးစာရင်း တွင် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာမည်။ အိန္ဒိယ၏ ဓနဥစ္စာတိုးပွားလာမှုကို ဇယား (၄) တွင် ကြည့်နိုင်၏။ ထိုသို့ကြည့်ရာတွင် လူဦးရေကိုလည်း ထည့်တွက်ရမည်။ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေက ၇ ဘီလျံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၉.၄ ဘီလျံထိ ဖြစ်လာမည်။ အိန္ဒိယတွင် လက်ရှိ လူဦးရေတိုးနှုန်းက ၁.၈ ရာနှုန်းဖြစ်ပြီး ၂၀၂၀ တွင် ၁.၅ ရာခိုင်နှုန်းထိ ကျဆင်းမည်ဟု တွက်ချက်ထားကြ၏။ ထိုသို့ လူဦးရေတိုးနှုန်းကို လျှော့ချ နိုင်မှသာ အခြေခံပညာရေးနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုတို့တွင် ရင်းနှီးမြှုပ်နှံမှု လုံလုံလောက်လောက် လုပ်ပေးနိုင်မည်။ ၂၀၁၀ ပြည့်နှစ် တွင် အိန္ဒိယလူဦးရေက ၁.၂ ဘီလျံရှိကာ လူတစ်ဦးချင်း ဂျီဒီပီက ၇၆၂ ဒေါ်လာရှိ၏။ ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေက ၁.၄ ဘီလျံရှိလာကာ ဂျီဒီပီက ၁၅၄၀ ဒေါ်လာ ရှိလာလိမ့်မည်။

၂၀၂၀ ပြည့်နှစ်တွင် အောက်တန်းအရောက်ဆုံး ၁၀ ရာခိုင်နှုန်းသည် ပင် တစ်ဦးချင်း ဂျီဒီပီ ၅၆၉ ဒေါ်လာရကြကာ ထိပ်ဆုံးတန်း ၁၀ ရာခိုင်နှုန်း ကမူ ၄၃၆၉ ဒေါ်လာ ရကြမည်။ ခြံုငုံ၍ ပျမ်းမျှဝင်ငွေတွက်ရလျှင် ဒေါ်လာ ၁၅၆၉ ရကြမည်။ အနိမ့်ဆုံးအဆင့်နှင့် အမြင့်ဆုံးအဆင့်၏ ကွာခြားမှုအချိုး က ၁း၇.၇ ဖြစ်၏။ အနိမ့်ဆုံးနှင့် အလယ်အလတ်အဆင့်၏ ကွာခြားမှုက ၁း၂.၇၈ ဖြစ်သည်။ ဤအချိုးအဆသည် နိုင်ငံတကာတွင်လည်း ထိုနည်းတူ ပင် ဖြစ်သည်။

ဇယား (၄)
ကမ္ဘာစီးပွားရေး အကြီးဆုံးနိုင်ငံများနှင့် အိန္ဒိယ
(၁၉၉၆–၂၀၂၀)



အိန္ဒိယသည် ကမ္ဘာ့စီးပွားရေးအကြီးဆုံး စတုတ္ထမြောက်နိုင်ငံဖြစ်သည်။ ၁၉၉၇-၂၀၀၁ အတွင်း ၇.၅ ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၆ အတွင်း ၈ ရာခိုင်နှုန်း၊ ၂၀၀၇ မှ ၂၀၁၁ အတွင်း ၁၀ ရာခိုင်နှုန်းနှင့် ၂၀၁၂-၂၀၂၀ အတွင်း ၁၃ ရာခိုင်နှုန်း တိုးတက်နှုန်း မြင့်လာရမည်ဖြစ်၏။

အိန္ဒိယနိုင်ငံသည် လက်ရှိ ဆင်းရဲမှုမျဉ်းကို လျှော့ချနိုင်ရမည်။ ဆိုလိုသည်မှာ ၁၉၉၆ ခုနှစ်က ဈေးနှုန်းများကို ၂၁.၈ ဒေါ်လာဖြင့် ထားရမည်။ လူတစ်ဦးချင်းဝင်ငွေသည် ၁၉၉၆ တွင် ၂၇၈.၄ ဒေါ်လာရသည်မှ ၁၇၁၇.၁ ဒေါ်လာထိရအောင် ဆွဲတင်နိုင်ရမည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် အောက်ပါ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရမည်။

- ပြည်တွင်းဈေးကွက်ကို အစဉ်မပြတ် ချဲ့ထွင်ခြင်း၊
- စီးပွားရေးချဲ့ထွင်ခြင်း၊
- ကိုယ်ပိုင်လုပ်ငန်း တိုးချဲ့ခြင်း၊
- ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍနှစ်ခုလုံး ပြိုင်တူ တိုးတက်ရေး၊
- ခေတ်မီစိုက်ပျိုးရေးလုပ်ငန်း-ကျေးလက်စီးပွားရေးကို အရည်အသွေးမီ ပြောင်းလဲရေး၊
- အသေးစားနှင့် အလတ်စား စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို အားပေးခြင်း၊
- ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊
- ထုတ်လုပ်ရေးတွင် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှု၊
- ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယက ဦးဆောင်မှုများ (ဥပမာ-သံမဏိ၊ အလူမီနီယမ်၊ အလွိုင်း၊ ဘိလပ်မြေ စသော ဓာတ်သတ္ထုအခြေခံ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်၊ အီလက်ထရွန်နစ်၊ အစားအသောက်၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ လူသားအသိပညာနှင့် ကျွမ်းကျင်မှုအပေါ် အခြေခံ စသော စက်မှုလုပ်ငန်းများ၊ အိုင်တီဆော့ဖ်ဝဲ၊ သတင်းမီဒီယာ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ စသည်တို့ကို တိုးတက်လုပ်ဆောင်ခြင်း)

❑

လူမှုရေးဥပဒေများ

စာမတတ်သူ ပပျောက်ရေးကို ၁၉၉၁ တွင် ၅၂ ရာခိုင်နှုန်းမှ ၂၀၂၀ တွင် ၈၀ ရာခိုင်နှုန်းထိ ပြုလုပ်နိုင်မည်ဟု မျှော်လင့်ထားသည်။ လူသက်တမ်း ပိုရှည်နိုင်ရန်လည်း ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမို တိုးချဲ့လုပ်ဆောင်ရ၏။ လူဦးရေအများစုဖြစ်သော လူငယ်များအတွက် ပိုမို ကောင်းမွန်သော ဘဝနေထိုင်ရေးကို အာမခံချက်ပေးနိုင်အောင် ကြိုးစား ရမည်။ စာတတ်မြောက်ပြီး လုပ်ငန်းကျွမ်းကျင်သူများစွာ အိန္ဒိယတွင် အရန် အင်အားအဖြစ် ရှိ၏။ အမျိုးသမီးများကလည်း စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများစွာ ဖော်ထုတ်ပေးရမည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုသည်လည်း မရှိမဖြစ် လုပ်ဆောင်ရမည့် ကိစ္စဖြစ်၏။ အိန္ဒိယ၏ ရှေးဟောင်းအသိဉာဏ်နှင့် ရိုးရာပညာတို့သည်လည်း နိုင်ငံကြီးများ တိုးတက်ရေးလုပ်ငန်းများတွင် အလွန်တန်ဖိုးရှိလှ၏။ သတင်းနည်းပညာသစ် များကလည်း မြို့ပြနှင့် ကျေးလက်ကွာဟမှုကို ဆက်စပ်ပေးကာ တစ်နိုင်ငံလုံး တစ်နေရာနှင့်တစ်နေရာ သတင်းအချက်အလက် အချိန်နှင့်တစ်ပြေးညီ သိနိုင်လာသည်။ အိန္ဒိယ၏ စွမ်းအားအနှစ်သာရကား ကိုယ်ပိုင်ရင်းမြစ်များ ဖြစ်ကြသော အမျိုးသားရေးနှင့် လူသားတို့အပေါ်တွင်သာ မူတည်နေသည်။ ပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးအခွင့်အလမ်းတို့ကို တိုးတက်ရေးတို့ အတွက် ၄င်းတို့၏ စွမ်းပကားအပေါ်တွင်သာ အခြေခံတည်ဆောက်သွားရ မည် ဖြစ်၏။

ဇယား (၅)

ဂျီဒီပီပျမ်းမျှနှုန်းနှင့် လတ်တစ်ဆဲငွေဖောင်းပြမှုနှုန်းတို့၏ ကိန်းဂဏန်းများ

လတ်တန်းစား	ဂျီဒီပီ (၁၉၇၀-၇၁ ကုန်ဈေးနှုန်း)					တစ်ဦးချင်းဂျီဒီပီ (၁၉၇၀)				
	၁၉၉၅	၂၀၀၅	၁၀၀၅	၂၀၁၀	၂၀၁၅	၁၉၉၅	၂၀၀၅	၂၀၀၀	၂၀၁၀	၂၀၁၅
ဆေးဝါးကုန်ကြမ်းပစ္စည်း	၁၆၄.၂	၁၅၀.၆	၄.၃၃	၅.၀၆	၅.၆၃	၀.၁၂၃	၀.၁၂၄	၀.၁၂၆	၀.၁၂၆	၀.၁၂၆
ဓာတုပစ္စည်းထုတ်လုပ်မှု	၁၀.၆	၁၀.၀	၁.၀	၁.၀	၁.၀	၀.၀၀၂	၀.၀၀၂	၀.၀၀၂	၀.၀၀၂	၀.၀၀၂
ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ရေနံထွက်ကုန်ပစ္စည်းများ	၁၂.၆	၁၂.၆	၁၂.၆	၁၂.၆	၁၂.၆	၀.၀၀၂	၀.၀၀၂	၀.၀၀၂	၀.၀၀၂	၀.၀၀၂
ရေနံဆီထွက်ကုန်ပစ္စည်းများ	၁၂.၆	၁၂.၆	၁၂.၆	၁၂.၆	၁၂.၆	၀.၀၀၂	၀.၀၀၂	၀.၀၀၂	၀.၀၀၂	၀.၀၀၂
ဓာတုဆေးဝါးပစ္စည်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ပလတ်စတစ်ပစ္စည်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ဆေးလိပ်ထွက်ကုန်ပစ္စည်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ဖိနပ်ထွက်ကုန်ပစ္စည်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ဆောက်လုပ်ရေးပစ္စည်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
သတ္တုထွက်ကုန်ပစ္စည်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
စက်ယန္တရားပစ္စည်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
လျှပ်စစ်ပစ္စည်းကိရိယာများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ယာဉ်ပစ္စည်းကိရိယာများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ပရိဘောဂပစ္စည်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
အခြားစက်မှုလုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ဝန်ဆောင်မှုလုပ်ငန်းများ	၁၀.၆	၁၀.၆	၁.၆	၁.၆	၁.၆	၀.၀၀၂	၀.၀၀၂	၀.၀၀၂	၀.၀၀၂	၀.၀၀၂
ဆောက်လုပ်ရေးလုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ကုန်သွယ်ရေးလုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ဆက်သွယ်ရေးလုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
ဘဏ်လုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
အာမခံလုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
အိမ်ခြံမြေလုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
အိမ်ထောင်စုများ၏ ဝန်ဆောင်မှုလုပ်ငန်းများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀
အစိုးရဌာနများ	၁.၆	၁.၆	၀.၂	၀.၂	၀.၂	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀	၀.၀၀၀

နိုင်ငံတစ်ခု၏ ပန်းတိုင်

အိန္ဒိယနိုင်ငံသမိုင်းတွင် ပန်းတိုင်နှစ်ခုရှိသည်။ ပထမပန်းတိုင်မှာ အိန္ဒိယလွတ်မြောက်ရေးဖြစ်၏။ ယခင်နောက်ဆုံးမျိုးဆက်ဖြစ်သော လွတ်မြောက်ရေးတိုက်ပွဲ ဝင်ခဲ့ကြသူများဖြစ်ကြသည့် မဟတ္တမဂန္ဒီခေါင်းဆောင်သော ပုဂ္ဂိုလ်ကြီးများစွာသည် အိန္ဒိယလွတ်မြောက်ရေးအတွက် အသက်သွေးချွေးများကို ရင်းနှီးပေးဆပ် တိုက်ပွဲဝင်ခဲ့ကြ၏။ လွတ်မြောက်ရေးသည် ပြည်သူများချမှတ်သော ပထမဆုံးပန်းတိုင်ဖြစ်၏။ ခေါင်းဆောင်များအပါအဝင် အလွှာအသီးသီးသော ပြည်သူများက နိုင်ငံလွတ်မြောက်အောင်ဆောင် ရွက်ခဲ့ကြ၏။

နောက်ထပ်မျိုးဆက်တို့ကား ဖွံ့ဖြိုးသော အိန္ဒိယနိုင်ငံဖြစ်ရေး ပန်းတိုင်ကို လျှောက်လှမ်းကြ၏။ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် နည်းပညာဆိုင်ရာတိုးတက်မှုများကို ကြိုးပမ်းလုပ်ဆောင်ကြ၏။ နောက်ဆယ့်ငါးနှစ်မှ နှစ်နှစ်ဆယ်အတွင်းတွင် အိန္ဒိယသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရန် လမ်းကြောင်းမှန်ပေါ်သို့ ရောက်နေပြီ။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဆင့်ဆိုသည်မှာ အဘယ်နည်း။ အမျိုးသားစီးပွားရေးကို အဓိကအပြောင်းအလဲလုပ်ကာ ကမ္ဘာ့အကြီးဆုံးစီးပွားရေးထဲတွင် တစ်ခုအပါအဝင်ဖြစ်အောင် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ဆင်းရဲခြင်းမျဉ်း၏ အထက်တွင် ပြည်သူများရှိနေကာ အဆင့်မြင့်ပညာရေးနှင့် ကျန်းမာရေးကို ခံစားခွင့်ရကြပြီး အမျိုးသားလုံခြုံရေး အာမခံချက်ရှိသော

အနေအထားကို ခေါ်၏။ အဆင့်မီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ကာ ပို့ကုန်တန်ဖိုးမြင့်မားပြီး နိုင်ငံသူ နိုင်ငံသားအားလုံး ချမ်းသာကြွယ်ဝမှုရှိသည့် အဆင့်ကိုခေါ်သည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရန် အဓိကအချက်သည် နိုင်ငံတစ်ခု၏ နည်းပညာခွန်အားပင် ဖြစ်၏။ ဤသို့ဖြင့် အခြေခံအမျိုးသားအဆောက်အအုံကို ဘက်စုံထောင့်စုံ ကြီးကြီးမားမား ဆောင်ရွက်နိုင်ကြရမည်။ ကြွယ်ဝသော သဘာဝအရင်းအမြစ်များကို မှန်ကန်စွာ အသုံးချနိုင်သည့် ပါရမီရှင် သိပ္ပံပညာရှင်များနှင့် အတတ်ပညာရှင်များ၏ ကြိုးပမ်းလုပ်ဆောင်မှုကား အခရာဖြစ်သည်။ ဤသို့ဖြင့် အိန္ဒိယနိုင်ငံသည် သက္ကရာဇ် ၂၀၂၀ တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာမည်။

ယခုအခါ အိန္ဒိယ၏ ဆော့ဖ်ဝဲပို့ကုန်သည် ကမ္ဘာ့စျေးကွက်တွင် တတိယ သို့မဟုတ် စတုတ္ထအဆင့်သို့ ရောက်နေပြီ။ ဆော့ဖ်ဝဲ သို့မဟုတ် အိုင်တီပိုင်းဆိုင်ရာတွင် အိန္ဒိယက ကမ္ဘာ့ထိပ်တန်းဆင့်နေရာသို့ ရောက်နေပြီ။ ဂျပ်ပန် သို့မဟုတ် ဆန် ထုတ်လုပ်ရေးတွင်လည်း ကမ္ဘာ့အဆင့် စတုတ္ထဆင့်မျှ ရှိနေသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ပြည်တွင်းတွင် ရှိသင့်သလောက်ရှိနေပြီ။ နိုင်ငံတကာဖက်ဆက်စက်ရုံ တော်တော်များများ အိန္ဒိယတွင် ရှိနေ၏။ သက္ကရာဇ် ၂၀၂၀ တွင် အိန္ဒိယသည် ကမ္ဘာ့ဆော့ဖ်ဝဲစျေးကွက်၏ ၁၀ မှ ၁၅ ရာခိုင်နှုန်းထိ ပါဝင်နိုင်လာမည်။

အိန္ဒိယနိုင်ငံ ''ဘန်ဂလိုမြို့''သည် ယခုအခါ ''ဆော့ဖ်ဝဲမြို့''ဟု ကမ္ဘာသိ ထင်ရှားနေသည်မှာ ဆော့ဖ်ဝဲအမြောက်အများ ကမ္ဘာကို ဖြန့်ချိနေသည့်အတွက်ဖြစ်၏။ ထို့အတူ ''ဟိုက်ဒြာဘတ်မြို့''ကိုလည်း ဆော့ဖ်ဝဲနှင့် အိုင်တီပစ္စည်းများစွာ ထုတ်လုပ်နေ၍ ''ဆိုက်ဒြာဘတ်''ဟုပင် ''ဆိုက်ဘာ''နှင့်တွဲပြီး နာမည်ပြောင်းခေါ်နေကြပြီ။ တကယ်တော့ အိန္ဒိယတွင် ထိုမြို့နှစ်ခုသာမက အိန္ဒိယတစ်ပြည်လုံးပင် ဆော့ဖ်ဝဲကို အမြောက်အများထုတ်နေကြသော နေရာများဖြစ်နေ၏။ ဘာကြောင့် ဤသို့ဖြစ်လာပါသလဲ။ အိန္ဒိယကျောင်းနှင့် ကောလိပ်တော်တော်များများက လူငယ်များကို ဆော့ဖ်ဝဲပညာရှင်များအဖြစ် မွေးထုတ်ပေးနေ၍ ဖြစ်၏။ ဆော့ဖ်ဝဲတတ်မှ အလုပ်ရမည်ဖြစ်ရာ လူငယ်တို့က အားသွန်ခွန်စိုက် ဤပညာရပ်ကို တခုတ်တခဲကြိုးပမ်းကြသဖြင့် ဆော့ဖ်ဝဲပညာရှင် အမြောက်အများ ထွက်ပေါ်နေခြင်း

ဖြစ်၏။ ထိုပညာရှင်လေးများကို သက်ဆိုင်ရာပညာရပ်များတွင် ပို၍ထူးချွန်လာစေရန် လေ့ကျင့်ပေးရမည်။ တစ်ချိန်တည်းမှာ သူတို့ကို ကိုယ့်ပြည်တွင်းတွင် ထိုက်ထိုက်တန်တန် နေရာပေးရမည်။ ထိုသို့မပေးနိုင်လျှင် ဦးနှောက်ယိုစီးမှုများ ဖြစ်ကုန်မည်။ ယခုပင်လျှင် အိန္ဒိယမှ ဆော့ဖ်ဝဲပညာရှင် တစ်သန်းကျော်သည် နိုင်ငံတကာထွက်ပြီး လခကောင်းကောင်းနှင့် အလုပ်လုပ်နေကြပြီ။

အိန္ဒိယနိုင်ငံ၏ အနာဂတ်ကို ခြုံငုံကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။

- ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာမည်။
- ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယဟူသည် အိန္ဒိယအနေဖြင့် ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံ ငါးခုစာရင်းဝင် ဖြစ်လာခြင်းကို ဆိုလိုသည်။ အမျိုးသားလုံခြုံရေးတွင်လည်း ကိုယ့်အားကိုယ်ကိုးနိုင်သော နိုင်ငံဖြစ်လာမည်။ ထို့ထက်ပို၍ဆိုရလျှင်ကား အိန္ဒိယသည် ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် ဩဇာညောင်းသူဖြစ်လာမည်။
- ထိုသို့ အဆင့်ရောက်လာစေရန် စိုက်ပျိုးရေးတွင် ခြေလှမ်းများစွာ လှမ်းနိုင်ရန်လို၏။ အိန္ဒိယအရှေ့ပိုင်းကို ဂျပန်စိုက်ပျိုးထုတ်လုပ်မှု ကြီးထွားစေရမည်။ မျိုးစပ်စပါးကိုလည်း တိုးမြှင့်သုံးစွဲရမည်။ အခြားသောသီးနှံများ၊ ဟင်းသီးဟင်းရွက်များ ထွက်နှုန်းတိုးသည့်နည်းတူ အရည်အသွေးလည်း တိုးတက်အောင် လုပ်ရမည်။ စိုက်ပျိုးရေးနည်းပညာ တိုးမြှင့်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ဂရုစိုက်ရမည်။
- စိုက်ပျိုးရေးအင်အားကို အားကိုးကာ နှံစားပြောင်း၊ နွားနို့၊ သစ်သီး၊ ဟင်းသီးဟင်းရွက်များကို အမြောက်အမြား ထုတ်လုပ်ပြီး ပြည်တွင်းချမ်းသာကြွယ်ဝမှုကို တည်ဆောက်ရမည်။
- စားကုန်သောက်ကုန်လုပ်ငန်းစက်ရုံများ ဆောက်ပြီး အကျိုးဆောင်လုပ်ငန်းများ လုပ်ဆောင်ရမည်။

- အိန္ဒိယ၏ ဓာတ်သတ္ထုပစ္စည်းကြွယ်ဝမှုကို အခြေခံကာ အဓိက နည်းပညာစက်မှုလုပ်ငန်းများဖြင့် ခေတ်မီတိုးတက်သော ပစ္စည်းများ ထုတ်လုပ်ရန်ဖြစ်၏။ ထိုအထဲတွင် သံမဏိ၊ တိုက်တင်နီယမ်၊ အလူမီနီယမ် စသော ဓာတ်သတ္ထုများကို စွမ်းအားမြင့် အသုံးချခြင်းမျိုးဖြစ်၏။
- အိန္ဒိယ ဓာတုဗေဒစက်မှုလုပ်ငန်းကို ကမ္ဘာလုံးဆိုင်ရာ နည်းပညာတီထွင်မှုအဖြစ် အသွင်ပြောင်းကာ သန့်စင်သော လုပ်ငန်းစဉ်များဖြင့် ဆေးဝါးသစ်များ ထုတ်လုပ်ရန်ဖြစ်၏။ ထိုနည်းတူ ရေပိုက်နက်တွင်မှ ရရှိသော သယံဇာတများကို စီးပွားရေးစွမ်းပကားအဖြစ် အသွင်ပြောင်းရန်ဖြစ်၏။
- စက်မှုပစ္စည်းများ၊ အထည်အလိပ်များ၊ လျှပ်စစ်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ တိုးမြှင့် ထုတ်လုပ်ရမည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ အိန္ဒိယသည် နည်းပညာပို့ကုန်များကို ကမ္ဘာ့ခေါင်းဆောင်အဖြစ် ထုတ်လုပ်မည့်အဆင့်ရောက်ခဲ့ရာ ရှေ့ဆက်၍ ထိုဦးဆောင်မှုကို လမ်းကြောင်းမပျောက်အောင် လုပ်ဆောင်သွားမည်။
- လုပ်ငန်းကျွမ်းကျင်သော လူသားသယံဇာတများကို အိန္ဒိယက ဦးဆောင်ကာ ကမ္ဘာ့အနှံ့သို့ ဖြန့်ချိပေးမည့် ဝန်ဆောင်မှုများကို လုပ်ဆောင်မည်။ လုပ်ငန်းဝန်ဆောင်မှုများကို သာမန်အဆင့်မှ ပိုမိုကျွမ်းကျင်သူအဆင့်သို့ တိုးမြှင့်သွားရမည်ဖြစ်သည်။
- အိန္ဒိယနိုင်ငံသည် စီးပွားရေးကို တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အာကာသလေ့လာရေး၊ အနုမြူစွမ်းအင် စသည်တို့ကိုလည်း နိုင်နင်းစွာ ကိုင်တွယ်အသုံးချတတ်အောင် ကြိုးပမ်းနေရမည်။ အလွန်ရှုပ်ထွေးသော စက်ကိရိယာများ သို့မဟုတ် အီလက်ထရွန်နစ်များကို ပိုင်နိုင်ကျွမ်းကျင်နေစေရန် လေ့ကျင့်မှုမပြတ် ရှိနေစေရမည်။
- စီးပွားရေးကို ဘက်ပေါင်းစုံ အလျင်အမြန် တိုးတက်အောင် လုပ်နေစဉ်တွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု

(၃) ဘာရတ်ရတ္တနာဘွဲ့ (၁၉၉၇)
(၄) ဟူးဗားဆုတံဆိပ် (၂၀၀၉)
(၅) အင်အက်စ်အက်စ်ဗွန်ဘရောင်းဆု (၂၀၁၃) တို့ ရခဲ့၏။

၂၀၀၂ ခုနှစ်တွင် အာဏာရ ''ဘာရာတီရာဂျနတ်'' ပါတီနှင့် နောက်ပိုင်း ''အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီ'' တို့၏ ထောက်ခံမှုဖြင့် သမ္မတအဖြစ် အရွေးချယ်ခံရ၏။ သူ့ကို **''ပြည်သူ့သမ္မတ''** ဟု အများက ခေါ်ကြ၏။ သမ္မတအဖြစ်မှ အငြိမ်းစားယူပြီးနောက် ပညာရေးလုပ်ငန်း၊ စာရေးခြင်းလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့၏။ သူ၏ တစ်သက်တာကြိုးပမ်းလုပ်ဆောင်မှုများကြောင့် အိန္ဒိယ၏ အမြင့်ဆုံးဘွဲ့တံဆိပ် ''ဘာရတ်ရတ္တနာ'' ဘွဲ့ ရရှိခဲ့ခြင်းဖြစ်သည်။

''အိန္ဒိယစီမံအုပ်ချုပ်မှုတက္ကသိုလ်'' တွင် ဟောပြောနေစဉ် နှလုံးရောဂါဖြင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၇ ရက် (အသက် ၈၃) နှစ်တွင် ကွယ်လွန်ခဲ့၏။

သူ၏ အသုဘအခမ်းအနားကို နိုင်ငံထိပ်တန်းခေါင်းဆောင်များအပါအဝင် ပြည်သူထောင်ပေါင်းများစွာ လာရောက်ပို့ဆောင်ကြ၏။ သူ့ကို သူ၏ဇာတိမြို့ဖြစ်သော ''ရာမီဆွာရမ်'' မှာပင် မြှုပ်နှံခဲ့၏။ သူ၏အသုဘအခမ်းအနားကို နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပေးခဲ့၏။

သမ္မတအဖြစ်မှ အငြိမ်းစားယူပြီးနောက် သူသည် အိန္ဒိယ၏ ထိပ်တန်းတက္ကသိုလ်တော်တော်များများ၏ ဧည့်ပါမောက္ခအဖြစ်လည်းကောင်း၊ ''အိန္ဒိယသိပ္ပံတက္ကသိုလ်'' နှင့် ''အိန္ဒိယသိပ္ပံနှင့် နည်းပညာတက္ကသိုလ်'' ၏ ဂုဏ်ထူးဆောင် အဓိပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့၏။ ဟိုက်ဒြာဘတ်မြို့ ''နိုင်ငံတကာသတင်းနည်းပညာတက္ကသိုလ်'' တွင်လည်း သတင်းနည်းပညာဘာသာရပ်ကို ပို့ချခဲ့၏။ ''ဘာနာရတ်စ်ဟိန္ဒူတက္ကသိုလ်'' နှင့် ''အင်နာတက္ကသိုလ်'' တို့တွင် နည်းပညာဘာသာရပ် သင်ကြားပေးခဲ့၏။

၂၀၁၂ ခုနှစ်တွင် ''ကလမ်'' သည် လူငယ်များအတွက် ''ငါ ဘာလုပ်ပေးနိုင်မလဲ လူပ်ရှားမှု'' ကို ဦးဆောင်ကာ ''အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး'' ကို လုပ်ဆောင်ခဲ့၏။

''အဗ္ဒုလကလမ်'' သည် အိန္ဒိယပြည်တွင်း၌သာမက ပြည်ပရှိ တက္ကသိုလ်များစွာမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (၇) ခု ရရှိခဲ့သည်။

သူက တစ်သက်တာလုံး လူပျိုကြီးအနေနှင့် ရပ်တည်ခဲ့ကာ သူ့အစ်ကို၊ အမေများနှင့် ဆွေမျိုးများကို သူရသောလခထဲမှ မျှဝေထောက်ပံ့ခဲ့၏။

သူ့ကို ပိုပြီးထင်ရှားစေသည်မှာ သူ၏ ဂုဏ်သိက္ခာအပေါ် အလေးထားမှုနှင့် သူ၏ရိုးရှင်းလှသော ဘဝနေနည်းများကြောင့် ဖြစ်၏။ သူ့ဘဝတစ်သက်တာတွင် ရုပ်မြင်သံကြားစက်တစ်လုံးမျှ မဝယ်ဖူးခဲ့။ ညဘက် တော်တော်နှင့် မအိပ်တတ်ဘဲ နံနက် ၂ နာရီလောက်မှ အိပ်ကာ နံနက် ၆း၃၀ သို့မဟုတ် ၇ နာရီလောက်တွင် အိပ်ရာမှ ထတတ်၏။ သူ၏ ပိုင်ဆိုင်မှုဟူ၍ စာအုပ်အချို့၊ အဝတ်လေးငါးစုံ၊ စီဒီဖွင့်သော စက်တစ်လုံးနှင့် လက်ပ်တော့်တစ်လုံးသာ ရှိ၏။ သူသေတမ်းစာ မရေးခဲ့။ သူ့ပစ္စည်းအားလုံးကို သူငယ်စဉ်က သူ့ကို ကောင်းခဲ့သော အစ်ကိုကြီးကို အကုန်လွှဲပေးခဲ့၏။

၂၀၁၁ ခုနှစ်တွင် သူ့အကြောင်း အိန္ဒိယရုပ်ရှင် "ကျွန်တော် ကလမ်ပါ" ဆိုသော ဇာတ်ကားထွက်ခဲ့၏။

သူရေးသားခဲ့သော စာအုပ်များမှာ-

(၁) India 2020 (၁၉၉၈)
(၂) Wings of Fire (၁၉၉၉)
(၃) Ignited Mind (၂၀၀၂)
(၄) The Luminous Sparks (၂၀၀၄)
(၅) Mission India (၂၀၀၅)
(၆) Inspiring Thoughts (၂၀၀၇)
(၇) Indomitable Spirit (၂၀၀၈)
(၈) Enuisioning an Empowerd Nations (၂၀၁၀)
(၉) Yor are born to blossom (၂၀၁၁)
(၁၀) Target 3 Billion (၂၀၁၁)
(၁၁) My Journey (၂၀၁၃)
(၁၂) A Manifesto for Change (၂၀၁၄)
(၁၃) Forge Your Future (၂၀၁၄)

(၁၄) Reignited Scientific
Pathways to a Brighter Future (၂၀၁၅)
(၁၅) Trance dence (၂၀၁၅)
(၁၆) Advantage India (၂၀၁၅)
(၁၇) Building A New Nation (၂၀၁၅)

❑

လူသားတန်ဖိုး ချစ်မြတ်နိုးသူများအဖွဲ့
ထုတ်ဝေပြီး စာအုပ်များ

၁။ မောင်သန်းဝင်း (ရန်ကုန်တက္ကသိုလ်)

'အစွလာမ်(ငြိမ်းချမ်းရေးသာသနာ)နှင့် သူတို့အမြင်' စာစဉ်-၁

၂။ မောင်သဲနီ

'သောင်ဗဟ်-အမှန်တရားဘက်သို့ပြန်လှည့်ခြင်း' စာစဉ်-၂

၃။ မောင်သဲနီ

'အစွလာမ်နှင့် အခြေခံလူ့အစွင့်အရေး' စာစဉ်-၃

၄။ ပင်လုံးဦးဖေခင်

'အမှတ်တရစာစုများ' စာစဉ်-၄

၅။ ဝါးခယ်မမောင်မင်းနိုင်

'ယဉ်ကျေးမှုပေါင်းစုံ နိုင်ငံလေ့ာ်နှင့်
ကမ္ဘာ့ကျင့်ဝတ်တစ်ရပ်အဖြစ် လိုအပ်ချက်' စာစဉ်-၅

၆။ ဟိန်းလတ်

'မီးလျှံတောင်ပံ-အိန္ဒိယ ဒုံးပျံလူသားနှင့်
ပြည်သူသမ္မတ အစွဒူကလမ်' စာစဉ်-၆

နောင်တွင်လည်းလူသားအကျိုးပြုစာအုပ်၊စာပေများကိုထုတ်ဝေရန်နှင့် ပရဟိတလုပ်ငန်းများဆောင်ရွက်ရန် အစီအစဉ်များရှိပါသည်။ ထိုလူသားအကျိုးပြုစာအုပ်၊စာပေထုတ်ဝေရေးလုပ်ငန်းနှင့် ပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင်ပါဝင်ကူညီလိုသူများဆက်သွယ်နိုင်ပါသည်။ ဖုန်း ၀၉ ၉၇၀၄၇၇၉၉၊ ၀၉ ၇၇၂၅၉၉၆၅၅

❑